

ဒေါက်တာမောင်မောင်ညို
M.B.,B.S., Ph.D.(London)
M.A.(Mich); FOMER.AD (U.S.A.)
ဒုတိယအကြိမ်

## ဒို့တာဝန် အရေးသုံးပါး

❇ ပြည်ထောင်စု မပြိုကွဲရေး ... ဒို့အရေး

❇ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး ... ဒို့အရေး

❇ အချုပ်အခြာ အာဏာတည်တံ့ ခိုင်မြဲရေး ... ဒို့အရေး

| | |
|---|---|
| တပ်မတော် ဖြိုခွဲသူ | ဒို့ရန်သူ |
| တပ်မတော် ဖြိုခွဲမည်အကြံ | ဒို့လက်မခံ |
| ဘယ်သူခွဲခွဲ ဒို့မကွဲ | အမြဲစည်းလုံးမည်။ |

နိုင်ငံတော် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေး သည် ပြည်ထောင်စုသား အားလုံး၏ ပဓာနကျသော တာဝန် ဖြစ်သည်။

နမော ဗုဒ္ဓါယ သိဒ္ဓံ

ဂုဏ်ထူးစာပေ

ဘာရတီ စာပေ

မှ

ထုတ်ဝေ၍

ဂုဏ်ထူးစာပေ

အမှတ် ၂၀၉၊၃၃ လမ်း၊ရန်ကုန်မြို့

တယ်လီဖုန်း - ၇၄၅၁၀

မှ

ပြည်လုံးကျွတ်ဖြန့်ချိသည်။

ဒေါက်တာ မောင်မောင်ညို - စိတ်ရောကိုယ်ပါ ဝေဒနာခံ

<u>ထုတ်ဝေမှုမှတ်တမ်း</u>

| | |
|---|---|
| စာမူခွင့်ပြုချက် | (၇၁၉/၉၃)(၁၁) |
| မျက်နှာဖုံးခွင့်ပြုချက် | (၁၇/၉၄)(၁) |
| | ၁၉၉၄ ခုနှစ်၊ မတ်လ |
| | ဒုတိယအကြိမ် |
| အုပ်ရေ | (၅၀၀) |
| တန်ဖိုး | ၆၅ ကျပ် |
| ထုတ်ဝေသူ | ဦးဘသိ |
| | (၀၈၀၁) |
| | ဘာရတီ စာပေ |
| | အမှတ် ၆၆၊ ၁၂၃ လမ်း |
| | မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။ |
| ပုံနှိပ်သူ | မစ္စတာမှု(လ်)ရာ(ဂျ်)ဆေး(ဂျ်)(ပါးလ်) |
| | (၀၁၈၂၈) |
| | မောက်တောက်ဝင်း အော့ဖ်စက် |
| | အမှတ် ၁၆၉၊ ၃၃ လမ်း၊ ရန်ကုန်မြို့။ |
| အဖုံးရိုက် | ဦးမြသိန်း |
| | (၀၁၄၂၇) |
| | သိန်းမြင့်ဝင်းအော့ဖ်စက် |
| | အမှတ် ၉၆၊ ၁၁ လမ်း၊ ရန်ကုန်မြို့ |
| မျက်နှာဖုံးဒီဇိုင်း | နီတွတ် |
| ကွန်ပျူတာစာစီ | GEOCOMP MYANMAR |
| | အမှတ် ၃၆၀၊ ပြည်လမ်း၊ ရန်ကုန်မြို့။ |
| | ဖုန်း - ၃၀၁၉၅။ |

# စိတ်ရောကိုယ်ပါဝေဒနာစုံ

## (ဆေးပညာပေး ဝတ္ထုတိုများ)

ဒေါက်တာ မောင်မောင်ညို

( ၁၉၇၄ ခုနှစ်အတွက် အမျိုးသား စာပေဝတ္ထုတိုပေါင်းချုပ် ဆုရ စာအုပ်အဖြစ် ၁၉၇၅ ခုနှစ်တွင် ချီးမြှင့်ခံရသည်။ )

# DOCTORS, DISEASES & DILEMMAS

## (SELECTED SHORT STORIES)

DR. MAUNG MAUNG NYO

## စာရေးသူ၏ အမှာ

□ "စိတ်ရောဂါကိုယ်ပါဝေဒနာစုံ"ဟူ၍ အမည်ပေးကာ ကျွန်တော်၏ ဆေးပညာပေး ဆောင်းပါး ဝတ္ထုများကို ယခု စုပေါင်း၍ ထုတ်လိုက်ပါသည်။ အားလုံး ၁၄ ပုဒ်မျှ ရှိ၍ "ရောဂါဆန်းနှင့် စာတ်လမ်းများ" စာအုပ်တွင် မပါဘူးသည့် ဝတ္ထုများချည်း ဖြစ်ပါသည်။

□ ဤ ဝတ္ထုတို ၁၄ ပုဒ်အနက် အချို့မှာ ခွေးသောက် မဂ္ဂဇင်းတွင် လည်းကောင်း၊ ဆေးတက္ကသိုလ် ၂ နှစ်လည် မဂ္ဂဇင်းများတွင် လည်းကောင်း ပါဝင်ခဲ့ဖူး၍ အချို့မှာ မည်သည့် မဂ္ဂဇင်း စာစောင်များထဲတွင် မှ မပါဘူးသေးပါ။ ယခု တစ်လုံး တစ်စည်းတည်း ထွက်ပေါ်လာ၍ စာရေးသူမှာ များစွာ နှစ်ထောင်းအားရ ဖြစ်မိပါသည်။

□ ဤ ဝတ္ထုတိုများကို ရေးရာ၌ စာရေးသူ၏ စေတနာမှာ မြန်မာ စာဖတ် ပရိသတ် အနေဖြင့် အပျင်းပြေ ဝတ္ထုများ ဖတ်ရာမှ ဆေးပညာ ဗဟုသုတ၊ ကျန်းမာရေးဗဟုသုတများ ရရှိရေးပင် ဖြစ်ပါသည်။ သို့ဖြစ်၍ ဤ ဝတ္ထုတိုများကို ဖတ်ရင်း စာဖတ်သူတို့ ကျန်းမာရေး ဗဟုသုတ၊ ဆေးပညာဗဟုသုတ ရကြသည် ဆိုပါက စာရေးသူ၏ ရည်ရွယ်ချက်မှာ အောင်မြင်ပြီဟု ဆိုရပါမည်။

□ ဤ ဝတ္ထုတိုများကို "စိတ်ရောဂါကိုယ်ပါဝေဒနာစုံ" ဟူ၍ အမည်ပေးခြင်းမှာ ဝေဒနာ ရောဂါ ဟူသမျှကို စိတ်ရောဂါကိုယ်ပါ ကုပေးသော ဆရာဝန်များကြောင့် လူများ ချမ်းသာရသလို ရောဂါ ဝေဒနာ အများအပြားမှာ ကိုယ်ကြောင့်သာမက စိတ်ကြောင့်ပါဖြစ်တတ်ပုံကို သိစေလို၍လည်း ထိုသို့ အမည်ပေးရခြင်း ဖြစ်ပါသည်။

ဤ ဝတ္ထုတိုများကို ရေးရာ၌ ကျွန်တော်နှင့် စာရေးဘက် ဒေါက်တာ နန်းဥမ္မာ၏ အကူအညီ၊ အဝေအဖန်ကို အမြဲ ယူခဲ့ရပါသည်။ ယခု ဝတ္ထုတိုများကို စုပေါင်း ထုတ်ရာ၌လည်း သူပင် စီစဉ်ပေးပါ၍ နန်းဥမ္မာကို များစွာ ကျေးဇူးတင်ပါသည်။

ဒေါက်တာ မောင်မောင်ညို

ရန်ကုန်
၂၉-၈-၇၄

# မာတိကာ

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | စာရေးသူ၏ အမှာ............................ | က |
| ၁ | ခန္ဓာကိုယ် မကျန်းမာလျှင်သာ ရောဂါ ရသည် မဟုတ်၊ စိတ်အားဖြင့် ဖောက်ပြန်နေလျှင်၊ လူထဲသူထဲ မဝင် ဆံ့လျှင်လည်း ရောဂါပင် ဖြစ်၏။ ထိုသို့ဖြစ်က စောစောသိရန်၊ ကုရန် လို၏။ သိပ်နိုးရိမ်စရာကား မလို၊ ဥပမာ...<br>ရွှေစော်နံ ပြန်လိုက်ဦး........................ | ၁ |
| ၂ | ဆေးပညာပေး စာအုပ်များကို မိမိဟာ မိမိဖတ်၊ မိမိကိုယ်ကို မိမိကိုယ်တိုင် ရောဂါရှာ၊ ဆေးကုက အန္တရာယ်။ ရောဂါအမှန်ကို တတ်ကျွမ်းသော ဆရာဝန်များမှသာ သိနိုင်၏။ ဆေးစာအုပ်များ ဖတ်တတ်ရုံဖြင့် ဆရာဝန် မဖြစ်၊ လူရယ်စရာသာ ဖြစ်မည်၊ ရှုပါလော့....<br>ရောဂါဆန်းနှင့် နောက်ထပ် တစ်ပုဒ်........... | ၁၂ |
| ၃ | ပုထုဇ္ဇနော ဥမ္မတ္တကောဟု ဆိုရိုး ရှိ၏။ မှန်သည်။ လူတိုင်းပင် တစ်နည်းမဟုတ် တစ်နည်း ရူးတတ်ကြ၏။ အရူးရောဂါ၊ စကစ်ဇိုဖရီးနီးယားမှာ မျိုးမျိုး | |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | လိုက်၏၊ ပျောက်ခဲ၏။ သို့သော် တစ်ခါတစ်ရံ ကုသမှု မှန်က ပျောက်တတ် ပါ၏။ ဤအကြောင်းကို...... | |
| | **တစ်ထောင်တွင် တစ်ယောက်..................** | ၂၉ |
| ၄ | နားဈေး၊ နားဖာချောက်၊ နှာခေါင်းချေး စသော ဘာမဟုတ်သော အသေးအဖွဲကလေးကြောင့်လည်း ဂရုမစိုက်က၊ အချက်မသိက ပြဿနာ မျိုးစုံ ဖြစ်နိုင်၏။ ရောဂါဆိုရာ၌ ကြီးကြီးမားမား အင်္ဂါများဖြစ်မှ အရေးကြီးသည်မဟုတ်၊ အသေးအမွှား ရောဂါသည်လည်း ဘဝ တစ်ခုလုံးကို ပြောင်းပြန် လှန်ပစ်နိုင်၏။ သင်ခန်းစာ ယူစရာကား....... | |
| | **သူ့အဖြစ်မျိုးဟာ ဆန်းကြယ်..................** | ၄၄ |
| ၅ | ယခုခေတ်၌ လူတိုင်းလိုလို တတ်မှန် ရိုက်ချင်ကြ၏။ တစ်ခုခု ဖြစ်လျှင် တတ်မှန် ရိုက်မှ စမ်းသပ်မှု ပြည့်စုံသည်ဟု ထင်ကြ၏။ အချို့ဆိုလျှင် တတ်မှန်ရိုက်ခြင်းကို ကုသခြင်းဟု ထင်ကြ၏။ သို့သော် ထင်သလို မဟုတ်၊ တတ်မှန်သည် အန္တရာယ် မကင်း။ အထူးသဖြင့် ကိုယ်ဝန်ဆောင်များအတွက်။ ဥပမာ..... | |
| | **နီနီနှင့် တတ်မှန်..............................** | ၅၈ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၆ | ချောင်းဆိုး၊ ရင်ကျပ်၊ ပန်းနာ၊ ယားနာ၊ အဖုအပိမ့် ဖြစ်ခြင်းများမှာ ဓာတ်မတည့်၍ ဖြစ်၏။ မတည့်သော အကြောင်းကို ရှာ မရသရွေ့ မပျောက်။ အကြောင်းရှာတွေ့က ယူပစ်လိုက်သလို ပျောက်၏။ အံ့သြဖွယ်။ | |
| | **အထိမခံ**................................... | ၇၃ |
| | လူကို ဖျက်သည်မှာ အရက်နှင့် မိန်းမဟု ဆိုကြ၏။ ယောက်ျားတိုင်း မိန်းမနှင့် မကင်းနိုင်၊ လောက အရသာ ကာမဂုဏ်ခံစားမှုကို ရှောင်နိုင်ခဲ၏။ သို့သော် ဆရာဝန် ဖြစ်လာက ဆရာဝန်ပဋိညာဉ်နှင့် အညီ နေကြရ၏။ ဤသည်ပင်လျှင် ပြဿနာ ဖြစ်တတ်သေး၏။ ဆေးကျောင်းသားတိုင်း၊ ဆရာဝန်တိုင်း သင်ခန်းစာယူစရာ။ ကြည့်ပါ...... | |
| | **ကြောက်စရာ ကောင်းသော လူနာ**............ | ၈၆ |
| ၈ | မည်သည့် ရောဂါမဆို ကြောက်လန့်နေက ရောဂါပျောက်ရန် ခဲယဉ်း၏။ ရဲရဲရင့်ရင့် ရောဂါကို ရင်ဆိုင်ပြီး တတ်ကျွမ်းသူ များနှင့် တိုင်ပင်ကုသပါက မွေးရာပါ နှလုံးရောဂါပင် ပျောက်နိုင်၏။ အတုယူစရာကား...... | |
| | **ရင်ကိုခွဲလည်း ရဲသော် မသေ**.................... | ၉၈ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၉ | မျိုးရိုးလိုက်သောရောဂါများလည်း ထိုနည်းလည်းကောင်း။ ထိုအခါမျိုး၌ ကံကိုလည်း အားကိုးရ၏။ ဉာဏ်ကိုလည်း သုံးရ၏။ စွန့်စားသင့်က စွန့်စားရ၏။ အားလုံး အဆင်ပြေက.... ကံကောင်းလှပါသည်...................... | ၁၁၀ |
| ၁၀ | ရှင်ကိုဖျက် စောက်၊ လူကိုဖျက် အရက်ဟူသည်မှာ ရှေးယခင်မှ ယခုတိုင် မှန်၏။ အရက်မှာ သောက်တတ်က အရေးမကြီး၊ မသောက်တတ်က အသက်ပင် ဆုံးရှုံးနိုင်၏။ သင်ခန်းစာ ယူပါလော့.... အမည်နှင့် လိုက်ပါသည်...................... | ၁၂၅ |
| ၁၁ | ယခုအခါ တက္ကသိုလ်ဝင် စာမေးပွဲ အောင်မြင်သူတိုင်း အမ်စီ(ဆေးတက္ကသိုလ်)၊ အာအိုင်တီ (ရန်ကုန်စက်မှုတက္ကသိုလ်)စသည်ကို ဝင်ခွင့်ရချင်ကြ၏။ လူတွေကလည်း ဝင်ခွင့်ရသူများကို အထင်ကြီး၏။ တကယ်ဆိုတော့ လူတိုင်းမှာ ဝါသနာ ကိုယ်စီ၊ ဝါသနာနှင့် လိုက်ရာသော သင်ကြားရာ၏။ ဆရာဝန် စိတ် အခြေခံမှာ.... မေ့၍မရသော အသိ...................... | |

**အမှတ်စဉ် အကြောင်းအရာ စာမျက်နှာ**

၁၂ လူတိုင်းမှာ မျိုးနှင့် ရိုးနှင့်။ လူမျိုးတိုင်းမှာပင် လူမျိုး ဂုဏ်၊ တိုင်းပြည်ဂုဏ်နှင့်။ ဤမျိုးဂုဏ်၊ ရိုးဂုဏ် များကို ထိန်းသိမ်းရန်မှာ လူတိုင်း၏ တာဝန်၊ ဤသို့ ထိန်းသိမ်းလိုသော စိတ်ရှိက သေမင်းကို ပင် အန်တုနိုင်၏။ ဖိုးကျူးမွှယ်ရာ၊ အံ့ဩဖွယ် ရာကား...
**အမျိုးဂုဏ်**........................................ ၁၅၀

၁၃ မိမိတို့ လိုချင်သော ကာလေး အရေအတွက်ကို ရ အောင် ပြုရာ၌ အိမ်ထောင်တိုင်းပင် စိတ်တိုင်း ကျ ပြုမူ ဆောင်ရွက်နိုင်၏။ သို့သော် ယင်းသို့ မိသားစု ဦးရေ ကန့်သတ်ရာ၊ စီမံကိန်း ချရာ၌ ကား တစ်ခါတစ်ရံ တလွဲတချော် ဖြစ်တတ်၏။ ထိုသို့ဖြစ်က မိုးမီးလောင်နိုင်၏။ ဥပမာ...
**ကျွန်တော် မွေး၍ ကျွန်တော် ငြိမ်းရသော မီး....** ၁၆၀

၁၄ အသက်မွေးဝမ်းကျောင်းမှု မြောက်မြားစွာ ရှိရာ၌ ဆရာဝန် အလုပ်မှာ ကုသိုလ်လည်းရ၊ ဝမ်းလည်း ဝသော အလုပ်ဟု လူတိုင်းက ပြောဆို ချီကျူးကြ ၏။ ဤသည်မှာ မှန်ပါ၏၊ သို့ရာတွင် ကိုယ်ရေး ကိုယ်တာနှင့် ပတ်သက်လာလျှင်ကား ဆရာဝန် တွေမှာ နာဘက်ကချည်း။ "နာ" ပေါင်းစုံစုနေ

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | သော ဆရာဝန်များ ဥပမာကတော့ ..... ဆရာဝန် ဆိုတော့လည်း.............................. | ၁၉၁ |
| | ဒေါက်တာမောင်မောင်ညိုရေးသား ပြုစုသောစာအုပ်များ.............................. | ၂၂၂ |


■

✿ ✿ ✿

# ၁

# ရွှေစော်နံ ပြန်လိုက်ဦး

☐ မောင်မောင်ညိုရေ. . . .

☐ ငါ့ဆီကစာရလို့ အံ့ဩမနေနဲ့။ငါလည်းလွတ်လပ်ရေးပွဲအတွက် ပြင်ဆင်ပေးနေရတာ မအားတာနဲ့ မင်းကို ဖုန်းဆက်မခေါ်အားဘူး။ မင်းလည်း ဒီအတွင်း အားမယ်မထင်တာနဲ့ ငါ အခုစာကောက်ရေး လိုက်ရတာပဲ။

☐ အကြောင်းကတော့ ငါ့သူငယ်ချင်း တစ်ယောက်က သူ့တူကို မင်းနဲ့တိုင်ပင်ကုသစေချင်လို့ပဲ။ အဲဒါ ငါ့ကိုလာ နားပူနားဆာလုပ်တာနဲ့ စာရေးလိုက်ရတာ။ အဲဒါမင်းကူညီနိုင်ရင် ကူညီပေးပါအုံး။

☐ သူ့တူဆိုတာ တကယ်တော့ ကြီးပါပြီကွာ။ အသက် ၂၀ ကျော် ပြီ။ အသက် ၁၂ နှစ်လောက်ကတည်းက သူ့အမေအဖေတွေဆုံးသွား လို့ အခုအဒေါ်ကပဲ ကြည့်ရှုကျွေးမွေးလာတာ။ အဲဒါအခု ဒီအရွယ်အထိ ချေးနံ့သေးနံ့မပျောက်သေးလို့ ဘာမှ လုပ်မရဘူးတဲ့ကွာ။ အဲဒီ အနံ့ မပျောက်တာနဲ့ သူ့တူလဲ ကျောင်းမှန်မှန်မတက်နိုင်၊ စာမှန်မှန်မဖတ်နိုင် နဲ့ စာမေးပွဲတဖုံးဖုံးကျပြီး ခုတော့ ညကျောင်းတက်နေရသတဲ့။ အဲဒါလည်း မမှန်ဘူးတဲ့။ ဒီလိုသာသွားရင် သူ့တူတော့ ဆက်ကျအုံးမှာစိုးလို့တဲ့။

□ ငါ့သူငယ်ချင်းကပြောတော့ သူ့တူဟာ ရေမှန်မှန်ချိုး၊ သန့်သန့် ရှင်းရှင်းနေပါလျက်နဲ့ သူ့တူသွားရင် လူတွေက သိပ်နှာခေါင်းရှုံ့ကြတယ် တဲ့။ ရုပ်ရှင်တွေဘာတွေကြည့်လည်း သူ့တူအနားထိုင်တဲ့လူတွေက ချေး စော်သေးစော် နံတယ်လို့ပြောပြောနေတာနဲ့ သူ့တူလည်းအခုဆို ဘယ်မှ မသွားရဲအောင်ဖြစ်နေတယ်တဲ့။ ဆရာဝန်တွေ ပြကြည့်တော့လည်း ချေးစစ်၊ ဆီးစစ်၊ ဆေးပေးပြီး ဘာမှလုပ်မပေးရဲဘူးတဲ့။ ရောဂါလည်း ဘာမှ မပျောက်လို့ မင်းနဲ့တိုင်ပင်ချင်တာတဲ့။ မင်းက လုပ်သင့်တယ် ထင်တာကို ခိုင်းရင်သူတို့ ဘာမဆိုလုပ်ပါ့မယ်တဲ့။ မင်းသာ မကူညီ ရင်တော့ သူ့တူတော့ ရူးတော့မှာပဲလို့ ငါ့သူငယ်ချင်းက ပြောတာနဲ့ ငါလည်း သနားတာနဲ့ မင်းဆီစာရေးလိုက်တာဟေ့။

□ အဲဒါ သူတို့လိပ်စာ တယ်လီဖုန်းနံပါတ်လည်း ထည့်ပေးလိုက် တယ်။ မင်းကူညီနိုင်ရင် ငါ့ဆီဖုန်းဆက်နိုင်တယ်။ မဆက်နိုင်ရင်လည်း သူတို့ဆီတန်းသာ ဖုန်းဆက်လိုက်ပါ။ သူတို့ မင်းဖုန်းအဆက်ကို စောင့်နေ ကြတယ်။ ငါတော့ အခုတလော အိမ်မှာမကပ်နိုင်ဘူး။ လွှတ်လပ်ရေးပွဲ အတွက် အလုပ်ရှုပ်နေလို့။

**မင့်ဒေါ်လေးမေခင်**

□ ကျွန်တော့် အဒေါ်သည် ကျွန်တော့်ထံသို့ စာရေးခဲ၏။ ပြောစရာ ဆိုစရာရှိလျှင် တယ်လီဖုန်း ဆက်ခေါ်၍ သူ့အိမ်ကျမှ အသေးစိတ် ပြောပြတတ်သည်။ တစ်နေ့ကမူ သူ့ထံမှ စာလာ၏။ ရန်ကုန်မှ မင်္ဂလာဒုံသို့ မလာစဖူး အလာထူးသဖြင့် ကျွန်တော့်မှာ ချက်ချင်း ဖောက်ဖတ်လိုက်ရ၏။ စာကား အထက်ပါအတိုင်း ဖြစ်လေ သည်။

☐ ကျွန်တော်လည်း စာဖတ်ပြီးသည်နှင့် ဒေါ်လေးထံဖုန်း ဆက်ကြည့်ရ၏။ မရ။ တယ်လီဖုန်းမှာ လူခေါ်သံမြည်နေသော်လည်း တစ်ယောက်မျှ လာမကိုင်။

☐ "ဒေါ်လေးတော့ အိမ်မှာ မရှိဘူးထင်တယ်"ဟု ဆိုကာ ကျွန်တော်လည်း ဒေါ်လေးပေးလိုက်သော တယ်လီဖုန်းကို ပြောင်း ဆက်ရ၏။ အခန့်သင့်ပင် ဒေါ်လေး၏ သူငယ်ချင်း ဒေါ်မေစီနှင့်စကား ပြောရလေသည်။ သို့ဖြင့် သူ့တူ တင်ဝင်းမောင်ကို ကြည့်ရှုရန် ချိန်းလိုက် ရလေ၏။

☐ ချိန်းဆိုထားသောနေ့၌ ဒေါ်မေစီနှင့် သူ့တူ တင်ဝင်းမောင်တို့ နှစ်ယောက်စလုံး ကျွန်တော့်ရုံးခန်းသို့ ရောက်လာကြသည်။ ဒေါ်မေစီ ကား ပုပုပြတ်ပြတ်၊ ဝဝဖိုင့်ဖိုင့်၊ အသက် ၅၀ ခန့်၊ ရွှေကိုင်းမျက်မှန်နှင့် တည်တည်ခန့်ခန့်။ တင်ဝင်းမောင်ကား ပိန်ပိန်ရှည်ရှည်၊ကလန်ကလား၊ မျက်နှာမှာ ညှင်းသိုးသိုး၊ ပုဆိုးကချက်ပြုတ်၊ အင်္ကျီလက်ရှည်ပန်းရောင် ဖြင့် လက်ကို ချထားသော်လည်း လက်ကြယ်သီးတပ်မထား။ ဆံပင် ကလည်း ယခုခေတ်အခြားလူငယ်များကဲ့သို့ ဆံတိုဂုတ်ဝဲ။ တစ်ကိုယ်လုံး ရေမွှေးနံ့သင်းနေ၏။ သို့သော် သူ့ကိုကြည့်ရာမှာ မလုံမလဲ ဖြစ်နေပုံ ရ၏။ သူ့ဟာသူ နှာခေါင်းတရှုံ့ရှုံ့။ သူ့မျက်စိကား ကျီးကန်းတောင်း မှောက်။ သို့သော် မတောက်ပ။ သူ့အသားအရေမှာ ညိုသော်လည်း စို၏။ သို့သော် ချွေးစို့နေ၏။ နောက်မှီ ကုလားထိုင်ပေါ်တွင် မှီ၍ သက်သောင့်သက်သာ မထိုင်။ ကုလားထိုင်စွန်းတွင် ထိုင်လျက် လက်နှစ် ဘက်ကို တစ်လှည့်စီ ဆုပ်နယ်နေလေသည်။

☐ သူ့အဒေါ်ကား ကုလားထိုင်ပေါ်တွင် သက်သောင့်သက်သာ ထိုင်ရင်း လက်ကိုင်အိတ်အနက်ကို ရှေ့တွင်ပိုက်လျက်. . .

◻ “ဆရာကို အလုပ်များတဲ့ကြားက အခုလို အနှောက်အယှက်ပေးရတာ အားနာပါတယ်ဆရာ။ ဆရာ့အဒေါ်ကတော့ ဆရာ့ကို ဘာမှ အားနာစရာမလိုဘူး။ ကိုယ့်တူလို၊ သားလိုသဘောထားသာသွားဆိုတာနဲ့ လာရတာ”ဟု ပြုံးပြုံးရယ်ရယ် ယဉ်ကျေးသိမ်မွေ့စွာ နှုတ်ဆက်စကားဆိုလေသည်။ ကျွန်တော်က “အားပါတယ် အန်တီ၊ ဘာမှ ကိစ္စမရှိ ပါဘူး။ ဒေါ်လေးပြောတာ မှန်တယ်။ ဒေါ်လေးသူငယ်ချင်းတွေဟာ ကျွန်တော့်အတွက် အဒေါ်တွေ၊ ဦးလေးတွေပေါ့” ဟု ပြန်ပြောရသည်။ ပြီးမှ. . .

◻ “ကိုတင်ဝင်းမောင်လဲ ကျွန်တော့်ကို ညီအစ်ကိုလို သဘောထားပေါ့ဗျာ။ ဘာမှ အားနာစရာ၊ ရှက်စရာ မရှိဘူး ဟုတ်လား”ဟု သူ့တူ တင်ဝင်းမောင်ကို ရှိန်းမနေရန် မိတ်အဆက်စကားပြောရ၏။

◻ “ဒေါ်လေးစာထဲမှာတော့ ကိုတင်ဝင်းမောင်အကြောင်းစုံသင့်သလောက် စုံအောင် ရေးထားပါတယ်။ ဒေါ်လေးကို မပြောဘဲချန်ထားတာ၊ ဒါမှ မဟုတ် အဒေါ်တို့၊ ဒေါ်လေးတို့ မသိသင့်တာတွေရှိရင်လည်း ကျွန်တော်နဲ့ နှစ်ယောက်ချင်းကျမှ ပြောပြနော်”ဟု ဆက်ပြောရသည်။

◻ တင်ဝင်းမောင်ကား ဘာမှ ပြန်မပြော။ ခေါင်းကို ငုံ၍ လက်နှစ်ဖက်ကို ပွတ်လျက်သာ ရှိလေသည်။ အတော်ကြာမှ သူ့အဒေါ်က. . .

◻ “ဆရာရဲ့. . . သူကကျွန်မတူဆိုပေမယ့် ကျွန်မသားပါပဲ။ သူ့မှာဖြစ်နေတာ၊သူရှက်နေတာက သူ့အနံ့ပဲ”ဟု ဝင်ပြောလေသည်။

◻ ထိုအခါကျမှ တင်ဝင်းမောင်လည်း ခေါင်းမော်လာလျက်. . .

"ဟုတ်ပါတယ် ဆရာ၊ အဲဒီအနံ့တွက်ပါကပဲ"ဟု ဖြည်းလေးစွာ ဝင်ပြောလေသည်။

□ "ဘယ်သူမှတော့ မပြောဘူးဆရာ။ ဒါပေမယ့် ကျွန်တော်နဲ့ တွေ့တဲ့လူတိုင်း ကျွန်တော့်ကိုမြင်ရင် အမူအရာပြောင်းကုန်ကြ၊ နှာခေါင်းရှုံ့ကြရော။ သူတို့ကြည့်ရတာ သေးစော်နံတဲ့အခါ လုပ်ကြသလိုပဲ"

□ "အခု ဒီလာတော့ကော။ ကျွန်တော်တော့ ခင်ဗျားဆီက ရေမွှေးနံ့ကလွဲရင် ဘာနံ့မှမရဘူး။ ကျောင်းသူကျောင်းသားတွေ ဖြတ်လာတော့ သူတို့ဘယ်လိုနေသလဲ"

□ "ဆရာ့ ကျောင်းသားတွေတော့ ဘာမှမဖြစ်သလိုပဲ ဆရာ၊ သူတို့ခွဲစိတ်စရာရှိတာပဲ ခွဲနေကြတယ်။ ဘာအနံ့မှမရသလိုပဲ။ ဒါပေမယ့် ကျွန်တော်တော့ ကျွန်တော့်ဟာ ကျွန်တော် နံနေသလိုပဲ"

□ "ဘာဖြစ်လို့လဲ"

□ "ဘာဖြစ်လို့လဲတော့ မသိဘူးဆရာ။ စိတ်ထဲက အဲဒီလိုပဲ ထင်နေတာပဲ။ ပြီးတော့ လူတွေကလည်း အဲဒီလိုပြောနေကြသလိုပဲ"

□ "အင်း အင်း၊ ထားပါတော့။ ဒီပြင်ကော ဘာဖြစ်သေးသလဲ။ ညအိပ်ရာဝင်တွေ ဘာတွေ"

□ ကျွန်တော်အိပ်ရာထဲတွင် သေးပါ၊ မပါမေးရ၏။ မှန်၏။ အချို့ အာရုံကြော ချွတ်ယွင်းသူများမှာ အသက်မည်မျှ ကြီးကြီး အိပ်ရာထဲတွင် သေးပါဆဲ။ ထိန်း၍မရ။ ကျွန်တော့် မေးခွန်းကို ကြားသော် သူက ခေါင်းခါ၏။ သူ့အဒေါ်ကား ပြုံးနေလေသည်။

□ “ကဲကဲ- ထားပါတော့။ ကျွန်တော်နည်းနည်းစမ်းကြည့်မယ် နော်။ ဒေါ်ဒေါ်တော့ ဆရာမတွေ အခန်းမှာ သွားနေရင်ကောင်းမယ် ထင်တယ်”ဟု ကျွန်တော်ကပြောရ၏။ ပြီးလျှင် ကျွန်တော့်ဌာနမှဆရာမ ဒေါက်တာခင်မေချောကိုခေါ်ကာ အဒေါ်ကို ဧည့်ခံခိုင်းလိုက်၏။ သူတို့ နှစ်ယောက်ထွက်သွားမှ တင်ဝင်းမောင်ကို အသေးစိတ်စမ်းသပ်ရသည်။

□ အောက်ခံဘောင်းဘီမှလွဲ၍ တစ်ကိုယ်လုံးကိုချွတ်၍ စမ်းသပ် ကြည့်ရသည်။ သူ့မှာ ပိန်သော်လည်း အသားအရည်စိုပြည်၏။ အာဟာရ ချို့တဲ့ပုံမပေါ်။ ချေးညှော်လည်းကင်း၏။ ဆီးလောင်ရာ၊ အခြား အနာ၊ ပွေးညှင်းစသည်များလည်း မတွေ့ရ။ သို့သော် သူ၏နှလုံးမှာ ခုန်လွန်း လှ၏။ ခုန်နှုန်းမှာ တစ်မိနစ် တစ်ရာကျော်သည်။ ရိုးရိုးလူကြီးဆိုက ၇၀- ၈၀ ထက်မကျော်။ သွေးခုန်နှုန်းမြန်သော်လည်း သွေးတိုးအားကား နည်း၏။ အပေါ် ၉၀၊ အောက် ၆၀။ လက်တွေ ကလည်း အေးနေ၊ စေးနေ၏။ တုန်လည်းတုန်သည်။ အာရုံကြောတုန့်ပြန်မှု (Nervous Reflexes)များကလည်း မြန်လှသည်။ အားလုံးကို ခြုံ၍ ကြည့်သော် သူ့မှာ ခန္ဓာကိုယ်အားဖြင့် ဘာမျှ မချွတ်ယွင်း။ ဘာရောဂါမျှ မရှိ။ စိတ် ကသာ ပူပန်စိုးရိမ်လွန်းနေသည်ကို တွေ့ရပေသည်။ သူ၏ ဆီးလမ်း ကြောင်း လုပ်ငန်းများကိုလည်း မေးရ၊ စမ်းရ၏။ ဘာမျှ မဟုတ်တာ မတွေ့ ရ။ သို့သော် သေချာရန် ဆီးချက်ကြည့်ရ၏။ ကျောက်ကပ် လုပ်ငန်း၊ ဆီးအိမ်လုပ်ငန်းများကို ဓာတ်မှန်ရိုက် စမ်းသပ်ရန်လည်း စီစဉ် ဆောင် ရွက်ပေးရသည်။ ပြီးမှ သူ့ကို အဝတ်အစားများ ပြန်ဝတ်ခိုင်းရ၏။ သူ့ အဒေါ်ကိုလည်း ကျွန်တော့်အခန်းထဲသို့ ပြန်လာရန် ဖိတ်လိုက်ရ၏။ အားလုံးစုံမှ . . .

□ “အခု စမ်းသပ် စစ်ဆေး ကြည့်ရ သလောက်တော့ ကိုတင်ဝင်းမောင်မှာ ဘာရောဂါမှ မတွေ့ရဘူး။ ဆီးလမ်းကြောင်း၊

အာရုံလမ်းကြောင်း၊ ဦးနှောက်အားလုံးကောင်းတယ်။တစ်ခုပဲရှိတယ်။ စိတ်ကဒီအနံ့အတွက် သိပ်စွဲနေ၊ စိုးရိမ်နေလို့ နှလုံးတုန်ရင်ခုန်နေတယ်။ ပိန်နေတယ်။ ဒါကတော့ စိတ်က စိုးရိမ်လွန်းလို့ဖြစ်တာပဲ။ နောက်ထပ် အထူးစစ်ဆေးထားတာတွေရဲ့ ရီဇာတ် (အဖြေ) သိလည်း ဘာမှဖြစ်မှာ မဟုတ်ပါဘူး။ ဒီတော့ ကိုတင်ဝင်းမောင်မှာ ဆီးရောဂါနဲ့ ပတ်သက်လို့ ဘာမှမရှိဘူး။ ဆီးစော်နံတယ်ထင်တာ စိတ်ကြောင့်ပါ"ဟု ကျွန်တော်က ပြောရ၏။ သူ့အဒေါ်က အားရဝမ်းသာဖြစ်လျက် "ဒါဖြင့်ဘာလုပ်ရမလဲ ဆရာ"ဟု မေးလေသည်။ တင်ဝင်းမောင်ကား ဘာမှဝင်မပြော။ ကျွန်တော်ကသာ "ဒါပေမယ့် ဒီစိတ် အစွဲကို ချွတ်ပစ်ဖို့ လိုတယ်။ ဘာကြောင့်လည်းဆိုတော့ ဒီအစွဲမပျောက်မချင်း ကိုတင်ဝင်းမောင် ဘာမှလုပ်ရမှာ မဟုတ်ဘူး။ ဘာ့ကြောင့်လဲဆိုတော့ ဒီအစွဲက စိုးရိမ် သောကလွန်တဲ့ အစွဲ၊ မူမမှန်တဲ့အစွဲ (Obsession-) ဖြစ်နေတာကိုး" ဟုဆက်ပြောရ၏။

□ ထိုအခါကျမှ "ဒါဖြင့် ကျွန်တော် ဘာလုပ်ရမလဲ ဆရာ"ဟု တင်ဝင်းမောင်က ဝမ်းသာသံနှင့် မေးလေသည်။ ကျွန်တော်လည်း သူ အားတက်လာသည်ကို သိသဖြင့်. . .

□ "ဒီအစွဲကြောင့် ဖြစ်တဲ့ ရောဂါ (Obsessional Neurosis) ကို ပျောက်အောင်လုပ်ဖို့ကတော့ အကြောင်းရင်းကို ရှာဖျောက်ဖို့ပဲ။ နည်းက ၂-နည်းရှိတယ်။ တစ်နည်းက စိတ်ခွဲခြမ်းလေ့လာနည်း (Psycho Analysis)နဲ့ လုပ်ရမယ်။ ဒါက ကြာတယ်။ မြန်မာပြည်မှာလဲ လုပ်ဖို့မလွယ်ဘူး။ တခြားနည်းကတော့ အိပ်မွေ့ချကြည့်ဖို့ပဲ" ဟု ပြောရ၏။ "အိပ်မွေ့ချဖို့က ချဖို့မလိုပါဘူး" ဟု ဆက်ပြောရ၏။ ပြောပြီးသည်နှင့် စိတ်ရောဂါကု ဆရာဝန်အုန်းကျော်မြင့်ထံ ဖုန်းဆက်လိုက်ရလေသည်။

□ တင်ဝင်းမောင်ကို ဒေါက်တာအုန်းကျော်မြင့်နှင့် တွေ့ဆုံပေးပြီး နောက် ကျွန်တော့်မှာမအား။ ဟိုပြေးဒီလွှား မန္တလေးသွားဖြင့် စာမေးပွဲ တွေကို လိုက်စစ်နေရသဖြင့် သူတို့နှင့် သိပ်မတွေ့ဖြစ်တော့ပေ။ ရံဖန် ရံခါသာလျှင် ဒေါက်တာအုန်းကျော်မြင့်ထံ အခြေအနေကို ဖုန်းဆက်မေးရ ၏။

□ အုန်းကျော်မြင့်အပြောကတော့မူ အခြေအနေမှာ ကောင်း သည်။ တိုးတက်သည်ဟူ၏။ တင်ဝင်းမောင်မှာ ရောဂါပျောက်ချင်စိတ် ပြင်းထန်သည်။ သူပြောသဖြင့် ခိုင်းသမျှလုပ်၍ရသည်။ သို့ဖြစ်၍ အိပ်မွေ့ချခြင်း၊ စိတ်လွှမ်းမိုးကုခြင်းဖြင့် ရနိုင်သည်ဟူ၏။ သို့ဖြင့် ကျွန်တော်လည်း စိတ်အေးအေးထားကာ သူတို့ပြဿနာကို မေ့ထားနိုင် လေသည်။

□ တစ်နေ့ကမူ သူရော၊ သူ့အဒေါ်ရော၊ ဒေါ်လေးရော ကျွန်တော့် ထံ မမျှော်လင့်ဘဲ ဆိုင်းမဆင့်ဗုံမပါ ရောက်လာကြ၏။ ကျွန်တော့်မှာ အံ့အားသင့်လျက်. . .

□ "ဘယ့်နှယ်. . . ဘယ့်နှယ်. . . ဘယ်လိုလုပ်ရောက်လာကြတာ လဲ"ဟုသာ မေးနိုင်တော့၏။ ပြီးမှနေရာထိုင်ခင်းပေးကာ ဧည့်ခံရန် ပြင်ဆင်လေရသည်။

□ "ဘာမှ မလုပ်နဲ့ဆရာ။ ကျွန်တော်တို့ ဒေါက်တာ အုန်းကျော် မြင့်ဆီကပြီးလို့ ဆရာ့ဆီလည့်လာတာ။ဆရာ ကျွန်တော့်ကိုမှတ်မိသေး ရဲ့လား။ ကျွန်တော်ဖြင့် ဆရာ့ကို ကျေးဇူးတင်လွန်းလို့"ဟု တင်ဝင်းမောင် က သွက်လက်ရွှင်လန်းစွာ ပြောလေသည်။ ကျွန်တော်လည်း သူက မေးမှ. . .

□ "မင်းကို ဆရာမှတ်မိပါတယ်ကွာ။ ဒါပေမယ့် မင်းအရင်ကနဲ့တော့ မတူတော့ဘူးကွ။ မင်းချောလာ၊ သွက်လာ၊ တော်လာတယ်။ အနံ့ကောနံ့တယ် ထင်သေးသလား"ဟု ဝမ်းသာအားရပြန်ပြောရ၏။

□ မှန်၏။ သူသည် ယခုအခါပုဆိုးချက်ပြုတ်မဝတ်တော့။ ပုဆိုးကိုခါးပုံဖော်၍ ဝတ်နေပြီ။ အင်္ကျီမှာ လက်ရှည်ကိုခေါက်ထား၏။ အရောင်ကလည်း အဖြူ။ ဆံပင်ကလည်း ဆံတိုဂုတ်ဝဲမဟုတ်။ ရှည်သော်လည်းသေသပ်စွာ ခွဲခြားပြီး ထား၏။ နားပန်းဆံမျှားပင် ထောင်မနေတော့။ မျက်နှာမှာလည်း မသုန်မှုန်တော့ဘဲ ကြည်လင်နေ၏။ အသားအရေလည်း ပိုစို၏။ ချွေးကား စို့မနေတော့။ မျက်လုံးများလည်း အရောင်တောက်နေ၏။ မှေးမနေတော့။ အားလုံးခြုံကြည့်လျှင် အခုမှ သူ့မှာလူငယ်လူရွယ်ပြီ၏။ သပ်ရပ်ကျော့ရှင်းနေ၏။

□ "ကျေးဇူးတင်ပါတယ် ဆရာ။ အခု မနံတော့ပါဘူး။ ဘယ်သူမှလည်း နှာခေါင်းမရှုံ့ကြတော့ပါဘူး။ ကျွန်တော့်ဟာ ကျွန်တော်လည်းနေလို့ ပျော်လာပါတယ်။ အခု စာလည်းဖတ်လို့ရတယ် ဆရာ။ အခုမတ်လ ၁၂ ရက်နေ့မှာ ဆယ်တန်းဝင်ဖြေမလို့။ ဖြေနိုင်မယ်ထင်ပါတယ်"ဟု သူကပြုံးရွှင်စွာ ပြန်ပြော၏။ သူ့မျက်နှာ၊ သူ့အသံမှာ အလွန်ရွှင်လန်းတက်ကြွနေကြောင်း သိသာပေသည်။ သူ့အဒေါ်လည်းပြုံးရွှင်နေ၏။ ကျွန်တော့်အဒေါ်လည်း ထို့အတူ။

□ သို့သော် သူက. . .

□ "မောင်တင်ဝင်းမောင် ဒီနှစ်ဆယ်တန်းအောင်ရင် ငါ့တူကြီးကဘာဆုပေးမလဲ။ ဒေါ်လေးကတော့ သူ မယ်ဒီကယ်(ဆေးတက္ကသိုလ်)ဝင်ခွင့်ရရင် ငွေတစ်ရာ ဆုပေးမယ်လို့ ပြောထားတယ်"ဟု ပျော်ရွှင်စွာပြော၏။ ကျွန်တော် ဒေါ်လေးအပြောကို သဘောကျကာ. . .

□ "ကျွန်တော်လည်း ဒေါ်လေးလိုပေါ့ဗျာ။ ကိုတင်ဝင်းမောင်ဖြေနိုင်အောင်သာ ကြိုးစားပေတော့"ဟု ပြောရ၏။ တင်ဝင်းမောင်က ဘာမျှမပြော။ ပြုံး၍သာ နေလေသည်။ တင်ဝင်းမောင့် အဒေါ် ဒေါ်မေစီကသာ. . .

□ "အို. . . မဟုတ်တာ မေခင်ရယ်၊ အတင်အောင်လို့ရှိရင် ကိုယ်တို့ကသာ မင်းတို့ကို ကျေးဇူးတင်၊ လက်ဆောင်ပေးရမှာ။ ဒါမှ နောက်တစ်ခါချေးစော်၊ သေးစော်နံရင် ပြန်လာလို့ရမှာ"ဟု ပြုံးရယ်ကာ ပြန်ပြော၏။

□ "ဆရာတို့ကိုအထူးကျေးဇူးတင်ရတာကတော့ အတင် အဝတ်အစား အနေအထိုင် ပြောင်းသွားတာပဲ။ အရင်က ဘယ်လိုမှ ပြောလို့မရဘူး။ အခု ဆရာတို့ကြောင့်သာ"ဟု ဆက်၏။ ကျွန်တော်ကား ဘာမျှပြန်မပြော၊ ပြုံး၍နေရ၏။ စိတ်ထဲကမူ. . .

□ "ဒေါ်ဒေါ့်တူ နံတယ် ထင်တာက သူ့ စိတ်ရောဂါကြောင့်၊ ဘေးက နှာခေါင်းရှုံ့ကြတာကတော့ လမ်းသရဲဂိုက်ကြောင့် နေမှာ"ဟု ပြောလိုက်ချင်၏။ သို့သော် မပြောရက်။ ပြီးပါစေတော့။ ယခု အားလုံး အချိုးပြောင်း၍ အားလုံးကောင်းနေပြီ မဟုတ်ပါလား။

◆◆◆

□ ဒေါ်မေစီကား အပြောနှင့်အဟော ညီသောသူ တစ်ဦးပါပေ။ အကြောင်းမူ စက်တင်ဘာလ တက္ကသိုလ်များဖွင့်သောအခါ ကျွန်တော့်ထံ ပတ်ကား"၆၁"ဖောင်တိန်တစ်ချောင်းပို့လိုက်သောကြောင့် ဖြစ်၏။ ဖောင်တိန်နှင့်တွဲလျက် ကတ်တစ်ခုပါလာရာ ကတ်ထဲ၌လည်း. . .

□ "ဆေးကျောင်းမှ ကျေးဖူးရှင် ဆရာသို့၊ ဆေးကျောင်းရောက် မောင်တင်ဝင်းမောင်၏ အကန်တော့ လက်ဆောင်"ဟု ရေးထားသည် ကို တွေ့ရလေသည်။

□ နောက် တစ်ဖက်၌ကား. . .

□ "မောင်မောင်ညိုရေ. . . ရွှေစော်နံ နေသေးတယ်။ ဒီတော့ မလာသေးဘူး။ ချေးစော် သေးစော်နံမှ ပြန်လာခဲ့အုံးမယ်။ မေစီ"ဟု ရေးထားသော စာကို တွေ့ရလေ၏။ ■

❀ ❀ ❀

# ၂

# ရောဂါဆန်းနှင့် နောက်ထပ်တစ်ပုဒ်

□ တစ်ရက် ကျောင်း၌စာသင်နေစဉ် တယ်လီဖုန်းလာသည် ဆိုသဖြင့် သွားရောက် နားထောင်ရသည်။ တစ်ဖက်မှ ဒေါ်လေး၏ အသံကိုကြားရမှ "ဘယ်လိုလဲဒေါ်လေးရဲ့၊ တနင်္ဂနွေနေ့ ထမင်းလာစားဖို့ ဖိတ်တာလား" ဟု နောက်လိုက်ရ၏။ ဒေါ်လေးက "မင်းကလည်း လုပ်ပြီ၊ စားချင်ရင်အချိန်မရွေး စားလို့ရနေတာပဲ၊ ငါခေါ်တာက မင်းအားရင် ညနေကျ တို့ဆီ ဝင်လာစမ်းပါလို့၊ ငါ့သူငယ်ချင်း တစ်ယောက်ကို ပြချင်လို့"ဟု ဆိုမှ "ဟုတ်ကဲ့၊ အားပါတယ်၊လာခဲ့ပါ့မယ်" ဆိုကာ တယ်လီဖုန်းကို ချလိုက်ရ၏။ မပြီးသေးသော စာကိုလည်း ဆက်သင်ရသည်။ စိတ်ထဲကမူ ဒေါ်လေးပြချင်သော လူနာသည် ဘယ်သူပါနည်း၊ ဘာဖြစ်ပါသနည်းဟုသာ စဉ်းစားနေမိလေသည်။

□ ညနေကျောင်းဆင်းသောအခါမှ ကတိပေးထားသည့်အတိုင်း ရေမိုးချိုးပြီးသည်နှင့် ဒေါ်လေးထံသွားရ၏။ ဒေါ်လေးတို့မှာ ရန်ကုန်မြို့ အရှေ့ပိုင်းလမ်းတစ်လမ်းတွင် နေထိုင်၍ ကလေးမရှိ။ သို့ဖြစ်၍ ဒေါ်လေးသည် ယခင်က ကျောင်းဆရာမကြီး လုပ်ခဲ့သော်လည်း ယခုမူ ပင်ပန်း

သည်၊ အိမ်ထိန်းသိမ်းရန် လူမရှိဟုဆိုကာ အလုပ်မှထွက်၍ အိမ်မှာပင် နေနေလေသည်။ ပူပင်ကြောင့်ကြစရာ မရှိသဖြင့် သူတို့လင်မယားမှာ ဟိုသွား ဒီလာ၊ ဟိုလည်ဒီလည် အလွန်လုပ်ကြ၏။ သူတို့အိမ်မှာလည်း သူတို့ ငယ်သူငယ်ချင်းများ ဝင်ထွက် စားသောက်ရာနေရာလည်း ဖြစ်လေသည်။ ကျွန်တော့်အတွက်ကား ဆိုဖွယ်ရာမရှိ။ ကျွန်တော် စားချင်တိုင်း စားရာ၊ အိပ်ချင်လျှင် အိပ်ရာဌာန ဖြစ်ပေ၏။

□ အဒေါ်အိမ်သို့ ရောက်သောအခါ ညနေ ၅ နာရီကျော်နေပြီ ဖြစ်၏။ သို့ဖြစ်၍ သူတို့ထမင်းဝိုင်းတွင် အသာဝင်ထိုင်လိုက်ရင်း "ကဲ. . . ဆိုစမ်းပါအုံး၊ ဒေါ်လေးပြမယ့်လူက ဘယ်သူလဲ"ဟု မေးရ၏။ ဒေါ်လေးက "ပြပ့်မယ်ကွာ၊ ဒေါ်လေးလူတော့ မဟုတ်ပါဘူး။ ဒေါ်လေး အရင်အလုပ်လုပ်တဲ့ ကျောင်းက ကျောင်းဆရာမလေး တစ်ဦးရဲ့ အဖေပါ။ ရောဂါမျိုးစုံးဖြစ်နေလို့ မင်းကိုပြချင်လို့။ အရေးမကြီးပါဘူး။ ထမင်းစားပြီးမှ သွားကြတာပေါ့။ အိမ်က နီးနီးလေးပါ"ဟု ဆိုသဖြင့် ကျွန်တော်လည်း ထမင်းကိုဆက်စားရ၏။ စားရင်းလည်း "ဒေါ်လေး ဟုတ်မှ လုပ်နော်၊ တော်ကြာ ဒေါ်ဝင်းစိန်လို စိတ်ရောဂါဖြစ်နေအုံးမယ်"ဟု နောက်လိုက်၏။ သူက "စိတ်ရောဂါဖြစ်မယ် မထင်ပါဘူးကွာ။ သူက နာတာရှည်ဖြစ်နေတာကွာ။ ကြာပြီ။ ဒါ့ကြောင့် မင်းကိုပြချင်တာ"ဟု ပြန်ပြောမှ ကျွန်တော့်မှာ အေးအေး ဆေးဆေး စားနိုင်လေသည်။ ဦးလေးကမူ ဘာမျှမပြော။ သူ့အကျင့်အတိုင်း ဆိတ်ဆိတ်ငြိမ်ငြိမ်ပင်။

□ ထမင်းစားပြီးသောအခါ ဒေါ်လေးနှင့်ကျွန်တော် နှစ်ယောက်တည်း လမ်းလျှောက်၍ ဒေါ်လေးသူငယ်ချင်းအိမ်သို့ သွားကြရသည်။ နှစ်လမ်းသာ ခြားသဖြင့် သိပ်ကြာကြာ မသွားရပေ။ နှစ်ထပ်တိုက်တစ်တိုက်ရှေ့သို့ ရောက်သောအခါ"ကဲ. . . ကဲ. . . ရောက်ပြီ"ဟုဆိုသဖြင့် ကျွန်တော်လည်း ဒေါ်လေးနောက်က ဝင်လိုက်သွားရ၏။ အသက်

အစိတ်ခန့် အသားဖြူဖြူ ကိုယ်လုံးကိုယ်ထည် သွယ်လျသော အမျိုးသမီး တစ်ဦးနှင့် အသက် ၅၀ ကျော်ခန့် ဝဝဖိုင့်ဖိုင့် အမျိုးသမီးကြီး တစ်ယောက်တို့က အခန့်သင့် ကြိုဆိုနေသည်ကို တွေ့လိုက်ရသည်။ အမျိုးသမီးငယ်က "လာလာ မမခင်၊ ဆရာလည်းပါလာတယ်နော် ကျွန်မတို့ မျှော်နေတုန်း ရောက်လာတယ်"ဟု ဒေါ်လေးကိုကြည့်၊ ကျွန်တော့်ကို ကြည့်၍ ပြောသလို၊ အမျိုးသမီးကြီးကလည်း "လာကြ၊ လာကြ၊ ထမင်းစားပြီးကြပြီလား။ မစားရသေးရင် စားပြီးမှ ပြန်။ မေမေခင်က တော့ လူရင်း အားနာစရာမရှိဘူး။ ဆရာလဲ မေမေခင့်တူပဲ၊ အားနာစရာ မရှိဘူးနော်"ဟု ဖော်ရွေစွာ ကြိုဆိုကြ၏။

☐ "ထမင်း စားခဲ့ပြီးပါပြီ" ဟု ကျွန်တော်တို့ နှစ်ယောက်လည်း ပြန်ပြောကာ ဧည့်ခန်းတွင် ဝင်ထိုင်လိုက်ကြရ၏။ ခေတ္တမျှ အလ္လာပသလ္လာပပြောပြီးနောက် "ကဲ. . . လူနာကိုကြည့်ရအောင်"ဟု ကျွန်တော်က စပြောရ၏။ ထိုအခါကျမှ သူတို့လည်း အပေါ်ထပ်သို့ ကျွန်တော့်ကို ခေါ်သွားကြလေသည်။ အိမ်မှာ သပ်ရပ်သန့်ရှင်း၍ အိမ်သားသုံးဦးသာ ရှိကြောင်း သိရသည်။ ဒေါ်လေးမိတ်ဆွေ အထက်တန်းပြဆရာမလေး ခင်စန်းရီ၊ သူ၏မိခင် ဒေါ်သိန်းကြည်နှင့် ယခုမမာဟုဆိုသူ ခင်စန်းရီ၏ ဖခင် အငြိမ်းစားတရားသူကြီး ဦးဘရီ။ နောက်အိမ်တွင် တောက်တိုမယ်ရ ခိုင်းရန် အိမ်ဖော်မလေး တစ်ယောက်။

☐ ဦးဘရီကို ကျွန်တော်သည် သူ့အခန်းထဲရှိ အိပ်ရာပေါ်၌ စာဖတ် နေသည်ကို တွေ့ရ၏။ ကျွန်တော်တို့ အသံကြားသည်နှင့် သူသည် မျက်မှန်ကိုင်းထူထူကြားမှ မျက်လုံးကိုလှန်၍ကြည့်ကာ "လာကြ၊ လာကြ၊ ဆရာလဲ ပါလာသကိုး"ဟု နှုတ်ဆက်၏။ ပြီးလျှင် သူ့ဟာသူ စာဖတ်နေ၏။ ကျွန်တော်တို့လည်း သူ့အခန်းထဲရှိ ကုလားထိုင်များ

ပေါ်တွင် ဝင်ထိုင်လိုက်ရ၏။ ခင်စန်းရီကား မထိုင်၊ သူ့ဖခင် ကုတင်အနီးတွင် မတ်တပ်ရပ်၍ နေလေသည်။

□ သူ့အခန်းမှာ တော်တော်ကျယ်၏။ နှစ်ယောက်အိပ် ကုတင်တစ်လုံး၊ ဘီရို ၂ခု၊ စာရေးစားပွဲတစ်ခု၊ နောက်မှီကုလားထိုင် ဆက်တီ ၄ လုံး ချောင်ချောင်ချိချိထားနိုင်သည်။ ကျွန်တော်က အခန်းကိုအကဲခတ်နေစဉ်. . .

□ "ကဲ. . . ဆရာ၊ကူညီနိုင်ရင်ကူညီပါအုံး။ကျွန်တော်တော့ ဗိုက်တစ်ခုလုံးနာနေတာကြာပြီ"ဟု ဦးဘရီက စဆိုသဖြင့် ကျွန်တော်လည်း သူ၏ ရောဂါရာဇဝင်ကို စတင်မေးရ၏။ ဗိုက်နာခြင်း သောင်းခြောက်ထောင်တွင် ဖြစ်နိုင်မည်ထင်သော ရောဂါမှန်သမျှ၏ ရာဇဝင်ဖြစ်စဉ်နှင့် ညီမညီမေးရ၏။ မည်သည့်ရောဂါနှင့်မျှ မညီ။ သို့ဖြစ်၍ သူ့ကိုစမ်းသပ်ရ၏။ ဘာမျှမတွေ့ရပေ။ ကျွန်တော်လည်း ဝမ်းသာအားရ "ဦးလေး ဗိုက်တော့ ဘာမှမဖြစ်ပါဘူး။ ကျွန်တော်တော့ ဘာရောဂါမှ မရှိဘူးထင်တယ်"ဟု ပြောရ၏။

□ သူကား ကျွန်တော်ထင်သလို ဝမ်းမသာ။ မျက်မှောင်ကုပ်လျက် "ဆရာရဲ့၊ ကျွန်တော်မှ ဂေါ(လ်)စတုန်း (သည်းခြေပွန်တွင် ကျောက်တည်ခြင်း) ရှိတယ် ထင်တယ်" ဟု လေးလေးနက်နက် ပြန်ပြောလေသည်။ သူ့ရောဂါရာဇဝင်နှင့် သူ့ကိုစမ်းသပ်တွေ့ရှိချက်မှာ မတူရကား ကျွန်တော့်မှာ မစဉ်းစားတတ်။ သို့ဖြစ်၍. . .

□ "ကောင်းပြီလေဦးလေး၊ ကျွန်တော်လိုတာ ထပ်စမ်းသပ်ပေးပါ့မယ်။ အခုတော့ ဗိုက်နာရင် ဒီဆေးပဲ စား" ဟုဆိုကာ သင့်တော်သောဆေးကို ရေးပေးရ၏။ သူကား ပြုံးလျက်. . .

□ ဒီဆေးစားတာကြာပြီ။ မသက်သာဘူးဆရာ။ ဒီမှာ ဆေးတွေ” ဟု ဆိုကာ သူ့ဘီရိုကိုဖွင့်ပြ၏။ မှန်၏။ သူ့ဘီရိုထဲ၌ ကျွန်တော်ညွှန်းသော ဆေးအပါအဝင် ဆေးမျိုးစုံကို တွေ့ရလေသည်။ ကျွန်တော့်မှာ အံ့သြရ၏။ ဆရာဝန်အိမ်တွင် ဤမျှဆေစုံချင်မှ စုံပေမည်။ သူ့ထံ၌ကား နိုင်ငံခြားဆေး၊ ပြည်တွင်းဆေး ဘာစ်ပရိုမှအစ မော်ရီယာမင်းအဆုံး အစုံ။

□ “စဉ်းစားကြည့်ပါအုံးလေ၊ နက်ဖန်ကျရင် စစ်ဆေးရုံကိုလာခဲ့ပါ။ ကျွန်တော် လိုတာတွေ ဆက်စစ်ဆေးပါ့မယ်”

□ ကျွန်တော်လည်း နောက်ဆုံးပိတ်စကားကို ပြော၍ လက်ဆေးရန် ရေရှာရ၏။ ခင်စန်းရီက “ဆရာ၊ စာကြည့်ခန်းထဲမှာ လက်ဆေးဇလုံရှိပါတယ်၊ လာပါဆရာ”ဟု ခေါ်သွားသဖြင့် သူခေါ်ရာ အခန်းထဲသို့ လိုက်သွားရ၏။

□ စာကြည့်ခန်းမှာ သူ့ဖခင်၏ အခန်းနှင့်ကပ်လျက်စာအုပ်မှန်ဘီရိုများ၊ စာဖတ်စားပွဲ၊ ကုလားထိုင်များနှင့် ခန့်လှ၏။ ကျွန်တော်လည်း စာကြည့်ခန်းရှိ လက်ဆေးကြွေဇလုံတွင် လက်ဆေးရင်း စာအုပ်မှန်ဘီရိုများကို အားကျ၍ ကြည့်နေမိ၏။ စာအုပ်များကား စုံလှ၏။ အင်္ဂလိပ်၊ မြန်မာ၊ ပါဠိ၊ တရားဥပဒေစာအုပ်များ၊ အေဂျေကရိုနင်၊ ဂျော့ဆားဗား၊ ဖရန့်စလော့တာစသော အင်္ဂလိပ်စာရေးဆရာ ဆရာဝန်များ၏ စာအုပ်များ၊ ဒေါက်တာ ထွန်းရွှေ၊ ဒေါက်တာ မောင်မောင်ညို၊ မောင်သင်၊ ဆရာဝန် တင်ရွှေ စသော မြန်မာ စာရေးဆရာ ဆရာဝန်များ၏ ဆေးစာအုပ်များ အစုံ။

□ “ဖေဖေက စာသိပ်ဖတ်တာဆရာရဲ့။အားနေတော့လည်း စာပဲဖတ်စရာရှိတာကိုး”ဟု ခင်စန်းရီကပြောသဖြင့်. . .

□ “ကောင်းတာပေါ့ဗျာ”ဟု ကျွန်တော့်မှာ ပြန်ပြောရ၏။ ပြီးလျှင် နှစ်ယောက်သား ဦးဘရီအခန်းသို့ ပြန်လာရ၏။ နက်ဖန်တွင် စစ်ဆေးရမည့် ကိစ္စများအတွက်လည်း တိုင်ပင်စီစဉ်ပေးရ၏။ ရောက်ပြီး တစ်နာရီခန့်ကြာမှ ကော်ဖီသောက်ပြီး သူတို့အိမ်မှ ပြန်နိုင်လေသည်။ ကျွန်တော့်စိတ်ထဲတွင်မူ ရောဂါအမည်တပ်မရ၍ ကိုယ့်ဟာကိုယ် မကျေမနပ်ဖြစ်နေလေသည်။

◆◆◆

□ နောက်တစ်ရက်တွင် သူတို့သားအဖ၊ သားအမိ သုံးယောက်ကျွန်တော့်ထံ ရောက်လာကြ၏။ ခင်စန်းရီကိုယ်တိုင် ဖောက်စ်ဝက်ဂွန်းကားကလေးကို မောင်း၍လာခြင်းဖြစ်သည်။ ဦးဘရီကား ကားပေါ်တွင် အခန့်၊ စာဖတ်၍ လိုက်လာလေသည်။ စာအုပ်မှာ အိမ်သုံး ဆေးကျမ်း (Home Medical Encyclopedia)ဟူသောအင်္ဂလိပ်စာအုပ်ကြီးဖြစ်၏။ ကျွန်တော်ကား ဘာမျှမေးမနေအား။ လုပ်စရာရှိသည့် အလုပ်များကို ပစ်ထား၍ ဦးဘရီအား သွေးစစ်ခြင်း၊ ဆီးစစ်ခြင်း၊ ဓာတ်မှန်ရိုက်ခြင်း စသည်များကို လိုက်လုပ်ပေးရ၏။ အားလုံးပြီးစီးသောအခါလည်း. . .

□ “ကဲ. . . ဦးလေး၊တစ်ရက်နှစ်ရက်ဆို အားလုံးသိရမှာပဲ။ရီဇာတ်(စမ်းသပ်မှုမှတ်တမ်း)တွေ ထွက်လာရင် ကျွန်တော်ယူလာခဲ့မယ်။ အဲဒီအခါကျရင် ဦးလေးမှာ ရောဂါရှိတာ မရှိတာ အသေအချာသိရမှာပေါ့”ဟု ပြောရ၏။ ပြီးမှ “အခုကော ဘယ်နှယ်နေသေးလဲ၊ ဘာဖြစ်သေးသလဲ”ဟု ဆက်မေးရ၏။

□ သူသည် ကျွန်တော်ပြောသည်ကို ကျေနပ်သည့်အလား ပြုံး၍ခေါင်းညိတ်၏။ ပြီးမှ. . .

□ "ဗိုက်ကတော့ မနာပြန်ဘူး ဆရာ။ အခု ခြေထောက်က နဲနဲနာသလိုပဲ။ ဂေါက်(ဒူလာရောဂါ)များ ဖြစ်နေသလား မသိဘူး" ဟု ဆိုသဖြင့် ကျွန်တော်လည်း သူ့ခြေထောက်ကို သေသေချာချာ စစ်ဆေးပေးရ၏။ ဘာမျှမတွေ့ရ။ သို့သော် သေချာစေရန် လိုအပ်သော စစ်ဆေးမှုများကို ထပ်၍လုပ်ပေးရ၏။ စစ်ဆေးရုံမှ သူငယ်ချင်းများကမူ မညည်းမညူ လုပ်ပေးကြသော်လည်း ကျွန်တော့်အား. . .

□ "မောင်မောင်ညို၊ မင်းတော့ လူနာပွဲစားဖြစ်နေပြီ"ဟု နောက်ကြလေသည်။ သူတို့နောက်လည်း နောက်ချင်စရာ။ ကျွန်တော်သည် ကျွန်တော့်အား လာရောက်တိုင်ပင်ပြသကြသူများကို လိုအပ်မည်ထင်က ကျွန်တော့်ထက် တတ်ကျွမ်းသူများ၊ နားလည်သည်ထင်သည့် သူများကို တစ်ယောက်ပြီးတစ်ယောက် လိုက်၍ပြတတ်၏။ ပိုက်ဆံမရသည့်ပြင် ကိုယ့်အိတ်ထဲမှပင် စိုက်၍ ဆေးပေးနေရ၊ ကိုယ့်အလုပ်ကို အပျက်ခံ၍ လုပ်ပေးနေရ၍ နောက်ကြခြင်းဖြစ်ပေ၏။ မတတ်နိုင်။ ကျွန်တော်သည် ကျွန်တော်တတ်နိုင်သလို ကူညီနေရခြင်း ဖြစ်ပေသည်။

□ သူတို့လာပြီး ၂ရက်၊ ၃ရက်ကြာသောအခါ ဦးဘရီ၏ စမ်းသပ်စစ်ဆေးမှုမှတ်တမ်းများရ၏။ ဦးဘရီ၏ သည်းခြေရောဂါ၊ ဒူလာရောဂါ၊ ဘာရောဂါ အရိပ်အရောင် လက္ခဏာမျှ မတွေ့ရပေ။ သို့ဖြစ်၍ ဝမ်းသာအားရပင် သူ့ထံသို့မှတ်တမ်းများ၊ ဓာတ်မှန်များကိုယူကာ တစ်ညနေတွင် သွားရ၏။ သူတို့အိမ်သို့ရောက်မဆိုက်၊ ဦးဘရီနှင့်တွေ့သည်နှင့် "ကဲ. . . ဦးလေး၊ ဘာပြောဦးမလဲ။ ဦးလေးမှာ ဘာရောဂါမှမရှိဘူး၊ ကြည့်" ဟု ဆိုကာ ရောဂါစမ်းသပ်မှု မှတ်တမ်းများကိုပြရ၏။ သူကား ဝမ်းသာပုံမရ၊ "ဟုတ်ကဲ့လား ဆရာ၊ ကျွန်တော်မျက်စိ သိပ်မကောင်းပြန်ဘူး၊ အခု ဗိုင်ရယ်ကွန်ဂျန်တီဗိုင်းတစ် (ကူးစက်သောမျက်မြေးနာ)ဖြစ်ချင်သလား

မသိဘူး။ ကြည့်ပေးပါအုံး ဆရာ” ဟု ပြန်ပြော၏။ ကျွန်တော်လည်း သေသေချာချာ ကြည့်ပေးရ၏။ ဘာမျှကား မတွေ့ရ။

◻ “ဦးလေးရ၊ ဘာမှ မဖြစ်ပါဘူး။ စိတ်မချရင် မျက်စိ ဆရာဝန်ကို ကျွန်တော်ပြပေးမယ်”ဟု ကျွန်တော့်မှာ ပြန်ပြောရ၏။ သူက သဘောတူသဖြင့် ထိုညနေတွင်ပင် မျက်စိကုဆရာဝန် တင်ညွန့်လှိုင်ထံခေါ်သွားရ၏။ တင်ညွန့်လှိုင်လည်း သူ့ကိုသေသေချာချာ စမ်းသပ်၍ပေး၏။ ပြီး သူကျေနပ်အောင် မျက်စဉ်းနှင့်စားဆေးအချို့ (အားဆေး) ကို ပေးလိုက်လေသည်။ ကျွန်တော့်ကိုမူ တင်ညွန့်လှိုင်က “သူငယ်ချင်း ဘာရောဂါမှတော့ မတွေ့ရဘူး။ အသက်ကြီးတော့ မျက်စိ အားနည်းချင် နည်းမှာ။ ဒါပဲရှိတယ်” ဟု ပြောလိုက်လေသည်။ သူ အားမနည်းသည်မှာကား ကျွန်တော်အသိ။ စစ်ဆေးရုံက သွေးစမ်းပေးလိုက်သည်မှာ လောလောလတ်လတ် မဟုတ်ပါလော။ သို့ဖြစ်၍ ကျွန်တော့်မှာ အကြံအိုက်နေလေသည်။

◻ ထိုနေ့ညနေတွင် ဦးဘရီ၏ အခန်းမှ ဆင်းလာပြီးနောက် ဒေါ်သိန်းကြည်နှင့် ခင်စန်းရီတို့နှင့် ဧည့်ခန်းတွင် ထွေရာလေးပါးပြောကြရင်း. . .

◻ “ဘယ်လိုလဲ အန်တီရဲ့၊ ဦးလေးမှာ ဘာမှမတွေ့ရဘူး။ ဒီလိုပဲ ဖြစ်နေတာ ကြာပြီလား” ဟုမေးရ၏။

◻ “မပြောချင်ပါဘူး ဆရာရယ်၊ သူဒီလို ဖြစ်နေတာ ကြာလှပြီ။ ကျွန်မနဲ့ရကတည်းက ဆိုပါတော့။ အဲဒါ သူ့ဟာသူ ရောဂါဖြစ်တယ်ပြော၊ သူ့ဟာသူ ဆေးတွေဝယ်စားနေတာ။ အရင်က ဒီလောက်မဆိုးဘူး။ အခု နောက်ပိုင်း ပင်စင်ယူပြီးမှ ပိုဆိုးတယ်”

☐ "ဟုတ်တယ် ဆရာ၊ ဖေဖေ့ဟာ ဖေဖေ ကုနေတာ ကြာပြီ။ တခြားဆရာဝန်တွေလည်း ကုပါရဲ့။ တစ်ခါမှ သူ့ရောဂါ ပျောက်တယ် မရှိဘူး။ အဲဒါ မမခင်ကို ပြောပြလို့ မမခင်က သူ့တူကိုပြမယ်ဆိုပြီး ဆရာ့ကို ခေါ်ပေးတာပဲဆရာ"

☐ ခင်စန်းရီကပါ ဝင်ထောက်၏။ ကျွန်တော်သည် သူတို့ ပြောသမျှကို နားထောင်ရင်း အားလုံးကို ခြုံ၍ စဉ်းစားနေမိ၏။ တစ်ခုသာ စဉ်းစား၍ရသည်။ ဦးဘရီ၌ ရုပ်ရောဂါမရှိ။ ရုပ်ရောဂါရှိသည်ဟု သူ့ဟာသူထင်သောရောဂါသာ ရှိလေသည်။ မှန်၏။ ဦးဘရီ၌ ထိုရောဂါ၊ ရောဂါရှိသည် ထင်သည့်ရောဂါ (Hypochondriac Disease) သာ ရှိလေသည်။ သို့ဖြစ်၍. . . "အဲဒါ ဘာရောဂါလဲဆရာ" ဟု သားအမိနှစ်ယောက်က ဝိုင်းမေးကြသဖြင့် ထိုရောဂါအကြောင်းကို ပြော၍ ပြရ၏။

☐ ရောဂါရှိသည် ထင်သည့် ရောဂါမှာ အမှန်တော့ မဆန်းသော ရောဂါပင် ဖြစ်၏။ အကြောင်းမူ လူတိုင်းပင် ကျန်းကျန်းမာမာ နေလိုကြ၍ မိမိ၌ ရောဂါမဖြစ်ခင်က ဖြစ်နိုင်လျှင် ကြိုတင်ကာကွယ်လိုကြသည်။ သို့ဖြစ်၍ လူတိုင်းလိုပင် ဖင်နာ၊ ခေါင်းကိုက်သည်မှ အစ အနည်းငယ်နေမကောင်းရုံနှင့် တတ်ကျွမ်းသူများနှင့် ရောဂါ ပျောက်အောင် ကုသနိုင်သူများနှင့် တိုင်ပင် ကုသလိုကြသည်။

☐ သို့ရာတွင် လူတစ်ယောက်သည် မိမိဘာသာ မိမိရောဂါဖြစ်နေပြီဟု စိတ်စွဲလမ်းလွန်းပါက ထိုစွဲလမ်းမှုမှာ ရောဂါဖြစ်လာလေသည်။

☐ အထူးသဖြင့် မိမိရောဂါမှာ အလွန်ဆိုးသည်၊ မည်သို့မျှ ကု၍ မပျောက်နိုင်၊ ဆရာဝန်များက စမ်းသပ်၍ ရောဂါမရှိဘူးဟု ပြောလည်း မကျေနပ်ပါက ပို၍ ဆိုးသည်။

□ ဤလိုလူမျိုးသည် အမှန်တော့ အများတကာထက် ဉာဏ်ထက်တတ်၍ စာလည်းပိုဖတ်ကြတတ်သည်။ အထူးသဖြင့် ဆေးပညာဆိုင်ရာ စာအုပ်စာတမ်းများကို ဖတ်ပြီး ထိုစာအုပ်များတွင် ဖော်ပြသည့်အတိုင်း မိမိမှာ ရောဂါရသည်ဟု ထင်တတ်ကြ၏။ အခြားသူများ ယုံကြည်အောင်လည်း ပြောဆိုတတ်၊ နေထိုင်တတ်ကြသည်။ အကယ်၍ ဆရာဝန်တစ်ယောက်ယောက်က အသေအချာ စမ်းသပ်ပြီး ရောဂါ မရှိဘူးပြောလည်းမယုံ။ ဤရောဂါမရှိက ထိုရောဂါရှိမည်ဟု ပြောတတ်ကြသည်။ သူတို့ပြောသော ရောဂါကို သူတို့ ယုံကြည်အောင် ကုသမပေးက ထိုသူများမှာ မည်သည့်အခါမျှ ရောဂါပျောက်ကင်းကြမည် မဟုတ်ပေ။

□ " ဒီလိုဆိုရင်တော့ ဦးလေးဟာ ဟိုင်ပိုကွန်ဒရစ် ဖြစ်နေတာပဲ" ဟု ကျွန်တော့်မှာ မပြောချင် ပြောချင် ပြောပြလိုက်ရ၏။

□ တစ်ခုဆိုးသည်မှာကား ဤရောဂါရှင်များသည် သူတို့ကျေနပ်အောင် ကု၍ ပေးက ရောဂါမှာ ပျောက်မည်မှာ မှန်သော်လည်း သူတို့မယုံ။ မကျေနပ်က သူတို့ ထင်သည့် ရောဂါဖြင့်ပင် သေသွားတတ်ကြခြင်းဖြစ်သည်။

□ ဦးဘရီကား ဤရောဂါရနေသည်မှန်၏။ သူသည် သူများထက် ပညာတတ်၏။ စာဖတ်၏။ ဆေး စာအုပ်များလည်း အစုံ။ ကျွန်တော်အပါအဝင် ဆရာဝန်များ၏ ဆုံးဖြတ်ချက်ကိုလည်း မယုံ။ သူ့ဟာသူ ရောဂါရှိသည်ဟုသာ ယုံကြည်နေသည် မဟုတ်လော။ ခက်သည်မှာကား သူ့ရောဂါမှာ ကု၍ ရ၊ မရပေတည်း။

□ "ဒီလိုဆို ဘယ်လို လုပ်ကြမလဲရာ" ဟု ဒေါ်သိန်းကြည်နှင့် ခင်စန်းရီတို့က ကျွန်တော့်ကို ဝိုင်းမေးကြသည်။

□ “ ကျွန်တော် ကြည့်ပါအုံးမယ်။ တတ်နိုင်သလောက်တော့ လုပ်ပေးပါ့မယ်။ ဦးလေးက နယူရောတစ် (စိတ်စွဲရောဂါ) ဖြစ်နေတော့ နည်းနည်းကြာမည်“ ဟု ကျွန်တော်ကပြောရ၏။

□ “ဘာလဲ ဆရာ၊ ကျွန်တော် နယူရောတစ် မဖြစ်ပါဘူး။ ကျွန်တော့်မှာ ဂေါလ်စတုန်း ဖြစ်နေတာ ကျွန်တော် သိပါတယ်၊ ခွဲကုရမှာပါ” ဟု ဘယ်အချိန်ကဆင်းလာသည် မသိရသော ဦးဘရီက လှေကားအဆင်းမှ လှမ်းပြောလေသည်။ ကျွန်တော့်မှာ အံ့အားသင့်၍ ဘာမျှပြန်မပြောနိုင်။

□ “ဆရာတို့ မကုတတ်လည်းပြောပါ။ ကျွန်တော့်ဟာ ကျွန်တော် အပြင် ဆေးခန်း တစ်ခုမှာ ခွဲကုလိုက်မယ်” ဟု သူက ဆက်ပြောသဖြင့်လည်း ကျွန်တော့်မှာ အံ့အားသင့်သည်ထက် သင့်၍နေ၏။ စိတ်ကလည်း နည်းနည်း တိုချင်လာလေသည်။ သူ၏ ဇနီးနှင့် သမီးတို့မှာမူ မျက်စိမျက်နှာမကောင်းကြ။ အားနာနေဟန်တူ၏။ သို့သော် ဘာမျှ ဝင်မပြောကြ။ ဤအိမ်၌ ဦးဘရီသည် ဘုရင် ဖြစ်ပေမည်။

□ “ ဦးလေးကောင်းမယ် ထင်တာ လုပ်လေ။ ကျွန်တော်ကတော့ တတ်နိုင်သလောက် လုပ်ပေးတာပဲ။ နောက် အကူအညီလိုလည်း ပြောပေါ့။ ကဲ ကျွန်တော် ပြန်အုံးမည်” ဆိုကာ ထိုနေ့က ထပြန်လာရ၏။ ဒေါ်လေးကိုလည်း စိတ်ဆိုးနေ မိလေသည်။ နောက် တစ်နေ့တွင် ခင်စန်းရီက ဖုံးဆက်၍ တောင်းပန်သည်ပင် စိတ်ဆိုးမပြေချင်။ နောက်မှ “ သူက လူနာပဲလေ” ဟု စိတ်ဖြေရလေသည်။

◆◆◆

☐ နောက် ၃-၄ရက်လောက်ကြာသောအခါ ဦးဘရီတစ်ယောက် ပြင်ပဆေးခန်းတစ်ခုကိုတက်၍ ခွဲတော့မည့်အကြောင်း၊ ထိုဆေးခန်းကလည်း သူ၏ သည်းခြေပြွန် ကျောက်တည်ခြင်းကို ခွဲထုတ်ပေးရန် အသင့်ရှိကြောင်း စသည်တို့ကို ကျွန်တော့်အဒေါ်ထံမှ ကြားသိရလေသည်။

☐ "အဲ. . . ရောဂါမရှိဘဲနဲ့တက်ခွဲရင် ပိုက်ဆံကုန်ရုံပဲရှိမယ်။ ဘာမှအကျိုးရှိမှာ မဟုတ်ဘူး။ ကံမကောင်းအကြောင်းမလှရင် သေချင်လည်းသေမယ်"ဟု ကျွန်တော်လည်း ခပ်ပြတ်ပြတ်ပင် ပြန်ပြောလိုက်မိ၏။ ဒေါ်လေးမှာ အလန့်တကြားဖြစ်ပြီး. . .

☐ "တကယ်လား၊ ခွဲရင် သေတတ်သလား"ဟု မေးပြန်သဖြင့် "တကယ်ပြောတာ ဒေါ်လေးရ။ ရောဂါဆိုတာ ခွဲသင့်မှ ခွဲရတယ်။ ခွဲကုတိုင်း ကောင်းတာ မဟုတ်ဘူး။ ရောဂါမရှိဘဲနဲ့ ခွဲတော့ ပိုဆိုးတာပေါ့။ ခွဲတယ်ဆိုတိုင်း လူနာဟာ မေ့ဆေးဒဏ်၊ ခွဲတဲ့ဒဏ် ရောဂါပိုးဝင်မည့် အန္တရာယ်တွေ အမြဲရင်ဆိုင်နေရတာ။ ခွဲတယ်ဆိုတာ မလွှဲသာမှ ခွဲကြရတာ။ အခုဟာကတော့ အပြင်ပ ဆရာဝန်တွေဆိုတော့ ဘာသဘောနဲ့ ခွဲပေးလည်း မသိဘူး။ တစ်ခါတလေ ခွဲတုန်း မေ့ဆေးလွန်လို့၊ သွေးလွန်လို့ ရောဂါလွန်လို့ သေတတ်တယ်" ဟု ရှင်းပြ၏။

☐ "အဲဒါဆို ငါ ခင်စန်းရီကို ပြောပြမှ။ ကောင်မလေး သနားပါတယ်"ဟု ဒေါ်လေးက ပြောသဖြင့် ကျွန်တော်လည်း "ပြောပြော"ဟု ဆိုကာ တယ်လီဖုန်းကို ချလိုက်ရ၏။

☐ မကြာပါ။ တစ်နာရီလောက်နေသောအခါ တယ်လီဖုန်းပြန်လာ၏။ ဤအခါတော့ တစ်ဖက်မှ အသံမှာ ဒေါ်လေး၏ အသံမဟုတ်၊ ခင်စန်းရီ၏ အသံဖြစ်၏။

□ ဆရာ၊ မမခင်ပြောတာ ဟုတ်သလား”ဟု သူက မေး သဖြင့်. . .

□ “ဘာတွေ ပြောတာလဲ” ဟု မေးရ၏။

□ “ဆရာနဲ့ ပြောတာတွေလေ”

□ “ဟုတ်တယ် ခင်စန်းရီ၊ မခွဲသင့်ဘဲနဲ့ ခွဲရင် ဒုက္ခရောက်တတ်တယ်။ တစ်ခါက အူအတက် မရောင်ဘဲနဲ့ ရောင်မှာ ကြောက်ပြီး အလကားနေရင်း အူအတက်ကို ထုတ်ပစ်ခိုင်းတဲ့ လူတစ်ယောက် ရောဂါပိုးဝင်ပြီး သေဖူးတယ်”

□ “တကယ်လား ဆရာ”

□ သူက စိုးရိမ်သံနှင့်မေး၏။

□ “တကယ်ပါ၊ တစ်ခါလဲ သိပ်ဝလို့ ဆိုပြီး ဗိုက်ကအဆီတွေကို ခွဲထုတ်ခိုင်းတဲ့ လူတစ်ယောက် မေ့ဆေးလွန်လို့ သေဖူးတယ်”

□ “အဲဒီလိုဆို ဆရာကူညီပါအုံး ဆရာ။ ဘယ်လို လုပ်ရမလဲ ဆိုတာ”

□ “မခွဲစေနဲ့ပေါ့”

□ ကျွန်တော်က ပြောရ၏။

□ “မရဘူးဆရာ၊ ခွဲတော့ ခွဲမှာပဲ။ ဖေဖေက ဇွတ်တရွတ် ဆရာ။ ကျွန်မတို့လည်း သူ့ကို ကြောက်ရတယ်။ ဆရာပဲ ကြံဖန်ကူညီပါဦး ဆရာရယ်”ဟု ခင်စန်းရီက အတင်းတောင်းပန်သဖြင့် ကျွန်တော်လည်း “အေး. . . အေး ငါကြည့်လုပ်ပေးမယ်”ဟု အာမခံလျှော့ လုပ်လိုက်ရ၏။

ပြီးလျှင် မည်သို့လုပ်ပေးရမည်ကိုသာ စဉ်းစားရလေသည်။ အကြံရသည်နှင့် ဦးဘရီတက်မည့် ဆေးခန်းသို့သွားကာ သူ့ကိုခွဲပေးမည့် ဆရာဝန်နှင့်တွေ့ရ၏။ ပြီးလျှင် ဆေးတက္ကသိုလ် (၂) ရောဂါဗေဒဌာနသို့ ပြန်လာရလေသည်။

□ နောက်တစ်လနှစ်လမျှကြာသောအခါဦးဘရီခမျာ ပြုံးပြုံးရွှင်ရွှင်နှင့်ဖြစ်နေသည်ကို တွေ့ရလေသည်။ သူ့မှာ သူတက်ချင်သော ဆေးခန်းသို့တက်၍ ဗိုက်ခွဲကုခဲ့၏။ သူ့ဗိုက်ထဲမှ ကျောက်တည်နေသော သည်းခြေအိတ်ကို သူမေ့ဆေးပြေသောအခါ ဆရာဝန်များက ခွဲထုတ် ပြီးပြီဖြစ်ကြောင်း သူ့ကို ပြလေသည်။ သူ့မှာ ဝမ်းသာ၍ မဆုံး။ ဗိုက်မှာခွဲထားသည့် ဒဏ်ရာရှိသဖြင့်သာ ဟက်ဟက်ပက်ပက်မရယ်နိုင်၊ မပြောနိုင်။ သို့တိုင် သူရောဂါရှိသည်ထင်သည်မှာ မှန်ကြောင်း၊ ကျွန်တော် မှားကြောင်းကို သူ့ခုတင်ဘေးက သူ့ဇနီးနှင့် သမီးကို အားရကျေနပ်စွာပြောပြသေးသည်။ သူ့ဇနီးနှင့်သမီးကိုသာမက သူ့ထံလူနာလာမေးကြသောကျွန်တော့် အဒေါ်နှင့် ဦးလေးအပါအဝင် သူ့မိတ်ဆွေအားလုံးကို ပြောပြလေသည်။ ဆရာဝန်များ၊ သူနာပြုများကိုလည်း ပြောပြ၏။ ကြားရသူအပေါင်းလည်း သူပြောသည်ကို ယုံကြည်ကြလေသည်။ မယုံကြည်၍ မဖြစ်။ ရောဂါရှိသော သည်းခြေအိတ်ကို ခွဲထုတ်ပြီး ဖြစ်ကြောင်း လက်ဆုပ်လက်ကိုင် သူပြနိုင်သည် မဟုတ်ပါလော။

□ သို့ဖြစ်၍ ဆေးရုံမှဆင်းပြီး ယခုအခါ၌ သူ့မှာ ဝမ်းသာပျော်မြူးနေလေသည်။ နောက်ထပ် မည်သည့်ရောဂါမှလည်း မရတော့။ အိမ်နှင့်လည်း အဆင်ပြေ၍ ဘုရားကျောင်းတက်လည်း မှန်နေလေပြီ။

□ "ငါ့တူ ဒီတစ်ခါတော့ နှပ်ပစ်ခံရတာပဲဟေ့။ အရင်ကတော်တယ် တော်တယ်နဲ့ ပြောကြတာ ငါဖြင့် ယုံလိုက်ရတာ။ ဦးဘရီ

ကိစ္စမှာတော့ မင်းမှားတယ်။ ဒီတစ်ခါတော့ ငါ့တူ ညံ့သဟ့ော” ဟု တစ်ရက်တွင် သူတို့အိမ်၌ ထမင်းစားနေစဉ် ဒေါ်လေးက ပြောလေသည်။ ခါတိုင်းစကားနည်းသော ဦးလေးကလည်း. . .

□ “ဟုတ်တယ်ကွာ. . . ဒီတစ်ခါ မင်းဘာဖြစ်တာလဲ။ ဒီလို ကိုယ့်နာမည်ပျက်အောင် ဖြစ်ကတတ်ဆန်းမလုပ်နဲ့ကွာ” ဟု ဝင်၍ပြော လေသည်။ ကျွန်တော် ဘာမှမပြောနိုင်။ ရယ်၍ နေရ၏။ ဒေါ်လေးက မကျေနပ်. . .

□ “မင်းဒီတစ်ခါ ဝတ္ထုရေးရင် မင်းမှားတဲ့အကြောင်းရေးကွာ၊ ဒီတစ်ခါမှ မင်းမသိတဲ့၊ ဆရာဝန်မသိတဲ့ ရောဂါဆန်းကွာ” ဟု သူက ခနဲ့၏။

□ “မဟုတ်ဘူးလား၊ ပြောလေကွာ” ဟုလည်း ဆက်သဖြင့် ကျွန်တော့်မှာ မနေနိုင်တော့။

□ “ဒီလိုတော့လည်း မဟုတ်ပါဘူး ဒေါ်လေးရာ။ ဦးဘရီပြောတာ လည်း မှန်ပါတယ်။ သူ့ကိုခွဲကုတာလည်း တကယ်ပဲ။ ကျွန်တော်လဲမမှား ပါဘူး။ ကျွန်တော့်ကြောင့် သူ့ရောဂါ ပျောက်တာပါ”ဟု ပြန်ပြောရ၏။

□ “ဘယ်လိုလဲ၊ မင်းဟာ မရှင်းပါဘူး”ဟု ဒေါ်လေးက ဆိုသလို ဦးလေးကလည်း စိတ်ဝင်စားစွာ ကြည့်နေသဖြင့်. . .

□ “ဒီလို ဒေါ်လေးရဲ့။ ဒေါ်လေး ဘယ်သူ့ကိုမှ မပြောပါနဲ့နော်။ သူ့ကို ခွဲတယ်ဆိုတာက အရေပြားကို ဓားနဲ့ခြစ်ရုံပဲ။ ဗိုက်ကို မဖွင့်ဘူး။ အပေါ်ပဲခွဲပြီး ပြန်ပိတ်ချုပ်ထားတာ။ သူ့ကိုပြတဲ့၊ ရောဂါရှိတဲ့သည်းခြေ အိတ်က ကျွန်တော်တို့ကျောင်း (ဆေးတက္ကသိုလ်၂) ရောဂါဗေဒဌာနက ယူလာတဲ့ စပီစင်မင် (နမူနာပစ္စည်း)။ ဗိုက်မဖွင့်ရလို့ သူတစ်ပတ်နှစ်ပတ်

နဲ့ကျက်ပြီး ဆေးရုံကဆင်းနိုင်တာပေါ့”ဟု ကျွန်တော်က ပြုံးလျက် ပြန်ပြောရ၏။ သူတို့မှာ မယုံနိုင်ကြ။

◻ “တကယ်လားကွာ၊ အဲဒီဆေးခန်းက ခွဲတဲ့ဆရာဝန်က တကယ်ခွဲမပေးဘူးလား” ဟု ဒေါ်လေးက မေးသဖြင့် . . .

◻ “တကယ်ပါ ဒေါ်လေးရ။ အဲဒီ ဆေးခန်းက ခွဲတဲ့ဆရာဝန်က ကျွန်တော့်မိတ်ဆွေပဲ။ ကျွန်တော် သူနဲ့တိုင်ပင်ပြီး လုပ်ပေးတာ။ ဒီဟာကို ဘယ်သူမှမပြောဘူး။ သိတာလဲ သူရယ်၊ ကျွန်တော်ရယ်၊ ခင်စန်းရီရယ် သုံးယောက်တည်း ရှိတယ်”ဟု ပြန်ပြောရ၏။

◻ “တကယ်”

◻ “နှစ်ယောက်စလုံး ကျွန်တော့်ကို မယုံသလိုကြည့်၍ မေးကြလေသည်။

◻ “တကယ်ပါ ဒေါ်လေးရ။ မယုံရင် ခင်စန်းရီကို မေးကြည့်”ဟု ကျွန်တော့်မှာ ပြန်ပြောခဲ့ရ၏။ ပြီးလျှင် မင်္ဂလာဒုံသို့ ပြန်ခဲ့ရ၏။ မပြန်မီလည်း ဤအကြောင်းကို မည်သူမျှမပြောရန်၊ အထူးသဖြင့် ဦးဘရီမသိစေရန် စကားပိတ် ရလေသည်။ စိတ်ထဲကမူ ကျွန်တော့် လှည့်ကွက် အတွက် ကျိတ်၍ ကျေနပ်နေမိလေသည်။ ကျွန်တော့် ကျေနပ်မှုမှာ နောက် တစ်နေ့တွင် အထွတ်အထိပ်သို့ ရောက်၏။ အကြောင်းမူကား ဒေါ်လေးက . . .

◻ “ကွန်ကရက်ကျူလေးရှင်း မောင်မောင်ညိုရေ။ မင်းပြောတာ မှန်ကြောင်း ခင်စန်းရီကပြောပြပြီးပြီ။ နောက်ဝမ်းသာစရာ ကောင်းတာက ခင်စန်းရီလဲ ဝါကျွတ်ရင် လက်ထပ်လိမ့်မယ်”ဟု နှုတ်ဆက်သောကြောင့်ပေတည်း။ ထို့အပြင် . . .

□ "ဘယ်သူနဲ့လဲ" ဟူ၍မေးရာ. . .

□ "ဒေါက်တာ ဝင်းဆွေနဲ့"ဟု ပြန်ပြောသောကြောင့်ပေတည်း။

□ ဒေါက်တာဝင်းဆွေမှာ ကျွန်တော်၏သူငယ်ချင်း၊ ဦးဘာရီကို ခွဲပေးသော ခွဲစိတ်ဆရာဝန်။ ကောင်းလေစွ။ နောင် ဦးဘာရီရောဂါထပ်ရလျှင် ကျွန်တော်မပူရတော့ပြီ။ ■

❁ ❁ ❁

# ၄

# တစ်ထောင်တွင်တစ်ယောက်

□ "သူငယ်ချင်း၊ မင်းနဲ့ အေးအေးဆေးဆေး စကားပြောချင်တယ်ကွာ၊ ရမလား။ ရရင် မင်းဆီကိုယ် တစ်ရက်လာချင်တယ်"ဟု တစ်နေ့က သူငယ်ချင်းဖိုးလှမြင့်က ဖုန်းဆက်သည်။ သူနှင့် ကျွန်တော် မကြာခဏ တွေ့နေကျဖြစ်လျက်၊ သူနှင့်ကျွန်တော်မှာ ချိန်းစရာ၊ ဖိတ်စရာ မလိုဘဲ သူ့အိမ်ကိုယ့်အိမ် ဝင်ထွက်သွားလာနိုင်သူဖြစ်ပါလျက် အထက်ပါ စကားကို ဆိုသဖြင့် ကျွန်တော့်မှာ နားမလည်နိုင်။ သို့ဖြစ်၍. . .

□ "ဟေ့ဖိုးလှမြင့်၊ မင်းဘာအူကြောင်ကြောင်တွေ လျှောက်ပြောနေတာလဲ။ ကနေ့ညနေ ငါမင်းအိမ်ဝင်ခဲ့မယ်လေ။ ဖြစ်မလား"ဟု လှမ်းပြောရ၏။ သူက အလန့်တကြား။

□ "ဟာ. . . ငါ့အိမ်မှာ ပြောလို့မဖြစ်ဘူး။ ငါနဲ့မင်းနဲ့နှစ်ယောက်တည်းတွေ့ ပြောချင်တာ။ သိပ်မရှည်နဲ့ကွာ။ တနင်္ဂနွေနေ့ မနက်မှာ ငါမင့်ကျောင်းဆောင် လာခဲ့မယ်"ဟု ပြန်ပြောသဖြင့် ကျွန်တော်လည်း သူ၌ ကျွန်တော်နှင့်နှစ်ကိုယ်ကြား တိုင်ပင်စရာကိစ္စရှိပြီဟု အတပ်သိကာ. . .

"အေး. . . အေး. . . လာခဲ့"ဟု အာမဘန္ဒေလိုက်ရ၏။

☐ သို့ဖြင့်ယခု တနင်္ဂနွေနေ့၌ သူ့အလာကို စောင့်မျှော်နေရ၏။ သူလည်း ဆိုက်ဆိုက်မြိုက်မြိုက် ကျွန်တော့်ထံ ပေါက်လာသည်။ ခေါ် နေကျ သူ့ဇနီးသည်ပင် မပါ။

☐ "ကဲ. . . ဆိုစမ်းပါဦး။ မင်းငါ့ကို နှစ်ယောက်ချင်း ပြောချင်တဲ့ ကိစ္စ"ဟု ခရီးရောက်မဆိုက် ကျွန်တော်က နှုတ်ခွန်းဆက်ရ၏။

☐ "အိမ်မှာ ဘယ်သူမှမရှိဘူး၊ သိတဲ့အတိုင်းငါ့မိန်းမရော ကလေး ရော မြို့ထဲမှာ"ဟု သူပြောချင်ရာ စိတ်ချလက်ချ ပြောဆိုနိုင်ရန်လည်း စကားဆက်ရ၏။ သူလည်း ကျွန်တော့်ရှေ့ရှိ ကုလားထိုင်ပေါ်တွင် ဝင် ထိုင်ရင်းသူ့ကိစ္စ ပြောတော့သည်။

☐ "ငါ တိုင်ပင်ချင်တာက ငါ့မိန်းမ ကိစ္စတွေ။ အခုတလော သူ ဘာဖြစ်နေသလဲ မသိဘူး။ ငါ့ကို သူ သိပ်မယုံသင်္ကာ ဖြစ်နေတယ်။ ငါ အိမ်ကို ရုံးပြန်နည်းနည်းနောက်ကျတာနဲ့ ဘယ်မယားငယ်ဆီက ပြန်လာ တာလဲနဲ့ ရန်ဖြစ်တော့ ပွက်တော့တာပဲ။ ဘယ်ပဲသွားသွား သူ မကြိုက် ဘူး။ အထူးသဖြင့် မိန်းမ မိတ်ဆွေတွေနဲ့ ငါ စကားပြောတာ တွေ့ရင်၊ ကြားရင် ပိုဆိုးတယ်။ အရင်က ဒီလိုမဟုတ်လို့ ငါမင်းကို တိုင်ပင်ချင်လို့ လာတာ" ဟု သူက စကားပလ္လင် ခံလေသည်။ ကျွန်တော်က သူနှင့် ပြောမနာ ဆိုမနာဖြစ်သဖြင့်၊ သူရိုးမှန်းသိသဖြင့်. . .

☐ "မင်းကကော သူ မယုံသင်္ကာဖြစ်လောက်အောင် ပွေနေလို့ လား။ တင်တင်ဟာ အရင်ကတော့ မိန်းမ လိမ္မာ လေးပါ။ မင်းနဲ့ရမှ ပျက်သွားရင်တော့ မသိဘူး" ဟု ဝင်နောက်ရ၏။ မှန်၏။ တင်တင်မှာ သူနှင့် မရခင်က လူကလေးက သေးသေးသွယ်သွယ်။ ငယ်ငယ် လှလှ လေးဖြစ်သလို သိမ်မွေ့နူးညံ့သူကလေး။ အရှက်အကြောက်ကြီး သူလေး လည်းဖြစ်၏။ လမ်းလျှောက်လျှင် လုပ်လီလုပ်လဲ့။ စကားပြောလျှင်

မပွင့်တပွင့်၊ လူထဲတွင် မဝံ့မရဲ၊ အမြဲ ရှိုးရှိုးကုပ်ကုပ် သိမ်သိမ်မွေ့မွေ့နေ သူလေး။ ယခု သူနှင့် ရပြီး ၃-၄ နှစ်ကြာမှသာ လူတွေနှင့် ပြောရဲ ဆိုရဲ ဖြစ်လာ၏။ သွက်သွက်လက်လက် သွားတတ်၊ လာတတ်၊ လုပ်တတ် ကိုင်တတ်လာ၏။ ကျွန်တော်နှင့်မူ ရင်းနှီးခင်မင်လာသဖြင့် အဆို အစပင် ခံနိုင်ရည်ရှိလာပြီ ဖြစ်လေသည်။ ဖိုးလှမြင့်က ကျွန်တော့်နောက် ချက်ကိုခေါင်းခါပြရင်း. . .

◻ "ငါ့အကြောင်းတော့ မင်းအသိဆုံးပါကွာ။ ငါတော့ လုံးဝမပွေ ပါဘူး။ တင်တင် အထင်မှားစရာလည်း တစ်ခုမှမလုပ်ပါဘူး။ ငါစိုးရိမ်တာ က တင်တင်တစ်ခုခုဖြစ်နေသလားလို့ပါ။ တကယ်ကွာ အခု ၃-၄ လ အတွင်း သူ့အပြောင်းအလဲကြီး ပြောင်းလဲလာတယ်လို့ ငါထင်တယ်။ အခုဆို ငါသူများနဲ့သွားတာ လာတာ၊ ပေါင်းတာ သင်းတာ မကြိုက်ရုံ မဟုတ်ပါဘူး။ သူလည်း ဘယ်မှခေါ်မရဘူး။ သူလည်း ဘယ်သူနဲ့မှ သိပ်မပေါင်းတော့ဘူး။ ကလေးလည်းမရှိသေးလို့ လင်မယားနှစ်ယောက် ပျော်ပျော်ပါးပါး၊ သွားသွား လာလာ၊ စားစား သောက်သောက် နေနေကျဟာ အခုလိုဖြစ်တော့ ငါစိတ်ပျက် သွားတာပဲ။ တစ်ခါ တလေ လဲ သူပဲ အိမ်ထောင်ရေး စိတ်ပျက်သွားလို့လား။ ငါ့ကိုပဲ မုန်းသွား လို့ လားလို့ စိတ်ပူပြီး မင်းဆီလာတိုင်ပင် ရတာကွ။ ပြောစမ်းပါအုံး။ သိပ္ပံ နည်းကျ အိမ်ထောင်ရေး ကျမ်းဆရာကြီးရဲ့" ဟု သူက စကားကို အဆုံး သတ်၏။

◻ " ဟား. . . ဟား မင်းနောက်ဆုံး စကားလုံးတော့ ငါသိပ် သဘောကျ တယ်ကွာ။ အဲဒီအတွက် ငါ့ဆီက အကြံတောင်းရင်တော့ မင်းဘာမှ ရမှာ မဟုတ်ဘူး။ ငါက စာဖတ်သုတေသနပြုပြီး ရေးတာကွ" ဟု ကျွန်တော့်မှာ ပြန်ပြောရ၏။ ပြီးမှ. . .

□ “ မင်းပြောတဲ့ အတိုင်းသာဆိုရင်တော့ မင်းမိန်းမ ဘာမှ မဖြစ်သေးပါဘူးကွာ။ မင်းကိုမုန်းလို့လည်း ဟုတ်ဟန်မတူပါဘူး။ မင်းသူ မကြိုက်တာတစ်ခုခု လုပ်ထားလို့၊ မင်းကို မကျေနပ်လို့ ဆူဆောင့်နေတာ နေမှာပါ” ဟုဆက်ပြောရ၏။ သူက မျက်နှာကို ရှုံ့၊ ခေါင်းကိုကုပ်လျက်-

□ “ ငါလည်း သူမကြိုက်တာ ဘာမှ မလုပ်မိလို့ သူပြောင်းလဲ တာကို စဉ်းစားမရတာပေါ့ကွာ။ အဲဒါကြောင့် မင်းဆီလာတိုင်ပင်တာ။ မင်းအားရင်သာ လာအကဲခတ်ပေးစမ်းပါအုံး။ ငါ မင်းဆီလာတာလည်း တင်တင်မသိပါစေနဲ့နော်” ဟု သူကပျာပျာသလဲဆို၏။ ကျွန်တော်လည်း အာမဘန္တေ ခံလိုက်ရ၏။

□ သူ့ကို ကတိပေးလိုက်သည့် အတိုင်းလည်း သူတို့အိမ်သို့ တနင်္လာနေ့တွင် အလည်ရောက်၏။ ၂-ယောက်စလုံး ရွှင်ရွှင် ပြုံးပြုံးတွေ့ရ၏။ ဘာမျှမထူးခြား။ သူတို့နှင့် ထမင်းအတူစား၍ပင် ကျွန်တော့်မှာ တင်တင်ကို ဖိုးလှမြင့် သူ့ကို ပိုးစဉ်က အကြောင်းများကို စားမြုံ့ပြန် ပြောရ၏။ တင်တင်ကားသဘောကျလျက် ခွက်ထိုးခွက်လန် ရယ်လျက်ကျန်ရစ်ခဲ့၏။ သို့ဖြစ်၍ နောက်တစ်ရက်တွင် ဖိုးလှမြင့်ရုံးသို့ ဖုန်းဆက်လျက်. . .

□ “ ဟေ့ကောင် လှမြင့်၊ ငါတော့ ဘာမှ အက်ဗ်နော်မယ်လ် (မကောင်းပြောင်းလဲခြင်း) မတွေ့ရဘူး။ မင်း ဒီအတိုင်းပဲ သူ့စိတ်ကြိုက် လိုက်နေကွာ။ တစ်ခုခု ထူးခြားရင်သာ ငါ့ပြော။ မင်းလဲလူရည်လည်သိပ် မလုပ်နဲ့” ဟု သူ့ကိုပွေချင်စိတ်ရှိက မပွေစေရန် လှမ်းပြောရ၏။

□ ထို့နောက် ကျွန်တော်လည်း မရောက်ဖြစ်။ သုတေသန ကွန်ဂရက်၊ ဆရာဝန် ကွန်ဂရက်များကြောင့် အလုပ်ရှုပ်နေသဖြင့်

ဖြစ်၏။ သူလည်း အလိုက်သိစွာ ကျွန်တော့်ထံမလာ၊ မရောက်။ ပြီးကျွန်တော့်မှာ မန္တလေးသို့ တစ်ပတ်၊ နှစ်ပတ်မျှ စာမေးပွဲသွားစစ်နေရ၍ဖြစ်၏။ ကျွန်တော်လည်း သူ့ထံမှ ဘာမျှ မကြားရသဖြင့် သူတို့နှစ်ယောက်တော့ အိုကေဖြစ်သွားပြီဟု ထင်ကာ စိတ်ချမ်းသာသွားမိ၏။ ကြုံမှ သူတို့ထံ သွားလည်တော့မည်ဟုလည်း စိတ်ဆုံးဖြတ်မိသည်။ သို့သော် ကျွန်တော့် အထင်နှင့်အမြင် လွဲမှားသွား၏။ အကြောင်းမူ သူကျွန်တော့်အိမ်လာပြီး ၂ လလောက်ကြာသောအခါ ဆိုင်းမဆင့်ဗုံမပါ၊ မချိန်းမချက် ရေးကြီးသုတ်ပျာ ကျွန်တော့်ထံရောက်လာသောကြောင့် ပေတည်း။

□ “ သူငယ်ချင်း၊ ငါထင်တဲ့ အတိုင်းပဲ။ ငါ့မိန်းမတော့ ရူးနေပြီ” ဟု သူသည် ခရီးရောက်မဆိုက်ဆို၏။ ကျွန်တော့်မှာသူ၏ အထိတ်တလန့် ဖြစ်နေသောမျက်နှာ၊ ပျာယာခတ်နေသော အမူအရာကိုကြည့်၍ ရုတ်တရက်ဘာမျှ ပြန်မပြောနိုင်။ ပြီးမှ ကျွန်တော့်ရှေ့ရှိ ကုလားထိုင်ပေါ်တွင် သူ့ကို ထိုင်ခိုင်းရင်း. . .

□ “ ဆိုပါအုံး၊ ဘယ်လို ဖြစ်တာလဲ” ဟု မေးရ၏။ မေးမေးဆိုဆို အစည်းအဝေးတက်ရန် ပြင်ဆင်နေသမျှကို ရပ်၍လည်းသူ့လိုပင် ကျွန်တော်ကုလားထိုင်ပေါ်၌ ထိုင်လိုက်ရ၏။ သူသည် နဖူးမှ ချွေးစများကို လက်ကိုင်ပုဝါဖြင့် သုတ်ရင်း. . .

□ “ အို. . . မပြောချင်တော့ဘူး သူငယ်ချင်း။ တစ်အိမ်လုံးလည်း ပစ်ထားလိုက်တာ ရစရာမရှိဘူး။ ငါ့ပစ္စည်းတွေလည်း ဖုံးထားဝှက်ထားနဲ့ ငါအပြင်မသွားနိုင်အောင် လုပ်နေတာပဲ။ ရုံးတောင် အခုအချိန်မှီ မရောက်တာကြာပြီ” ဟု သူက ညည်းညည်းညူညူဆို၏။

□ " ဆိုပါအုံး၊ မောင်ရင့် ဘာပစ္စည်းတွေများ ဖွက်လို့ဖုံးလို့လဲ။ မောင်ရင့် ရည်းစားစာတွေကော မိကုန်လို့လား" ဟု ကျွန်တော်က သူ စိတ်သက်သာရာ ရစေရန် ခပ်သောသောကလေး မေးရ၏။ သူကား မသောနိုင်ရှာ။

□ " အို. . . စုံလို့ပဲကွာ။ ငါ့အင်္ကျီ လုံချည်ကောင်းကောင်းမှန်သမျှ ဖောင်တိန်၊ နာရီမှန်သမျှ အိမ်က ထွက်ခါနီးရင် ရှာရတာ အမော။ အိမ်ဖော်လေးလည်း ဘာမှမေးမရဆိုမရ။ တစ်အိမ်လုံး သူ့လက် သူ့ခြေ၊ သူ့ချည်း ကြောက်နေရတာပဲ။

□ " ဒါဖြင့် သူ့အဝတ်အစားတွေကော၊ သူ့ကိုယ် သူကော သိရဲ့ လား။ ဘာကြောင့်လဲဆိုတော့ မင်းတစ်ခြားမိန်းမနဲ့ မပွေ့နိုင်အောင် သူက မင်းရှိုးမထုတ်စေချင်လို့ မင်းဝတ်ကောင်း စားလှကိုဖွက်၊ သူ့ကိုယ် သူကျ လှနေကြော့နေအောင် ရှိုးထုတ်။ ဒါက လင်ကို စိတ်မချတဲ့။ ဂျဲလပ်စ် (သဝန်တိုတတ်နေတဲ့) ဖြစ်တဲ့ မိန်းမတွေ လုပ်နေကျကွ"ဟု ကျွန်တော် ကပြုံးရယ်ကာ မေးရ၏။ မမေး၍လည်းမဖြစ်။ ထိုသို့ သဝန်တိုလျှင် ပြုမူ တတ်သော အကျင့် အကြံများဖြစ်၍ မေးရခြင်းဖြစ်၏။ သို့သော် သူက ကျွန်တော့် မေးခွန်းကို ခေါင်းယမ်း၍. . .

□ " ဟာ. . . အဲဒီလိုလည်း မဟုတ်ဖူး သူငယ်ချင်းရ။ သူ့ဟာ သူလည်း ဖြစ်သလို နေတာပဲ။ ညစ်ပတ် ပေရေလို့။ အပျိုတုန်းကလို ကျစ်ကျစ်လစ်လစ် သပ်သပ်ရပ်ရပ် နေဖို့မပြောနဲ့၊ လွန်ခဲ့တဲ့ ၃-၄ လက ဝတ်သလောက်မှ ကြည့်ရှုမကောင်းဘူး။ ဆံပင်ကလဲ ဖို့ရို့ဖားယား။ တစ်ခါတလေမှ တစ်ပတ်လျှို သနပ်ခါးနူတ်ခမ်းနီတို့ဆိုတာဝေးရော"ဟု ဖြေ၏။ ပြီးမှ ချွေးသုတ်ပြီးသော သူ့လက်ကိုင်ပုဝါကို အင်္ကျီအိတ်ထဲသို့ ပြန်ထည့်ရင်း. . .

□ "ငါတော့ သူရူးနေလို့လား၊ ဒါမှမဟုတ် ငါ့ကိုစိတ်ပျက်အောင် တမင် လုပ်နေသလားလို့ ထင်တယ်ကွာ။ ငါစိုးရိမ်တာကတော့သူ့ကျန်းမာရေးပဲ။ သူ့အမေလည်း တံတားကလေး (စိတ္တဇဆေးရုံ) တစ်ခါရောက်ဖူးတယ်ကြားတယ်။ အဲဒါ မင်းပဲ လိုက်ကြည့်ပေး၊ လုပ်ပေးသင့်တာ လုပ်ပေးပါဦး" ဟု သူက စိတ်ပျက် လက်ပျက်သံဖြင့် ပြန်ပြောလေသည်။ ပြီးလျှင် သူ့ဟာသူ စီးကရက်မီးညှိ၍ သောက်နေ၏။ ကျွန်တော်ကား ကိုယ်တိုင် ဆေးလိပ်မသောက်တတ်သဖြင့် ဧည့်သည်ကို ဆေးလိပ်တည်ရန် အမြဲမေ့နေတတ်ပေသည်။

□ ကျွန်တော်သည် သူပြောသမျှ ကြားရသမျှ သေသေချာချာ စဉ်းစားရ၏။ ပြီးမှ အားမနာရသည့် သူငယ်ချင်းဖြစ်သဖြင့်. . .

□ " သူငယ်ချင်း. . . မင်းလဲ သူ မကြိုက်တာ ဘာမှမလုပ်ဘူး။ အရင်ကလဲ ဒီလိုမဖြစ်ဘူး။ သူ့အမေလဲ တံတားကလေး တစ်ခါရောက်ဖူးတယ်ဆိုရင် မင်းမိန်းမတော့ ပါရာနွိုက်အိုင်ဒီယာ (Paranoid-idea) တွေ ဝင်နေပြီ ထင်တယ်။ အဲဒါဆိုရင် ဆိုင်ကီးယားထရစ် (စိတ်ရောဂါကုဆရာဝန် Psychiartrist ) တစ်ယောက်ယောက်ကိုပြရလိမ့်မယ်" ဟု ကျွန်တော်ကပြောရ၏။

□ " ပါရာနွိုက်အိုင်ဒီယာဆိုတာ ဘာလဲ။ မင်းပဲ လုပ်သင့်တာ လုပ်ပေးကွာ" ဟု သူကမေးရင်း အားကိုးတကြီး ပြောသဖြင့် ကျွန်တော်လည်း. . .

□ " ပါရာနွိုက်အိုင်ဒီယာဆိုတာ သူများက ကိုယ့်ကို မကောင်းကြံနေတယ်။ အကျိုးယုတ်အောင် လုပ်လိမ့်မယ်လို့ အဲဒီလူက မကြံ မလုပ်လဲနဲ့ ထင်နေတာကွ။ များသောအားဖြင့် ရှိုင်ဇိုဖရီးနီးယား

(Schizophrenia) ရောဂါသည်တွေမှာ ဖြစ်တတ်တယ်။ ဘယ်လို ရောဂါလဲလို့ မေးမနေနဲ့။ ဒါက သိပ်အရေးမကြီးဘူး။ နောက်မှ ငါ ပြောပြမယ်။ ညနေကျ ငါ အုန်းကျော်မြင့် ခေါ်ပြီး မင်းအိမ်လာခဲ့မယ်။ အခုတော့ အေးအေးဆေးဆေးသာပြန်သွား" ဟု သူ့ကိုနှစ်သိမ့်လိုက်ရ၏။ ပြီးမှ ဒေါက်တာအုန်းကျော်မြင့်ထံ ဖုန်းဆက်ရင်း "မင်း မိန်းမနားမှာ ဓားတွေ၊ သေနတ်တွေ၊ လက်နက်တွေလည်း မထားနဲ့။ စိတ်မထင်လို့ မင်းကို သတ်နေဦးမယ်"ဟု ခပ်နောက်နောက် သတိပေးရင်း ဒေါက်တာ အုန်းကျော်မြင့်နှင့် စကားပြောရ၏။

◻ အုန်းကျော်မြင့်ကား ကျွန်တော်နှင့် ကျောင်းနေဘက် သူငယ်ချင်း စိတ်ရောဂါကုဆရာဝန်ဖြစ်၏။ သူ့ကို အကျိုးအကြောင်း ပြောပြီး သူက သူ့ကိုလာခေါ်ပါ၊ လိုက်ကြည့်ပေးပါ့မယ်ဟု ပြောမှ ဖုန်းချလိုက်ရ၏။ ဖိုးလှမြင့်လည်း ကျွန်တော့်ကို "အိုကေရဲ့လား. . . "ဟူသော သဘောနှင့် ကြည့်နေသဖြင့်. . .

◻ "စိတ်ချပါကွာ၊ သူလာပါ့မယ်တဲ့"ပြောကာ သူ့ကို အေးအေး ဆေးဆေးသာပြန်သွားရန် ပြောရ၏။ သူပြန်သွားမှ ကျွန်တော့်မှာ အစည်း အဝေးတက်ရန် လိုအပ်သည့် ပစ္စည်းများကို ပြန်လည်ပြင်ဆင်ယူငင် ရ၏။ စိတ်ထဲကမူ မထင်ဘဲနှင့် ရှိုင်ဇိုဖရီးနီးယား ရောဂါအကြောင်းသာ စဉ်းစား နေမိလေသည်။

◻ အမှန်တော့ ရှိုင်ဇိုဖရီးနီးယားရောဂါ အမေရိကန်ကဲ့သို့ အသံ ထွက်က စကစ်ဇိုဖရီးနီးယား ရောဂါသည် သာမန်ရောဂါ ရိုးရိုးတစ်ခု သာဖြစ်သည်။

◻ ဤရောဂါ၏ လက္ခဏာမှာ စိတ်ကူးစိတ်သန်း တဖြည်းဖြည်း တိုးပါး၍ စဉ်းစားဉာဏ်ယိုယွင်းလာခြင်း၊ အာရုံခံစားမှုပျောက်ကွယ်ခြင်း၊

အလုပ်၌ စိတ်ဝင်စားမှုပျောက်၍ မလုပ်လို မကိုင်လိုတော့ခြင်းနှင့် နောက်ဆုံးတွင် မိမိပတ်ဝန်းကျင် မိမိထိတွေ့ရသော ပကတိ ကမ္ဘာမှ ကင်းဝေးသွားခြင်းပင်ဖြစ်သည်။

☐ ဤရောဂါမှာ ကမ္ဘာပေါ်၌ ဖြစ်ပွားမှုအများဆုံး စိတ်ရောဂါ ပင်ဖြစ်သည်။ ကျားမ မရွေး၊ အသက်၊ အလုပ်အကိုင်မရွေး ဖြစ်တတ် သည်။ မျိုးရိုးလည်းလိုက်၏။ ရောဂါရှိသည့် မိဘမှ သားသမီး၊ မြေးမြစ် အားလုံး ဖြစ်နိုင်ပေသည်။

☐ ဖြစ်လျှင် များသောအားဖြင့် အသက် ၂၀-၃၀ နှင့် ၄၀-၅၀ ကြား၌ ဖြစ်တတ်၏။ ရောဂါလက္ခဏာများ တစ်ပြိုင်တည်း ပေါ်လာချင်လည်း ပေါ်လာတတ်သည်။ တဖြည်းဖြည်း မသိမသာ လက္ခဏာ တစ်ခုချင်းလည်း ပေါ်လာတတ်သည်။ ရောဂါ လက္ခဏာများ တဖြည်း ဖြည်း ပေါ်လာလျှင် အမြဲပူးကပ်နေသောသူသာ သိနိုင်၏။ အခြားလူများ သိခဲသည်။

☐ များသောအားဖြင့် အတွေး အထင်မှားရာမှ စတင်သည်။ မိမိ ပတ်ဝန်းကျင်ကို အမှားထင်၊ မိမိချစ်သူကို တလွဲထင်၊ မိမိကို အခြား သူများက မကောင်းကြံနေသည်ဟုထင်ပြီး ထိုအထင်နှင့် ပြောဆို နေထိုင်ရာမှစတတ်သည်။ အချို့မှာ ဘာသာရေးကိုင်းရှိုင်းလွန်းက မိမိ ကိုယ်ကို ထွက်ရပ်ပေါက်ပြီ၊ အကြားအမြင်ရပြီဟု ထင်တတ်၊ ပြောတတ် ကြေညာတတ်သည်။ ခပ်တည်တည် ထိုသို့ပြောခြင်း၊ ပြုခြင်း ဖြစ်၍ တော်တော်တန်တန်လူမှာ အဖြစ်မှန်ကိုသိခဲ၏။ များသောအားဖြင့် သူပြောသမျှ ယုံတတ်ကြသည်။ နောက်မှ အကြောင်းမရှိဘဲ စိတ်တို ခြင်း၊ စိတ်ဆိုးခြင်း၊ အခြားသူများနှင့် မပေါင်းဖော်တော့ခြင်းနှင့် အလုပ်အကိုင်များပျက်လာမှ ရောဂါဖြစ်သူကို မူမမှန်တော့ဟု သိတတ်

ကြသည်။ နောက်ပိုင်း၌ အစားအသောက် ဂရုမစိုက်၊ အဝတ်အစားဂရုမစိုက်ဘဲ ဖြစ်သလို နေတော့ရာ ထိုအခါကျမှ ပတ်ဝန်းကျင်က သူ့ကို စိတ်မမှန် တော့ဟု အသိများသည်။

☐ အချို့ ရောဂါရှိသူများကား ကြမ်းတတ်၊ ရမ်းတတ်၏။ မထင်လျှင် နီးရာလူကို ရိုက်ချင်၊ ပုတ်ချင်၊ သတ်ချင်သည်။ အချို့ကား မကြမ်း၊ ယဉ်ယဉ်နှင့် အခန်းသာအောင်းနေတတ်သည်။ ကြာလျှင်သာ အစားအသောက်ပျက်၊ အအိပ်ပျက်ရာမှ ပိန်ညှောင်လာ၊ ရောဂါရလာကာ နောက်ဆုံးတွင် မကုဘဲထားက အဖျားရောဂါ တစ်ခုခုရ၍ သေတတ်သည်။ ကိုယ့်ဟာကိုယ် သတ်သေခြင်းကားရှား၏။

☐ ဤရောဂါဘာ့ကြောင့် ဖြစ်ရသည်ဟု မည်သူကမျှ တိတိကျကျ မသိ သေးပေ။ အချို့က ဘိန်း၊ ကုတ်ကင်း၊ ဆေးခြောက် စသည်များ အရှုလွန်၍ ဦးနှောက် ပျက်ရသည်ဟု ဆိုကြ၏။ အချို့က စိတ်အာရုံ ပျက်ပြား၊ ပတ်ဝန်းကျင်နှင့် ကိုယ်ခန္ဓာနှင့် သဟဇာတ မဖြစ်၍ ရူးရသည်ဟု ဆိုကြသည်။

☐ ရောဂါဖြစ်ရသည့် အကြောင်းရင်းကို မသိရ၍ ဤရောဂါမှာ ယခုတိုင် ကုမရသေး။ ရောဂါ ထပ်မဆိုးအောင်၊ ကြမ်းလျှင် မကြမ်းအောင်သာ ပြုစုကုသ၍ ရသည်။ တစ်ခါတစ်ရံ၌ ဆေးစားဖို့မလိုဘဲ အလိုလို ကောင်းသွား သည်လည်း ရှိ၏။ နောက်အချိန်တော်ကြာမှ ပြန်ဖြစ်တတ်သည်။ တစ်ခါတစ်ရံလည်း ဦးနှောက်ကို လှုပ်ရှားစေတတ်သော လျှပ်စစ်ဓာတ်တို့ ကူးခြင်း (Ekecto Convulsive Therapy) သို့တည်းမဟုတ် အင်ဆူလင် ထိုးကုခြင်း (Insulin Therapy) တို့ကြောင့် ပြန်ကောင်းလာတတ်၏။ မည်သို့ကုကု ဆေးရုံမှာ ကုခြင်းမှာ အကောင်းဆုံး။

□ မည်သို့ဆိုစေ၊ အိမ်ထောင်တစ်ခု၌ ရောဂါရသူတစ်ဦးရှိက အားလုံးအတွက် ဒုက္ခပေ။ ရောဂါသည်ကိုလည်း ဂရုစိုက်ရသည်။ သူ့ကြောင့် အခြားသူများ ဒုက္ခမဖြစ်အောင်လည်း ဂရုစိုက်ရသည်။ ရောဂါကလည်း တစ်သက်မပျောက်နိုင်၍ အသက်ရှင်နေသရွေ့ ဒုက္ခ။ အိမ်ထောင်သည် ဖြစ်က ရောဂါမျိုးရိုးလိုက်မှာလည်း ပူပန်ရ၏။ သေတပန် သက်တဆုံး ပေါင်းမည်ဟု စိတ်ရှိသော အိမ်ထောင်ရှင်များသာ သည်းခံနိုင်ပေမည်။ သို့မဟုတ်က အိမ်ထောင်မှာကွဲတော့မည် ဧကန်။

□ " ဟုတ်တယ်ကိုညို၊ စကစ်ပဲ. . . " ဟု စိတ်ရောဂါကု ပါရဂူ ဒေါက်တာအုန်းကျော်မြင့်က ကျွန်တော့်ကို ပြောလေသည်။

"အဲဒါဆိုဘာ လုပ်ရမလဲ"

□ ကျွန်တော်လည်း စိတ်မကောင်းစွာနှင့်ပင် ပြန်မေးရ၏။ ဘာလုပ်မည်ကို မသိ၍ မဟုတ်။ စိတ်ထဲတွင် တင်းကျပ်နေ၍ သက်သာသွားအောင် ပြန်မေးလိုက်ရခြင်းဖြစ်သည်။ အစကတည်းကပင် တင်တင်၌ ဤရောဂါရနေပြီဟု ကျွန်တော်ထင်ခဲ့ပြီး ဖြစ်သည်။ ပို၍ သေချာ စေရန်သာ ဒေါက်တာ အုန်းကျော်မြင့်ကို ခေါ်လာရခြင်း ဖြစ်၏။ တင်တင်ကိုလည်း သူ့ကိုပြရန် ဆရာဝန်ခေါ်လာသည်ဟုမထင်စေလို၍ အလည်အပတ်သဘောမျိုး ခေါ်လာရခြင်းဖြစ်၏။ သူတို့အိမ်၌ ထမင်းစား၊ စကားပြော၊ ၂ နာရီလောက်ကြာမှ ကျွန်တော်နှင့် ဒေါက်တာ အုန်းကျော်မြင့်သည် သူတို့အိမ်ကပြန်ခဲ့ကြသည်။ မှန်၏။ စိတ်ရောဂါရှိမရှိသိရန် အကြာကြီးပြောရ၊ မေးရ၊ လေ့လာရသည်။ တစ်ခါတစ်ရံ တစ်ခါတည်းနှင့် မရ။ အခါခါကြည့်ရ၊ မေးရ၊ စမ်းရ၏။ ဖိုးလှမြင့်လည်း ကျွန်တော်တို့နှင့် လိုက်လာ၏။ သူကား ကားစီးရုံသက်သက်။ ကားကို ကျွန်တော်ပင် မောင်းရသည်။

□ " ဘာလုပ်ရမလဲဆိုတာ ကိုညိုလဲသိသားပဲ။ လုပ်သင့်တာတွေ ဆက်လုပ်ခိုင်းဗျာ။ အကူအညီ တစ်ခုခုထပ်လိုရင်၊ ဆေးရုံတင်ချင်ရင်သာ ကျွန်တော့်ကိုပြော"

တော်တော်ကြာမှ အုန်းကျော်မြင့်က ပြန်ပြော၏။ ကျွန်တော်လည်း. . .

□ " အင်း. . . ကောင်းပြီလေ၊ ကြည့်လုပ် လိုက်ဦးမယ်။ ဆေးရုံတော့တင်လို့ရမယ် မထင်ဘူး။ စကစ် (ရှိုင်ဇိုဖရီးနီးယားရသူ) ဖြစ်တဲ့ လူဟာ ဘယ်တော့မှ သူ့ကိုယ်သူ မူမမှန်ဘူးလို့ထင်တာ မဟုတ်ဘူး။ အဲဒါ ပြောရ ကုရတာ အခက်ဆုံးပဲ" ဟု ပြန်ပြောရ လေသည်။ အုန်းကျော်မြင့်ကား ဘာမျှ ပြန်မပြောတော့။ စီးကရက်ကို တွင်တွင်သာ ဖွာနေ၏။ ဖိုးလှမြင့်လည်း ထို့အတူ။

□ " ကဲ ဝွတ်နိုက် သူငယ်ချင်း၊ လိုရင်သာပြော"

□ ပြောပြောဆိုဆို အုန်းကျော်မြင့်သည် သူ့အိမ်ထဲသို့ဝင်သွား၏။ ကျွန်တော် ကားကို ပြန်မောင်းရသည်။

□ " သူငယ်ချင်း၊ ဒေါက်တာအုန်းကျော်မြင့်က ဘာပြောသလဲ။ ငါဘာလုပ်ရမလဲ" ဟု အုန်းကျော်မြင့် ဆင်းသွားမှ ဖိုးလှမြင့်က ပြန်မေးလေသည်။ သူ့မျက်နှာမှာ သုန်မှုန်နေ၏။ အသံကလည်း ကြေကွဲစိတ်ညစ်သံ။

□ "မင်းကြားတဲ့ အတိုင်းပဲ။ တင်တင့်မှာ ရှိုင်ဇိုဖရီးနီးယားရနေတယ်။ ရောဂါက သိပ်တော့ မရင့်သေးဘူး။ ဒီတော့ ငါတို့ စားဆေးနဲ့ ကုကြည့်မယ်။ မရရင် ဆေးရုံတင်မယ်။ ဒါပဲ" ဟု ကျွန်တော်က ပြန်ပြောရသည်။ သူက. . .

◘ “ ဘယ်လို ရောဂါလဲ၊ ပျောက်ပါအုံးမလား” ဟု မေး၏။ ကျွန်တော်လည်း ရောဂါအကြောင်းကို အစ အဆုံး ပြောပြရသည်။ ကျွန်တော့်စကားဆုံးလျှင် . . .

◘ “ သူငယ်ချင်းကိုပဲ ကိုယ် အားကိုးပါရစေကွာ” ဟု သာ ပြန်ပြောနိုင်တော့၏။

◘ “စိတ်ချပါကွာ၊ မပူပါနဲ့။ တင်တင်ဖြစ်တာ ငါ့နှမဖြစ်သလိုပါပဲ။ ငါမရှိတဲ့အခါ၊ ခရီးသွားတဲ့အခါလိုရင် အုန်းကျော်မြင့်ကိုသာခေါ်၊ အားနာစရာမလိုဘူး” ဟု ပြန်ပြောရ၏။ သူ့အိမ်ရောက်သော် သူ့ကိုချပြီးပြန်လာရ၏။ စိတ်မကောင်း။

◘ တင်တင့်ကို ဒေါက်တာ အုန်းကျော်မြင့်နှင့် လွှဲအပ်ပေးပြီးနောက် ကျွန်တော့်မှာ ဖိုးလှမြင့်တို့နှင့် သိပ်မတွေ့မိ။ စာသင်ရသည့်ကိစ္စ၊ အစည်းအဝေးထိုင်ရသည့်ကိစ္စ၊ စာမေးပွဲကိစ္စများဖြင့် ရှုပ်ပွေနေသဖြင့် သိပ်မတွေ့နိုင်ခြင်းဖြစ်၏။ တစ်ခါတစ်ရံသာ ဖိုးလှမြင့်ထံ အခြေအနေကို ဖုန်းဆက်မေးရသည်။ ကျောင်းအစည်းအဝေးများ၌ အုန်းကျော်မြင့်နှင့် တွေ့လျှင်လည်း မေးရ၏။ “အခြေအနေ သိပ်မဆိုးပါ၊ ကောင်းလာပါသည်” ဟု နှစ်ယောက်စလုံးက ပြောသဖြင့်ကား ကျေနပ်ရလေသည်။ သို့ဖြင့် ၂လ ၃လခန့် ကြာသွားသည်။

◘ လွန်ခဲ့သော အပတ်ကမူ ဖိုးလှမြင့် ကျွန်တော့်ထံရောက်လာလေသည်။ ဤအခါ သူ့မှာ သပ်သပ်ရပ်ရပ်၊ သစ်သစ်လွင်လွင် ဝတ်ထားရ၏။ လူလည်းရွှင်လို့။ ကျွန်တော့်ကို တွေ့တွေ့ချင်းလည်း . . .

◘ “သူငယ်ချင်း၊ ကနေ့ ညနေ ငါ့အိမ်လိုက်၊ ဘီယာသောက်၊ ထမင်းစားကွာ”ဟု အူမြူး လှိုက်လှဲစွာ ပြောလေသဖြင့် ကျွန်တော့်မှာ အံ့ဩရ၏။

◻ “ ဟ-ဘယ်လိုလဲ။ မင်းမိန်းမ စိတ်အနှောင့်အယှက် ဖြစ်နေမှာပေါ့” ဟုသာ ကျွန်တော်မှာ ပြန်ပြောနိုင်သည်။ သူကားရယ်လျက်. . .

◻ “ ဟ- ငါ့အိမ် ဖိတ်ကတည်းကငါ့မိန်းမသဘောတူလို့ဆိုတာမင်းသိရမှာပေါ့ကွာ။ ဒီတစ်ခါ မင်းတော်တော်ညံ့တာပဲ။ ငါ့မိန်းမ တော်တော်ကောင်းသွားပြီကွာ။ အခုဆို ဆေးမစားရဘဲကောင်းနေတာ တစ်ပတ်တောင်ကျော်ပြီ”ဟု သူက သူ့ဝသီအတိုင်း ရယ်ရင်း ပြောရင်း အော်ရင်း ကျွန်တော့်ပခုံးကို ပုတ်ပြောလေသည်။

ကျွန်တော်မှာ အံ့သြဝမ်းသာလှသဖြင့်. . .

◻ “ တကယ်” ဟု သာ ပြန်မေးနိုင်၏။ အခြားဘာမျှ မမေးနိုင်။ မပြောနိုင်။ သူကား ဝမ်းသာအားရ ကျွန်တော့်ရှေ့ရှိ ကုလားထိုင်တွင်ဝင်ထိုင်ရင်း. . .

◻ “ တကယ်ပါကွာ၊ ငါ့မိန်းမ နေမကောင်း နေရာက နေကောင်းလာပြီပြောတာ နောက်ပြောတာ ဖြစ်ပါ့မလား။ လွန်ခဲ့တဲ့ နှစ်ပတ်လောက်ကစပြီး သူဟာသူလည်း ကောင်းကောင်း ဝတ်လာ၊ နေလာတယ်။ စကားပြောလည်း မှန်လာတယ်။ ငါနဲ့လည်း ရန်မဖြစ်တော့ဘူး၊ အိမ်လည်း ပြန်ထိန်းတတ် သိမ်းတတ်ပြီ။ ရှင်းလို့။ အခု ငါဝတ်လာတဲ့ အဝတ်တွေသာ ကြည့်တော့။ ဟဲဟဲ . . . ဒီတစ်ခါတော့ မိန်းမကကို လှအောင်ဆင်ပေးလိုက်တာ မနိုပ်လား” ဟု သူကပြန်ပြော၏။ ကျွန်တော်လည်း သူ့အပြောကို သဘောကျ၊ သူပျော်နေသည်ကို သဘောကျသဖြင့်. . .

◻ “ အေးအေး၊ တင်တင် ပျောက်လို့ မင်းရှူးနေဦးမယ်။ သိပ်ဝမ်းသာမနေနဲ့” ဟု နောက်လိုက်ရ၏။

◻ “ မင်းကတော့ လုပ်ပြီ။ ငါရူးလဲ မင်းနဲ့ ဒေါက်တာအုန်းကျော်မြင့်တို့ ရှိသားပဲကွာ။ မပူပါဘူး” ဟု ပြန်ပြောလေသည်။ ကျွန်တော်လည်း သူပြောသည်မှာ မှန်သဖြင့်. . .

◻ “ အေးအေး၊ ဟုတ်သားပဲ။ ဒီလိုဆိုရင် တော်ပါပြီကွာ။ နောက်ထပ်ငါတို့ အပူတစ်ခု ထပ်မယူပါရစေနဲ့” ဟုရယ်ရင်းပြန်ပြောလိုက်ရ၏။ စိတ်ထဲတွင်ကား ရောဂါရပြီးမှ တင်တင်တစ်ယောက် ရောဂါပျောက်သွားသည်ဆိုသဖြင့် ကျွန်တော့်မှာ ဖိုးလှမြင့်တို့ လင်မယားအတွက် ကြည်နူးဝမ်းမြောက်နေမိလေ၏။ ■

❀ ❀ ❀

၄

# သူ့အဖြစ်မျိုးဟာ ဆန်းကြယ်

□ ဆေးပညာလောက၌ စိတ်ပါဝင်စားစရာ အကောင်းဆုံးသော လူနာမှာ တစ်ခါတစ်ရံ အရှားပါးဆုံး၊ အဆိုးရွားဆုံး ရောဂါများကို ခံစားနေရသူများမဟုတ်။ ပညာရှိ သတိဖြစ်ခဲလျက် ဆရာဝန်များ ရှုန်းကာ ရောဂါပျောက်အောင်၊ သို့တည်းမဟုတ် ရောဂါပျောက်သင့်သည် အချိန်အတွင်း၌ ပျောက်အောင် ကုသမပေးနိုင်သော အသေးအဖွဲ ရောဂါကလေးများ ရနေသူတို့ဖြစ်သည်။

□ မှန်ပါ၏။ နှစ်ရှည်လများ နာတာရှည် ခံစားကြရ၊ ကုရသော ရောဂါများမှာ ခံရသူလည်း မသက်သာ၊ ကုသပေးရသူလည်း မသက်သာဘဲ ကြားထဲ၌ ရောဂါအတွက် တွေ့ရကြုံရ၊ ဆွေးနွေးရသော ကိစ္စများကြောင့် အတွေ့အကြုံပညာ ပိုရကြတတ်သည်။ လူနာမှာ ရောဂါပျောက်သည်၊ မပျောက်သည် အပထား၊ ဆရာဝန် ဆေးပညာရှင်များ အဖို့ကားနောင်တွင် အလားတူ ရောဂါသည်များကို အောင်မြင်စွာ ကုသနိုင်၍၊ ဆက်ပညာရှာ၍၊ လေ့လာ၍ဖြစ်သည့်အတွက် ပိုမို စိတ်ဝင်စားဖွယ်ဖြစ်လာသည်မှာကား အမှန်ပင်။ သို့ဖြစ်၍လည်း ဆရာဝန်များသည် လူနာတစ်ယောက် ရောဂါလာပြလျှင် အရေးကြီးသော၊ ဆိုးရွားသော ရောဂါဖြစ်မဖြစ်၊ ထိုရောဂါများဖြစ်ရန် အလားအလာရှိမရှိကိုသာ ပို၍

အလေးထား စမ်းသပ်ပေးတတ်ကြ၊ ကုသပေးတတ်ကြသည်။ ဆရာဝန်ဖြစ်စ လူနာကို စမ်းသပ်ထိတွေ့ရသော တတိယနှစ် ဆရာဝန်သင်တန်းတက်စ နှစ်စများ၌ကား ပို၍ဆိုး၏။ ဖင်နာ၊ ခေါင်းကိုက်သည်က အစ ကင်ဆာရောဂါ၊ သွေးတိုးရောဂါ၊ ဦးနှောက်အနာ စသည့်ဖြင့် ကြီးကြီးကျယ်ကျယ် ရောဂါများကို ပိုမိုတွေးထင် ကုပေးတတ်ကြသည်။

☐ သို့ရာတွင် လူတို့၌ အဖြစ်များသော ရောဂါများသည် အဆိုးရွားဆုံး၊ ကြောက်စရာ အကောင်းဆုံး ရောဂါများ မဟုတ်ကြ။ နှာစေးချောင်းဆိုး၊ ပွန်းပဲ့မှုများ ကဲ့သို့သာ ရောဂါအသေးအဖွဲများသာ ဖြစ်သည်။ တစ်သက်၌ တစ်ခါ နှာမစေးဖူးသော၊ ခေါင်းမကိုက်ဖူးသော သူမည်သူရှိပါလိမ့်မည်နည်း။ ထို နှာစေဖူးသော၊ ခေါင်းကိုက်ဖူးသော လူတိုင်းပင် ကြောက်စရာ အကောင်းဆုံးသော ရောဂါများ ရကြပါသလော။ အသက်တို ကြပါသလော။ ထိုသို့ကား မဟုတ်ပေ။

☐ သို့ဖြစ်၍တစ်ခါတစ်ရံ၌ ဆရာဝန်များသည် ရောဂါဆန်း၊ ရောဂါဆိုးများ ရှာဖွေမှုလွန်ကဲပြီး၊ ထိုရောဂါမျိုးကို စိတ်ကစွဲပြီး ကြီးကြီးကျယ်ကျယ် ရောဂါရှာဖွေစမ်းသပ်မှု၊ ကုသမှုများကို လုပ်သည့်အခါ လုပ်တတ်ကြသည်သာ၊ ကြာ၍၊ ကု၍ မရသည့် အခါကျမှသာ ဆေးကုရမည်ကို စိတ်ပျက်သွားတတ်ကြသည်။ ဘာမဟုတ်သည့် မိမိရောဂါကိုလည်း ဆေးကု၍ မရသည့် ရောဂါအဖြစ်ထားကာ ဘဝကို စိတ်ပျက်သွားတတ်ကြတော့သည်။

☐ အပြစ်ကား မတင်သာ။ အကြောင်းမူ ဆရာဝန်ဆိုသည့်လူများကလည်း လူနာမှန်သမျှကို ရောဂါပျောက်စေချင်သည့် စိတ်ကများနေသည်။ လူနာဆိုသည့် လူနာများကလည်း ရောဂါပျောက်မည်ဆိုက ဘာမဆိုလုပ်ရန် အဆင်သင့်ရှိကြသည်။ ထိုအခါ ရောဂါဝေဒနာများမှာ

မကြာသင့်ဘဲကြာ၊ ပျောက်သင့်လျက်မပျောက်ဘဲ ဖြစ်နေတတ်ကြတော့၏။ ဥပါဒါန်ကြောင့် ဥပါဒ်ရောက်ကာ စိတ်ရောကိုယ်ပါ ပင်ပန်းကြရရှာလေတော့သည်။ ထိုဥပါဒါန်မျိုး မဖြစ်အောင် ဆောင်ရွက်နိုင်လျှင်ကား ကောင်းလေစွ။

☐ သို့သော် လူရှိနေသမျှ၊ ရောဂါရှိနေသမျှ၊ ဆရာဝန်နှင့် ဆေးပညာရှင်များ ရှိနေသမျှ ရောဂါကြောင့် ဖြစ်သော ဥပါဒါန်များကား ဖြစ်နေကြဦးမည်။ ထိုဖြစ်နေမှုများကို ပျောက်အောင် ကုသပေးနိုင်လျှင်ပင် ဆရာဝန်များကို ကျေးဇူးတင်ရပေမည်။

☐ ကျွန်တော့်အဖို့မှု ဥပါဒါန်ကြောင့် ဥပါဒ်ရောက်သော လူနာများကို တွေ့ဖူးပါသည်။ အချို့သော လူနာများကို ဥပါဒါန်မှ ပျောက်အောင်လည်း ကုသပေးခဲ့ဖူးပါသည်။ သို့ရာတွင် သူ့ဥပါဒါန်မျိုးကား ယခုအထိ တစ်ခါသာ တွေ့ခဲ့ဖူးသေး၏။

☐ သူ့ဥပါဒါန်ကား ပြန်၍ ပြောရလျှင် ကြေလည်း ကြေကွဲဖွယ်၊ ရယ်လည်း ရယ်စရာ။

☐ သူ၏အမည်ကား ဒေါ်နန်းလှ၊ 'ဒေါ်' တပ်၍ ခေါ်ရသော်လည်း တကယ်တော့ ကြီးလှသေးသည်မဟုတ်။ ထိုစဉ်က သူ့အသက်မှာ ၃၀ ခန့်သာရှိဦးမည်။ ကျောင်းဆရာမတစ်ဦးဖြစ်၍သာ ဒေါ်တပ်ခေါ်ရခြင်းဖြစ်၏။

☐ သူ့ရောဂါစချိန်တွင် သူ့မှာ အသက်သုံးဆယ်ပင် မရှိသေး။ နှစ်ဆယ့်ခွန်၊ နှစ်ဆယ့်ရှစ်လောက်သာ ရှိဦးမည်။ မှန်၏။ ရောဂါဖြစ်ပြီး နှစ်နှစ်၊ သုံးနှစ်ကြာမှ သူနှင့် ကျွန်တော်တွေ့ရခြင်းဖြစ်ရာ သူ့ရောဂါစချိန်၌ သူ့အသက်မှာ ထိုအရွယ်လောက်ပင် ရှိပေမည်။

□ ရောဂါကလည်း တကယ်တော့ ကြီးကြီးကျယ်ကျယ် မဟုတ်။ ချောင်းဆိုးရာမှ စတင်ခြင်းဖြစ်၏။ သူ့အပြောအရမူ ပထမသူ့မှာ နှာစေး ချောင်းဆိုး ဖြစ်သည်။ နောက် ဒူးဆစ်တွေ၊ တင်ပါးဆစ်တွေ နာပြီး ဖျားသည် ဆို၏။ ထိုစဉ်က လားရှိုးတစ်မြို့လုံး တုပ်ကွေးဖြစ်နေရာ သူလည်း တုပ်ကွေးဖြစ်သည်ဟု ယူဆသည်ဆို၏။ ဆေးကုပေးသော ဆရာဝန်ကလည်း ထိုသို့ပင် ပြောသည်ဟုဆိုလေသည်။ တုပ်ကွေးမှာ တစ်ပတ်ခန့်နှင့်ကောင်းသွား၏။ သို့သော် သူ့မှာ ချောင်းဆိုးအနည်းငယ် ဆိုးကျန်ရစ်သည်ဆို၏။ ကျောင်းဆရာမဖြစ်သဖြင့် ချောင်းမှာ ခဏခဏ ဆိုးတတ်ရကား သူလည်း မမှုမထားဘဲ အဖျားပျောက်သည်နှင့် ကျောင်းဆက်တက်ခဲ့သည် ဆို၏။ အခြားဘာမျှလည်း မဖြစ်သဖြင့်၊ အစားအသောက်မပျက်သဖြင့်လည်း သူသည် စာသင်သည့်အလုပ်ကို ဆက်လုပ်ခဲ့သည်ဟု သိရလေသည်။

□ အစားအသောက်မပျက်၊ မဖျားမနာ၊ ဖင်နာခေါင်းကိုက်ခြင်း မဖြစ်သည်မှာ မှန်သော်လည်း ချောင်းဆိုးမှာမူ မပျောက်ဟု သိရလေသည်။ ၂လ ၃လ ကြာသည့်တိုင် မပျောက်သည့်အခါ၌ ချောင်းဆိုးသွေးပါ ရောဂါများ ဖြစ်လေပြီလားဟု စိုးရိမ်ပြီး ဆရာဝန်ကို ပြန်ပြရလေသည်။ ဆရာဝန်က စမ်းသပ်ပြီးသောအခါမူ လည်ချောင်းအနည်းငယ် နာရုံမှအပ အဆုတ်၌ ဘာရောဂါမှ မရှိဟုဆိုကာ စားဆေး၊ လိမ်းဆေး အနည်းငယ်ပေးလိုက်သည်။ သေချာစေရန် ဓာတ်မှန်လည်း ရိုက်ပေးလိုက်သည်။ ဓာတ်မှန်၌ ဘာမျှမရှိဟု သိရလေသည်။

□ ဒေါ်နန်းလှသည် ဆရာဝန်ပြောသည့်အတိုင်း ဆေးစား၏။ ဆေးလိမ်း၏။ သူ့အနေနှင့် အနေရအနည်းငယ်သက်သာသည်မှ တစ်ပါး ချောင်းဆိုးကား မပျောက်ဟု သိရလေသည်။ သို့ဖြင့် ၂ပတ်၊ ၃ ပတ်မျှ

ကြာသောအခါ ဆရာဝန်ကို ပြန်ပြကြည့်ပြန်၏။ ဆရာဝန်ကလည်း. . .

□ "ဆရာမမှာ ဘာရောဂါမှ မရှိပါဘူး။ စာသင်ရလို့ ပင်ပန်းလို့ လည်ချောင်းထဲ မြေဖြူဝင်လို့ ချောင်းဆိုးတာ နေမှာပါ"ဟု ဆိုလိုက်သည် ဆိုလေသည်။ သူလည်း တကယ်ပင် ယုံကြည်သွား၏။ မယုံ၍ မဖြစ်။ သူ့မှာ မနက် ၉-နာရီက ညနေ ၄ နာရီအထိ တစ်နေ့လုံး ကျောင်းသားများကို အော်ငေါက်၊ စာသင်နေရသည် မဟုတ်ပါလော။ ယခုခေတ် ကျောင်းသားတွေကလည်း တော်တော်နှင့် အော်ငေါက်၍မရ၊ မျောက်ရှုံးအောင် ဆော့တတ်ကြသူချည်း မဟုတ်ပါလော။

□ သို့ဖြင့် သူလည်း သူ့ကိစ္စကို သူ့ကျောင်းအုပ်ဆရာကြီးအား အကျိုးအကြောင်းပြော၍ ခွင့်စာတင်ရလေသည်။ သူ့မှာ အလုပ်ကို မခိုမကပ်လုပ်ကိုင်သူ ဆရာမတစ်ဦးဖြစ်၍လည်းကောင်း၊ အလုပ်ဝင်သည်မှာ ၃-၄ နှစ်ရှိလျက် ခွင့်တစ်ခါမျှမယူဘူး၍လည်းကောင်း၊ ဆရာကြီးက ရှောရှောရှူရှူပင် ခွင့်ပေးလိုက်လေသည်။ တစ်ပတ်ပင်မက တစ်လပင် ပေးလိုက်၏။ မှာလည်း မှာလိုက်သေးသည်။

□ "မန္တလေး တီဘီဆေးရုံကို သွားပြပါ။ အဲဒီမှာ ငါ့ညီဆရာဝန် တင်ထွန်းအောင်ရှိတယ်။ ငါစာရေးပေးလိုက်မယ်" ဟူ၍. . .

□ ဒေါ်နန်းလှလည်း ဝမ်းသာအားရပင် ခွင့်တစ်လယူ၍ မန္တလေးသို့သွားလေသည်။ ဒေါက်တာတင်ထွန်းအောင်နှင့်လည်း တွေ့ပါ၏။ ဒေါက်တာတင်ထွန်းအောင်ကလည်း သူ့အစ်ကိုကြီး၏တပည့် ဆရာမဖြစ်၍ အစွမ်းကုန် ကူညီစစ်ဆေးပေးရှာပါ၏။ အဆုတ်ကို ဓာတ်မှန်ရိုက်၊ သလိပ်ကို တီဘီပိုးစစ်၊ သွေးကို အမျိုးမျိုးဖောက်စမ်း။ သို့သော် ရောဂါအရိပ်အခြေ တစ်ခုတစ်လေမျှ မတွေ့ရဟု သိရလေသည်။

□ "ဆရာမ ဘာမှမပူပါနဲ့။ တီဘီလုံးဝမရှိပါဘူး။ ဒါပေမယ့် တခြားရောဂါ ဘာများရှိမလဲဆိုတာ လိုက်စမ်းခိုင်းပေးမယ်။ တီဘီအတွက်တော့ လုံးဝစိတ်ချပါ" ဟု ပြောလည်းပြောသည်။ အခြားသမားတော်များထံ လိုက်လည်း အပ်ပေးလေသည်။ သို့ဖြင့် ဒေါ်နန်းလှသည် မန္တလေးရှိ ဆရာဝန်များကို တော်တော်စုံစုံ ပြခဲ့ရလေသည်။

□ ပထမ သူ့ကို နှလုံးအထူးကု သမားတော်ကြီးထံ ခေါ်သွား၏။ တစ်ခါတစ်ရံချောင်းဆိုးခြင်းမှာ နှလုံးရောဂါကြောင့်လည်း ဖြစ်နိုင်သောကြောင့်တည်း။ ဆရာဝန်ခေါ်လာသော လူနာဖြစ်၍ သမားတော်ကြီးကလည်း နှလုံးကို ဓာတ်မှန် အမျိုးမျိုးရိုက်၊ သွေးကို အမျိုးမျိုးစစ်၊ သွေးအားကို အမျိုးမျိုးချိန်၊ နှလုံးခုန်ခြင်းကို အီး၊ စီ၊ ဂျီ (E.C.G. နှလုံးလျှပ်စီးတိုင်းခြင်း) စက်ဖြင့် စမ်းသပ်ပေးရှာ၏။ သို့သော် ဘာမျှမတွေ့ရှာ။ အဆုတ်၌လည်း ထိုနည်းလည်းကောင်း။ နှလုံး၌ ရောဂါမတွေ့၊ အဆုတ်၌ မတွေ့လည်း တစ်ခါတစ်ရံ ချောင်းဆိုးခြင်းမှာ ရင်ခေါင်းနှင့် ဝမ်းဗိုက်ကို တားသော ရင်ဝမ်းတားကြွက်သားပြား (Diaphragm) ကြောင့်လည်း ဖြစ်တတ်၏။ ထိုကြွက်သားပြား အလုပ်လုပ်ပုံကိုလည်း စမ်းသပ်ပေးကြ၏။ မရရှာ။

□ သို့ဖြင့် လည်ချောင်းအထူးကုပါရဂူများထံလည်း ရောက်သေး၏။ လည်ပြွန်လည်ချောင်းကို အမျိုးမျိုးစမ်းသပ်စစ်ဆေးသော်လည်း ဘာရောဂါမျှ မတွေ့ရ။ ကြာတော့ ဆရာဝန်များက သူ့အား "စိတ်ကြောင့်ဖြစ်တာနေမှာပါ"ဟု အချင်းချင်းပြောဆိုလာကြလေသည်။ သူကိုယ်တိုင်ကလည်း သူ့ဟာသူ တော်တော်စိတ်ပျက်စ ပြုလာ၏။ စိတ်ကလည်းညစ်၊ ချောင်းဆိုးကလည်း မသက်သာ၊ ညညလည်း အိပ်မရကား သူ့မှာ အနည်းငယ်ပင် ပိန်ချင်လာလေသည်။ နောက်ပြီး ဒေါက်တာ တင်ထွန်း

အောင်ကိုပါ သူ့မှာ အားနာလာ၏။ သို့ဖြင့် သူလည်း ချောင်းဆိုးပျောက်ဆေး၊ အိပ်ဆေးများ လိုသလောက်ဝယ်ကာ မန္တလေးမှ ပြန်လာခဲ့၏။ ထိုဆေးများစား၍ကား သူ့မှာ အနည်းငယ် သက်သာရှာ၏။ သို့သော် ချောင်းဆိုးမှာ လုံးဝမပျောက်။ ဒေါက်တာတင်ထွန်းအောင်ကမူ. . .

□ "ဘာမှစိတ်မပူပါနဲ့။ လိုတဲ့ဆေးရှိရင်မှာပါ။ မသက်သာရင်ပြန်လာပါ။ တခြားဆရာဝန်တွေ လိုက်ပြပေးပါ့မယ်"ဟု စာရေးတိုင်း အမြဲမှာလေသည်။ ရှင်းရှင်းဆိုရလျှင် သူ့မှာ မန္တလေးရောက်ခဲ့ခြင်းကြောင့် ရောဂါမပျောက်ခဲ့သော်လည်း ခင်မင်တွယ်တာစရာကား တိုးလာခဲ့လေသည်။ ဤသည်ကို သူ၏ ကျောင်းအုပ်ကြီးကလည်း သဘောကျ၏။ မကျဘဲနေပါမည်လော။ ဒေါ်နန်းလှ၌ ချောင်းဆိုးသည်မှအပ ဘာအပြစ်မျှမရှိ။ အလိမ္မာ၊ ရုပ်ချော၊ ဥစ္စာပေါ၊ အိမ်ပါလျှင် အမေနှင့်တည့်မည့် ချွေးမလောင်း အမျိုးအစားပေကိုး။

□ သို့သော် ဒေါ်နန်းလှကံဆိုးရှာ၏။ လွန်ခဲ့သော ၆ လကပင် ဒေါက်တာတင်ထွန်းအောင်မှာ လာရှိုးသို့ သူ့ကိုတွေ့ရန် ဘီ၊စီ၊ဂျီ (တီဘီကာကွယ်ဆေး) ထိုးရင်း လာရာတွင် ဂုတ်ထိပ်၌ ကားမှောက်၍ဆုံးသွားရှာသည်။ သို့ဖြင့် ဒေါက်တာ တင်ထွန်းအောင်နှင့် ဒေါ်နန်းလှတို့၏ ဇာတ်လမ်းမှာ အစကောင်းလျက်နှင့် အနှောင်းပျက်သွားရှာပေသည်။ ဆရာကြီးလည်း သူ့ညီလူပျိုသိုးကို သူ့တပည့်မ အလိမ္မာနှင့် မပေးစားလိုက်ရှာဘဲ မျက်ရည်သာသုတ်ရတော့သည်။ ဒေါ်နန်းလှအဖို့ကား ဆိုစရာမရှိ။ ချောင်းလည်း ပိုဆိုး၊ လူလည်း ပိုပိန်ကာ မည်သူနှင့်မျှ စကားမပြောချင်အောင်ဖြစ်ပြီး အလုပ်မှ တစ်ခါတည်းထွက်လိုက်တော့သည်။ သူစိတ်ပြေအောင် သူ့မိဘများကလည်း အမျိုးမျိုးကုသပြုလုပ်ပေးကြပါ၏။ စိတ်ရောဂါကုဆရာဝန်အပါအဝင် ဆရာဝန်မျိုးစုံနှင့်လည်း ပြပေးကြ

ရ၏။ သို့သော် လူသာကောင်းလာသည်။ ချောင်းဆိုးကားကောင်းမလာ။

◻ "အဲဒါဘာရောဂါ ဖြစ်မလဲ၊ ကုလို့ကော ပျောက်အုံးမလား"ဟု သူ့အကြောင်းကိုပြောပြသော ကျွန်တော့်သူငယ်ချင်း မနန်းအုံးကျင်က ပြောလေသည်။

◻ "နင်ပြောရုံနဲ့ ဘာရောဂါဆိုတာ ငါဘယ်လိုပြောနိုင်မလဲ ဟ။ သေသေချာချာ စမ်းကြည့် စစ်ကြည့်မှ ပြောနိုင်မှာပေါ့။ နင့်ဟာက ပဟေဠိကျနေတာပဲ"ဟု ကျွန်တော့်မှာ ပြန်ပြောရလေသည်။ သူကား ကျွန်တော် အပြောကိုမကျေနပ်။ မျက်နှာကိုမဲ့လျက် "နင်တို့ ဆရာဝန်တွေ သိပ်ကြီးကျယ်တာပဲ။ ငါတို့ဆိုရင် တစ်ယောက်ယောက်က မသိလို့လာမေးရင် ပြောလိုက်တာပဲ"ဟု ဆိုလေသည်။ ကျွန်တော့်မှာ သူ့အပြောကို သဘောကျလျက် "ဟ၊ ငါတကယ်ပြောတာ။ ဆရာဝန်ဆိုတာ ကျောင်းဆရာလောက် မတတ်ဘူး။ နဖူးတွေ့ ဒူးတွေ့ စမ်းကြည့်ပြီးမှ စဉ်းစားပြောလို့ရတာ။ နင်တို့လို ဆရာမကြီးတွေသာ အကုန်တတ်လို့ ဘာမေးမေး ပြောနိုင်တာ" ဟု ကျွန်တော့်မှာ ပြန်နောက်လိုက်ရလေသည်။ သူလည်း ကျွန်တော်နောက်သည်ကိုသိသဖြင့် "အေး. . . အေး၊ နောက်တစ်ခါကျ ငါတို့မမလှ (ဒေါ်နန်းလှ)ဆီသွားရအောင်။ အဲဒီအခါကျ နင်စမ်းသပ်ပြီးပြောစမ်း။ ကုပေးနိုင်ရင်လည်း ကုပေးပါဟယ်" ဟု ပြောလေသည်။ ကျွန်တော်လည်း သူ့အပြောကို အာမဘန္တေတေလုပ်လိုက်ရ၏။ မလုပ်၍မဖြစ်။ ဒေါ်နန်းလှမှာ နန်းအုံးကျင်၏ အချစ်ဆုံးသူငယ်ချင်း။ နန်းအုံးကျင်မှာ ကျွန်တော်နှင့် ၈တန်း၊၉တန်းမန္တလေးမှာ ကျောင်းနေစဉ်ကတည်းက အတူတူ။ တက္ကသိုလ်ကျမှ သူက ဘီအီးဒီ လိုက်၊ ကျွန်တော်က ဆေးကျောင်းလိုက်၍ ကွဲသွား၏။ သို့သော် အမြဲပင် သူသည် ကျွန်တော့်အပေါ် မင်းမူခဲ့၊ အနိုင်ယူခဲ့ပေသည်။ ယခုလည်း

ကျွန်တော် လားရှိုးပြောင်းလာသည်မှာ ၃ လပင်မပြည့်သေး။ သူခေါ်ရာသို့ လိုက်သွားရ၊ လိုက်ပို့ရသည်မှာ ရိုးနေပေပြီ။ သူ့အသိ လူနာများကိုလည်း ကုပေးရသည်မှာ မရေတွက်နိုင်တော့။ ဤအထဲ သူ့ကျောင်းတွင် "ရှေးဦးသူနာ ပြုစုနည်းများ သင်ပေးပါဦး"ဆို၍လည်း သင်ပေးရသည်မှာ အမော။ သူ့ဘက်ကလည်း တာဝန်တော့ကျေပါ၏။ ကျွန်တော်စားချင်သမျှ ရှမ်းအစာကို ရှာကျွေးချက်ကျွေး၏။ ကျွန်တော် ကြည့်လို မြင်လိုသမျှကိုလည်း မညည်းမညူ လိုက်ပြရှာပါသည်။ သို့ဖြစ်၍ သူ့အလိုကိုလိုက်ရန် အာမဘန္တေ လုပ်လိုက်ခြင်းဖြစ်ပါ၏။ သို့မဟုတ်က သူသည် ကျွန်တော့်ကို စိတ်ကောက်၍ ဆုံးမည်မဟုတ်ပေ။

☐ သို့ဖြင့် တစ်ရက်၌ ကျွန်တော်သည် ဒေါ်နန်းလှကိုသွား၍ကြည့်ပေးရလေသည်။ ကြည့်ပေးရသည် ဆိုသည်ထက် သွား၍တွေ့ရသည်ဆိုက ပိုမှန်ပေမည်။ အကြောင်းမူ ထိုအချိန်က ဒေါ်နန်းလှမှာ ဆရာဝန်မဆိုထားဘိ၊ အခြားရိုးရိုးလူများနှင့်ပင် မတွေ့ချင်။ အတွေ့မခံ၍ဖြစ်၏။ ဆရာဝန်ဆိုလျှင်မူ သူလုံးဝအတွေ့မခံ။ နှလုံးကဒဏ်ရာသည် ပျောက်သေးဟန်မတူပေ။

☐ မည်သို့ပင် ဖြစ်စေ၊ သူ၏ သူငယ်ချင်း နန်းအုံးကျင်ခေါ်လာ၍ကား ကျွန်တော့်ကို ကောင်းစွာဧည့်ခံပြောဆိုရှာပါ၏။ သူ ဆရာဝန်များကို မတွေ့ချင်မှန်းသိ၍လည်း. . .

☐ "ကျွန်တော် နန်းအုံးကျင်ရဲ့ သူငယ်ချင်းတစ်ယောက်ဗိုလ်ကြီးမောင်မောင်ညိုအနေနဲ့လာလည်တာနော်"ဟု တမင်နောက်ရ၏။ သူကပြုံးရယ်လျက်. . . "ကိုမောင်မောင်ညိုကတော့ လုပ်ပြီ။ ရှင့်အကြောင်းတော့ အုံးကပြောပြလို့ သိတာကြာပါပြီ။ ရှင်နဲ့ ကျွန်မနဲ့လဲ မတွေ့ဘူးတာတစ်ခုပဲ။ ကျွန်မက အုံးထက် တက္ကသိုလ်ရောက်တာ ၂ နှစ်လောက်

စောတယ်လေ”ဟု ပြောလေသည်။ သို့ဖြင့် သူနှင့်ကျွန်တော်တို့ ဆက်ဆံရေးမှာ ကောင်းလျက် ခင်မင်ရင်းနှီးသွားလေ၏။

□ သူကျွေးသည်ကိုစား၊ သူပြောသမျှကိုနားထောင်၍ အတော်ကလေးကြာမှ. . .

□ “ခင်ဗျား ချောင်းဆိုးတုန်းပဲလား”ဟု ကျွန်တော့်မှာ အရေးမစိုက်သလို မေးရလေသည်။

□ “အမလေး. . . မေးမနေနဲ့ ကိုမောင်မောင်ညို။ ဆိုးတုန်းပဲ။ ဘာလဲ၊ ရှင်က ဇီဝကလုပ်အုံးမလို့လား”ဟု သူကပြုံး၍ မေးလေသည်။ ပြီးမှ. . .

□ “ကိုယ့်ဟာကိုယ် ဒုက္ခမရှာပါနဲ့တော့ရှင်။ ကျွန်မဆရာဝန်မျိုးစုံနဲ့ တွေ့ပြီးပါပြီ။ သိပ်မထူးပါဘူး။ အခု ဆေးတွေနဲ့လဲ နဲနဲ သက်သာပါတယ်။ တခြားလည်းဘာမှ မဖြစ်တော့ ကိစ္စမရှိဘူးထင်ပါတယ်ရှင်” ဟု သူကပြုံးနေသော မျက်နှာကိုတည်လျက် အပြင်ကို ငေးမျှော်ကြည့်ရင်း ပြောလေသည်။

□ “ဟုတ်တော့ ဟုတ်တာပေါ့လေ။ ဒါပေမယ့် ကျွန်တော် နည်းနည်း မကြည့်ရဘူးလား။ ကျွန်တော်လဲ ပညာတိုးတာပေါ့” ဟု ကျွန်တော့်မှာ ပြန်ပြောရ၏။ နန်းအုံးကျင်ကလည်း. . .

□ “ကြည့်ပါစေ မမရာ၊ သူ့ကြည့်ပြီး ကုလို့မပျောက်မှ အလျော်တောင်း”ဟု ဝင်၍ပြော၏။ သို့ဖြင့် ကျွန်တော်သည် ဒေါ်နန်းလှကို စမ်းသပ်ကြည့်ရှု ဖြစ်လေသည်။

□ ပထမကျွန်တော်သည် သူ၏ အဆုတ်၊ နှလုံးနှင့် ဝမ်းဗိုက်တို့ကို စမ်းသပ်ကြည့်၏။ ပြီးလျှင် ယူလာသော နား၊ နှာခေါင်း၊ လည်ချောင်း ကြည့် ကိရိယာများဖြင့် သူ၏ နှာခေါင်း၊ လည်ချောင်းများကို ကြည့်ရသည်။ ပြီးမှ နားနှစ်ဖက်ကို သေချာစွာစစ်ဆေးကြည့်ရ၏။ ဘာမှ မတွေ့ရ။ သို့သော် နားစည်နှစ်ခုစလုံးတွင် ကပ်နေသော အညိုရောင်နားဖာခြောက်အလုံးကလေး နှစ်ခုကို တွေ့ရလေသည်။ ဤနားဖာကြောင့်ပင် ချောင်းဆိုးသည်ဟု ကျွန်တော့်မှာ ထင်လာမိ၏။ အကြောင်းမူ ချောင်းဆိုးခြင်းကို ဖြစ်စေသော ရင်ဝမ်းတားကြွက်သားနှင့် နာစည်ကို အပြင်က ပေးသော အာရုံကြောမှာ တစ်ခုတည်းဖြစ်၏။

□ သို့ဖြစ်၍ ကြွက်သားတွင် ထိထိ၊ နားစည်တွင် ထိထိ လူမှာ အလိုလို ချောင်းဆိုးတတ်၊ ကြို့ထိုးတတ်၏။ ဤသည်မှာ အာရုံကြောတူသဖြင့် ဖြစ်ရလေသည်။ အူအတက်ရောင်လျှင် အူအတက်၌ မနာဘဲ အာရုံကြောတူသော ချက်၌ နာတတ်သကဲ့သို့ပင် ဖြစ်၏။ နေရာမှားတုံ့ပြန်ခြင်းကြောင့် (Referred action; refered pain reflex-) ဖြစ်လေသည်။ ဤသို့ဟုတ်မဟုတ် နားဖာခြောက်ထုတ်ကြည့်က သိနိုင်ပေမည်။ ဟုတ်က ပျောက်မည်ဖြစ်၏။ မဟုတ်က မပျောက်။ သို့ဖြစ်၍ စမ်းသပ်ပြီးသည်၌. . .

□ "ဒီမယ် ဒေါ်နန်းလှရော၊ အုံးရော ကျွန်တော်တော့ ရောဂါတွေ့ပြီထင်တယ်။ အခုတော့ ပျောက်အောင် ကုမပေးနိုင်သေးဘူး။ နက်ဖြန်ကျ စစ်ဆေးရုံကို လာခဲ့။ ကျွန်တော် လိုတာလုပ်ပေးမယ်။ ပျောက်ချင်လဲ ပျောက်မယ်။ မပျောက်ချင်လဲ မပျောက်ဘူး" ဟု ကျွန်တော်က ပြောရ၏။

☐ နန်းအုံးကျင်ကမူ ကျွန်တော် ပြောသည်ကို သိပ်မကျေနပ်။ "ဘယ်လိုလဲ၊ ပျောက်ရင်လည်း ပျောက်မယ်၊ မပျောက်ရင်လည်း မပျောက်ဘူးဆိုတာ။ ဒါတော့ နင်ပြောမှလား"ဟု ပြန်ပြောလေသည်။ ကျွန်တော်လည်း သည်တော့မှ ကျွန်တော့် တွေ့ရှိချက်၊ ကျွန်တော့် ထင်မြင်ချက်ကို ပြောပြရ၏။ ထိုအခါ နန်းအုံးကျင်က မရ။ အခုချက်ချင်း လုပ်ပါဆိုသဖြင့် ဒေါ်နန်းလှလည်း တစ်ခါတည်း စစ်ဆေးရုံသို့ လိုက်လာ ရရှာလေသည်။ စစ်ဆေးရုံသို့ ရောက်သောအခါ လိုအပ်သော နားဆေး ကိရိယာများ၊ နားဖာကလော်များ ပြင်ဆင်ခိုင်းရ၏။ ပြီးလျှင် ဒေါ်နန်းလှ နားထဲမှ နားဖာခြောက်များကို ဆေးထုတ်ရလေသည်။ လွယ်လွယ်နှင့် ထုတ်မရ။ အကြောင်းမှာ ရိုးရိုးနားဖာခြောက်များ မဟုတ်ဘဲ အသားပိုများ (Ployp) ပေါ်တွင် ကပ်နေသော နားဖာခြောက်များ ဖြစ်၍တည်း။ သို့ဖြစ်၍ နားဖာခြောက်များ ကုန်သည်နှင့် အသားပိုများကို မေ့ဆေး ပေး၍ ဖြတ်ပေးရလေသည်။

☐ "ဘယ့်နှယ်နေသေးလဲ"ဟု ဒေါ်နန်းလှ မေ့ဆေးပြေသောအခါ ကျွန်တော်နှင့်နန်းအုံးကျင်က ပြိုင်တူမေးကြရသည်။ ဒေါ်နန်းလှမိဘများ လည်း ပြုံး၍ကြည့်နေကြ၏။

☐ "နားထဲက နည်းနည်းတော့နာတယ်။ ဒါပေမယ့် ချောင်းဆိုးချင် စိတ်တော့ ပျောက်သွားသလိုပဲ"ဟု သူကပြောလေသည်။

☐ "နာတာတော့ ကိစ္စမရှိပါဘူး။ မနာအောင် ဆေးထည့်ပေးမယ်။ အနာကျက်ရင်လည်း ပျောက်သွားမှာပဲ၊ ချောင်းဆိုးချင်စိတ်ပျောက်သွား တယ်ဆိုရင် ပျော်စရာပဲ"ဟု ကျွန်တော်ကပြောရ၏။ သို့သော် လူနာက "တဟွတ်ဟွတ်"လုပ်သဖြင့် နန်းအုံးကျင်က ကျွန်တော့်ကို မယုံသလို ကြည့်လေသည်။

□ "အနာ မကျက်သေးလို့ပါ" ဟု ကျွန်တော်က ပြောရ၏။ ပြောသည့်အတိုင်းလည်း မှန်၏။ တစ်ပတ်လောက်နေ၍ နားအနာကျက်သောအခါ ဒေါ်နန်းလှမှာ လုံးဝချောင်းမဆိုးတော့။ ကျွန်တော်တို့နှင့် တွေ့တိုင်း "သိပ်ကျေးဇူးတင်တာပဲ ကိုမောင်မောင်ညို။ ချောင်းဆိုးချင်စိတ် လုံးလုံးမရှိတော့ဘူး။ ရင်ထဲမှာကို ရှင်းသွား၊ ပေါ့သွားတာပဲ။ လုံးလုံး ပျောက်သွားပြီထင်တယ်" ဟု သူက ပြောလေသည်။

□ "သိပ်လည်း မယုံနဲ့အုံး။ စိတ်ကြောင့်လည်း ဖြစ်နိုင်တယ်။ နောက်ထပ်တစ်ပတ်နေလို့ လုံးလုံးပျောက်မှ ကျေးဇူးတင်" ဟု ကျွန်တော့်မှာ ပြန်ပြောရ၏။ သို့သော် မရ။ သူက. . .

□ "အရင်ကနဲ့ လုံးလုံး မတူတော့ဘူး ကိုမောင်မောင်ညိုရဲ့။ တကယ်ပါ။ ကျွန်မတော့ ပျောက်သွားပြီ ထင်တာပဲ" ဟု သူကပြန်ပြော၏။ နန်းအုံးကျင်ဘက်လှည့်၍လည်း. . .

□ "အုံးကိုလည်း တကယ်ကျေးဇူးတင်တယ်ကွယ်။ အုံးလူ သိပ်တော်တာပဲ" ဟု လှမ်းနောက်၏။ နန်းအုံးကျင်မှာ ပါးကလေးရဲနေအောင် ရယ်လျက်. . .

□ "အုံးလူ မဟုတ်ပါဘူး။ အုံးသူငယ်ချင်းပါ"ဟု ပြန်ပြောလေသည်။ ကျွန်တော်ကား ဘာမျှဝင်မပြောနိုင်။ ပြောစရာလည်း မလိုပေ။ ကျွန်တော်နှင့် နန်းအုံးကျင်မှာ ငယ်ငယ်ကတည်းကပင် ခင်မင်လာသော သူငယ်ချင်းများ မဟုတ်ပါလော။

□ ဤသို့အားဖြင့် ကျွန်တော့်အတွက် စိတ်ဝင်စားစရာ အကောင်းဆုံးသော လူနာတစ်ယောက်ကို ကျွန်တော်တွေ့ဖူးခဲ့လေသည်။ သူ့ရောဂါမှာ စိတ်ဝင်စားစရာကောင်းသည်မှလွဲ၍ သေစေနိုင်သော၊ကူးစက်တတ်

သော၊ ဆိုးရွားသော ရောဂါ မဟုတ်ပေ။ သို့သော် ရောဂါ မဖြစ်လောက် ကလေး ပျောက်မသွားသဖြင့် သူမှာ တပိန်ပိန် တလိန်လိန် ဖြစ်ရ၊ ဟိုသွားရ၊ ဒီလာရနှင့် ပင်ပန်းရပြီး အလုပ်မှပင် ထွက်လိုက်ရသည်။ ကံဆိုး ချင်တော့ ရောဂါကြောင့် ဆရာဝန်ချစ်သူတွေ့လျက် ရောဂါမပျောက်ဘဲ ဆရာဝန်သာ ပျောက်ဆုံးသွားရသည်။ သို့ဖြင့် သူ့မှာ ရူးမလိုလိုပင် ဖြစ်လိုက်ရ၏။ ဥပါဒါန်ကြောင့် ဥပါဒ်တွေ အများကြီး ဖြစ်လိုက်၏။ ဥပါဒါန်ကလည်း မဖြစ်စလောက်။ နားဖာခြောက်ကြောင့်ပင် ဆိုနိုင်၏။ နားမဆေး၍၊ မသန့်၍ဤသို့ဖြစ်သည်ဟုပင် နောက်နိုင်၏။ ရယ်ဖွယ်။ သို့သော် အဖြစ်ကား ရယ်ဖွယ်မဟုတ်။ ကြေကွဲဖွယ်။ သူဥပါဒါန်မျိုးကား ပြန်၍ ပြောပြရလျှင် ကြေလည်း ကြေကွဲဖွယ်၊ ရယ်လည်း ရယ်စရာ။ ဥပါဒါန်ကား ဥပါဒါန်ပင်။ သူ့အပြစ်ချည်းလော။ ကျွန်တော်ကား မပြော ချင်။ သူ့အဖြစ်မျိုးဟာ ဆန်းကြယ်၏ ဟူ၍သာ ပြောချင်ပါတော့ သည်။ ■

❀ ❀ ❀

# ၅

# နီနီနှင့်ခါတ်မှန်

□ တစ်နေ့မနက်ဇနာရီခန့်၊ ကျွန်တော့်ဌာနသို့ ဝင်လိုက်သည်နှင့် ရုံးစောင့်ဦးဟန်တင်က. . .

□ "ဗိုလ်မှူး၊ ဧည့်သည်တစ်ယောက် ဗိုလ်မှူးအခန်းမှာ စောင့်နေတယ်"ဆိုသဖြင့် ကျွန်တော်သည် စောစောစီးစီး ဘယ်ကဧည့်သည်များ ပါလိမ့်ဟု သိချင်ဇောဖြင့် ကိုယ့်အခန်းထဲသို့တန်းဝင်သွားရ၏။ ဧည့်ခန်းထဲမရောက်ခင် ဆင်နားရွက်တံခါးကို တွန်း၍ဖွင့်အဝင်တွင်ပင်. . .

□ "ကိုညို၊ ကျွန်တော်လွမ်းဝေပါဗျာ့"ဟု အထဲမှ လှမ်းပြောသဖြင့် ဧည့်သည်မှာ အခြားသူမဟုတ်ဘဲ မိတ်ဆွေကြီး ကိုလွမ်းဝေဖြစ်နေမှန်း သိသဖြင့် အံ့ဩရလေသည်။ မအံ့ဩ၍မဖြစ်။ ကိုလွမ်းဝေနှင့် ကျွန်တော်မှာ သိကျွမ်းခင်မင် နေသည်မှာ ကြာပြီ ဖြစ်သော်လည်း သူသည် ကျွန်တော့်ရုံးသို့လာခဲ၏။ တစ်ခါနှစ်ခါ လာပြန်ပါကလည်း တယ်လီဖုန်းဆက်ပြီး၊ ချိန်းဆိုပြီးမှသာ လာတတ်သောကြောင့် ဖြစ်၏။ ယခုကား ဆိုင်းမဆင့်ဗုံမပါ။ သို့ဖြစ်၍ ကျွန်တော့်မှာ ကိုလွမ်းဝေဘေးမှကုလားထိုင်တွင် ဝင်ထိုင်လိုက်ရင်း. . .

□ “ဆို ကိုလွမ်းဝေ၊ ဘာမှ အကြောင်းမကြားဘဲနဲ့ ဘယ်တုန်းက ရောက်လာသလဲ။ ကျွန်တော် ဘာလုပ်ပေးရမလဲ” ဟု မေးလိုက်ရ၏။ ပြီးမှ ဦးဟန်တင်အား ကော်ဖီ ၂ ခွက် ယူလာရန် ခိုင်းလိုက်ရလေသည်။ ဖတ်နေသော စာအုပ်ကိုချလျက်. . .

□ “ကိုညိုဆီမရောက်တာလည်း ကြာတာနဲ့ နီနီကိုပို့ရင်း ဝင်လာတာပါ”ဟု ကိုလွမ်းဝေက ဆိုသဖြင့် ကျွန်တော်လည်း. . .

□ “ဟုတ်တယ်၊ ခင်ဗျားနဲ့ကျွန်တော်လည်း မတွေ့တာကြာပြီပဲ။ နီနီကော၊ သားကော နေကောင်းရဲ့လား။ နောက်ထပ်ကလေးကော မရသေးဘူးလား”ဟု ပြန်မေးရ၏။

□ နီနီမှာ ကိုလွမ်းဝေ၏ဇနီး။ မကြာမီကမှ နိုင်ငံခြားမှပညာသင် ပြန်လာသူဖြစ်သည်။ ကျွန်တော်တို့ကျောင်း၊ ဌာနတစ်ခုတွင် ဆရာမ တစ်ဦးဖြစ်၍ ကျွန်တော်နှင့် သိသည်မှာ ကြာပေပြီ။ သူတို့လင်မယားမှာ သားတစ်ယောက်သာ ရှိ၏။ ၇နှစ် ၈နှစ်ရှိပြီဖြစ်၍ သွက်လက်ချက်ချာ ချစ်စရာကလေးပင် ဖြစ်ပေသည်။ သားတစ်ယောက်တည်း ဤမျှကြီး နေပြီဖြစ်၍ နောက်ထပ်ကလေးမယူသေးဘူးလားဟု ကျွန်တော်ကမေး လိုက်ရခြင်း ဖြစ်ပေသည်။

□ “ဟုတ်တယ်၊ ယူတော့မလို့ပဲ။ အခုတော့ နီနီက ဗိုက်နာနေ တာနဲ့ ဓာတ်မှန်ရိုက် ဆေးစားနေရတယ်။ တလောကလဲ ဆေးရုံတက် လိုက်ရသေးတယ်။ ပြန်လာတာ မကြာသေးဘူး။ ချူချာလိုက်တာဗျာ လွန်ရော”ဟု ကိုလွမ်းဝေက ညည်းညူလေသည်။

□ “မညည်းနဲ့ ကိုလွမ်းဝေ၊ ပြန်ရောက်စ လူတိုင်း ဒီလိုပဲ။ ရာသီ ဥတု၊ အစားအသောက် မတူတော့ နိုင်ငံခြားက မြန်မာပြည်ပြန်

ရောက်ရင် ဖျားကြတာချည်းပဲ။ ကျွန်တော်ပြန်လာတာ ၄ နှစ်ရှိပြီ။ အခုထိ ရေစိမ်းသောက်ရင် ဝမ်းသွားတုန်းဗျာ။ တကယ်ပဲ”ဟု ကျွန်တော့်မှာ ပြန်ပြောရ၏။

◻ မှန်၏။ ၁၉၆၉ ခုနှစ်က မြန်မာပြည်သို့ ပြန်ရောက်ရာ ရောက်ကတည်းက ရေစိမ်းကိုသောက်၍မရ၊ အရသာမတွေ့၍မဟုတ်။ ရေစိမ်းသောက်ပြီးလျှင် ဝမ်းလျှောလှ၍ဖြစ်၏။ ပြန်ရောက်စက မသိ။ ၄-၅-၆ လကြာမှ ရေကိုကျိုသောက်ပြီးမှသာ အကြောင်းကို သိတော့၏။ အကြောင်းကား မြန်မာပြည်မှ ရောဂါမှာ ပိုးကင်းသော၊ ပိုးသေသော ရေမဟုတ်၍ ဖြစ်၏။ ရန်ကုန်ရေပင် ဤသို့ရှိက နယ်များတွင်မူ ပြောစရာ မလိုတော့။ သို့ဖြစ်၍ ယခုတိုင် ရေစိမ်းကို လုံးဝမသောက်ရဲ။ ကျိုပြီး ရေကျက်အေးဖြစ်မှသာ သောက်၍ရတော့၏။

◻ “ဗိုက်နာတာ ဘယ်မှာခေတ်မှန်ရိုက်ရမလဲ။ ဂက်စ်ထရစ်များ ဖြစ်နေမလား မသိဘူး” ဟု ကိုလွမ်းဝေကပြောရာ. . .

◻ “ရိုက်ချင်ရိုက်ကြည့်ပါလား။ အရပ်ဆေးရုံတွေမှာ အသိမရှိရင် ပြောလေ။ ကျွန်တော် စစ်ဆေးရုံမှာ လိုက်ပြောပေးမယ်။ တခြားလိုတာရှိလည်းပြော”ဟု ကျွန်တော့်မှာ ကိုယ်တတ်နိုင်သည့်ဘက်က လိုက်ပြောရ၏။ ဦးဟန်တင် ကော်ဖီနှစ်ခွက်လာချသဖြင့်လည်း. . .

◻ “ကဲ. . . ကော်ဖီသောက်အုံးပြောစရာရှိတာနောက်မှပြောတာပေါ့”ဟု ပြောရ၏။

◻ “အေးဗျာ၊ လိုရင် ခင်ဗျားဆီဖုန်းဆက်လိုက်မယ်။ အခုတော့မလိုသေးပါဘူး” ဟု ကိုလွမ်းဝေကပြော၏။ ကျွန်တော်လည်း “လိုရင်သာ ပြောဗျာ၊ အားမနာပါနဲ့” ဟု ပြန်ပြောရလေသည်။

◘ ဤလိုနှင့် ကိုလွမ်းဝေနှင့် ကျွန်တော်မတွေ့သည်မှာ ၃ ပတ်မျှ ကြာသွား၏။ တစ်ရက်တွင်မူ ကိုလွမ်းဝေနှင့်လည်း ခင်။ ကျွန်တော်နှင့်လည်းခင်သော ကိုလွန်းအောင်နှင့် စာအုပ်ဆိုင်တစ်ဆိုင်တွင်တွေ့ရာ. . .

◘ "ဟေ့ ကိုညို၊ ကိုလွမ်းဝေမိန်းမ ဆေးရုံတက်ရတယ်တဲ့၊ သိပြီးပြီလား" ဟုမေးရာ. . .

◘ "ဟာ ဘာမှမသိဘူး။ ခင်ဗျားအခုပြောမှ သိရတယ်။ လွန်ခဲ့တဲ့နှစ်ပတ် သုံးပတ်ကတော့ သူ ကျွန်တော့်ဆီ လာလည်လို့ သူ့မိန်းမ အစာအိမ်ခာတ်မှန်ရိုက်ချင်တယ် ပြောတာပဲသိတယ်။ တော်တော်နေနိုင်တဲ့လူ။ ကျွန်တော့်ကို ဘာမှ မပြောဘူး" ဟု ပြန်ပြောရ၏။

◘ "ဟုတ်တယ်။ ကျွန်တော်လည်း သူများပြောလို့ သိရတာ။ သူလည်း မတွေ့ရသေးဘူး။ ဒီလိုလုပ်ပါလား။ ကနေ့ညနေ သူ့အိမ်သွားမေးရအောင်။ ခင်ဗျားဖုန်းဆက်ဗျာ"ဟု ကိုလွန်းအောင်က ပြန်ပြော၏။

◘ "အေး. . . ကောင်းတယ်၊ အခုလည်း သူ့အိမ်မှာရှိမရှိ ဖုန်းဆက်လိုက်ရအောင်။ ရှိရင် အတူတူသွားကြရအောင်"ဟု ကျွန်တော့်မှာ ပြန်ပြောရ၏။ မပြော၍မဖြစ်။ ကိုလွမ်းဝေမှာ ရုံးမှာမရှိလျှင် အိမ်ကပ်ခဲ၏။ သူ့အိမ်သွားတိုင်း မတွေ့တတ်၍ ပထမဖုန်းဆက်ပြီးမှသာ သွားရ၏။ သူကား ခြေတံရှည်သူတစ်ဦး။

◘ စာအုပ်ဆိုင်မှ သူ့အိမ်သို့ တယ်လီဖုန်းဆက်ရာ အခန့်သင့်ပင် တွေ့ရသဖြင့် "ကျွန်တော်တို့လာခဲ့မယ်၊ စောင့်နေ" ဟု လှမ်းပြောရ၏။ ပြီးလျှင် ကိုလွန်းအောင်ကိုခေါ်ကာ သူ့အိမ်သို့ ယွန်းခဲ့ကြရ၏။ သူ့အိမ်ရောက်သောအခါ သူလည်း ကျွန်တော်တို့ကို ကြိုဆိုနေသည်ကို တွေ့ရလေသည်။

□ “ဘယ်လိုလဲကိုလွမ်းဝေ၊ နီနီဆေးရုံတက်ရတယ်ဆို၊ သက်သာရဲ့လား”ဟု ခရီးရောက်မဆိုက် ကျွန်တော်ရော ကိုလွန်းအောင်ပါ မေးရာ သူက ပြုံးလျက်. . .

□ “ဟုတ်တယ်၊ ခင်ဗျားတို့ကို ပြောမလို့ဟာ ကျွန်တော်လည်း ဆေးရုံနဲ့အိမ် ချာချာလည်နေတာနဲ့ မပြောဖြစ်ဘူး။ ကိုညို့ဆီက ပြန်ပြီး နောက်တစ်ရက်ပဲ နီနီကို ဆေးရုံတင်လိုက်ရတယ်။ ဟိုမှာ အစာအိမ် ဓာတ်မှန်ရိုက်ကြည့်ပြီး အစာအိမ်အနာရှိတယ်ဆိုတာနဲ့ တစ်ခါတည်း ဆေးရုံတင်လိုက်ရတာ။ အခုတော့ သက်သာပါပြီ။ ဖြစ်စကသာ တစ်ခါ တစ်ခါ အန်ချင်တာ။ အဲဒါ အခုပဲ ကျွန်တော်လည်း ဆေးရုံမှာ ၂၁ ရက်တောင်ရှိပြီ” ဟု သူကပြော၏။ ဤသို့ပြောသဖြင့် ကျွန်တော်တို့ နှစ်ယောက်လည်း. . .

□ “အဲဒါဆို ကျွန်တော်တို့ မထိုင်တော့ဘူး။ ဆေးရုံလိုက်ခဲ့မယ်လေ။ ဒါမှမဟုတ် နောက်မှပဲ လာတော့မယ်။ ခင်ဗျားဟာက ဒီလောက် ခင်တဲ့လူတွေတောင် ဆေးရုံဆင်းခါနီးမှ ပြောတာ သိပ်မကောင်းဘူးဗျာ” ဟု ပြန်ပြောရ၏။ သူလည်း ရယ်လျက်. . .

□ “ဟုတ်တယ်ဗျာ၊ ကျွန်တော်လည်း ထူပူနေလို့ပါ။ ဆောရီးပဲ။ နောက်လိုရင်သာ ပြောမယ်။ ဆေးရုံတော့ မလိုက်ပါနဲ့တော့။ ကျွန်တော်တို့ တစ်အိမ်လုံးသွားမှာ” ဟု ဆိုသဖြင့် ကျွန်တော်တို့လည်း. . .

□ “အဲဒါဆို နီနီကိုနှုတ်ဆက်လိုက်ကြောင်း ပြောဗျာ။ ကျွန်တော်တို့ ဆရာဝန်အသင်းတိုက်ကို သွားတော့မယ်”ဟု ပြောဆိုနှုတ်ဆက်ခဲ့ရ၏။ ပြီးမှ သူ့အိမ်နှင့်မဝေးသော ဆရာဝန်အသင်းတိုက်သို့ ဘီယာသွားသောက်ရလေသည်။

☐ "ဘယ်လိုလဲ ကိုညို့ရ၊ အစာအိမ်အနာပေါက်တာက ခွဲမကုရ ဘူးလား။ ဆေးရုံတက်တာနဲ့ ပျောက်ရောလား"ဟု သတင်းစာဆရာ ကိုလွန်းအောင်က ဘီယာစုပ်ရင်း မေးလေသည်။

☐ "ဒါက ဒီလိုဗျာ့။ အစာအိမ်အနာပေါက်တိုင်း ခွဲကုဖို့ မလိုဘူး။ စောလို့ရှိရင် ဆေးပေးကုရုံနဲ့ရတယ်။ အစာအိမ်ရောဂါဖြစ်တဲ့ အခြေခံက ငရဲမီး ပိုထွက်လို့၊ အဲဒီငရဲမီးတွေကို ခေတ်ပြယ်စေအောင် ဆိုဒါလိုဟာ ကျွေး၊ အချဉ်အစပ်ရှောင်ခိုင်း၊ အစာမာတာ၊ ကြော်တာ မစားစေနဲ့၊ နွားနို့သောက်ခိုင်း၊ ပြီး စိတ်ငြိမ်ဆေး၊ အိပ်ဆေးပေး။ အဲဒီလို ၂-ပတ်၃-ပတ်လောက်အနားယူလိုက်ရင် သက်သာတဲ့ဟာ သက်သာ၊ ပျောက်တာ ပျောက်သွားရော။ တကယ်လို့ အဲဒီလိုမှ မသက်သာရင် ဖြစ်ဖြစ်၊ သွေး အန် လေချဉ်အမြဲတက်၊ အစာအိမ်ပိတ်၊ အစာအိမ်ပေါက်ရင် ဖြစ်ဖြစ် ခွဲကုလို့ရယ်။ အခု နီနီ့ဟာက နုလို့နေမှာပေါ့"ဟု ကျွန်တော့်မှာ ပြောရ၏။ ပြီးမှ "တကယ်ဆိုးတဲ့ ကိုလွမ်းဝေဗျာ။ ကျွန်တော်တို့ကို အသိမပေး ဘူး။ ဒီလောက်လည်း အားနာစရာ မရှိပါဘူး"ဟု ကျွန်တော့်မှာ ပြောရ၏။ ကိုလွန်းအောင်ကမူ ဘီယာစုပ်ရင်း. . .

☐ "အင်း. . . ခင်ဗျားပြောတဲ့ပုံဆိုရင် နီနီ့ရောဂါ ပျောက်အုံးမှာ မဟုတ်ပါဘူးဗျာ။ နောက်တစ်ခါကျရင် ခင်ဗျားဆီလာပါလိမ့်မယ်" ဟု ဆို၏။ ကျွန်တော့်မှာ. . .

☐ "ဟာ- မဟုတ်တာ၊ ခင်ဗျားက မပြောကောင်း ပြောကောင်း" ဟု ပြန်ပြောရ၏။

☐ ပြောသာ ပြောရသည်။ သူပြောသည်မှာလည်း မှန်၏။ အကြောင်းမူ နီနီ ဆေးရုံမှ ဆင်းပြီး တစ်ပတ်အကြာ ကိုလွမ်းဝေ တစ်ယောက် ကျွန်တော့်ထံ ပေါက်လာသောကြောင့် ပေတည်း။

□ "ကိုညို့ရေ၊ ဒီတစ်ခါတော့ ခင်ဗျားအကူအညီလိုလို့ လာတာ။ လာလာချင်းပဲ ကိစ္စကိုပြောတော့မယ်" ဟု ကိုလွှမ်းဝေက ကျွန်တော့် ရုံးခန်းတွင် ကျွန်တော်နှင့်တွေ့တွေ့ချင်း ဆို၏။

□ "ပြောလေဗျာ၊ ပြော။ ကျွန်တော်တတ်နိုင်ရင် ကူညီဖို့ရာတော့ အသင့်ပဲ"ဟု ကျွန်တော့်မှာ ပြုံး၍ပြောရ၏။ ပြီးလျှင် သူ့အပြောကို နား ထောင်ရလေသည်။

□ "ဒီလိုဗျာ၊ မနေ့ကပဲ ကျွန်တော်တို့ အိုဂျီ (သားဖွားနှင့်မီးယပ် ပါရဂူ) တစ်ယောက်ဆီရောက်တယ်။ ရောက်တဲ့အကြောင်းက နီနီ သွေး မပေါ်တာကြာလို့သွားပြတာ။ အဲဒါ ကိုယ်ဝန် ၂-လကျော် ၃-လလောက် ရှိပြီတဲ့။ ကိုယ်ဝန်ရှိတယ်ဆိုတော့ ကျွန်တော်တို့လဲ ဝမ်းသာကြတာပေါ့။ ဒါပေမယ့် အိုဂျီက နီနီကျန်းမာရေးရာဇဝင်ကို မေးရင်း နီနီ အခုတစ်လ အတွင်း ဆေးရုံတက်ဖူးတယ်၊ ဆေးရုံမှာ ဓာတ်မှန်ရိုက်ဖူးတယ်ဆိုတော့ သူက ကိုယ်ဝန်နုတုန်း ဓာတ်မှန်ရိုက်ဖူးရင် မကောင်းဘူး။ ကလေးမှာ အန္တရာယ်ရှိတယ်တဲ့။ အဲဒါ ဓာတ်မှန်ရိုက်ဖူးရင်တော့ ဒီကလေးမယူတာ အကောင်းဆုံးပဲတဲ့ဗျာ။ ဒါပေမယ့် သူ တစ်ယောက်တည်းရဲ့အမြင်ကို မူသေမယူပါနဲ့တဲ့။ အခြားတစ်ယောက်ယောက်ကို တိုင်ပင်ကြည့်ပါဆိုလို့ ခင်ဗျားဆီ ပြေးလာရတာ။ ကဲ- ပြောစမ်းပါအုံးဗျာ။ ဘာလုပ်ရမလဲ" ဟု သူက တောက်လျှောက်ပြောလေ၏။

□ "ဟာ- ကိုယ်ဝန်နုတုန်းဓာတ်မှန်ရိုက်တာတော့ မကောင်းတာ အမှန်ပဲဗျ့။ ဒါကြောင့် ကိုယ်ဝန်ရှိတဲ့မိခင်ဆိုရင် မလွှဲသာမှ ဓာတ်မှန်ရိုက် ကြတယ်။ ခင်ဗျားမိန်းမ ဘယ်တုန်းက ရိုက်လိုက်သလဲ"ဟု ပြန်မေးရ၏။ ပြီးမှ "ဩော်- ဟိုတလောက ဆေးရုံတက်တုန်းက ထင်တယ်။ ဟုတ်တာ ပေါ့လေ၊ အစာအိမ်ရောဂါမှာလည်း အန်၊ ကိုယ်ဝန်ကလည်း အန်၊ ဘယ်

ဟာက အန်စေမှန်းမသိတော့ ဂွကျသွားတာပေ့ါ။ ဟုတ်တယ်၊ ကိုယ်ဝန်နု တုန်းက ဓာတ်မှန်ရိုက်ရင် မကောင်းဘူး။ ကလေးခန္ဓာကိုယ်ချွတ်ယွင်းပြီး မွေးလာတတ်တယ်”ဟု ပြောရ၏။

□ မှန်၏။ ကိုယ်ဝန်နုစဉ် ဓာတ်မှန်ရိုက်လျှင် ကလေးခန္ဓာကိုယ် ချွတ်ယွင်းပြီး မွေးလာတတ်သည်။ ဓာတ်မှန်ရိုက်မှသာ မဟုတ်။ အခြား အနုမြူရောင်ခြည် များသည်လည်း ကလေးကိုယ်ခန္ဓာကို ချွတ်ယွင်း စေနိုင်ပါသည်။ ဒုတိယကမ္ဘာစစ်ကြီးအတွင်း ဂျပန်ပြည် ဟီရိုရှီမားနှင့် နာကာစကီမြို့များတွင် အနုမြူဗုံးပေါက်ကွဲမှု ဗုံးဒဏ်နှင့် ဓာတ်ရောင်ခြည် ဒဏ်ကိုခံရသော မိခင်လောင်းတို့သည် ကိုယ်လက်အင်္ဂါချွတ်ယွင်းသော ကလေးများ၊ ဦးနှောက်နှင့် အာရုံကြောများ ချွတ်ယွင်းသော ကလေးများ ကို မွေးဖွားလာကြကြောင်း လူတိုင်းပင်အသိပင် ဖြစ်သည်။

□ မိခင်လောင်းမှာ အာဟာရချို့တဲ့လွန်းလျှင်လည်း သန္ဓေသားမှာ ချွတ်ယွင်းမှုအမျိုးမျိုး ဖြစ်ပေါ်နိုင်သေးသည်။ အထူးသဖြင့် ဗီတာမင်အေ၊ ဗီတာမင်ဘီ၊ ဗီတာမင်အီး၊ ဖောလစ်အက်ဆစ်အစရှိသည်တို့ ချို့တဲ့လျှင် ပိုဆိုး၏။ ကိုယ်ဝန်ဆောင်စဉ် ပထမ ၃-၄လ အတွင်း အပြင်းဖျားက၊ အထူးသဖြင့် ဂျိုက်သိုးရောဂါဖြစ်က သန္ဓေသားကို ထိခိုက်စေနိုင်သည်။ အချို့သော ဆေးဝါးများ၊ ဟိုမုန်းဓာတ်များသည်လည်း သန္ဓေသား၏ ခန္ဓာကိုယ်ကြီးထွားမှုကို နှောင့်ယှက်ဟန့်တား နိုင်သေးသည်။ ဥပမာ ဆာလ်ဖာ (ကန့်) ပါသော ဆေးများဖြစ်သည့် ဆာလ်ဖိုနမိုက် (Sulphonamide)၊ ဆာလ်ဖုန်း (Suophone) များနှင့် ယနေ့အလွန်ခေတ်စားနေသော၊ အသုံးများသော တက်ထရာဆိုက်ကလင်း (Tetracycline) ဆေးများပင် ဖြစ်သည်။ သန္ဓေသားကို ထိခိုက်စေသော ဆေးများ အနက် လွန်ခဲ့သော ၁၀ နှစ်ခန့်က အနောက်ဂျာမနီပြည် ဆေးကုမ္ပဏီ

တစ်ခုမှ ထုတ်လုပ်လိုက်သော သယ်လီဒိုမိုက် (Thalidomide) ခေါ် ဆေးပြားများအကြောင်းကိုတော့ ကြားဖူးကြမည် ထင်ပါသည်။

☐ ဥရောပ တစ်ခွင်တွင် မိခင်လောင်းများသည် ယင်းဆေးကို မူးဝေ အော့အန်လျှင်၊ အိပ်မပျော်လျှင် သောက်သုံးကြရာ ယင်းမိခင် လောင်းတို့မှ ခြေပြတ် လက်ပြတ်ကလေးများ မွေးဖွားလာကြသည်ကို တွေ့ရ၏။ ထို့ကြောင့် ယင်းဆေးထုတ်လုပ်ခြင်းကို အစိုးရက လုံးဝ ပိတ် ပင်လိုက်သည်။ ထိုဆေးများ မြန်မာပြည်သို့ ရောက်မလာသည်မှာ ကံကောင်းလေစွ။

☐ "ဒီလိုဆို ကျွန်တော်တို့ ဘာလုပ်ရမလဲ" ဟု ကိုလွမ်းဝေက ဖြည်းလေးစွာ ပြောလေသည်။

☐ "နီနီ့ကို အကျိုးအကြောင်း ပြောပြလေ။ ကိုယ်ဝန်နုတုန်း ခေတ်မှန်ရိုက်တာတော့ မကောင်းဘူး။ ဒီတော့ ဒီကိုယ်ဝန်ဆက်ရှင် အောင်လုပ်ရင် ဘာလေးမွေးမလဲဆိုတာမသိဘူး။ အကောင်းလည်း မွေးလာနိုင်တယ်။ အဆိုးလည်း မွေးလာနိုင်တယ်။ အခွင့်အလမ်းကတော့ တစ်ဝက်စီပေါ့ဗျာ။ ဒါပေမယ့် ဆုံးဖြတ်ရမှာက အမေပဲဗျ့။ သူကလွယ်ရ မွေးရမှာမို့လား"

☐ "အဲဒါ သိချင်လို့ လာတိုင်ပင်တာပဲ။ ဒီလိုဆိုရင် ကျွန်တော် ဒီအတိုင်းပဲ နီနီ့ကို ပြန်ပြောပြမယ်လေ။ ကလေးမလိုချင်တော့ဘူးဆိုရင် သာ ဘာလုပ်ရမလဲ ပြောဗျာ"

☐ "ဟုတ်ပါတယ်။ အဲဒါ ကျွန်တော် ပြောပြနေတာပဲ။ ဒါပေမယ့် ကျွန်တော်က အိုဂျီမဟုတ်တော့ တခြားအိုဂျီတစ်ယောက်နဲ့ တွေ့ပေးဦး မယ်။ ခင်ဗျားနဲ့ နီနီသာ ချိန်းတဲ့နေ့ လာနိုင်အောင်လုပ်။ ခဏနေ

ကျွန်တော် အိုဂျီပါမောက္ခဆီ ဖုန်းဆက်လိုက်မယ်”ဟု ကျွန်တော့်မှာ ပြန်ပြောရ၏။ ပြီးလျှင် သားဖွားနှင့်မီးယပ်ပါမောက္ခထံ အကျိုးအကြောင်းတိုင်ပင်ရန် ဖုန်းဆက်လိုက်ရ၏။ အိုဂျီပါမောက္ခက နောက်တစ်ရက်သို့ ချိန်းလိုက်သဖြင့် သူ့ကို အကျိုးအကြောင်းပြန်ပြောရလေသည်။ သူလည်း နက်ဖြန် နီနီနှင့်အတူ လာမည်ဟုပြောကာ ပြန်သွားလေသည်။

◻ “ဟုတ်တယ်၊ အန္တရာယ်ကတော့ရှိတာပဲ။ ဒါပေမယ့် ကလေးကို ယူမယ်ဆိုရင်လည်း ယူနိုင်တာပဲ။ အန္တရာယ်ရှိတိုင်းတော့ ကလေးတွေ ပျက်ပြီး မွေးမလာပါဘူး။ မယူချင်ဘူးဆိုရင်လည်း သာရပျူတစ် အဘောရှင်း (Therapeutic Abortion) မိခင်နှင့်ကလေးကျန်းမာရေးအတွက် ကိုယ်ဝန်ဖျက်ပစ်ခြင်းလုပ်ပေးနိုင်ပါတယ်။ ဒါပေမယ့် ဓာတ်မှန်ပါရဂူရဲ့ မှတ်ချက်လည်း လိုသေးတယ်။ သူ့ရဲ့ ထောက်ခံချက်ရမှ လုပ်လို့ရမယ်။ ဘာပဲဖြစ်ဖြစ် ဆုံးဖြတ်ရမှာကတော့ မိဘပဲ။ အထူးသဖြင့် မိခင်ပဲ” ဟု အိုဂျီပါမောက္ခက အကြောင်းစုံကို ကြားနာပြီးသောအခါ ပြောပြလေသည်။ ကိုလွမ်းဝေနှင့် နီနီလည်း အတော်ကြာကြာ ဘာမျှမပြော စဉ်းစားတွေဝေ၍ နေကြသည်။ နောက်အတော်ကြာမှ ကျွန်တော်က. . .

◻ “ကဲ. . . ဘယ်လိုလုပ်ချင်သလဲ ပြောကြလေ” ဟု ပြောမှ နီနီက. . .

◻ “ကျွန်မကတော့ ကလေးကို လိုလည်းလိုချင်တယ်။ ဒါပေမယ့် မွေးလာမည့်ကလေးက ကောင်းမလား၊ဆိုးမလားဆိုတဲ့ စိတ်တထိတ်ထိတ်နဲ့တော့ မယူချင်ဘူး ဆရာရယ်” ဟု ငိုသံပါနှင့် ပြောလေသည်။ ကိုလွမ်းဝေကား ဘာမျှမပြော။ နီနီကိုသာ စိုက်၍ကြည့်နေလေသည်။

◻ “ဒီလိုဆို ကိုမောင်မောင်ညိုပဲ ဓာတ်မှန်ပါရဂူဆီက မှတ်ချက်

သွားတောင်းလိုက်ပါလေ။ သူ့မှတ်ချက်အတိုင်း လုပ်ပေးပါ့မယ်” ဟု ပါမောက္ခကဆိုလေသည်။ သို့ဖြင့် ကျွန်တော်လည်း ဓာတ်မှန်ပါရဂူထံသို့ နီနီတို့ကိုခေါ်၊ ဓာတ်မှန်တွေယူ၍ သွားရပြန်လေသည်။

□ “ခက်တာပဲဗျာ။ ကိုယ်ဝန်ရှိမှန်း သိလျက်နဲ့ ဓာတ်မှန် ဘာလို့ ရိုက်ကြတာလဲ။ ကိုမောင်မောင်ညိုလည်း သိသားပဲ။ ဓာတ်မှန်အန္တရာယ် တွေ ရှိတယ်ဆိုတာ”

□ “ဓာတ်မှန်ရိုက်တုန်းက ကိုယ်ဝန်ရှိမှန်းမသိဘူးဆရာ။ ဓာတ်မှန် ရိုက်တာက အစာအိမ်နာအတွက်။ အခုမှသိလို့ အိုဂျီတွေက ဆရာ့ဆီက အကြံတောင်းခိုင်းလို့ လာရတာ။ ဓာတ်မှန်အန္တရာယ် အကြောင်းတော့ သူတို့လည်း သိပါတယ်” ဟု ကျွန်တော်ကပြန်ပြောရ၏။

□ မှန်ပါ၏။ ဓာတ်မှန်ရိုက်ခြင်းကို ဆေးကုခြင်းတစ်မျိုးဟု ပညာ မတတ်သူများက ထင်ကြသော်လည်း ယခုခေတ်ပညာတတ်အတော် များများ အထူးသဖြင့် သိပ္ပံပညာတတ်များမှာ ဓာတ်မှန်သည် အသွား နှစ်ဖက်ရှိသော ဆေးဘက်ဆိုင်ရာ နည်းတစ်ခုအဖြစ် သိရှိနေကြပါပြီ။ အသွားတစ်ဖက်မှာ ရိုးရိုးမျက်စိဖြင့် မမြင်ရသော တီဘီ၊ ကင်ဆာ၊ အရိုးနာ စသော ရောဂါများကို ဓာတ်မှန်ရိုက်ခြင်းဖြင့် သိနိုင်၍ကောင်း ၏။ အခြားတစ်ဖက်တွင်ကား ဓာတ်မှန်ရိုက်တိုင်း ဓာတ်မှန်ရောင်ခြည် များသည် ခန္ဓာကိုယ်၏ ကလာပ်စည်းများကို ပျက်စီးစေသည်၊ မျိုးရိုး ပြန့်ပွားမှုနှင့်ဆိုင်သော ဝေးစေ့၊ မမျိုးဥတို့ကို ထိပါမူ သားစဉ်မြေးဆက် ပင် ခန္ဓာကိုယ်ချွတ်ယွင်း၍ မွေးလာနိုင်၏။ ကိုယ်ဝန်နုစဉ် ဓာတ်မှန်ရိုက် ပါမူ ကိုယ်ဝန်ပျက်က ပျက်၊ မပျက်က ကလေးမှာ ခန္ဓာကိုယ်ချွတ်ယွင်း၍ မွေးလာ နိုင်ပါသည်။ ဤအကြောင်းနှင့် ပတ်သက်၍ ဓာတ်မှန်ပါရဂူ တစ်ဦးက ဤသို့ရေးသားဖူးလေသည်။

□ "မသိ၍သာ လူတွေက ခာတ်မှန်ကို ရိုက်ချင် ကြသည်။ ခာတ်မှန်၏ အန္တရာယ်ကိုသိက မည်သူမျှ ရိုက်ချင်မည်မဟုတ်။ အကြောင်းမှာ ခာတ်မှန်သည် အနုမြူဗုံးပေါက်ကွဲစဉ် ထွက်လာသော ရောင်ခြည် ကဲ့သို့ အန္တရာယ်များသောကြောင့်တည်း။"

□ သို့ဖြစ်၍

၁။ ဆရာဝန်က မညွှန်းလျှင် ခာတ်မှန်မရိုက်ပါနှင့်။

၂။ ခာတ်မှန်ရိုက်လျှင် ဥအိမ်နေရာနှင့် ဝှေးစေ့ကို ကာ၍ ရိုက်ခိုင်းပါ။

၃။ ကိုယ်ဝန်ရှိက ဖြစ်နိုင်လျှင် မရိုက်ပါနှင့်။

၄။ ကိုယ်ဝန်နှင့်ရိုက်မည်ဆိုက တတ်ကျွမ်းသော ခာတ်မှန် ဆရာဝန်များနှင့် တိုင်ပင်ပြီးမှ ရိုက်ပါ။

၅။ ခာတ်မှန်ရိုက်ပြီးမှ ကိုယ်ဝန်ရှိသည်ဟုသိက ကိုယ်ဝန်ကို ဆက်ယူသင့် မယူသင့် တတ်ကျွမ်းသူများနှင့် ထပ်မံတိုင် ပင်ပါ"ဟူ၏။

□ "ဆရာရယ်၊ ကျွန်မတို့လည်း ကလေးရှိမှန်းမသိလို့ ရိုက်တာပါ။ အခုရှိမှန်းသိလို့ ကြောက်ပြီး အခုလိုတိုင်ပင်တာပါ။ ဆရာပဲ စဉ်းစားပါ။ ဘယ်အမေက သားသမီးတစ်ယောက်ကို လူစဉ်မမှီဘဲမွေးလာမယ်သိရင် ဘယ်မွေးချင်မှာလဲဆရာ။ အဲဒါကြောင့်ပါ။ ကျွန်မတို့လည်း ကလေးလိုချင် တာပါပဲ"ဟု နီနီကပြောလေသည်။

□ "တကယ်လို့ နောက်ထပ်ကလေးမရနိုင်တော့ဘူးဆိုရင်လည်း

ဒီကလေးကိုစွန့်ရမှာပေါ့ဆရာ။ ဒါပေမယ့် အခုတော့ ကျွန်မတို့မှာ အခုမှ အသက် ၃၀ပဲရှိကြသေးတာ၊ နောက်ထပ်ကလေးရနိုင်သေးတော့မစွန့် ရက်ဘူးဆရာ”ဟု သူက ဆက်ပြောလေသည်။

☐ ဓာတ်မှန်ပါရဂူကြီးလည်း တော်တော်ကြာ စဉ်းစား၍. . .

“ ခင်ဗျားတို့ ပြောတာလည်းဟုတ်ပါတယ်လေ။ ကျွန်တော်က လူတွေမလိုဘဲနဲ့ ဓာတ်မှန်ရိုက်တတ်ကြလို့ အားလုံးကိုခြုံပြောနေတာပါ။ ခင်ဗျားကိစ္စကတော့ တစ်မျိုးပေါ့။ ကျွန်တော်တို့တွက် ပြောမယ်လေ”ဟု ပြောလေသည်။

“ ၂ ရက် ၃ ရက် နေရင်သာ လာခဲ့။ ကျွန်တော် အိုပီနီယင် (ထင်မြင်ချက်)ပေးမယ်” ဟု ဆက်ပြောသဖြင့် ကျွန်တော်တို့မှာ ပြန်ခဲ့ရလေ၏။

☐ ဓာတ်မှန်ပါရဂူက ကိုယ်ဝန်နုစဉ် ဓာတ်မှန်ရိုက်ထားသဖြင့် ကလေးမှာ မူမမှန်ဘဲ မွေးလာနိုင်ကြောင်း ထင်မြင်ချက်ပေးသဖြင့် နီနီမှာ ဆေးရုံတက်၍ သားအိမ်ကို ခြစ်ပစ်ရသည်။ ဆေးပညာအရမူ ဒီအင်စီ (Dilatation and Curettage) လုပ်သည်ဟု ခေါ်လေသည်။ အကြီး အကျယ် ခွဲစိတ်မှုကြီးမဟုတ်။ ၁၅ မိနစ်၊မိနစ် ၂၀မျှသာ ကြာသော ခွဲစိတ် မှုကလေး တစ်ခုသာ ဖြစ်သည်။ မေ့ဆေးပေး၊ သားအိမ်ခေါင်းကို ချဲ့ ပြီးလျှင် သားအိမ်ထဲသို့ ခြစ်သည့်ကိရိယာထည့်၍ သားအိမ်အတွင်းမြေး ကို ခြစ်ပစ်ရခြင်း ဖြစ်သည်။

☐ သန္ဓေတည်သည်ဆိုသည်မှာ ဤအတွင်းမြေး၌ သန္ဓေသားကပ် နေခြင်းပင်ဖြစ်၏။ သူ့ကိုခြစ်ပစ်က သန္ဓေမှာ မတည်နိုင်တော့။ ဤသို့

ခြစ်ပစ်သဖြင့် အန္တရာယ်လည်း သိပ်မရှိ။ သွေးအနည်းငယ်သာ ထွက်သဖြင့် အချို့မှာ မေ့ဆေးပြယ်သည်နှင့် ဆေးရုံမှ ဆင်းနိုင်ကြသည်။နီနီခဗျာကား ထိုသို့မဟုတ်။ ခြစ်သည်မှာ နာရီဝက်ခန့် ကြာမှုပြီး၍ သွေးသွန်သဖြင့် သွေးထပ်သွင်းရရှာသည်။ ဆေးရုံတွင်လည်း တစ်ပတ်ခန့် နေရ၏။ ဆေးရုံမှဆင်းတော့လည်း ပိန်နေလေသည်။

□ "ကိုညိုရယ်. . . သိပ်ဒုက္ခများတာပဲ။ ကိုယ်ဝန်လွယ်ရတာကမှ ဒီထက်သက်သာပါဦးမယ်" ဟု သူကညည်းရာ ကျွန်တော်က. . .

□ "ဒီလိုပေ့ါဗျာ၊ မိဘဆိုတာ မမွေးသေးတဲ့ သားသမီးအတွက်လည်း ပူရတာပဲ။ ခင်ဗျားတို့တော့ ကလေးယူရမှာ ကြောက်သွားမှာပဲထင်တယ်"ဟု ပြန်ပြောမိ၏။ လူခင်ချင်းဖြစ်၍ အားမနာတမ်း ပြောရခြင်း ဖြစ်လေသည်။

□ "ကလေး ယူရမှာ မကြောက်ပါဘူး ကိုညို၊ တကယ်ပါ။ ကြောက်တာက ယူတဲ့ကလေး တစ်ခုခု ချွတ်ယွင်းလာမှာ၊ လူစဉ်မမှီဖြစ်လာမှာပဲ။ အခုလည်း ကျွန်မ ကလေးထပ်ယူအုံးမှာပဲ။ ကြောက်သွားတာကတော့ ဓာတ်မှန်ပဲ။ တကယ်ပြောတာရှင့်၊ နောက်တစ်ခါ ကိုယ်ဝန်ရှိတယ်ထင်တုန်း ခြေကျိုးလက်ကျိုးဖြစ်ရင်တောင် ဓာတ်မှန်မရိုက်တော့ဘူး" ဟု သူက လေးလေးနက်နက် ပြောသဖြင့်. . .

□ " ဒီလောက်လည်း မကြောက်ပါနဲ့လေ။ ခင်ဗျားလည်း နောက်တစ်ခါထပ်ပြီး ဒီလိုမဖြစ်ပါဘူး" ဟု ကျွန်တော့်မှာ ပြောပြရ၏။ သူက. . .

□ " မဖြစ်သော်လည်း ဖြစ်ခဲ့သော်ပေ့ါ ကိုညို" ဟု သူက ပြောလေသည်။ သူပြောသည်မှာလည်းမှန်၏။ အကြောင်းမူ သူဆေးရုံဆင်း

ပြီး တစ်လနှစ်လခန့်နေသောအခါ အိမ်ရေချိုးခန်းတွင် ချော်လဲရာ တင်ဆုံကွင်းမျက်သွားသဖြင့် ခုတ်မှန်ရိုက်ရန် အကြောင်းပေါ်လာသောအခါ မရိုက်တော့။ မည်သို့ပြောပြော၊ မည်သူတိုက်တွန်း တိုက်တွန်း၊ မရ။

□ “တင်ဆုံကွင်းကျိုးရင် ဘာလုပ်ရမလဲ၊ ကျိုးတယ်ပဲ ထားပါ၊ လုပ်ပါ့မယ်”ဟု သူကပြောသဖြင့် သူ့အား ၆ ပတ်မျှ ဘယ်မျှမသွားစေဘဲ အိပ်ရာထဲတွင် လှဲနေခိုင်းရ၏။ သူလည်း ပြောသည့်အတိုင်း လုပ်၏။ ဘယ်မျှ မသွား။ ထမင်းပင် မစား။ ၆- ပတ်ပြည့်၍ လုံးဝ အနာပျောက်သောအခါမှ အလုပ်သွားလေသည်။ ဤသည်တောင်မှ ဆင်ဆင်ခြင်ခြင်။ သူဆင်ခြင်သည်မှာ နောက်ကိုယ်ဝန်ရှိသောအခါ ပိုဆိုး၏။ သူ့ကိုယ်သူ ပိုမွေးသလို ယုယ၏။ သူ့ကိုယ်သူ ယုယသည်ဆိုသည်ထက် သူ့ဗိုက်ကို ယုယသည်ဆိုက မှားအံ့မထင်။ ဗိုက်ကိုလည်း သူအား သားအိမ်ခြစ်ပေးသော ပါမောက္ခထံမှာ အပ်၏။ ပါမောက္ခကြီးလည်း တပြုံးပြုံး။ သူ၏ ဂရုစိုက်ကုသမှုကြောင့် နောက် ၇-လခန့်ကြာသောအခါ ဖြူဖြူဖွေးဖွေး ချစ်စရာ သမီးကလေးမွေးသောအခါ ပိုပြုံး၏။ နီနီလည်း ပြုံး၊ ကိုလွမ်းဝေလည်း ပြုံး၊ အားလုံး ဝမ်းမြောက်ဝမ်းသာ။

□ ကျွန်တော်လည်း ဝမ်းသာဝမ်းမြောက်ပါ၏။ စိတ်ထဲကသာ နီနီနှင့် ခုတ်မှန်၊ ခုတ်မှန်နှင့်နီနီအကြောင်းကို တဝဲလည်လည် စဉ်းစား၍ မဆုံး ဖြစ်နေလေသည်။ ■

❀ ❀ ❀

# ၆

# အထိမခံ

□ သူ့ကိုကြည့်လိုက်လျှင် အသက်၅၀ ကျော်အဘွားကြီးထင်ရ၏။ ချိနဲ့ပိန်ချုံး၊ မျက်တွင်းဟောက်ပက်၊ အနာစက်များဖြင့်။ အမှန်တော့သူ့ အသက်မှာ ၂၀ ခန့်သာ။ အတိအကျဆိုရလျှင် ၂၂ နှစ်သာ ရှိသေး၏။ ကျွန်တော့် အခန်းထဲသို့ သူဝင်လာသောအခါ သူ့မှာ တုန်တုန်ရင်ရင်၊ ရှက်ကိုး ရှက်ကန်း။ ဘေးကသူ့အမေ တွဲခေါ်လာ၍သာ လမ်းလျှောက်လာနိုင်သည် ထင်၏။

□ "ထိုင်ကြပါအုံး၊ ဘာဖြစ်တယ် ဆိုတာကိုလဲ ပြောပြအုံး ဒေါ်အေရီ"

□ ကျွန်တော်က ကျွန်တော့်ရှေ့တွင်ရှိသော ကုလားထိုင်များကို ထိုးပေးရင်း သူ့အမေအား နှုတ်ဆက်လိုက်ရ၏။ ဒေါ်အေရီလည်း ကျွန်တော်ပေးသော ကုလားထိုင်တစ်လုံးတွင် သူ့သမီးကို အရင်ထိုင်စေ၍ ကျန်ကုလားထိုင်တစ်လုံးတွင် ဝင်ထိုင်လိုက်ရင်း. . .

□ "ဖြစ်တာတော့ စုံနေတာပဲဆရာ၊ ပြောကိုမပြောချင်တော့ဘူး။ ဆရာမြင်တဲ့အတိုင်းပဲ"ဟု စကားဦးသမ်းလိုက်ကာ ကလေးမလေး၏ ရာဇဝင်ကို စပြောတော့၏။ သူ့အပြောအရဆိုလျှင် သူ့သမီး တိုင်နီမှာ

၉လ ရွယ် ၁၀လ သမီးမှစ၍ ရင်စေကျပ်၏။ ဖြစ်လိုက်ပျောက်လိုက်နှင့် တဖြည်းဖြည်းဆိုးလာရာ ယခုဆိုလျှင် အမြဲတမ်းလိုလို ရင်ကျပ်နေ၏။ မအေးလိုက်နှင့်၊ အေးလိုက်လျှင်ပို၍ ကျပ်၏။ မအေးသည့်အခါ ရင်ကျပ် သက်သာလာပါက အရေပြားမှာ ဖုးရောင်ယားယံလာ၏။ ပြီးလျှင် အနာစက်တွေ ဖြစ်တော့၏။ ဤသို့ဖြစ်သည်မှာ ကြက်ဥ၊ ဘဲဥ စားလျှင် ပို၍ ဆိုး၏။ သို့ဖြစ်၍ သူ့သမီးကို ယခုအခါ ဘာအသား၊ ဘာဥမျှမကျွေး။ သို့သော် နွေကျောင်းပိတ်လျှင် ပြန်၍ဖြစ်သည်သာ များ၏။ ဖြစ်လျှင် ဆရာဝန်ထံ သွားပြ၊ ဆရာဝန်က ဆေးထိုးပေးလျှင် သက်တော့ သက်သာပါ၏။ သို့သော် ရောဂါမှာ မပျောက်။ ယခုအရွယ်အထိ ရောဂါမှာ ဖြစ်လိုက်၊ ပျောက်လိုက်၊ ပေါ်လိုက်။ ယခုအခါ ဖြစ်သည်မှာ အကြာဆုံး၊ အဆိုးဆုံး၊ မန္တလေးတက္ကသိုလ်မှ အပြန် ပထမနှစ်စာမေးပွဲ ဖြေပြီး ဖြစ်၏။ ယခုကျောင်းပင် ပြန်ဖွင့်တော့မည်။ သူ့မှာ ဒီသမီးတစ်ယောက် တည်းဖြစ်၍ သမီးအတွက် အလွန်စိတ်ဆင်းရဲရသည်ဆို၏။ သူ့သမီး ရောဂါသာ ပျောက်လျှင် သူ ဘာမဆိုလုပ်မည်ဟု ဆိုလေသည်။ သူ့အပြောမှာ အမှန်ပင် ဖြစ်၏။ သူ့သမီးရောဂါအတွက် သူသည် ရန်ကုန်၊ မန္တလေး စုံအောင်ကုဖူးပြီ။ ယခု ကျွန်တော် ပြင်ဦးလွင် စစ်ဆေးရုံသို့ ရောက်လာရာ သူ့သူငယ်ချင်းမ ဒေါ်မော်လီ၏ မိတ်ဆက်ပေးချက်အရ ကျွန်တော်နှင့် သိပြီး ကျွန်တော့်ထံ ရောက်လာခြင်း ဖြစ်သည်။ ဒေါ်မော်လီမှာ ကျွန်တော်တို့ဆေးရုံ၏ သူနာပြုဆရာမအုပ်။ ကျွန်တော် ပြင်ဦးလွင်စစ်ဆေးရုံသို့ ရောက်လာသည်မှစ၍ သူပေးသော သူနာပြု ဆရာမများကို မကြိုက်လျှင် ကျွန်တော်က ချေးများတတ်၍ ခဏခဏ ငြင်းရ၊ ခံရသည်မှ စကာ ခင်သွား၏။ နောက် ကျွန်တော် အလုပ်သိပ် လုပ်မှန်း သိပြီး တစ်နှစ်လုံးလုံး ကျွန်တော့် လူနာဆောင်မှာ လူနာ တစ်ယောက်မှ မသေသည်ကို သိသောအခါ သူ့အမျိုးအဆွေ၊ မိတ်ဆွေသင်္ဂဟ

များကို ကျွန်တော့်ထံ အကုခိုင်းရာမှ ပိုမိုခင်သွား၏။ ယခု ဒေါ်မေရီတို့ လာသည်မှာလည်း သူ တိုက်တွန်းချက် အရ လာကြခြင်း ဖြစ်၏။ ကျွန်တော့်ကို ခိုင်းကောင်း၍လားမသိ၊ ဆရာမကြီးသည် ကျွန်တော့်အား “ခေတ်သစ်ဇီဝက” သဖွယ် ပြောဆို ချီးကျူးပြီး ကုမရသည် ထင်က ကျွန်တော့်ထံ သူ့အသိ ရောဂါရှင်များ ပို့လွှတ်တတ်၏။ ဒေါ်မေရီတို့ သားအမိမှာလည်း ဤအထဲမှပင်ဖြစ်သည်။

□ “အဲဒါ ဆရာပဲ ကြည့်ကုပေးပါဆရာရယ်။ သမီးရောဂါ ပျောက်ရင် မေရီ ဆရာ့ကျေးဇူးကို မမေ့ပါဘူး။ ဆရာလိုချင်တာ ရပါစေမယ်” ဟု ဒေါ်မေရီက သူ့သမီးအကြောင်း ပြောပြပြီးသောအခါ စကားဆက်၏။ “ ဆရာ့ဲ အားကိုးစရာ ရှိတော့တာ၊ မော်လီကတော့ ဆရာကုရင် ပျောက်မှာပဲ ပြောနေတာပဲ” ဟုလည်း ကျွန်တော့်ကို ပြော၏။ သူက အရိုးခံအတိုင်း ပြောခြင်းဖြစ်သော်လည်း ကျွန်တော့်မှာ မနေတတ်။ တကယ်တော့ ဘယ်သူကုကု၊ ဘယ်ရောဂါဖြစ်ဖြစ် အနာနှင့် ဆေးတည့်လျှင် ပျောက်မည်သာဖြစ်၏။ အနာသိလျှင် ဆေးရှိသည်သာ ဖြစ်၏။ အနာမသိက ဆေးမရှိ၊ မည်သူကုကု ပျောက်မည်မဟုတ်။ သို့ဖြစ်၍. . .

□ “ဟာ. . . ဒေါ်မေရီ၊ ဒီလိုလည်း မဟုတ်ပါဘူး။ ဒေါ်မေရီသမီး လေးရောဂါဇစ်မြစ်ကို အသေအချာ သိရရင် ဘယ်ဆရာဝန်ဖြစ်ဖြစ် ပျောက်အောင် ကုပေးနိုင်မှာပါ။ ကျွန်တော်ကုတိုင်း ပျောက်မယ်လို့ တော့မဟုတ်ပါဘူး။ ကျွန်တော်ကလည်း ပျောက်စေဆရာမှ မဟုတ်ဘဲ။ ဟူ၍ ပြန်ပြောပြီးလျှင် သူ့သမီးကို စမ်းသပ်ကြည့်ရ၏။

□ သူ့သမီးရောဂါကား အထူးစမ်းသပ်နေစရာမလို။ အရေပြား တွေမှာ အနာစက်များ၊ အဖုအပိမ်းများဖြင့် ပြည့်နေ၏။ နှာခေါင်းခေါင်း

ချေတတ်ခြင်း၊ နှာရည်ယိုခြင်းတို့ကြောင့် နှာခေါင်းမှာရဲနေ၏။ အဆုတ်၌ ပန်းနာရှိကြောင်း ထင်ရှားနေ၏။ အားလုံးခြုံ၍ပြောရလျှင် သူ့သမီးရောဂါမှာတစ်ခုခုနှင့် ဓာတ်မတည့်သဖြင့် ဖြစ်သောရောဂါဖြစ်၏။ ထိုမတည့်သောဓာတ်ကို မသိသရွေ့ ရောဂါကို လုံးဝပျောက်အောင် မကုနိုင်။ ရောဂါသက်သာအောင်သာ လုပ်နိုင်၏။ မှန်၏။ အရေပြားမှ အနာများကို ခေတ္တ ပျောက်သွားအောင် ဆေးလိမ်းနိုင်မည်၊ ထိုးနိုင်မည်၊ မချေအောင်၊ နှာရည်မယိုအောင် လုပ်နိုင်မည်။ ပန်းနာထလျှင် သက်သာအောင် ဆေးထိုးဆေးရှူခိုင်းနိုင်မည်။ သို့သော် ထိုမတည့်သောဓာတ်နှင့် ပြန်ထိလျှင် ရောဂါပြန်ထမည်သာ ဖြစ်၏။ သူ့သမီးမှာ ထိုဓာတ်နှင့်ပတ်သက်လျှင် အထိမခံရွေ့ပန်းကန်ပင်ဖြစ်၏။ မေရီ၏အပြောအဆိုအရဆိုလျှင် ဘဲဥ၊ ကြက်ဥ တို့မှာ သူ့သမီးအတွက် မတည့်သောဓာတ်များဖြစ်၏။ ဤနှစ်ခုတည်းကား မကနိုင်။ သို့ဖြစ်၍သာ ဘဲဥ၊ ကြက်ဥရှောင်ပါလျက် သူ့သမီးမှာ ယခုတိုင်ရောဂါမပျောက်သေးခြင်း၊ ခဏခဏပြန်ဖြစ်နေခြင်းဖြစ်၏။ ဤသည်ကို ဤသို့ ပြောပြရသည်။

☐ "ဒေါ်မေရီ သမီးရောဂါက လက္ခဏာအရဆိုရင်တော့ ပန်းနာရင်ကျပ်ရယ်၊ အရေပြား၊ အနာစက်ရယ်ဖြစ်တာပဲ။ အဲ့ဒါဖြစ်တိုင်းသင့်တော်တဲ့ ဆေးပေးရင် သက်သာသွားမှာပဲ။ ဒါပေမယ် လုံးဝပျောက်မှာ မဟုတ်ဘူး။ ဘာကြောင့်ဆိုရင် ရောဂါကဓာတ်မတည့်လို့ကိုး။ ဒီတော့ ဘာဓာတ်နဲ့ မတည့်သလဲဆိုတာရှာကြည့်မယ်။ ရှာကြည့်လို့ရရင်တော့ အဲဒီဓာတ်ကိုရှောင်၊ မရှောင်နိုင်လျှင် ဒီဓာတ်နဲ့ ပြန်တည့်အောင် လုပ်ပေးနိုင်တယ်။ အဲဒါဆိုရောဂါမရတော့ဘူး။ ဒီတော့အဲဒီမတည့်တဲ့ ဓာတ်ကိုပဲ ရှာဖို့လိုတယ်" ဟု ပြောရ၏။

☐ "ဘာလဲ ဆရာ၊ ဆရာ ဆိုလိုတာက အလာဂျီ (Allergy) လား"ဟု ဒေါ်မေရီကမေးသဖြင့် ဟုတ်ကြောင်းပြန်ပြောရ၏။

☐ " ဒါဖြင့် ဘယ်လို လုပ်ရှာပေးရမလဲဆရာ" ဟုမေးသဖြင့်ဤသို့ ပြန်ပြောရ၏။

☐ " ရိုးရိုးလူဆိုရင်တော့ မတည့်ဘူးထင်တဲ့ ဓာတ်အမျိုးမျိုးကိုသူ့ အရေးပြားပေါ်မှာ ထိုးကြည့်ရတယ်။ ထိုးပြီး ၂၄ နာရီအတွင်း အဖုအပိမ့် ထွက်မထွက်ကြည့်ရတယ်။ ထွက်ရင်ဓာတ်မတည့်လို့ပဲ။ အဲဒါမတည့်တဲ့ ဓာတ်ကိုသိတာနဲ့ ဒီဓာတ်ကိုရှောင်၊ ဒီဓာတ်ကို ယဉ်အောင်လုပ်ပေးရ တယ်။ အခုတိုင် နို့ကိစ္စမှာတော့ လောလောဆယ် သူ့ကိုယ်ပေါ်မှာ စမ်းလို့ မရဘူး။ သူကိုယ်က အနာတွေချည်း ဖြစ်နေတယ်။ စမ်းရမည့် ပစ္စည်း တွေကလည်း အများကြီး။ ဘဲဥ၊ ကြက်ဥ၊ အသားဓာတ်အမျိုးမျိုး၊ ဆေး အမျိုးမျိုး၊ စပါးပွင့်၊ ပန်းပွင့် ဖြစ်နိုင်တာ အစုံပဲ" ဟုပြောပြရ၏။

☐ " ဟင်. . . ဒီလိုဆို စမ်းလို့မရတော့ဘူးပေ့ါဆရာ"

☐ ဒေါ်မေရီက အလန့်တကြားဆို၏။

☐ " ဒီလိုလည်း မဟုတ်ပါဘူးလေ။ သူ့ကို စမ်းမရလည်း သူ့သွေး ကိုယူပြီး တခြားလူတစ်ယောက်ပေါ်မှာ စမ်းလို့ရပါတယ်"

☐ " ဒါဖြင့် ကျွန်မနဲ့ စမ်းလို့ရမလား"

☐ " မရဘူး သူနဲ့ သွေးသားမတော်မှရမယ်၊ တစိမ်းတစ်ယောက် ယောက်ခေါ်ခဲ့ပေ့ါ"ဟု ကျွန်တော့်မှာ ပြန်ပြောရသည်။ ပြီးလျှင် လောလောဆယ်စားရန် ဆေးများ ပေးလိုက်ရ၏။ ဓာတ်မှန်ရိုက်၊ သွေး စစ်ခြင်းများကိုလည်း လုပ်ကိုင်ပေးလိုက်ရသည်။

☐ " သူ့ကိုစမ်းရင် ရမလားဆရာ။ သူက တိုင်နီနဲ့ ငယ်သူငယ်ချင်း တင်မောင်ဦးတဲ့၊ မန္တလေးဆေးတက္ကသိုလ်ဒုတိယနှစ်မှာ" ဟု ဒေါ်မေရီက

နောက်တစ်ခါ လာသောအခါ သူငယ်တစ်ယောက်ကို ခေါ်လာပြီး မိတ်ဆက်ပေးသည်။ တင်မောင်ဦးမှာ ထောင်ထောင်မောင်းမောင်း၊ အသားညိုညို၊ ဆံပင် မတိုမရှည်၊ ရုပ်ဆိုးသော်လည်း သူ့အပြုံးက နှစ်လိုဖွယ်ဖြစ်၏။

- "ဘာတော် သလဲ၊ ဆွေမျိုးမတော်ရင်တော့ ရပါတယ်" ဟု ကျွန်တော်ကပြန်ပြောရ၏။

- "ဘာမှမတော်ဘူးဆရာ၊ ငယ်ငယ်က ကျောင်းနေဘက်၊ အိမ်နီးချင်း၊ အခု အကူအညီလိုတယ်ဆိုတာနဲ့ ကျွန်တော်လိုက်လာတာပါ" ဟု တင်မောင်ဦးက သွက်သွက် လက်လက် ပြန်ပြော၏။

- " အဲဒါ ကောင်းတာပေါ့။ အကူအညီကဒီလို" ဟု ကျွန်တော်က ယခင်ပြောခဲ့သည်များကို ပြန်ပြောရ၏။ ပြီးလျှင်လိုအပ်သော စမ်းသပ်မှုများကို ပြုလုပ်ရန် သူတို့ ၃ ယောက်စလုံးအား လက်တွေ့ စမ်းသပ်ခန်းသို့ ခေါ်သွားရ၏။

ရောက်လျှင် တိုင်နီ့လက်မောင်းသွေးပြန်ကြောမှ သွေးများကို ထုတ်ယူရ၏။ ထိုသွေးများကို သွေးဥနှင့် သွေးရည်ကြည် (Serum) ကို ရအောင် ခွဲထုတ်၏။ ပြီးလျှင် နောက် ၂- ရက် ၃ ရက်ကြာမှ ပြန်လာရန် ပြောရသည်။၂-ရက် ၃ ရက်ကြာသောအခါ တင်မောင်ဦးလက်မောင်း အရေပြားအပေါ်ယံတွင် ဥအကာ၊ ဥအနှစ်မှ အစ ပန်းပွင့် အမျိုးမျိုး၏ အရည်အလယ်၊ အိမ်သုံးဆေးအမျိုးမျိုး အဆုံး အားလုံးထိုးသွင်း စမ်းသပ်ကြည့်ရ၏။ တစ်ရက်နှစ်ရက်ကြာသောအခါ ဥ၊ နို့၊ ဖုံမှုန့်နှင့် အက်စ်ပရင် ခေါင်းကိုက်ပျောက်ဆေးတို့နှင့် မတည့်ကြောင်းတွေ့ရ၏။

- " ဟာ. . . တိုင်နီ၊တိုင်နီနဲ့ မတည့်တာ တွေ့ပြီ။ အဲဒါတွေရှောင်

ရမယ်၊ နောက်အဲဒါတွေ ယဉ်သွားအောင် လုပ်ပေးရမယ်” ဟု ပြောရ၏။

◘ “ ဘယ်လိုလဲဆရာ” ဟု တင်မောင်ဦးက မေးသဖြင့်. . .

◘ “မောင်ရင်က ဒုတိယနှစ်ဆေးကျောင်းသားဆိုတော့ သိပ်မသိသေးဘူး။ တတိယနှစ်လောက်ဆိုရင် သိလာလိမ့်မယ်။ ဒါက ဓာတ်မတည့်တာကြောင့်ပဲ။ ဘာကြောင့် မတည့်သလဲဆိုတာတော့ မသိဘူး၊ မျိုးရိုးလိုက်တာလည်း ဖြစ်နိုင်တယ်။ ဘာပဲဖြစ်ဖြစ်ဖြစ် တိုင်နီရဲ့ ကိုယ်ဟာ ဥတို့၊ နို့တို့နဲ့တွေ့ရင် ဓာတ်မတည့်တော့ ဓာတ်ချေဆေးဟစ်(စ်)တာမင်း (Histamine) တွေကို ထုတ်ပေးရော။ အဲဒါတွေကြောင့် အရေပြားတွေ ရောင်လာ ယားလာတယ်၊ နှာလည်းချေလာတယ်၊ နောက်တခြား ဓာတ်တွေလည်းထုတ်တော့ အဆုတ်လေပြွန်တွေ ကျဉ်းပြီး ပန်းနာဖြစ်တာပေါ့၊ ဒါကြောင့် တိုင်နီ အဲဒါတွေထိရင် အင်တီစတင်၊ ပိုလာရာမင်း၊ ဘမီတုန်းစတဲ့ အင်တီဟစ်စတာမင်း (Antihistamine) တွေပေးရင် ပိုသက်သာလာမယ်။ ရှိုးရိုးပန်းနာဆေးလည်း ပေးတော့ ရတာပေါ့လေ။ နောက်တစ်ခုက ဖုံသိပ်များရင်လည်း သတိထား။ မတည့်ဘူး၊ အက်စ်ပရင်နဲ့လဲ မတည့်ဘူး” ဟု ပြောရ၏။

◘ “ဒါပေမယ့် မတည့်တာတွေ ယဉ်သွားအောင်လည်း လုပ်လို့ရပါတယ်” ဟု ဆက်ပြောရ၏။

◘ “ဒါဖြင့် ကျွန်မရောဂါပျောက်အောင် ဆရာကုနိုင်ပြီပေါ့နော်” ဟု တစ်ချိန်လုံး ငြိမ်နေသော တိုင်နီက ဝင်ပြော၏။ သူ့မျက်နှာမှာမျှော်လင့်ချက်ဖြင့် အရောင်တောက်နေ၏။ သူ့မျှော်လင့်ချက်ကို ကျွန်တော့်မှာ မဖျက်ဆီးလို။ သို့ဖြစ်၍. . .

◘ “ဟုတ်တယ်၊ ကျွန်တော် ပျောက်အောင် ကြိုးစားကုပေးပါ့မယ်။

ဒါပေမယ့် ဒုက္ခတော့နည်းနည်းခံရမယ်။ မပျောက်ရင်လည်း သိပ်စိတ်မပျက်နဲ့နော်” ဟု ပြောရ၏။

□ “ရပါတယ် ဆရာ၊ အခုအတိုင်းနေလည်း မပျောက်မယ့်အတူ ပျောက်အောင် စမ်းကုတာက အကျိုးရှိတာပေါ့။ ပျောက်တာနဲ့ ဝဋ်ကျွတ်တာပဲ”ဟု တိုင်နီက ပြန်ပြောလေသည်။

□ “အေး. . . အေး. . . ကောင်းတယ်၊အဲဒီလိုစိတ်မျိုးရှိရင် ရောဂါပျောက်မှာပဲ၊ ကုရမှာက ဒီလိုကွာ။ မင်းအခုကစနော် ၃လအထိ ဘယ်မှ မသွားရဘူး၊ တစ်ကိုယ်လုံးလည်း လုံအောင် အဝတ်ဝတ်ထားရမယ်။ ပြီး အနာတွေရှိတဲ့ နေရာတွေမှာ ဆရာပေးတဲ့ဆေးကို အမြဲလိမ်းရမယ်။ နောက် ပထမပတ်မှာ တစ်ခါ၊ နောက်တစ်ပတ် ၂ ခါဆိုသလို ဓာတ်ယဉ်အောင် မတည့်တဲ့ ဓာတ်တွေ ထိုးသွားရမယ်”ဟု ပြန်ပြောရ၏။

□ မှန်၏။ သူနှင့်မတည့်သော ဓာတ်များနှင့်တည့်အောင် မတည့်သော ဓာတ်များဖြစ်သည့် ဥအကာ၊ နွားနို့ စသည်တို့ကို ပထမတစ်ခါ အနည်းငယ် ထိုးပေးရ၏။ ထိုဓာတ်များနှင့်အတူ ဖြေဆေးများကိုလည်း ချက်ချင်းထိုးပေးရသည်။ သူ့ဓာတ်မတည့်မှုမှာ ကြာပြီ၊ ရင့်ပြီဖြစ်၍ သူ့ခမျာ တော်တော်ခံရ၏။ အနာများပြန်ယဉ်း၊ ပန်းနာများ ပြန်ထလာ၏။ သို့သော် ၂ ပတ်၊ ၃ပတ်ကြာသောအခါ အနာများခြောက်သွား၏။ ပန်းနာလည်းမထတော့။ အရေပြားလည်း ပြန်စိုပြည်လာ၏။ အစားအသောက် ဆင်ခြင်ရသဖြင့် သူ့မှာ ပိန်သွား၏။ သို့ရာတွင် မျက်နှာမှာ အဖုအပိမ့်တွေမရှိတော့၍ ငယ်ရုပ်ပြန်ပေါ်လာသည်။ မျက်နှာမှာ ပြန်လည်ကြည်လင်လာ၏။ နောက်တစ်လနေသောအခါ အားလုံးလိုလိုကောင်းလာ၏။ အရေပြားမစို၊ နှာရည်မယို၊ ပန်းနာမထတော့။ သွားချင်ရာ သွားခွင့်ပင် ပြုသဖြင့် ကျွန်တော့်ကို ကျေးဇူးတင်နေလေသည်။

□ "ပျောက်ပြီမဟုတ်လား ဆရာ၊ ပျောက်ပြီမဟုတ်လား" ဟု တိုင်နီက ဝမ်းသာအားရပြော၏။

□ "အံ့ဩစရာပဲ၊ သိပ်ဆန်းတာပဲ"ဟု တင်မောင်ဦးကဆိုသည်။

□ "အဲ. . . အပြောမစောကြနဲ့အုံး၊ နောက်ထပ် တစ်လလောက် ဆေးဆက်ထိုးအုံး" ဟု ကျွန်တော့်မှာ ပြောရ၏။ သူတို့လည်း. . .

□ "စိတ်ချပါဆရာ"ဟု ပြန်ပြောလေသည်။ သို့သော် ဆေးမှန်မှန် လာ၍ ဆက်မထိုး။ တက္ကသိုလ်ပြန်၍ဖွင့်သဖြင့်လည်း မပေါ်လာတော့။ ပေါ်မည့် ပေါ်လာတော့. . .

□ ပေါ်လာတော့ သူ့မှာသတိမေ့မတတ်။ မျက်နှာကပြာ၊ အသက် ရှူကကျပ်၊ ရောက်စက ကျွန်တော့်မှာ ရုပ်ကိုမမှတ်မိ။ ရုပ်က ယခင်နှင့် မတူ လှုနေဝနေ၏။ ဒေါ်မော်လီက. . .

□ "တိုင်နီလေဆရာ၊ ပန်းနာချက်ချင်းပြန်ရလို့ ဆရာ့ဆီကပြေးလာ ရတာ"ဟု ပြောမှ သိရ၏။ ဒေါ်မေရီမှာ စကားပင်မပြောနိုင်။ တရှုံ့ရှုံ့ ငိုနေ၏။

□ "ဘယ်လိုဖြစ်တာလဲ ပြောပါအုံး"ဟု သူတို့ကိုမေးရင်း လူနာကို လူနာခုတင်ပေါ် အိပ်ခိုင်းရ၏။ ပြီးလျှင် ပန်းနာရပ်ရန် အင်ဒီနာလင် (Adrenaline) ကို သွေးကြောထဲသို့ ထိုးသွင်းရ၏။ ရိုးရိုးတန်းတန်းအား ဖြင့် ဤဆေးမှာ အရေပြားအောက်သာ အထိုးများ၏။ ယခုမူ ပန်းနာကျပ် လွန်း၍ ထိုးရခြင်းဖြစ်၏။ ပြီးလျှင် အင်တီဟစ်စတာမင်းတစ်ခုကိုလည်း ထိုးပေးရသည်။ အောက်ဆီဂျင် ရှူရန်လည်း လုပ်ပေးရ၏။ အားလုံး လုပ်ပြီးမှ. . .

◻ "ကဲ. . . ပြောပါအုံး။ ဘယ်လိုဖြစ်တာလဲလို့။ ကျွန်တော်ကဖြင့် ပေါ်မလာတာကြာလို့ ရောဂါပျောက်ပြီထင်တာ"ဟု ထပ်မေးရ၏။

◻ "ရောဂါပျောက်တာ ကြာပြီဆရာရဲ့။ အခုဖြစ်တာ လွန်ခဲ့တဲ့ ၃-၄ ရက်ကမှ စတာ။ ကျောင်းပိတ်လို့ ပြင်ဦးလွင် ပြန်လာတာ။ အဲဒါ အလည်လွန်ပြီး နည်းနည်းအအေးမိ၊ နှာစေး၊ ချောင်းဆိုးတာနဲ့ မောင်တင် မောင်ဦးက ပင်နင်စလင် ထိုးပေးတယ်။ ၂ ရက်တိတိ ဘာမှမဖြစ်ဘူး။ ကနေ့ ပင်နင်စလင်ထိုးပြီးမှ အခုလိုဖြစ်တာ။ အစက ပင်နင်စလင်ရှော့ (Shock) မှတ်လို့ ဖြေဆေးထိုးတာလည်း မသက်သာဘဲ အခုလို ပြန် ရင်ကျပ် လာလို့ ဆရာ့ဆီပြေးလာတာ"ဟု ဒေါ်မေရီက ငိုရင်းပြော၏။ ကျွန်တော်လည်း သူ ပြောသည်ကို ကြားရသောအခါ ဒေါပွသွား၏။ ဒေါမပွဘဲ မနေနိုင်။ ပန်းနာပျောက်အောင် ဤမျှ အပင်ပန်းခံထား ပါလျက် ယခုပြန်၍ ဖြစ်ရပြန်သည်။ အဘယ်ကြောင့် ဖြစ်ရသနည်း။

◻ "တင်မောင်ဦးကော" ဟု ကျွန်တော့်မှာ မေးရ၏။

◻ "ရှိပါတယ် ဆရာ၊ ကျွန်တော့် အပြစ်ပါ"ဟု တင်မောင်ဦးက မျက်နှာငယ်ကလေးနှင့် ပြော၏။

◻ "မင်း ပင်နင်စလင်ထိုးတာ စမ်းထိုးသလား။ ဒီအတိုင်း ဖူးဒိုးစ် (အစွမ်းပြည့်) ထိုးသလား" ဟု မေးရ၏။

◻ "ကျွန်တော် စမ်းပြီးထိုးတာပါဆရာ။ ဘာရီအက်ရှင် (တုံ့ပြန်မှု၊ ရောဂါလက္ခဏာဖြစ်မှု)မှ မလာလို့ ဆက်ထိုးတာ၊ ဘာမှ မဖြစ်ဘူးဆရာ။ ဒီနေ့မှ ဖြစ်တာ၊ ကျွန်တော် အံ့သြနေတယ်"

◻ "ဒီပြင် ဘာဆေးတွေရော ပေးသေးလဲ"

□ "ခါတိုင်း ပေးနေကျပဲ ဆရာ။ နှာစေး၊ ချောင်းဆိုးတာနဲ့ ဘာမီတုန်းရယ်၊ အေပီစီရယ် ပေးနေတာ။ ကနေ့တော့ ဘာမီတုန်းကုန်သွားလို့ အေပီစီပဲ ပေးတယ်။ အဲဒါနဲ့ ဖြစ်သွားတာပဲ" ဟု သူကပြော၏။

□ "အေး. . . အဲဒါဆိုဟုတ်ပြီ၊ မင်းအေပီစီကြောင့် ဖြစ်တာကွ။ မင်းမှတ်မိလား၊ သူနဲ့မတည့်တာ စမ်းတုန်းက အက်စ်ပရင်နဲ့ မတည့်ဘူးဆိုတာလေ" ဟု ကျွန်တော့်မှာ ပြန်ပြောရ၏။

□ "မှတ်မိတာပေါ့ ဆရာ၊ ဒါကြောင့် ကျွန်တော် အက်စ်ပရင် မပေးဘဲ အေပီစီပေးတာ"

□ "အဲဒါ ခက်တာပေါ့၊ အေပီစီထဲမှာ အက်စ်ပရင်ပါတယ်ကွ။ အက်စ်ပရင်၊ ဖီနာစတင်းနဲ့ ကိုဒင်းပါတယ်။ အက်စ်ပရင်မတည့်လို့ ခုလိုဖြစ်ရတာ။ ပထမရက်တွေတုန်းက မဖြစ်တာ ဖြေဆေးဖြစ်တဲ့ ဘာမီတုန်းပါလို့၊ ကနေ့မပါလို့။ မင်းလည်း ဆေးကျောင်းသားလုပ်ပြီး ရမ်းလုပ်တာပဲ"ဟု ကျွန်တော့်မှာ ကရုဏာဒေါသော ပြောရ၏။ ပြီးလျှင် တိုင်နီကို ဆေးရုံမှာတင်ထားရသည်။ လိုအပ်သောလိုအပ်မှုမျိုးများကိုလည်း ပြုလုပ်ရ၏။ တင်မောင်ဦးလည်း အမြဲလာ၍ ဂရုစိုက်၏။ ဆေးရုံ၌ တစ်ပတ်ခန့်နေပြီး ဘာမျှမဖြစ်တော့သဖြင့် ဆင်းခွင့်ပြုရလေသည်။

□ "အဲဒါအခုနေကောင်းသွားပေမည့် နောက်ထပ်မဖြစ်အောင် အရင်ကလို ပြန်ဆေးထိုးအုံး။ တင်မောင်ဦးကို ဆေးထိုးနည်းသင်ပေးလိုက်မယ်။ ဖြေဆေးတွေလည်း ပေးထားမယ်။ ၃-လလောက် ဆေးထိုးဆေးစား၊ တစ်ခုခုဖြစ်လာရင် ဆရာ့ကိုပြော"ဟု ပြောရ၏။ တင်မောင်ဦးအားလည်း. . .

□ "မင်းလည်း တတိယနှစ်ရောက်ပြီပဲ။ အိတ်စ်ပီရင် (Experi

ence) အတွေ့အကြုံရတာပေါ့ကွာ။ မင်းအပြစ်ပဲ။ မင်းတာဝန် ယူရမှာ ပေါ့” ဟု ပြောရ၏။

☐ “ယူပါတယ် ဆရာ၊ စိတ်ချပါ။ တိုင်နီ့ကို ကျွန်တော်လည်း သနားပါတယ်”ဟု ပြော၏။ ဒေါ်မေရီ၏ မျက်နှာမှာမူ မကြည်ဖြူသလို။

☐ မည်သို့ပင်ဖြစ်စေ၊ သူတို့ကို လိုအပ်သော ညွှန်ကြားချက်များ၊ ဆေးများပေးကာ လွှတ်လိုက်ရ၏။ အစစ ဆင်ခြင်ရန်လည်း မှာလိုက်ရ၏။ သို့ဖြင့်သူ့ထံမှ နောက်ထပ် ဘာမျှမကြားရတော့။ ကြားမည့်ကြားရတော့ ဒေါ်မော်လီထံမှ. . .

☐ တစ်ရက်တွင် ဆရာဝန်၊ ဆရာမများ လက်ဖက်ရည်ခန်းတွင် လက်ဖက်ရည်သောက်နေစဉ် ဒေါ်မော်လီက. . .

“ဆရာ၊ ဟိုကောင်မလေး ပျောက်သွားပြီ။ သူ့အမေလည်း တငိုငို တရီရီနဲ့” ဟု စကားမစပ် ဆို၏။ သူ ဘာဆိုလိုမှန်းမသိ၍. . .

“ ဘယ်ကောင်မလေးလဲ” ဟု မေးရ၏။

“တိုင်နီလေ၊ ဆရာ့ဆီလာတဲ့ ပန်းနာသည် မလေး”

☐ “အော်. . . မှတ်မိပြီ။ ဗျာ- ကောင်မလေးပျောက်သွားတာ ကောင်းတာပေါ့။ ရောဂါပျောက်တာများ ငိုရသတဲ့လားဗျာ”

“ရောဂါရော သမီးရော ပျောက်သွားလို့ဆရာရေ့။ ဆေးကုပေးတဲ့ကောင်လေးနဲ့ လိုက်သွားလို့”

☐ “ဆေးကျောင်းသားနဲ့ လိုက်သွားတာများ ငိုရသလားဗျာ။ အဆန်းပဲ” ဟု ကျွန်တော့်မှာ ပြောချလိုက်ရ၏။

"အင်း. . . ဒါကြောင့် ဆရာလူပျိုကြီးဖြစ်နေတာ။ မေရီက ဆေးကျောင်းသားနဲ့ လိုက်စေချင်တာ မဟုတ်ဘူး။ ဆရာဝန်နဲ့ လိုက်စေချင်တာတဲ့ ဆရာရဲ့။သိပြီလား ဟား. . ဟား. . ဟား"ဟုဒေါ်မော်လီက ပြောမှ ကျွန်တော့်မှာ. . .

" သိပါပြီတဲ့ဗျာ၊ သိပါပြီ။ အစကမှ မပြောကြဘဲကိုး။ ကျွန်တော်က သူ့ သမီး အထိမခံဖြစ်နေလို့ ဘာမှ မထိလိုက်တာ။ စောစောက ပြောကြရောပေါ့" ဟု ချော်လဲ ရောထိုင်လိုက် ရလေ၏။ ■

❀ ❀ ❀

# ၄

# ကြောက်စရာ ကောင်းသော လူနာ

□ လွန်ခဲ့သော သုံးလေးနှစ်ကဖြစ်၏။ ကျွန်တော့်မှာ အလုပ်သင်ဆရာဝန်အဖြစ် လုပ်ကိုင်ပြီး၍ မြို့တစ်မြို့၌လက်ထောက်ဆရာဝန် အဖြစ်လုပ်ကိုင်နေစဉ်ဖြစ်သည်။ လက်ထောက် ဆရာဝန်ဟု ဆိုသော်လည်း ထိုမြို့ကလေး၌ ဆရာဝန်မှာ ကျွန်တော်တစ်ယောက်တည်းသာရှိ၍၊ ပြည်သူ့ဆေးရုံကို ကျွန်တော်ပင် အစစအရာရာ တာဝန်ခံ လုပ်ကိုင်ရသကဲ့သို့ အပြင်လိုက်ဆေးကုခြင်းကိုလည်း ရံဖန်ရံခါ ကျွန်တော်ပင် လိုက်လုပ်ပေးရသည်။ အရေးကြီးသော လူနာများကိုသာ သက်သက်လိုက်ကြည့်ပေးရခြင်းဖြစ်၍ ပြင်ပဆေးကုခြင်း (Out- side practice) ငွေရရန်လိုက်ကုခြင်းမျိုးလုပ်သည် မဟုတ်ပေ။

□ ကျွန်တော်၏ အလုပ်မှာ နံနက် ၈နာရီ ထိုးလျှင် ဆေးရုံပြင်ပလူနာဌာနတွင် ထိုင်၍ လာသမျှ လူနာများကို စမ်းသပ်စစ်ဆေးပြီးကုသပေးရသည်။ ၁၀ နာရီခန့်တွင် ဆေးရုံကို လှည့်ကြည့်စစ်ဆေးရလျက် ၁၂ နာရီကျမှ အခန်းပြန် ထမင်းစားရ၏။ ကျွန်တော့် အခန်း၌ကျွန်တော်နှင့် တိုလီမိုလီ ကူညီလုပ်ကိုင်ပေးသော ချာတိတ်တစ်ယောက်

သာရှိ၍ ကျွန်တော်တို့မှာ လွတ်လပ်လှပေသည်။ ထမင်းစားပြီး တရေး တမောအိပ်ပြီးလျှင် ရေမိုးချိုးကာ နေ့ ၂ နာရီ၌ ဆေးရုံသို့ပြန်လာရ၏။ ရုံးအလုပ်များ၊ အသေးအဖွဲ့ခွဲစရာကလေးများ လုပ်ရင်း ညနေ ၄ နာရီကျ မှ ပြန်ရသည်။ ညနေ ၄ နာရီထိုးလျှင် အဝတ်အစားအမြန်လဲကာ တင်းနစ်ရိုက်ရ၏။ ဘာမျှ လုပ်စရာ မရှိသည့် အတူတူ တင်းနစ်ကိုတော့ မှန်မှန်ကစားရပေသည်။ တင်းနစ်မှ မကစားပါက ညနေကို မည်သို့အချိန် ကုန်ရမည် မသိပေ။ ကျွန်တော့်မှာ သူများအိမ်သို့လည်း မလည်တတ်။ ညကျတော့လည်း စာဖတ်ချင်သည့်အခါ ဖတ်၍ မဖတ်ချင်လျှင် အိပ်ပစ်ကာ အချိန်ဖြုန်းလိုက်ရပေသည်။ ကျွန်တော့်ဘဝကား တစ်ကိုယ်ရေ တစ်ကာယ အလွန် လွတ်လပ်အေးချမ်း လှသည်ဟု ဆိုရပေမည်။

☐ တစ်နေ့နံနက် အခါတိုင်းလိုပင် ဆေးရုံအပြင် လူနာဌာနခွဲလူနာ များကို တစ်ယောက်ပြီးတစ်ယောက် စမ်းသပ်နေစဉ် အသက် ၃၀ ခန့်ရှိ ဦးမည့် မိန်းမရွယ်တစ်ယောက် ကျွန်တော့် ဆေးရုံသို့ ပေါက်လာပါသည်။ မိန်းမရွယ်မှာ မွန်မွန်ရည်ရည် လှလှပပဖြစ်၍ ကျွန်တော့်အခန်းထဲသို့ဝင် လာလာချင်းပင်. . .

☐ "မိတော့ ဒေါက်တာကို အနှောင့်အရှက်ပေးရမှာ အားနာနာပဲ ဒေါက်တာရယ်" ဟု စပြောလေသည်။

☐ ကျွန်တော့်မှာ ဘာမျှမပြောတတ်သဖြင့်. . .

☐ "ကိစ္စမရှိပါဘူးဗျာ"ဟု ဆိုကာ စမ်းလက်စ လူနာပြီးအောင် ဆက်စမ်းသပ်ရ၏။ ပြီးမှ. . .

☐ "ကဲ- အစ်မကြီးကို ဘာကူညီရမလဲ ခင်ဗျာ" ဟု လာရင်း အကြောင်းကို သိရန်မေးရလေသည်။ ကျွန်တော်စမ်းသပ်ပြီးသော လူနာ

အပြင်သို့ ရောက်သည်အထိ စောင့်ပြီးမှ သူက. . .

◻ “မိ ဒေါက်တာနဲ့ နှစ်ကိုယ်ကြား ပြောချင်ပါတယ် ဒေါက်တာ။ မိ ကိစ္စက ရှက်စရာမို့ပါ”ဟု ပြောလေသည်။

◻ ကျွန်တော့်မှာ အမျိုးသမီးလူနာတိုင်း အမျိုးသား ဆရာဝန်အား ရှက်တတ်သည်ကို သိသဖြင့်. . .

◻ “ပြောသာပြောပါအစ်မကြီး။ ဘာမျှရှက်စရာ မရှိပါဘူး။ အစ်မကြီး ဖြစ်တာကိုသာ ကျွန်တော့်ပြော။ ကျွန်တော် ဘယ်သူ့ကိုမှ ပြန်ပြောမှာ မဟုတ်ဘူး”ဟု အားပေးရ၏။

◻ “အစ်မကြီး မရှက်ရအောင် ဆရာမတစ်ယောက်ကိုလည်း ခေါ်ပြီးမှ စမ်းမှာပါ” ဟုလည်း ဆက်၍ ပြောရသည်။

◻ “ကိစ္စမရှိပါဘူး ဒေါက်တာ။ ဒေါက်တာ့စကားနဲ့ပဲ မိ အားတက်လာပါပြီ။ မိဟာကလေ. . . ဟို=ဟို နေရာမှာ အနာပေါက်နေလို့ပါ”

◻ “ဟုတ်ကဲ့၊ အစ်မကြီးဖြစ်ပုံကိုသာ အားလုံးပြောပါ” ဆို၍ ကျွန်တော်လည်း သူနာပြုဆရာမတစ်ယောက်အား လှမ်းခေါ်ရသည်။ ဆရာဝန်များ မိန်းမလူနာကို စမ်းမည်ပြုတိုင်း မိန်းမသက်သေရှိရန် လိုအပ်သဖြင့် ခေါ်လိုက်ရခြင်းဖြစ်၏။ သို့မဟုတ်က မိန်းမလူနာနှင့် ဆရာဝန် အရှုပ်အရှင်း ရှိသည်ဟု စွပ်စွဲခံရတတ်ပေသည်။ စွပ်စွဲမှု၊ အထင်မှားမှုမှာ သိပ်ကြီးနေပါကလည်း ဆရာဝန်မှာ ဆေးကောင်စီ၏ စုံစမ်းအရေးယူမှုကို ခံရတတ်၍ ဖြစ်ပေ၏။

◻ သူ၏ အနာအကြောင်း ပြောပြချက်ကို နားထောင်ပြီး နောက် ဆရာမအကူအညီဖြင့် သူ့ကို ကျွန်တော် ကြည့်ရှု စမ်းသပ်ရသည်။

စမ်းသပ်၍ သိရသမျှမှာ သူ၏ အနာသည် ရိုးရိုးအနာ မဟုတ်ဘဲ ကာလသားရောဂါအနာ (Chancre) ဖြစ်နေခြင်းပင် ဖြစ်၏။ သို့ဖြစ်၍ နေ့စဉ်ဆေးလာထိုးရန်ပြောရသည်။ ဆေးရုံမှ ထိုးဆေးမတတ်နိုင်သဖြင့်လည်း သူ့ဟာသူ ဆေးကိုဝယ်စေကာ ကျွန်တော်တို့က နေ့စဉ်ထိုးပေးနိုင်ရန် စီစဉ်ရ၏။ သူ၏သွေးကိုလည်း ဖောက်ယူ၍ ကာလသားရောဂါပိုးရှိမရှိ စမ်းသပ်ရန် ခရိုင်ဆေးရုံကြီးသို့ ပို့လိုက်ရသည်။

□ "ဒေါက်တာက သိပ်ဂရုစိုက်တာပဲ။ မိတော့ ဒေါက်တာ့ကို သိပ်ကျေးဇူးတင်တာပဲ ဒေါက်တာ။ မိ ဒေါက်တာနဲ့ တွေ့ရတာ ရှေးဘဝကံပဲ ထင်ပါရဲ့"ဟု ပြန်ခါနီးသူကပြောသွားသေးသဖြင့် ကျွန်တော်ရော ဆရာမပါ ရယ်ရသေးသည်။ တော်တော် စကားတတ်သော မဟုတ္တာပေ။

□ သုံးလေးရက်မျှ ဆေးလာထိုးပြီးနောက် မိနှင့် ကျွန်တော်မှာ မျက်နှာ တန်းမိလာသည်။ မျက်နှာတန်းမိလာသည် ဆိုရာ၌ ဆေးရုံသို့ သူက နေ့တိုင်းလာနေရရာ နေ့တိုင်း ကျွန်တော်နှင့် နှုတ်ဆက်သဖြင့် ကျွန်တော်ပါ ပြန်ပြုံးရခြင်းကို ဆိုလိုပေသည်။ တစ်ခုကား ရှိ၏။ ကျွန်တော် ခပ်မှန်မှန် ဆက်ဆံသော်လည်း မိကမူ အမြဲ တရင်းတနှီး ဆက်ဆံလေသည်။ သူ့အိမ်သို့ ထမင်းစားလည်း ခေါ်တတ်၏။ သူနှင့် ရုပ်ရှင် လိုက်ကြည့်ရန်လည်း တစ်ခါတစ်ရံ ခေါ်တတ်လေသည်။ ကျွန်တော်က လူတိုင်းနှင့်မရောတတ်သဖြင့် သူ့ဖိတ်ခေါ်ချက်များကို အမြဲငြင်းနေရရာ သူကမူ စိတ်ကျေနပ်ပုံမပေါက်ချေ။

□ "မိတော့ ဒေါက်တာ့ကို သိပ်အားမရတာဘဲ။ ဒေါက်တာ့ဟာက လူပျိုသာဆိုတယ် ဘယ်မှ သွားသွားလာလာမရှိဘူး။ အိမ်မှာချည်း ကုပ်နေတာပဲ။ မိတို့နှင့်လိုက်လည်းစမ်းပါ" ဟူ၍လည်း သူက ခဏခဏပြောတတ်ပေသည်။ သူပြောသည်မှာ မှန်နေသဖြင့် ကျွန်တော့်မှာ ပြုံး၍သာ

နေရလေသည်။ ဘာမျှ ပြန်မပြောမိပေ။

□ “မိ ဆေးရုံကို ဆေးလာမထိုးချင်ဘူး ဒေါက်တာ။ ဒေါက်တာ အိမ်ကို လိုက်ထိုးပေးပါလား” ဟု ပြောတတ်၏။

□ “ကျွန်တော်အပြင် လိုက်ကုတာ (Practice) ကို မလုပ်ချင်လို့ပါ အစ်မကြီး။ ဒါကြောင့်ပါ”ဟု ကျွန်တော်က ပြန်ပြောလျှင်. . .

□ “ဒေါက်တာကို ဆေးကု (Practice) လုပ်ခိုင်းတာမှ မဟုတ်ဘဲ။ မိတို့ကိုခင်ရင် အိမ်လိုက်ဖို့ပြောတာပါ။ မခင်ရင်လဲနေပေါ့လေ” ဟု သူက အမြဲပြောလေ့ရှိပေသည်။

□ တစ်နေ့၌ သူဂျစ်ကားနှင့်တစ်ယောက်တည်း ပေါက်လာကာ. .

□ “ဒေါက်တာ၊ မိတို့အိမ် လိုက်ခဲ့ပါအုံးနော်။ မိကလေး သိပ်ဖျားနေလို့ပါဒေါက်တာရယ်”ဟု ဆိုလေသဖြင့် ကျွန်တော့်မှာ အားနာပါးနာဖြင့် သူ့အိမ်သို့လိုက်သွားရသည်။ သူ့အိမ်မှာ မြို့၏လူကုံထံရပ်ကွက်တွင် ရှိလျက် သပ်ယပ်သောဝင်းခြံ၊ လှပသော ဥယျာဉ်၊ ကားဂိုထောင်များဖြင့် တင့်တယ်နေသော တစ်ထပ်တိုက်ပုကလေးဖြစ်သည်ကို တွေ့ရသည်။ တိုက်၏ အဆင်အပြင်၊ အိမ်တွင်း အသုံးအဆောင်များ ခေတ်မီသည်ကိုလည်း တွေ့ရ၏။ သူ့ခင်ပွန်းကိုကား မတွေ့ခဲ့ရချေ။

□ “အစ်မကြီးခင်ပွန်းကော”ဟု မေးသောအခါ. . .

□ “သူကတော့ ဒေါက်တာရယ် အမြဲလျှောက်သွားနေတာပဲ။ တစ်လမှာ တစ်ပတ်တောင် အိမ်မှာ နေရတယ်မရှိဘူး”ဟု သူကပြန်ဖြေလေသည်။

□ “ဩော်. . ဩော်”ဆို၍ ကျွန်တော်လည်းထပ်မမေးတော့ချေ။

ဖျားသည်ဆိုသော ကလေးငယ်ကိုသာ စမ်းသပ်ပြီးဆေးပေးရလေသည်။ ကလေးမှာ ဘာမျှကြီးကြီးကျယ်ကျယ် ဖျားသည်မဟုတ်ဘဲ နှာစေးချောင်းဆိုးခြင်းသာ ဖြစ်ပေသည်။

- "မိတော့ ဒေါက်တာ အိမ်ကို လိုက်လာတာ သိပ်ပျော်တာပဲ။ ကျေးဇူးလည်း တင်တယ် ဒေါက်တာ။ အိမ်မှာ ထမင်းစားသွားရမယ်"ဟု သူကပြောလေသည်။

- "နေပါစေအစ်မကြီး၊ နောက်မှ လုပ်ပါ"ဟု ကျွန်တော်က ငြင်းသော်လည်း မရ။

- "မရဘူး ဒေါက်တာ၊ မရဘူး။ စားကိုစားသွားရမယ်။ မိခင်သလို ဒေါက်တာ မခင်ရင်တော့နေပေ့ါလေ"ဟု ဆိုကာ အတင်းကျွေးနေသဖြင့် ထိုညက သူတို့အိမ်မှ ထမင်းစားခဲ့ရသည်။ ထမင်းစားခန်း၌ သူနှင့် ကျွန်တော်သာရှိလျက် သူ့မျက်လုံးများ ရွှန်းလဲ့နေသည်ကို ကျွန်တော် သတိပြုမိခဲ့လေသည်။

- နောက်နေ့များ၌ ထမင်းစားလာခေါ်သော်လည်း ကျွန်တော် မလိုက်ဖြစ်ချေ။ ယောကျ်ား မရှိစဉ် မိန်းမလှတစ်ယောက်အိမ်သို့ ခဏခဏ မသွားသင့်ဟု စဉ်းစားမိသဖြင့် သူခေါ်သမျှ ကျွန်တော်မှ ငြင်းနေရသေး၏။ နောက်ဆုံးရောက်ခြင်းဆိုကလည်း မမှားပေ။ အကြောင်းမူ. . .

- ၄-၅ ရက်မျှ ကြာသောအခါ တစ်ညနေ၌ မိတို့အိမ်မှ ကားကလေး ကျွန်တော့်ရုံးခန်းသို့ ပေါက်လာသည်။ မိကား မပါ။ ဒရိုင်ဘာက. . .

- "ဆရာ-မမ နေမကောင်းလို့ပါတဲ့။ အဲဒါ ဆရာလာနိုင်ရင် လာကြည့်ပေးပါလို့ ပြောတယ်" ဟု ဆိုလာသဖြင့် လိုက်ကြည့်ပေးရသော

ကြောင့်ဖြစ်သည်။ ကျွန်တော့်မှာ ထိုနေ့နံနက်ကပင် သူ ဆေးရုံသို့ ဆေးလာထိုးသဖြင့် "ဘာများပါလိမ့်"ဟူသော အံ့ဩစိတ်ဖြင့် လိုက်သွားရခြင်းကား အမှန်ပင်။

◻ သူ့အိမ်သို့ ရောက်သောအခါ ထမင်းချက် အဒေါ်ကြီးက ကျွန်တော့်အား မိ၏ အခန်းထဲသို့ခေါ်သွားလေသည်။ နှစ်ယောက်အိပ် ခုတင်ကြီးပေါ်တွင် ပက်လက်ကလေးတွေ့ရ၏။ နေမကောင်းသည့် ပုံပေါက်သော်လည်း တစ်ကိုယ်လုံး မွှေးကြိုင်လှပနေသဖြင့် ကျွန်တော့်မှာ အံ့ဩရပြန်သည်။ သူနှင့်အခန်းထဲတွင် နှစ်ယောက်တည်းနေရန် မသင့်ဟု ယူဆသဖြင့် ကျွန်တော့်မှာ ထမင်းချက်အဒေါ်ကြီးအား တားထားပြီး. .

◻ "ကဲ- ဘယ်လိုဖြစ်ပါသလဲ အစ်မကြီး"ဟု သူ့ကို စမေးရသည်။

◻ "ဗိုက်နာလို့ ဒေါက်တာ။ ခေါင်းလည်းမူးတယ်။ မိကိုသနားပါအုံး ဒေါက်တာရယ်"ဟု သူကဆိုလေသဖြင့် ကျွန်တော့်မှာ စမ်းသပ်ကြည့်ရသည်။ ဘာရောဂါမျှ စမ်း၍မရပေ။ ကျွန်တော်စမ်းနေစဉ် သူက. . .

◻ "ဒေါ်သိန်းတင် ရေနွေးသွားကျိုပါအုံး"ဟု ဆိုကာ ထမင်းချက် အဒေါ်ကြီးအား နှင်လိုက်သဖြင့် အခန်းထဲတွင် ကျွန်တော်တို့နှစ်ယောက်တည်း ကျန်ရစ်တော့၏။ ကျွန်တော့်မှာ စိတ်မသိုးမသန့် ဖြစ်လာလေသည်။ သို့ဖြစ်၍. . .

◻ "အစ်မကြီး ဘာ ရောဂါမှတော့ စမ်းမရဘူး။ ဒါပေမယ့် ကျွန်တော် ဆေးပေးလိုက်ပါ့မယ်။ ကျွန်တော် ပြန်မယ် အစ်မကြီး" ဟု ကျွန်တော်က ပြောလိုက်ရလေသည်။ ထိုအခါ သူက. . .

◻ "ဒေါက်တာကတော့ လောပြီ။ မိကဖြင့် ဒေါက်တာနဲ့ နှစ်ယောက်တည်း နေချင်၊ စကားပြောချင်လို့ဟာပဲ။ ပြန်တော့မလို့လား။

အမလေးလေး ဗိုက်တကယ်နာတယ် ဒေါက်တာ”ဟု ပြောလေသည်။ သူ ပြောပြော မပြောပြော သူ့သဘောကို ကျွန်တော် ရိပ်မိပြီဖြစ်၏။ သူ့ သဘောနှင့် သူ့ရောဂါမှာ ကုရာနတ္ထိဆေးမရှိပါလား။ ထို့ကြောင့်. . .

□ “ကဲ-အစ်မကြီး ဘာမှ ပြောမနေနှင့်တော့။ ကျွန်တော် ပြန်မယ်။ ကျွန်တော့်ကို သူများလိုထင်ရင်တော့ မှားမှာပေါ့။ နောက် အစ်မကြီးနှင့် မဆက်ဆံကြရင်ကောင်းမှာပဲ”ဟု ဆိုကာ ထွက်လာခဲ့ရတော့သည်။ နောက်နောင် ထိုမိန်းမနှင့်မည်သို့မျှ မဆက်ဆံမိရန်လည်း စိတ်ပိုင်းဖြတ်လိုက်မိသည်။ ဆုံးဖြတ်ချက်နှင့် အညီလည်း ကျွန်တော် နေနိုင်ခဲ့လေသည်။ သူက လာခေါ်သော်လည်း ကျွန်တော် ဆင်ခြင်ခဲ့သည်။

□ ဤသို့ဖြစ်ပျက်ပြီး တစ်ပတ်မျှကြာသောအခါ ကျွန်တော့်အိမ်သို့ ဒေါ်သိန်းတင် ပေါက်လာပြန်သည်။ အချိန်မှာ ညနေခင်းဖြစ်၍ ကျွန်တော့်မှာ တင်းနစ်ရိုက်ရန် အဝတ်လဲပြီးခါစ ဖြစ်သည်။ အဘွားကြီးကိုမြင်သည်နှင့် ကျွန်တော့်မှာ သူ့ကို စိတ်ဆိုးလာသဖြင့်. . .

□ “ဘာကိစ္စလဲ အဒေါ်”ဟု ပြတ်ပြတ်တောင်းတောင်းပင် မေးလိုက်မိ၏။ ဒေါ်သိန်းတင်မှာ မျက်နှာပျက်သွား၍. . .

□ “ကျွန်မကိုတော့ အထင်မလွဲပါနှင့် ဆရာ။ ကျွန်မ သူကလွှတ်လိုက်လို့ လာရတာပါ”ဟု ပြန်ပြောလေသည်။ ပြီးမှ. . .

□ “မမက ဆရာ့ကို အိမ်လာနိုင်ရင် လာပါလို့ မှာပါတယ်ဆရာ။ သူ သိပ်နေမကောင်းလို့ပါ ပြောပါတယ်”ဟု ဆက်၏။

□ “တကယ်ပဲလားဗျာ”

□ ကျွန်တော်က မယုံသင်္ကာနှင့် မေးမိလေသည်။ ဒေါ်သိန်းတင်

သည် အတော်ကြာတွေဝေသွားပြီးမှ. . .

◻ "သိပ်တော့ မဖြစ်ဘူးထင်ပါတယ် ဆရာ။ ဒါပေမယ့်"

◻ "ဘာ ဒါပေမယ့်လဲဗျ"

◻ "မနေ့ကရော ကနေ့ရော မမနဲ့ဆရာ (သူ့ယောက်ျား) ရန်ဖြစ်ကြတယ်ဆရာ။ အဲဒါနဲ့ သူ စိတ်မကောင်း ဖြစ်တယ်။ နေမကောင်း ဖြစ်တယ် ထင်ပါတယ်။ ဆရာ (သူ့ယောက်ျား)လည်း ကနေ့ပဲ ခရီးပြန် ထွက်သွားရပါတယ်"

◻ "အေးဗျာ ပြောလိုက်ပါ။ ကျွန်တော် မလာနိုင်ဘူးလို့။ သိပ်နေမကောင်းရင်သာ ဆေးရုံကိုလာဖို့ ပြောလိုက်ပါ"ဟု ဆိုပြီး ကျွန်တော်လည်း တင်းနစ်ရိုက်ရန် ထွက်လာခဲ့ရသည်။ ရင်ထဲတွင်ကား ရှက်သည့်စိတ်၊ ခံပြင်းသည့်စိတ်၊ ဒေါ်ပွသည့် စိတ်များဖြင့် ပွတ်သိပ်နေလေ၏။ တင်းနစ်လည်း ကောင်းကောင်းရိုက်၍ မရတော့ပေ။

◻ တင်းနစ်တစ်ပွဲမျှရိုက်ပြီးနားနေကြစဉ် ကစားဖော် ကိုဝင်းလှိုင်ကျွန်တော့်ကို လက်ကုတ်ခေါ်သွားသဖြင့် သူနှင့်ကွင်းအပြင်သို့ ခဏလိုက်သွားရ၏။ ကွင်းပြင်ရောက်မှ သူက. . .

◻ "ဆရာ့ကိုကျွန်တော်က ညီလိုအစ်ကိုလို ခင်လို့ပြောရအုံးမယ်ဆရာ၊ အခုမြို့ထဲမှ ကိုတင်မြင့်နဲ့ မိမိခင်တို့ ရန်ဖြစ်ကြ၊ ကွဲကြတာ ဆရာ့ကြောင့်လို့ ပြောနေကြတယ်"

◻ "ဗျာ"

◻ ကျွန်တော့်မှာ အံ့သြသွားလေသည်။

□ "ဟုတ်တယ်၊ ဆရာကတော့ ဘာမှ မသိလို့ အံ့ဩနေမှာပဲ။ ကျွန်တော်ကလည်း ဆရာ ရိုးသားတာ၊ ဆရာ ဘာမှမသိတာမျိုး သိလို့ ပြောရတာ ဆရာ။ မိမိခင်ဆိုတာက ခပ်ပျံ့ပျံ့နှံ့တန့်တန့်ရယ်။ ကိုတင်မြင့် ကလည်း သူ့မိန်းမကို သိပ်အလိုလိုက်၊ သိပ်ချစ်သလောက် သိပ်မသင်္ကာ တယ်၊ သဝန်တိုတတ်တာ။ လွန်ခဲ့တဲ့ သုံးလေးရက်က သူပြန်လာပြီး သူ့မိန်းမနဲ့ ရန်ဖြစ်ကြ၊ စကားများကြတယ်။ စကားများကြတာကတော့ သူမရှိတုန်း မိမိခင် ဆရာ့ဆီ သွားတာတို့၊ သူ့အိမ်ကို အချိန်မတော်မှာ ဆရာ့ကိုခေါ်တာတို့က စတာပေါ့ဆရာ။ သူ့မိန်းမကိုလည်း ရောဂါမရှိဘဲ ဆရာနဲ့ပလူးဖို့ ဆေးရုံသွားတာတို့ ဘာတို့ လျှောက်စွပ်စွဲတယ် ထင်ပါရဲ့။ အဲဒါ အခုနှစ်ယောက်စလုံး ပြတ်ကြမည် လုပ်နေတယ်။ ကျွန်တော် ကတော့ ကိုတင်မြင့် မိမိခင်ကို ပြတ်နိုင်မှာ မဟုတ်မှန်းသိတော့ ဆရာ့ကို ဥပါဒ်ပေးမှာပဲ မြင်နေတယ်။ ဥပဒေအရ ဖြစ်ဖြစ်၊ ကိုယ်ထိလက်ရောက် ဖြစ်ဖြစ်ပေါ့ဆရာ။ အဲဒါစိုးရိမ်လို့ ဆရာ့ကို အခုသတိပေးရတာ၊ ပြောရ တာပဲ။ ဆရာ့မှာ အပြစ်မရှိဘူး၊ ဆရာလူကောင်းဆိုတာတော့ ကျွန်တော် သိပါတယ်"

□ ကိုဝင်းလှိုင်၏စကားကို ကြားရသောအခါ ကျွန်တော့်မှာ ကြက် သေသေသွားလေသည်။ ရှက်သည့်စိတ်၊ ဒေါသဖြစ်သည့် စိတ်၊ မခံချင် သည့် စိတ်များဖြင့် ရင်ထဲတွင် တလှပ်လှပ်ဖြစ်နေတော့၏။

□ ဆရာဝန်တစ်ယောက်အနေဖြင့် အထင်မှားခံရသောအခါ ကျွန်တော့်မှာ အကြီးအကျယ် စိတ်ထိခိုက်လာလေသည်။

□ ကျွန်တော့်ဟာ ကျွန်တော် ဘာမျှမဖြစ်မှန်း၊ အပြစ်ကင်းမှန်း သိသော်လည်း ဖြေရှင်းရန်ကား လိုလာပေ၏။ အချစ်ကြီးသလောက် သဝန်တိုတတ်၊ မယုံသင်္ကာ ဖြစ်တတ်သော ယောကျ်ားတစ်ယောက်အား

မည်သို့ ကျွန်တော်ရှင်းပြနိုင်မည်နည်း။ မည်သို့ပင် ရှိစေ၊ ကျွန်တော်၏ သိက္ခာ၊ ကျွန်တော်၏ ဆရာဝန်ဂုဏ်ကို မထိခိုက်ရန်ကား ပြုလုပ်ဖို့ ရှင်းပြဖို့ ကျွန်တော့်၌ တာဝန်ရှိလာပေ၏။

◻ ပထမဦးဆုံး လိုအပ်သည်ကား သူ့မိန်းမနှင့် ကျွန်တော့်မှာ ဆရာဝန်နှင့် လူနာဆက်ဆံခြင်းမျိုးဖြင့် တိတိကျကျ ဆက်ဆံခဲ့သည်ကို ရှင်းပြရန်ဖြစ်ပေသည်။ ထိုသို့ ဆက်ဆံခဲ့ရာ၌ ကျွန်တော့်တွင် ဆရာဝန်များ စောင့်စည်းအပ်သော သိက္ခာပုဒ် (Hippocratic Oath -) ဟစ်ပိုကရေတစ် ပဋိညာဉ်တို့နှင့် အညီ ဆက်ဆံခဲ့သည်ဆိုခြင်းကိုလည်း ရှင်းပြပေမည်။ ထိုသို့ရှင်းပြနိုင်ရန်ကား သူ့မိန်းမ၏ ရောဂါအတိအကျကို ကျွန်တော့်မှာ ပြောပြရပေလိမ့်မည်။ သူ့မိန်းမက ရောဂါကို ထုတ်ပြောပြ၍ ရှင်းပြမည်ဆိုပါကလည်း ဆရာဝန်များ ပဋိညာဉ် ဟစ်ပိုကရေးတစ် သစ္စာခံယူချက်ကို တစ်ဖန်ဖောက်ဖျက်ရာ ကျပေဦးတော့မည်။ အဘယ့်ကြောင့် ဆိုသော် ဟစ်ပိုကရေးတစ်၏ အဓိဋ္ဌာန် သစ္စာခံယူချက်၌ ဆရာဝန်များသည် လူနာ၏ ရောဂါ၊ လူနာ၏ အတွင်းရေးများကို တရားရုံး၌ တရားသူကြီးကမေးသည့်အခါမှတစ်ပါး မည်သူ့ကိုမျှ မပြောရ၊ မဖွင့်ရဟု ဆိုပါသောကြောင့်ပင် ဖြစ်သည်။

◻ သည့်ထက်ဆိုးသည့်အကြောင်းမှာ ကျွန်တော်က သူ့မိန်းမ၏ ရောဂါကို အတိအကျ ပြောလိုက်ပါမှ သူကိုယ်တိုင် များစွာဒေါသူပုန်ထသွားပြီး မဖြစ်သင့်တာတွေ ပိုဖြစ်ကုန်မှာ၊ သူ့မိန်းမကို သူကိုယ်တိုင် သတ်ပစ်မှာကို စိုးရိမ်ရခြင်းပင် ဖြစ်သည်။ အကြောင်းမူ သူ့မိန်းမ၏ ရောဂါ အနာမှာ ရှန်ကာ (Chancre) ဖြစ်၍ ထိုရောဂါမှာ သူ့ထံမှ ရခဲ့သည် မဟုတ်ဘဲ အခြား တစ်ယောက်ယောက်ထံမှ ရခဲ့သည်ဟု ကျွန်တော့်မှာ ယုံကြည်ယူဆနေမိသောကြောင့် ဖြစ်သည်။

☐ ကျွန်တော် ဘာလုပ်ရပါမည်နည်း။ ကျွန်တော်ကား ဘာမျှ မလုပ်တတ်ချေ။ ရှက်လည်း ရှက်၊ စိတ်လည်း ပျက်သဖြင့် နောက်ဆုံး ခွင့်ယူကာ ထိုမြို့ကလေးမှ ထွက်လာခဲ့ရပေ၏။ ထိုအချိန်က ခွင့်တစ်လ ရသည်ကပင် ကံကောင်းသည်ဟု ဆိုရပေတော့မည်။

"အဲဒါပါပဲကွာ မောင်ညို့ရ၊ ငါတော့ ဘာလုပ်ရမှန်း မသိဘူး။ ဘယ်လို လုပ်ရမယ်ဆိုတာ အကြံပေးစမ်းပါအုံးကွာ" ဟု တစ်နေ့က ကျွန်တော့်ထံသို့ အလည်ရောက်လာသော သူငယ်ချင်း ဆရာဝန် တစ်ယောက်က ကျွန်တော့်အား ပြောလေသည်။

☐ ကျွန်တော်လည်း သူ၏အဖြစ်ကို သေသေချာချာ ဆန်းစစ် ကြည့်ပြီးနောက် မည်သို့မျှ မပြောတတ်၊ အကြံမပေးတတ်ချေ။ သို့ဖြစ်၍. . .

"ငါလည်း မပြောတတ်ဘူးကွာ။ ငါတော့ အဲဒီလို အဖြစ်မျိုး မတွေ့ပါရစေနဲ့လို့ပဲ ဆုတောင်းရမှာပဲ။ ငါတော့ အဲဒီလို အဖြစ်မျိုး၊ လူနာမျိုးတော့ ကြောက်ပါတယ်ကွာ"ဟုသာ ပြန်ပြောရလေသည်။ ■

❀ ❀ ❀

၈

# ရင်ကိုခွဲလည်း ရဲဘော်မသေ

☐ ကျွန်တော်သည် ယခုတလော ရန်ကုန်နှင့် မန္တလေးကို အခေါက်ခေါက် ကူးနေရသည်။ ကုန်ကူးနေခြင်းကားမဟုတ်။ မန္တလေး ဆေးတက္ကသိုလ်ဒုတိယနှစ် အမ်ဘီဘီအက်စ် သင်တန်းအတွက် စာမေးပွဲ စစ်ဆေးပေးနေရသောကြောင့် ဖြစ်၏။ နှစ်တိုင်းဆိုလျှင် ဖေဖော်ဝါရီလ တွင် တစ်ခါ၊ မေလတွင် တစ်ခါနှစ်ခေါက်သွားရသည်။ ယခုနှစ် (၁၉၇၂) တွင်မူ ၄ ခေါက်ပင် သွားရ၏။ ဖေဖော်ဝါရီ၊ မေလသာမက ဂျူလိုင်နှင့် စက်တင်ဘာလပါဖြစ်၏။ နောက်တက်လာသော အတန်းမှာ ဒုတိယနှစ် တွင် တစ်နှစ်ခွဲမနေရဘဲ တစ်နှစ် ၃ လသာ နေရသဖြင့် အတန်းထပ် သွားသောကြောင့် ဖြစ်၏။ သို့ဖြစ်၍ ကျွန်တော်တို့ ဆရာ၊ ဆရာမများမှာ လည်း စာသင်ရာ၊ စာမေးပွဲစစ်ရာ၌ “ဝါထပ်ကာ” အပိုဆု ပေါက်ကြခြင်း ဖြစ်ပေသည်။

☐ ပင်ပန်းလှ ချေ၏။ ပင်ပန်းသည် မှာကား ရန်ကုန်တွင် ကျောင်းသား ၄၀၀ ကျော်ကို ၄-ရက်နှင့်အပြီး စစ်ရလျက် မန္တလေး၌ ကျောင်းသား ၁၅၀ ကို ၂ ရက်နှင့် အပြီး စစ်ရသည့်အပြင် မန္တလေးစာ မေးပွဲရက်ကို မီရန် ရန်ကုန်တွင် စာမေးပွဲပြီးပြီးချင်း ခရီးဆက်ရသော

ကြောင့် ဖြစ်၏။ အစကမူ ကျွန်တော့်မှာ ရထားဖြင့် အသွားအပြန် လုပ်ရ၏။ ယခုကား ပင်ပန်းလှသဖြင့် လေယာဉ်ပျံဖြင့် သွားရသည်။

☐ လေယာဉ်ပျံမှာ ရန်ကုန်-မင်္ဂလာဒုံလေဆိပ်မှ နံနက် ၇ နာရီတွင် ထွက်၏။ ရန်ကုန်၊ မကွေး၊ ညောင်ဦး၊ မန္တလေး လေယာဉ်ကိုစီးရရကား ကမ္ဘာလှည့်ခရီးသည်များဖြင့် ပြည့်နေလေသည်။ သို့ဖြစ်၍ လေယာဉ်ပျံပေါ်တွင် ထိုင်ခုံရှာနေစဉ် "ဆရာ. . . ဘယ်ကိုကြွမလဲ ဆရာ. . ." ဟူသော လူရွယ်တစ်ယောက်၏ နှုတ်ဆက်သံကိုကြားရသဖြင့် လှည့်ကြည့်ရာ အသားညိုညို၊ ထောင်ထောင်မောင်းမောင်း၊ မျက်လုံးမျက်ခုံး ကောင်းကောင်းနှင့် လူငယ်တစ်ယောက်က လှမ်းနှုတ်ဆက်သည်ကို တွေ့ရ၏။ သူ့မှာစတစ်ကော်လာအဖြူ တိုက်ပုံ အင်္ကျီ အနက်နှင့် အင်းလေးလုံချည် အပြာရောင်တို့ကို ဝတ်ထား၍ သားသားနားနားဖြစ်၏။ ကျွန်တော့်ကိုပြုံးကြည့်နေသော်လည်း ကျွန်တော်ကား သူမည်သူဆိုသည်ကို မသိ။ စဉ်းစား၍ ကြည့်နေရာ သူက"ဆရာ၊ ကျွန်တော့်ကို မမှတ်မိဘူးလား"ဟု ဆိုတော့မှ ကျွန်တော့်မှာ သတိရတော့၏။ ထိုအခါကျမှ "ဟာ. . . မောင်ပေသီးပါလား၊ ငါရုတ်တရက် မမှတ်မိတာ ခွင့်လွှတ်ကွာ။ မင်းက သိပ်ထွားလာ၊ ကြီးလာတော့ ဘယ်မှတ်မိမလဲ။ လူကချော လာတယ်မှတ်လား"ဟု ပြန်ပြောရ၏။ ပြီးလျှင် သူ့ဘေးရှိ ထိုင်ခုံအလွတ်တွင် ဝင်ထိုင်လိုက်ရ၏။ "ဟုတ်ကဲ့ဆရာ. . . ဆရာနှင့် ကျွန်တော်မတွေ့တာ အတော်ကြာပြီပဲ။ ဘယ်မှတ်မိနိုင်ပါ့မလဲ။ ဆရာမပြောနဲ့ ကျွန်တော်နှင့်အတူနေတဲ့လူတွေတောင် ကျွန်တော် အခုလို ပြောင်းလဲလာတာကို အံ့ဩကြတယ်"ဟု သူကပြောသဖြင့် " အေး. . . ဟုတ်တာပေါ့ကွာ၊မင်းက သိပ်ပြောင်းလဲလာတာကိုး" ဟု ပြောလိုက်ရ၏။ စိတ်ထဲမှလည်း သူနှင့် ကျွန်တော် ပထမ စတွေ့သည်မှ ယခုအချိန်အထိ သူပြောင်းလဲလာပုံများကို စဉ်းစားကြည့်နေမိလေသည်။

□ မှန်၏။ ယခုမောင်ပေသီးသည် ယခင်မောင်ပေသီးနှင့် လုံးဝ မတူ။ သူနှင့်ကျွန်တော်စတွေ့စဉ်က သူ့မှာ လူပျိုပေါက်စ ၁၄-၅ နှစ်အရွယ်သာဖြစ်၏။ ပိန်ပိန်ညှော်ညှော်၊ အသားကဖြူဖတ် ဖြူရော်နှင့် နှလုံးရောဂါကြောင့် ရှုနာရှိုက်ကုန်းကလေး။ ဤသည်မှာ လွန်ခဲ့သော ၉ နှစ်၊ ၁၀နှစ်လောက်သာ မိတ္တီလာမှာဖြစ်၏။ ယခုမူကား အသက်အစိတ် ခန့် လူရွယ်၊ အရပ် ၅ ပေ၊ ၆ လက်မခန့်၊ ရင်အုပ်ကျယ်ကျယ်၊ တောင့် တောင့် တင်းတင်း၊ အသားက ညိုတိုတို၊ စိုစိုပြည်ပြည်၊ ကျန်းကျန်းမာမာ၊ ဖျတ်ဖျတ်လတ်လတ်၊ နှလုံးရောဂါရှိသည့်လက္ခဏာတစ်ခုမျှ မရှိ။

□ "တကယ်ပဲကွာ. . မင်းကို အခုလိုတွေ့ရတာသိပ်အံ့ဩဝမ်းသာ တာပဲ။ မင်းအခုအားလုံးကောင်းပြီမဟုတ်လား။ အခုဘာလုပ်နေသလဲ၊ ဘယ်သွားမလို့လဲ"ဟု ကျွန်တော့်မှာ သိချင်သည်များကို တစ်ဆက်တည်း မေးမိတော့၏။

□ သူလည်းရယ်လျက်. . .

□ "ဟုတ်ပါတယ်ဆရာ၊ ကျွန်တော့်မိဘကအစ အားလုံးကပဲ ဒီလိုပြောကြပါတယ်။ ဒီလိုဖြစ်လာတာ ဆရာ့ကျေးဇူးကြောင့်ပါပဲဆရာ။ ဆရာနှင့်မတွေ့ရင် ကျွန်တော်သေတာကြာပြီ။ မသေလည်းလူထဲဝင်မှာ၊ လူဖြစ်ရကျိုးနပ်မှာမဟုတ်ဘူး။ အခုတော့ကျွန်တော် လူထဲဝင်ရုံမကဘူး ကောင်းကင်ကကြယ်တွေကိုတောင် ဒူးနဲ့ တိုက်ချင်ရင် တိုက်နိုင်ပါပြီ ဆရာ။ အခု ကျွန်တော် တူးရစ်ဂိုက် (ကမ္ဘာလှည့်လမ်းပြ) လုပ်နေတယ် ဆရာ။ ညောင်ဦးသွားမယ်လို့" ဟု သူက အားရပါးရပြန်ပြောလေသဖြင့် ကျွန်တော့်မှာ ကိုယ်ဟာကိုယ်ပင်မယုံ။

□ " ဟုတ်ရဲ့လားကွာ. . . ဆရာတော့ ဆရာ့ကြောင့်လို့ မထင်ဘူး။

မင်းသတ္တိရှိလွန်းလို့ပါ” ဟု ပြန်၍ ပြောလိုက်ရ၏။ ပြောရင်းလည်း သူ့ဇာတ်ကြောင်းကို ပြန်ပြောင်းစဉ်းစား ကြည့်နေမိလေသည်။

☐ မောင်ပေသီးကို လွန်ခဲ့သော ၁၁ နှစ်လောက်က မိတ္တီလာမှာ ကျွန်တော် စတွေ့ရသည်။ ထိုစဉ် သူ့ အသက်မှာ ၁၄-၅ နှစ်ခန့် ရှိသေး၏။ သူ့အဖေ ဦးအုန်းမောင်မှာ ကျွန်တော်နှင့် ကြက်တောင်ရိုက်ရင်း သိကျွမ်းရာမှ ကျွန်တော့်မှာ တပ်မတော်မှ ဆရာဝန်တစ်ဦးဖြစ်မှန်း သိ၍ သူ့သားအတွက် အကူအညီ တောင်းခံခဲ့သဖြင့် ကျွန်တော်လည်း တတ်နိုင်သမျှ ကူညီရန် သူ့ကို စမ်းသပ်ပေးရာမှ စတင်သိခဲ့ရ၏။

☐ ထိုအချိန်က သူ့မှာ စောစောက ပြောခဲ့သကဲ့သို့ ရှုနာရှိုက် ကုန်းကလေး ဖြစ်ရုံမက အသားက ဖြူဖတ်ဖြူရော်၊ နှုတ်ခမ်းနှင့် နားရွက်များက ပြာနှမ်းနှမ်း၊ သူ့မျက်နှာမှာ အမြဲအန်းနေလျက် မျက်လုံးများကလည်း ရီဝေဝေ။ သို့သော် သူသည် အားလျှော့ဟန်မပြ၊ လောကကို ဖြစ်သလို ရင်ဆိုင်မည်ဟူသော သတ္တိမျိုးမွေးထားဟန်တူ၏။ ဘဝကို စိတ်ပျက်ကြောင်း မည်သို့မျှ မပြောဆို၊ အမူအရာလည်းမပြပေ။

☐ အမှန်တော့ သူ့မှာ ကျွန်တော်နှင့်မတွေ့ခင်ကပင် ဆရာဝန် အမျိုးမျိုးနှင့် ပြသကုသခဲ့ပြီး ဖြစ်၏။ ကိုယ်လည်း ခဏခဏ ရောင်တတ်၏။ ကိုယ်ရောင်လိုက်၊ ဆေးရုံတက်လိုက်၊ သက်သာလျှင် ပြန်ဆင်း။ သို့သော် မည်သည့်အခါမှ ရောဂါလုံးဝမပျောက်။ လူလည်း အခြားကလေးများလို ပြေးလွှားမကစားနိုင်။ မိဘနှစ်ဦး၏ မျက်စိအောက်တွင် ငြိမ်ငြိမ်ဆိမ်ဆိမ်နေ၍သာ နေရရှာ၏။ ကျောင်းလည်း မတက်နိုင်၊ အိမ်တွင် အမေက သင်ပေးသမျှသာ တတ်ရှာ၏။ မတတ်သာ၊ ရောဂါမှာ မွေးရာပါနှလုံးရောဂါ ဖြစ်သဖြင့် မည်သို့မျှ ကုမရ ၊ မသေမီ သက်သာအောင်သာ လုပ်၍ ရ၏။ အမှန်အားဖြင့် ကျွန်တော့်ကို ပြသောအခါသူ့ကို

အခြားသော ဆရာဝန်များက "အလွန်ဆုံးနေရ နောင် ၄-၅ နှစ်ပဲ" ဟု မိဘများကို ပြောထားပြီးစ အချိန်ဖြစ်ပေ၏။

◻ ထိုဆရာဝန်များ ပြောသည်မှာလည်း မှန်၏။ သူ့၏ရောဂါမှာ နှလုံးမှထွက်သော အဆုတ်သွေးလွှတ်ကြောကြီးကျဉ်းသည့် မွေးရာပါ ရောဂါဖြစ်သဖြင့် အဆုတ်မှာ ကြာလေ သွေးမရလေ ဖြစ်သကဲ့သို့ နှလုံးမှာလည်း ကြာလေအလုပ်ပင်ပန်း၍ နွမ်းလေ။ သို့ဖြစ်၍ ခန္ဓာကိုယ်ရှိ အခြား အင်္ဂါအားလုံးမှာ လိုသလောက် အောက်ဆီဂျင်နှင့် သွေးကိုမရ။ မရ၍လည်း မတိုးပွား မကြီးထွားနိုင်သလို အပင်ပန်းလည်း မခံနိုင်။ ကြာသော် နှလုံးပင်ပန်း၍ နှလုံးလုပ်ငန်းကျ၍ သေပေမည်။

◻ အမှန်အားဖြင့်ဆိုပါက သူ့ရောဂါမှ အသက် ၁၀ နှစ် ၁၂ နှစ် အထိပင် ရှည်ခဲ့၏။ ယခုအထိ သူအသက်ရှည်နေခြင်းကို ကျွန်တော့်မှာ အံ့ဩ၍ မဆုံးပေ။ ကျွန်တော်တွေ့ဖူးသောသူ့လိုရောဂါရှင် ကလေးများမှာ ၄-၅-၆ နှစ်အရွယ် ရောက်သည်နှင့် သေကုန်ကြ၏။

◻ သူကား ကံကောင်းလေစွ။ မိဘများ အပြုအစု အယုအယ ကောင်း၍ ဤမျှ အသက်ရှည်သည်ဟုသာ ထောပနာ ပြုရမည်။ သို့ဖြစ်၍ သူ့ကို စမ်းသပ်ပြီးသည်နှင့် သူ့အဖေနှင့် နှစ်ယောက်ချင်း ဤသို့ ပြောရ၏။

"ကိုအုန်းမောင်ရာ မှန်တာပြောရရင် ခင်ဗျားသား အခုလို အသက်ရှင်နေတာတောင် အံ့ဩစရာကောင်းလှတယ်။ တကယ်တော့ ဒီလို မွေးရာပါ နှလုံးရောဂါမျိုးက ငယ်ငယ်ကတည်းက သေတတ်တာမျိုးဗျ။ အဲ. . အခုအတိုင်း ဆက်ထားရင်တော့ အလွန်ဆုံးခံလှ ၄-၅-၆ နှစ်ပဲ"

◻ ဤသို့ ကျွန်တော်က ပြောပြရာ ဦးအုံးမောင်လည်း မျက်စိမျက်နှာပျက်လျက်. . .

"ဒီလိုဆို ဘယ်လို လုပ်ရမလဲ ဆရာ။ အကြံပေးပါဦး" ဟု ပြော၏။

☐ ကျွန်တော်လည်း "အခုတော့ ဒီအတိုင်းပဲထားဦး။ ခွဲစိတ်ကုလို့ ရရင်တော့ ပျောက်မယ်။ နို့မဟုတ်ရင်တော့ မရဘူး။ ဒီလိုရောဂါမျိုးက စားဆေးထိုးဆေးနှင့်တော့ သက်သာရုံပဲ ရှိမယ်။ ခွဲကုမှ ရမယ်။ ခွဲကုရအောင်လဲ အခုထိ မြန်မာပြည်မှာ တတ်ကျွမ်းတဲ့ ဆရာဝန်အစုံ၊ ကိရိယာအစုံ မရှိသေးဘူး" ဟု ပြောပြရ၏။

"ဒါပေမယ့် စိတ်အားမငယ်ပါနဲ့လေ။ ကျွန်တော် တတ်နိုင်သလောက် စုံစမ်း ပေးပါမယ့်။ ခွဲကုလို့ ရပြီဆိုတာနဲ့ ကုလို့ရအောင် ကျွန်တော်ကူညီပါ့မယ်" ဟု ဆက်၍ ပြောရ၏။

☐ သူတို့လည်း " ကျေးဇူးတင်ပါတယ်ဆရာ။ ခွဲကုလို့ရရင်သာ ပြောပါ။ ကျွန်တော်တို့ရှိသမျှ ပစ္စည်းနဲ့ ငွေနှင့်ပုံအပ်ပါမယ်" ဟု ပြောကြလေသည်။

☐ ကျွန်တော်လည်း သူတို့၏ စေတနာမေတ္တာကို အသိအမှတ်ပြုလျက် သက်ဆိုင်သည့် ကုသမှု၊ အကြံဉာဏ်များကို ပေးကာ ထိုနေ့က ပြန်ခဲ့ရလေသည်။

☐ မိတ္ထီလာ၌ ကျွန်တော့်မှာ တစ်နှစ်သာ နေခဲ့ရလေသည်။ ထိုသို့နေခဲ့စဉ်အတွင်း သူတို့အိမ်သို့ ခဏခဏ ရောက်ကာ ရောက်တိုင်းလည်း မောင်ပေသီးကို ကြည့်ရှုရ ၊ အားပေးရ၏။ ကြာတော့ သူတို့အိမ်မှာ ကျွန်တော့် စားအိမ် ၊ သောက်အိမ်ဖြစ်လာလျက် မောင်ပေသီးမှာလည်း ကျွန်တော်နှင့် ခင်မင်လာလေသည်။ သို့ဖြစ်၍ သူလည်း ကျွန်တော်နှင့် ခင်ခင်မင်မင် ရင်းရင်းနှီးနှီး ပြောရဲဆိုရဲ ရှိလာရုံမျှမက သူသိချင်သော

ဆေးပညာ ဗဟုသုတများကို အမြဲမေးလေ့ရှိပေရာ ကျွန်တော့်မှာ သူ့ကို ပြော၍ပင် မဆုံးဘဲ ရှိနေလေ၏။

□ တစ်နေ့သ၌ သူသည် ကျွန်တော့်အား "ဦးလေး ကျွန်တော့်ကို မှန်မှန် ပြောစမ်းပါ။ ကျွန်တော့် ရောဂါပျောက်ဦးမှာလား" ဟု မေး၏။ ကျွန်တော်လည်း သူမမေးစဘူး အမေးထူးသဖြင့် သူ့ကို အတန်ကြာ စိုက်ကြည့်လျက် "ဘာဖြစ်လို့လဲကွာ၊ ပျောက်မှာပေါ့"ဟု အလွယ်တကူ ပြန်ပြောရ၏။ သူ ကျွန်တော်အပြောကို သဘောမတူ၊ ခေါင်းရမ်းလျက် " ဦးလေးက ကျွန်တော့်ကို စိတ်ချမ်းသာအောင် ပြောနေတာ၊ ကျွန်တော် သိသလောက်တော့ ခွဲမကုဘဲနှင့် မပျောက်နိုင်ဘူးဆို" ဟု ဆိုသဖြင့် "ဘယ်သူက ပြောသလဲ" ဟု ပြန်မေးရ၏။ သူက သူ့လက်ထဲက ရန်ကုန် ဆေးသိပ္ပံ မဂ္ဂဇင်းကို ထုတ်ပြလျက် ""ဒီထဲက ဆောင်းပါးတစ်ခုက ပြောတာပဲ" ဟုဆိုကာ ဆောင်းပါးကို ထုတ်ပြ၏။ ဆောင်းပါးမှာ နန်းဥမ္မာ ရေးသော "ဆေးပညာနှင့် မွေးရာပါ ခန္ဓာကိုယ်ချွတ်ယွင်းမှုများ" အမည် ရှိသော ဆောင်းပါးဖြစ်သဖြင့် ကျွန်တော်လည်း ဖတ်ကြည့်ရ၏။

□ ထိုဆောင်းပါးထဲ၌ မွေးရာပါ နှလုံးရောဂါများအကြောင်း တော်တော်စုံစုံပင် ရေးထားသည်ကို တွေ့ရပေသည်။ သို့ဖြစ်၍ "အေးကွာ သူရေးထားတာတွေ မှန်ပါတယ်။ မင်းလဲ အခြေအနေသိပြီပဲ။ စိတ်တော့ မပျက်နဲ့ပေါ့။ ခွဲမကုရင်တော့ မင်းလုံးဝပျောက်မှာ မဟုတ်ဘူး။ ဒီလိုနဲ့ ရေတိမ်နစ်မှာပဲ" ဟု ကျွန်တော့်မှာ မှန်ရာကို ပြောရ၏။ ဤသို့ ပြောသဖြင့် သူ့မှာ ဝမ်းနည်းသွားမည်ထင်ရာ သူကားဝမ်းနည်းဟန်၊ စိတ်ပျက်ဟန် အရိပ်အရောင် လုံးဝ မပြ။ ကျွန်တော့်ကို အားကိုးတကြီး ကြည့်ရင်း "ဒီလိုဆိုရင်လဲ ဦးလေးရာ ခွဲလို့ရအောင် လုပ်ပေးပါ" ဟုသာ တောင်းပန်ရှာ၏။ ကျွန်တော်က "ခွဲကုတိုင်းအောင်မြင်တာ မဟုတ်ဘူး

ကွာ့။ တစ်ခါတစ်လေကျ ခွဲကုမှ ပိုဆိုးတတ်တယ်။ သေတတ်တယ်၊အခု လိုနေတာမှ မင်းအသက် ရှည်သေးတယ်။ နောက်ပြီး အခုလည်း မြန်မာ ပြည်မှာ ခွဲတတ်တဲ့သူ ခွဲစရာကိရိယာ တန်ဆာပလာ မရှိပါဘူး”ဟု ပြန် ပြောရ၏။ သူက“ခွဲကုလို့သေလည်း အေးတာပဲ ဦးလေးရယ်။ ရှင်ရင်လဲ လူရာဝင်တာ၊ လူတစ်လုံး သူတစ်လုံးဖြစ်တာပေါ့။ အခုတော့ ကျွန်တော့် မှာ လူဖြစ်ပြီး လူရာမဝင် ဘယ်ကိုမှ မသွားမလာရ ၊ သူများလို ကစားလို့ သွားလို့လဲ မရ ၊ တကယ်ပါဦးလေး ကျွန်တော် ဒီဝဋ်က ကျွတ်ချင်လှပြီ။ ခွဲကုလို့ ရပြီကြားတာနဲ့ ကျွန်တော့်ကို ပြောပါနော်” ဟု ပြောသဖြင့် ကျွန်တော့်မှာ စိတ်မကောင်း။ သို့သော် သူ၏ သဘော၊ သူ၏ ဆုံးဖြတ် ချက်ကို သဘောကျသဖြင့်လည်း “အေးပါကွာ. . . မင်းခွဲကုလို့ရအောင် ငါစုံစမ်းပေးပါ့မယ်. . . ” ဟု ပြောခဲ့၊ ကတိပေးခဲ့ရလေသည်။

□ ကတိပေးခဲ့သည့်အတိုင်းလည်း ကျွန်တော်သည် ဆောင်ရွက် နိုင်ခဲ့ပါ၏။ အကြောင်းမူ မိတ္ထီလာမှ လားရှိုးသို့ တစ်နှစ်၊ လားရှိုးမှ တစ်ဖန် ရန်ကုန်သို့ ၁၉၆၄ ခုနှစ်၌ ပြန်၍ ပြောင်းရသောအခါ ကျွန်တော်သည် မင်္ဂလာဒုံရှိ တပ်မတော် စစ်ဆေးရုံကြီးမှ ခွဲစိတ်ကုဌာန၌ မွေးရာပါ နှလုံးရောဂါ အချို့ကို စမ်းသပ်ခွဲစိတ်ကုသပေးနေရာ ၃ ဦးခွဲက တစ်ဦးမျှ အောင်မြင် နေသည်ကို ဝမ်းမြောက် အံ့သြဖွယ်ရာ တွေ့မြင်ရသော ကြောင့် ဖြစ်၏။ ဤ အကြောင်းများကို ကျွန်တော့်သည် ဦးအုံးမောင်နှင့် မောင်ပေသီးတို့ထံ အားပါးတရ စာရေး ပြောလိုက်မိ၏။ သူတို့လည်း ကျွန်တော့် စာရပြီး မကြာပါချေ။ ကျွန်တော့်ထံ လိုက်လာကာ မောင်ပေသီးကို ခွဲစိတ်၍ ရမရ ပြသပေးရန် တောင်းပန်ကြလေသည်။

□ ကျွန်တော်လည်း ယခု ခွဲစိတ်နေသည်မှာ စမ်းသပ်မှုသာရှိသေး ကြောင်း၊ အသေအပျောက် များကြောင်း။ သို့ဖြစ်၍ ခွဲစိတ်မှုမှာ

ရာနှုန်းပြည့် အောင်မြင်မှ ခွဲက ပိုကောင်းကြောင်း၊ တစ်နှစ် ၂-နှစ်မျှ စောင့်ကြည့်ရန် ပြောသော်လည်း မရ။

◻ "စမ်းသပ်မှုပဲ ဖြစ်ဖြစ်၊ ဘာပဲဖြစ်ဖြစ် ကျွန်တော်တော့ ခွဲချင်တယ်"ဟု မောင်ပေသီးက လောဆော်သလို "သူက သိပ်ခွဲချင်နေတာ ဆရာရဲ့၊ ကျွန်တော်တို့ကလည်း သူ့ကို သနားလှပြီ။ ခွဲပေးဖို့သာ ကူညီပါ ဆရာရယ်"ဟု မိဘများက ဝိုင်းတောင်းပန်ကြသဖြင့် ကျွန်တော့်မှာ သူတို့အား နှလုံးစမ်းသပ်ခွဲစိတ်ကုနေသော ဗိုလ်မှူး မောင်မောင်ညွန့်ထံ ခေါ်သွားလျက် အကျိုးအကြောင်း ပြောပြ အကူအညီ တောင်းခံရလေသည်။

◻ ဗိုလ်မှူး မောင်မောင်ညွန့်လည်း ကျွန်တော် ပြောသလိုပင် ပြောပြ လေသည်။ လူနာကရော၊ လူနာရှင်ကပါ ခွဲပေးပါရန်၊ တစ်ခုခု ဖြစ်က သူတို့ တာဝန်ပါဆိုသဖြင့် သူလည်း မငြင်းသာ၊ ခွဲ၍ကုရ မရ၊ အသေးစိတ်သာ စမ်းသပ်ရရှာလေတော့သည်။ စမ်းသပ်ရင်းလည်း . . .

◻ "အသေးစိတ် စမ်းရတာက ဒီလိုဗျာ့။ အခု ကျွန်တော်ခွဲနေတဲ့ ကေ့(စ်)(ရောဂါ) တွေက နှလုံးက ထွက်တဲ့ အဆုတ်သွေးလွှတ်ကြောကျဉ်း တာတွေချည်း။ အဲဒါကို ချဲ့ပေးဖို့က နှလုံးရဲ့ လိုဏ်ခန်း (Ventricles) နှစ်ခုမှာ ဒိုးယိုပေါက် အပေါက်တစ်ခုပါမှ လုပ်လို့ရတယ်။ မပါရင် ကျွန်တော်ခွဲလို့ မရဘူး။ မပါတဲ့ဟာတွေ ခွဲတိုင်း ပျက်စီးတာချည်းပဲ။ ဒီတော့ အခုကေ့စ်မှာလည်း လိုဏ်ခန်း ၂ ခုဆက်တဲ့ အပေါက် (Interven-tricular Formen-) ပါ မပါ စမ်းကြည့်တာ၊ မပါရင်တော့ လူနာရှင်တို့က ၅၀-ရာနှုန်းတောင် ရှိတယ်လို့ မပြောနိုင်ဘူး။ အဲဒီ အပေါက်မပါရင်လည်း ကျွန်တော်တော့ သိပ်မခွဲချင်ဘူးဗျာ့"ဟု ပြောပြလေသည်။

☐ တစ်ပတ်လောက်ကြာသောအခါ သူ၏ စမ်းသပ်မှုမှာ ပြီး၏။ မောင်ပေသီး၌ လိုဏ်ခန်း ၂ ခုဆက်သည့် အပေါက်မပါ။ သို့ဖြစ်၍ ဗိုလ်မှူး မောင်မောင်ညွှန့် "မခွဲချင်ဘူး၊ မခွဲပါရစေနဲ့" ဟု တောင်းပန်လေသည်။ လူနာက မရ။ "ခွဲသာခွဲပေးပါ၊ သူကံပါ" ဟု ဆိုပြီး အတင်း တောင်းပန်၏။ သူ၏ မိဘများကား ဘာမျှမပြောတော့။ သား၏ဆန္ဒကို ကြည့်နေရသော်လည်း မခွဲသည်က ကောင်းဦးမည်ဟု ထင်နေကြလေသည်။ အကြောင်းမူ သူတို့စိတ်ထဲ၌ "ခွဲလျှင်သေမှာပဲ၊ သေမယ်လို့လည်း ဆရာဝန်ကြီးကိုယ်တိုင်က ပြောထားတာမဟုတ်ဘူးလား" ဟူ၍ ထင်နေ၊ တွက်နေမိကြသောကြောင့်တည်း။ သို့သော် မောင်ပေသီးက မလျှော့။ ယခုအခါ သူ့မှာ အသက် ၁၈ နှစ်ပြည့်ပြီးဖြစ်ရာ ခန္ဓာကိုယ်က ကြုံလှီသော်လည်း စိတ်ကမူ လူကြီးစိတ်။ "မခွဲဘဲတော့ မနေ၊ မခွဲဘဲနေက ဒုက္ခိတ ဘဝက မတက်မည့် အတူတူ ကိုယ့်ကိုယ်ကို သတ်သေတော့မည်" ဟု ဆိုသဖြင့် နောက်ဆုံး ခွဲစိတ်ပေးရန် အားလုံးက လိုက်လျောကြရလေသည်။

☐ ခွဲစိတ်မည့်နေ့၌ မောင်ပေသီးမှာ အထူးရွှင်လန်းနေလေသည်။ သူ့မှာ ခွဲစိတ်မည်ကို ကြောက်ပုံ လုံးဝမပေါ်။ သူ၏ ခွဲစိတ်မှုမှာ အောင်မြင်ရန် ရာနှုန်းလုံးဝ မရှိမှန်းသိလျက် သူ့မှာ ပူပန်မှုမရှိချေ။ ဆယ်လေးတစ်လေးပင် သူ့မှာ အသက်ရှင်ရန် အခွင့်အလမ်းမရှိပါဘဲလျက် လူနာကိုယ်တိုင်က ပျော်ရွှင်အားတက်နေတော့လည်း ဘေးကလူများ အားလုံး အားတက်ရွှင်လန်းကြရတော့၏။ ဗိုလ်မှူးမောင်မောင်ညွှန့် အပါအဝင် ခွဲစိတ်ခန်းဝန်ထမ်း အားလုံးပင် ခါတိုင်းထက်ပိုမိုရွှင်လန်း သွက်လက်နေသည်ကို ကျွန်တော့်မှာ သတိထားမိလေသည်။

☐ မည်သူ ပျော်ပျော်၊ မည်သူ သွက်သွက် မောင်ပေသီး၏

အမေကား မပျော်၊ မသွက်နိုင်ရှာ။ သူ့သားမှာ မပြန်လမ်းသို့ သွားတော့မည်အထင်ဖြင့် ပူပင်သောက ရောက်နေလေသည်။ မည်သူမျှ ဖေးမပြောဆို၍ မရ။ ခွဲစိတ်ခန်းမဝင်မီ သူ့သားကိုယ်တိုင်ပြောမှ ရလေသည်။ သူ့သားက “မေမေ့ ကျေးဇူးတွေဟာ ကျွန်တော့်အပေါ်မှာ များလှပါတယ်။ ကျွန်တော်အခု အသက် ၁၈ နှစ်အထိ ရှင်နေတာဟာ မေမေ့ မေတ္တာ၊ စေတနာနဲ့ ပြုစုယုယ မှုကြောင့်ပါ။ အခုတစ်ဖန် ခွဲစိတ် ကုခံရတာကလည်း ဆရာ မောင်မောင်ညိုနဲ့ ဗိုလ်မှူးမောင်မောင်ညွန့်တို့ရဲ့ စေတနာ၊ မေတ္တာကြောင့်။ ကျွန်တော်ဟာ တခြားသူတွေရဲ့ ကျေးဇူးကြောင့်ချည်း အသက်ရှင်လာရတော့ အခုတစ်ဖန် ပြန် ကျေးဇူးဆပ်ချင်တယ်။ အဲဒီဆန္ဒကြောင့် ကျွန်တော်အခွဲခံရတာပဲ မေမေ။ ဒီဆန္ဒကို နတ်တွေ၊ သိကြားတွေသိရင် ကြည့်နေမှာ မဟုတ်ပါဘူး၊ ကူညီမှာပါ။ ဒီတော့ မေမေ မပူပါနဲ့။ ကျွန်တော် ခွဲစိတ်မှုအောင်မြင်မှာပါ” ဟူ၍ ပြောလေသည်။ အာဂ သူငယ်ပေတည်း။

□ သူပြောသည်မှာလည်း မှန်၏။ သူ၏ ခွဲစိတ်မှုမှာ ခက်ခဲသည်။ ကြာလှသည်မှန်သော်လည်း အောင်မြင်ခဲ့၏။ ခွဲစိတ်ပြီး တစ်လမျှကြာလျှင်ပင် သူ့မှာ ထထိုင်နိုင်သည်။ ၃ လမျှကြာသော် လမ်းလျှောက်နိုင်၏။ မောဟိုက်မှု လုံးဝ မရှိတော့။ အားလုံးပင် ဝမ်းသာ၍ မဆုံးကြ။ ကျွန်တော်ကား ဝမ်းအသာဆုံး။

□ သို့သော် ခွဲပြီး မည်မျှကြာကြာ ခံမည်ဟု ကျွန်တော့်မှာ မမျှော်လင့်ရဲ ၊ မပြောရဲ။ နှလုံးခွဲစိတ်ကုသမှုသည် ခွဲပြီးသည်နှင့် အန္တရာယ်များလှသောကြောင့် ဖြစ်၏။

□ ထို့အပြင် ကျွန်တော့်မှာ သူခွဲပြီး ၄-၅ လကြာသော် အင်္ဂလန်သို့ ပညာသွားသင်ခဲ့ရ၏။ ၄ နှစ်မျှကြာခဲ့သည်။ သို့ဖြစ်၍ သူဘာဖြစ်သွား

သည်ကို မသိ။ ကြာပြီ။ ယခုကား. . .

◻ “ကဲ-ဆရာ၊ ညောင်ဦးလေဆိပ်ကို ရောက်တော့မယ်။ ဆရာနှင့် တွေ့တယ်ဆိုတာ ကျွန်တော့်မိဘတွေကို ပြောပြပါ့မယ်။ ကျွန်တော်တို့ လည်း လာတွေ့ကြပါဦးမယ်”ဟု သူကဆိုမှ ကျွန်တော့်မှာ အတွေးရေယာဉ် ကြောမှ ပြန်လာနိုင်၏။ သူပြောသည့်အတိုင်းလည်း လေယာဉ်ပျံသည် ပုဂံ၊ ညောင်ဦးလေဆိပ်သို့ ဆင်းရန် ပြင်ဆင်နေလေပြီ။

◻ “အေးကွာ. . . ခုလိုတွေ့ရတာ သိပ်ဝမ်းသာတာပဲ။ တစ်ခါ လောက်တော့ လာကြပါဦး။ ငါတော့ အံ့ဩဝမ်းသာလို့ မကုန်ပါဘူးကွာ။ တကယ်ပါ”ဟု ကျွန်တော့်မှာ ပြန်ပြောရ၏။

◻ တကယ်လည်း ကျွန်တော်သည် အံ့ဩ၍မဆုံးပါ။ အိမ်တွင်းမှ လုံးဝမထွက်နိုင်သော၊ အမြဲကြုံလှီမောပန်းသော ဘဝမှ ယခုအခါ နိုင်ငံ အနှံ့ ခရီးဆန့်လျက် ကမ္ဘာလှည့်ခရီးသည် လမ်းပြအလုပ်ကို တက်ကြွစွာ လုပ်ကိုင်လျက်ရှိသည်မှာ တကယ်ပင် အံ့ဩဖွယ်ဖြစ်လျက်ရှိလေသည်။ ကျွန်တော့်အဖို့မူ ရှေးက “ရဲသော်မသေ၊ သေသော်ငရဲမလား” ဟူသော စကားကို သူ့အတွက် “ရင်ကိုခွဲလည်း ရဲသော်မသေ ရွှေငွေမရှား”ဟုသာ ပြင်လိုက်ချင်ပေ၏။ ကြည်နူးဝမ်းမြောက်ဖွယ်ပါတကား။ ■

❀ ❀ ❀

၄

# ကံကောင်းလှပါသည်

☐ 'ကံ'ကို အလုပ်ဟု အချို့က အနက်ဖွင့်ကောင်း ဖွင့်ကြမည်။ ထိုအခါ "ကံကောင်းခြင်း"ကို အလုပ်ကြောင့်ရလာဒ်ကောင်း ခံစားရခြင်းဟု ယူဆကြသည်။ ဤ ယူဆချက်သည် လိုရင်းမရောက်ဟု ကျွန်တော်ထင်၏။ ကျွန်တော့်အတွက်မူ "ကံ" ကို "အတိအကျ မမျှော်လင့်နိုင်သည့် အကျိုး" သို့မဟုတ် "တွက်ဆ၍ မရနိုင်သည့် တိုက်ဆိုင်မှု" ဟု အဓိပ္ပာယ်ဖော်ချင်သည်။

☐ ယင်းကဲ့သို့ အတိအကျ မမျှော်လင့်နိုင်သည့် တွက်ဆမရနိုင်သော ကံတရား၏ ဆန်းကြယ်မှုများကြောင့် လူတို့အတွက် ရင်ဖိုစရာဖြစ်ရပ်ကလေးများ ဖြစ်ပေါ်လာတတ်သည်။ ဉာဏ်နှင့်ဝီရိယကို တင်းပြည့်အသုံးချသော်လည်း ကံမပါသောကြောင့် တပုံးပုံးဆုံးရှုံးရသည့် အဖြစ်များ၊ နောက်ကံတစ်ခုတည်းအားကိုး၍ ဉာဏ်နှင့်ဝီရိယမပါသောကြောင့် မအောင်မြင်ရသည့် သာဓကများကို နေ့စဉ်နှင့်အမျှ တွေ့နေရပေသည်။

☐ တစ်ခါတစ်ရံမူ ဉာဏ်လည်းမကယ်နိုင်၊ ဝီရိယလည်း ငေးမှိုင်ရသည့် ထူးခြားသည့် ဖြစ်ရပ်များ ပေါ်ပေါက်လာတတ်သည်။ ထိုအခါမျိုးတွင် ကံသာလျှင် စီရင်ချက်၊ ကံသာလျှင် ကိုးကွယ်ရာ။ ဤတွင် ကံကိုယုံ၍

ဆူးပုံမနင်းသင့်သော်လည်း ထိုမှတစ်ပါး တခြားသော ထွက်ပေါက်မရှိပြီ။ ထိုသို့သော အဖြစ်ကလေးတစ်ခုကို ကျွန်တော်တွေ့ကြုံဖူးရသည်။

◘ အဖြစ်က လွန်ခဲ့သောအပတ်က ပဲခူးရှိ ဦးလေး၏ ကျွေးမွေးညှော်ခံပွဲသို့ သွားရာမှ စခဲ့သည်။ ဦးလေး၏ အိမ်၌ သုံးလေးနှစ်ခန့်ကွဲနေသည့် သူငယ်ချင်း သန်းမြင့်နှင့် ပြန်ဆုံသောကြောင့် စကားလက်ဆုံကျကြသည်။ သူက ခြေသလုံးအိမ်တိုင်အဖြစ် မြန်မာပြည်အနှံ့အပြားလျှောက်သွားခဲ့ပြီး ယခုမူ ပဲခူးကုန်သွယ်ရေး၌ အတည်တကျ အလုပ်လုပ်နေပြီဖြစ်ကြောင်း ပြောပြသည်။

◘ "ကုန်သွယ်ရေးမှာ ဆိုတော့ ပစ္စည်းလေးဘာလေးရအောင်ကပ်ထားရဦးမှာပဲ"ဟု ကျွန်တော်က နောက်လိုက်ရသည်။

◘ "ဟဲ-ဟဲ. . . ရပါတယ်၊ မင်းသာ ဆရာဝန်ကြီးဖြစ်ပြီဆိုပြီးဆေးလက်မှတ် လာရေးခိုင်းရင် မသိချင်ယောင်ဆောင်မနေနှင့် ဟုတ်လား။ ဒါနှင့် မင်းကို သတင်းကောင်းတစ်ခု ပြောရဦးမယ်။ ငါမိန်းမရနေပြီ သူငယ်ချင်း။ သားလေးတောင် ကိုးလသားရှိပြီ။"

◘ "ဟေ. . . တယ်ဟုတ်ပါလားကွ"

◘ ဖြစ်သလိုနေ၊ ဖြစ်သလိုစားပြီး ဖြစ်သလိုလျှောက်သွားနေတတ်သည့် သူ့စရိုက်ကို သိထားသောကြောင့် သူ ယခုလို အတည်တကျဖြစ်သည်ကို ကျွန်တော့်မှာ အံ့သြသွားမိသည်။

◘ "အဲ. . . မင်းမိန်းမကော ဘယ်မှာလဲ။ ပါမလာဘူးလား. . . "

◘ "မပါလာဘူးကွ၊ ငါ့သားလေး နေမကောင်းလို့ အိမ်မှာ ထားခဲ့ရတယ်"

□ “သြော်. . . နောက်နေ့မှ မင်းအိမ်ကို လာကြည့်ရဦးမယ်။ စားသောက်စရာ ပြင်ခိုင်းထားဟုတ်လား၊ ဟဲ. . . ဟဲ။ ဒါနဲ့ သားကလေးက ဘာဖြစ်နေလို့လဲ၊ ဆရာဝန်တွေ မပြောဘူးလား”

□ “ပြောပါတယ်။ ချာတိတ်က အစာစားရင် ပြန်အန်ထုတ်တယ်။ အဖတ်ဆို ဘာမှကျွေးလို့မရဘူး။ ဒါကြောင့် မွေးခါစကလို ဝဝကစ်ကစ်လေး မဟုတ်တော့ဘဲ ဗိုက်ပူနံကားလေး ဖြစ်နေတော့တာပဲ။ ပြီး ချူချာတာ လွန်လို့။ ဆရာဝန်တွေက အစာအိမ်ထွက်ပေါက်ကျဉ်း နေတယ်လို့ ပြောတာပဲ။ ခွဲယူရမယ်တဲ့။ အဲဒါ ခွဲရကောင်းမလားလို့ ငါစဉ်းစားနေတာပဲကွာ”

□ သူ၏ အဆိုအရမူ သူ့ကလေးတွင် ပိုင်လောရစ်စတီနိုးစစ် (Pyloric Stenosis -) ခေါ် အစာအိမ်ထွက်ပေါက် ကျဉ်းနေသည့် ရောဂါရှိဟန်တူသည်။ တကယ် ဤရောဂါ ရှိနေခဲ့သော် ခွဲကုရန်မှ တစ်ပါး အခြားသော ကုထုံးမရှိချေ။ ကလေးအရွယ်၌ မခွဲလျှင်လည်းကြီးလာသော် ခွဲရမည်သာ။ ထို့ကြောင့် ကျွန်တော်က. . .

□ “ဆရာဝန်တွေ ပြောတဲ့အတိုင်း အဲဒီ ရောဂါရနေရင်တော့ ကလေးအရွယ်မှာပဲ ခွဲကုလိုက်ဖို့ ငါတိုက်တွန်းချင်တယ် သူငယ်ချင်း။ ခေတ်မီတဲ့ ကိရိယာတွေနဲ့ တိုးတက်နေတဲ့ခေတ်ကြီးမှာ ဗိုက်ခွဲတာဟာ ဘာမှ အန္တရာယ်မဖြစ်နိုင်ပါဘူး”

□ ကျွန်တော်နှင့် သန်းမြင့်တို့ စကားကောင်းနေစဉ် ဧည့်ခံမဏ္ဍပ်ထဲတွင် ဧည့်သည်များပင် တော်တော်စုံညီလာသည်။ တွေ့သမျှဆွေမျိုးများနှင့် အသိမိတ်ဆွေများကို ကျွန်တော်က ဒိုင်ခံ၍ နှုတ်ဆက်နေရသည်။ ထိုအခိုက် ကျွန်တော့်နောက်မှ ကျွန်တော် ကျက်မိနေသည့်အသံတစ်သံ ထွက်လာသည်။

□ "ဟော. . . ကိုလေး၊ ကြည့်၊ သူများကိုတောင် နှုတ်မဆက်ဘူး။ ဟိုဘက်လှည့်နေတယ်"

□ ဗေဒင်မေးစရာမလို၊ မိရွှေတူးမှန်း ကျွန်တော် တစ်ချက်တည်း သိလိုက်သည်။ သူက ကျွန်တော်တို့မိသားစု ရန်ကုန်မပြောင်းခင် ပဲခူး၌ အိမ်နီးချင်းလည်းဟုတ်၊ ငယ် သူငယ်ချင်းလည်းဟုတ်၊ မောင်နှမ မရှိသည့် ကျွန်တော့်အတွက် နှမဆိုလည်း ဟုတ်သည်။ ယခု သတ္တဗေဒ စတုတ္ထနှစ် ကျောင်းသူဖြစ်ပြီး ကျောင်းပိတ်သောကြောင့် ပဲခူးအပြန် ဦးလေး၏ မွေးနေ့ နှင့် အသင့်လာဆုံဟန်တူ၏။

□ "ဟာ. . . မိတူး၊ ဒီတစ်ခါတော့ တယ်နောက်ကျတာကိုး။ ဟိုမှာ ဆေးဖို့ပန်းကန်တွေပဲ ကျန်တော့တယ်"ဟု ကျွန်တော်က စလိုက်ရသည်။ မိတူးကပြုံးလျက် ကျွန်တော်တို့ဝိုင်းတွင် ဝင်ထိုင်၏။ မကြာခင်လာချပေးသည့် အုန်းနို့ခေါက်ဆွဲစားရင်း စကားဖောင်ဖွဲ့ကြသည်။ ဧည့်ခံမဏ္ဍပ်တစ်ခုလုံးလည်း စကားသံ၊ ဇွန်းသံ၊ ပန်းကန်သံ၊ သီချင်းသံ၊ ကလေးငိုသံများနှင့် စည်ကားလျက်ရှိနေတော့သည်။ အုန်းနို့ခေါက်ဆွဲ စားပြီးသော် ရေခဲမုန့်လာချပေးသည်။ ရေခဲမုန့်လာချပေးရင်း မိတူးက ကျွန်တော့်ကို မေးလှာ၏။

□ "ကိုလေးယခုလို ဆရာဝန်ဖြစ်ပြီးမှ ကျောင်းမှာပဲ ဆရာပြန်လုပ်နေတာ မပျင်းဘူးလား"

□ "မပျင်းပါဘူး။ အခုလို သင်ပြရမယ့် ဆရာတွေ မရှိရင် ဆရာဝန် တွေလည်း ဘယ်ထွက်လာနိုင်ပါ့မလဲ။ ဒါပေမယ့် ငါက စိတ်ဝင်စားစရာ ကောင်းတဲ့ ပညာရပ်တစ်ခုကို ထပ်လေ့လာနေတယ်"

□ "ဘာပညာရပ်လဲ"

□ "မျိုးရိုးပညာလေ"

□ မိတူးက မျက်နှာကိုရှုံ့လိုက်ပြီး ပခုံးကို တွန့်လိုက်၏။ ပြီးမှ. . . "ဘာတဲ့၊ မျိုးရိုးပညာ ဟုတ်လား၊ ကလေးတွေနဲ့ မိဘတွေ တူ မတူလိုက် လေ့လာတဲ့ ပညာမဟုတ်လား။ ကိုလေးက အလုပ်မရှိ အလုပ်ရှာ လုပ်နေ တာပဲကိုး။ တော်တော်ရယ်စရာ ကောင်းတယ်၊ ဟီ-ဟီ"ဟု ကျွန်တော့်ကို လှောင်လေသည်။

□ သူ့ကို ကျွန်တော် ဖွေယူ၍မရ။ ထို့ကြောင့် လူနာတစ်ဦးကိုရှင်းပြ သကဲ့သို့ သူ့ကို တစ်လုံးချင်း ဖြည်းညင်းစွာ ရှင်းပြရသည်။

□ "ဟုတ်တယ်. . . မိတူး။ မျိုးရိုးပညာဆိုတာ မိဘဘိုးဘွားတွေနှင့် သားသမီး ဆွေမျိုးတွေမှာရှိတဲ့ လက္ခဏာတွေ တူညီမှုရှိ မရှိ လေ့လာတဲ့ ပညာရပ် တစ်ခုပဲ။ ပေါ့ပျက်ပျက် ရယ်စရာ ပညာရပ် တစ်ခုတော့ မဟုတ်ဘူး။ လေးနက်ပြီး စိတ်ဝင်စားစရာကောင်းတဲ့ ပညာရပ်တစ်ခုပဲ။ မိတူးလည်း ကြားဖူးမှာပေါ့၊ မျိုးရိုးလိုက်တတ်တဲ့ရောဂါတွေအကြောင်း လေ။ ဆီးချိုရောဂါတို့၊ သွေးတိုး ရောဂါတို့၊ နှလုံး ရောဂါတို့၊ ကင်ဆာ ရောဂါတို့ ဆိုတာကို။ ဒီရောဂါတွေအကြောင်း သိရင် လေ့လာလို့ကို မကုန်နိုင်ဘူး"

□ ကျွန်တော်က စကားကိုရပ်ပြီး သူ့ကို အကဲခတ်ကြည့်လိုက် သည်။ သူက သံသယမကင်းသည့် မျက်လုံးများနှင့် ကျွန်တော့်ကို မဝံ့မရဲ ကြည့်နေသည်။ တစ်ချိန်လုံး စကားမပြောဘဲ အစားသာ ဖိစားနေသည့် သန်းမြင့်ကမူ "ရောဂါ"ဟူသည့် အသံကြားကတည်းက ခေါင်းထောင် လာပြီး ကျွန်တော့်ကို စိတ်ဝင်စားသည့် မျက်လုံးများနှင့် ကြည့်နေသည်။

□ "နောက်ပြီး မိတူးသာ ဟေမိုဖီးလီးယား (Haemophilia) ဆို

တဲ့ ရောဂါလေးအကြောင်းကြားရင်တကယ်စိတ်ဝင်စားသွားမှာ။ ဒီရောဂါကလည်း မျိုးရိုးလိုက်တယ်လေ။ ပြီး သူ့မျိုးရိုး လိုက်ပုံကလဲ သိမ်မွေ့ဆန်းကြယ်တယ်”

□ “မြန်မာလို ပြောစမ်းပါကွ။ ဘာဖီးလီးယား ရောဂါ” ဟု သန်းမြင့်က စိတ်မရှည်သည့် အသံနှင့်ဝင်၍ ကျွန်တော့်ကို ဟောက်လိုက်လေသည်။

□ “မြန်မာလိုတော့ မဖြစ်လောက်တဲ့ ဒဏ်ရာလေးနဲ့ သွေးအထွက်မရပ်တော့ဘဲ အသက်ပါဆုံးရှုံးနိုင်တဲ့၊ သွေးမတိတ်တဲ့ရောဂါလို့ခေါ်တယ်။ ဒီရောဂါကို ၁၈၀၀-ခုနှစ်ပတ်ဝန်းကျင်က အင်္ဂလန်ပြည့်ရှင် ဝိတိုရိယား ဘုရင်မကြီးဆီကမှ စပြီးသတိထားမိကြတာပဲ။ မင်းမျိုးနွယ်တဲ့ ရောဂါပေါ့”

□ ခုနက ပြောင်ချော်ချော်ဖြစ်နေသည့် မိတူး၏မျက်နှာကလေးသည် လေးနက်သည့်အသွင်သို့ ပြောင်းလာသည်။ လှပသည့် သူ့မျက်လုံးများကလည်း အရည်ကြည်လဲ့ကာ တောက်ပြောင် လာကြသည်။ ထို့ကြောင့် ကျွန်တော်က စကားကိုဆက်လိုက်ရပြန်သည်။

□ “ဘုရင်မကြီးဟာ မင်းသား အဲလ်ဘတ်နဲ့ လက်ဆက်ပြီး သားတော်လေးပါးနဲ့ သမီးတော်လေးပါး ထွန်းကားတယ်။ သားတော်လေးပါးအနက် သားတော် လီယိုပို (Leopold) ဟာ ဒီရောဂါကို ခံစားရတယ်။ သမီးတော်တွေကတော့ အကောင်းပကတိပဲ။ ဒါပေမယ့် သမီးတော်အဲလစ် (Alice) နဲ့ ဘီထရိုက် (Beatrice) တို့က ထပ်မွေးလာတဲ့ သားတော်ခြောက်ပါးအနက် သုံးပါးက ဒီရောဂါကို ရနေပြန်ရော။ သူတို့ရဲ့ သမီးတော်တွေတော့လည်း ဒီရောဂါ မရှိကြပြန်ဘူး။ နောက်လည်း အဲဒီသမီးတော်တွေကနေ မွေးလာတဲ့ သားတော်ငါးပါးဟာ

ဒီရောဂါကို ခံစားရတာကို ထပ်တွေ့ရတယ်။ ကဲ. . . ရောဂါမျိုးရိုးလိုက်ပုံ ဘယ်လောက် ပဟေဠိပုစ္ဆာ ဆန်သလဲ။ သမီးတော်တွေ အားလုံး ရောဂါကင်းပြီး သားတော်တွေ တစ်ဝက်နီးပါးဟာ ရောဂါရကြတယ်”

□ “ဒါဖြင့် အခု အင်္ဂလန်ပြည့်ရှင် အဲလီဇဘက် ဘုရင်မကြီးမှာ ဒီရောဂါမျိုးဆက်ရှိနေသေးတာပေါ့”

□ မိတူးက စိတ်ဝင်စားစွာ စစ်မေးလိုက်သောကြောင့် ကျွန်တော့်မှာအထူးကျေနပ်သွားမိသည်။

□ “ဟင့်အင်း. . . မရှိဘူး။ သူတို့က ဝိတိုရီးယား ဘုရင်မကြီးရဲ့ သားတော် အက်ဒဝပ်ခုနစ် (Edward VII) ကနေ ဆင်းသက်ကြတာကိုး။ မင်းသားအက်ဒဝပ်ဆီမှာ ဒီရောဂါမရှိဘူး။ ဒါ့ကြောင့် အဲလီဇဘက် ဘုရင်မကြီးမှာ ရောဂါမျိုးဆက် ပျောက်သွားတာပေါ့။ ဒါပေမယ့် ဆွေတော်မျိုးတော်တွေဆီမှာတော့ ကျန်နေဦးမှာပဲ”

“ကိုလေး ရောဂါက မင်းမျိုးမင်းနွယ်တွေမှာမှ ဖြစ်တာလား”

□ ကလေးဆန်သည့် မိတူး အမေးကြောင့် ကျွန်တော်ကပြုံးပြလိုက်ရသည်။

□ “အေး. . . အရင်က လူတွေကလဲ အဲဒီလိုပဲထင် ခဲ့ကြတာပဲ။ နောက်တော့ ဘယ်ဟုတ်မလဲ၊ မင်းမျိုးမင်းနွယ်တွေသာမက လူတန်းစားအမျိုးမျိုးမှာ ဖြစ်နေတာကို သတိထားကြည့်တော့ တွေ့လာတာပေါ့။ ရောဂါကို ခံစားရသူတိုင်းဟာ ယောကျ်ားတွေချည်း ဖြစ်ပြီး မိန်းမရောဂါသည်ဆိုလို့ မရှိသလောက်ရှားတာဟာ ဒီရောဂါရဲ့ သိမ်မွေ့ဆန်းကြယ်မှုပဲ။ ကဲ. . . ဘယ့်နှယ်လဲ၊ ဘာလို့ဒီလိုဖြစ်ရတယ်ဆိုတာကို မိတူးဖြေနိုင်ပါ့မလား”

□ မိတူးက မျက်လုံးကလေးများထောင့်ကပ်၍ စဉ်းစားနေသည်။ ညှော့ခံမဏ္ဍပ်တွင်း၌လည်း ညှော့သည်များတဖြည်းဖြည်းကျဲသွားကြသည်ကိုယခုမှ သတိထားမိတော့သည်။ ထိုအခိုက် မိတူး၏သူငယ်ချင်းများက အိမ်ပြန်ရန်လာခေါ်ကြသောကြောင့် သူကပြုံးလျက်. . .

□ "မိတူး မပြေနိုင်သေးဘူး။ အိမ်မှာ စဉ်းစားလိုက်ဦးမယ်၊ သွားမယ်နော် ကိုလေး။ အိမ်လည်းလာပါအုံး။ ကိုသန်းမြင့်သွားအုံးမယ်နော်" ဟု နှုတ်ဆက်ကာ သွက်လက်စွာထသွားလေသည်။

□ "မင်းရောဂါက တော်တော်ဆန်းသားကွာ။ ဒီအတိုင်းဆိုမိန်းမဖြစ်ရတာမှ ခပ်ကောင်းကောင်း။ ယောကျ်ားဆို ဒီရောဂါရချင်ရဦးမှာ" ဟု သန်းမြင့်ကညည်းလေသည်။ အတန်ကြာသော် သူလည်း နှုတ်ဆက်ပြီး ထပြန်သွားလေ၏။

□ ထိုနေ့ည ဦးလေး၏အိမ်၌ပင် ကျွန်တော်အိပ်သည်။ နံနက်၌ အိပ်ရာထနောက်ကျသည်။ ကော်ဖီပူပူကို မှုတ်သောက်ရင်း အိမ်ရှေ့ဝရံတာ၌ သတင်းစာကို ဇိမ်ခံဖတ်ရန် ပက်လက်ကုလားထိုင်၌ ထိုင်မိသော် အိမ်ထဲသို့ဝင်လာသည့် သန်းမြင့်ကို မမျှော်လင့်ဘဲ တွေ့ရသောကြောင့် "ဟေ့ကောင်ကြီး၊ စောစောစီးစီး ဘယ်သွားမလို့တုန်း" ဟု လှမ်းနှုတ်ဆက်လိုက်ရ၏။

□ "မင်းဆီကိုလာတာပဲ သူငယ်ချင်း။ သိလေလေ ခက်လေလေဆိုတာ တယ်မှန်တာကိုးကွ"

□ သူက ထုံးစံအတိုင်း ညည်းညည်းညူညူနှင့် ကျွန်တော့်ဘေးရှိ ထိုင်ခုံ၌ဝင်ထိုင်ရင်း ပြောလေသည်။

□ "လင်းစမ်းပါအုံး။ မင်းဟာက အရင်းမရှိ အဖျားမရှိ"

□ ထိုအခါ သန်းမြင့်က မနေ့ညကအိမ်ပြန်ရောက်သွားသော် သူ့မိန်းမအား ဟေမိုဖီးလီးယားရောဂါအကြောင်း ပြန်ဖောက်သည်ချမိကြောင်း၊ ထိုအခါမှ သူ့ဦးလေးတစ်ယောက် ဆိုက်ကားတိုက်၍ လက်ကျိုးသွားရာမှ သွေးမတိတ်ဘဲ ဆေးရုံအတင်တွင် သေသွားခဲ့သည်ကို ပြောပြကြောင်းပြောလေသည်။

□ "ဟ. . . မင်းက တော်တော်စိုးရိမ်တတ်တာကိုးကွ။ မင်းမိန်းမဦးလေးဆီမှာ ရောဂါရှိလို့ ပူစရာမလိုပါဘူး။ သူ့အဖေဆီမှာ မရှိဘူးဆိုရင်ပြီးတာပဲ။ အခု အင်္ဂလန်ပြည်က အဲလီးဇဘက် ဘုရင်မကြီးလိုပေါ့။ ဘာမှကြောက်စရာ မရှိဘူး သူငယ်ချင်း"

□ ကျွန်တော်က သူ့ကိုအားပေးရသည်။ သူက ကျေနပ်သည့်အမူအရာနှင့် ကျွန်တော့်ကိုကြည့်ပြီး. . .

□ "မဟုတ်ဘူးကွ။ သူ့အဖေလည်း ပြီးခဲ့တဲ့ လတုန်းက အံသွားပိုးစားလို့ သွားနုတ်တာ သွေးအထွက်မရပ်လို့ ဆေးရုံမှာ သွေးသွင်းရတဲ့အထိ ဖြစ်သေးတယ်ကွ။ ဒါကြောင့် ငါမင်းဆီလာမေးတာ။ ငါ့သားလေးများ ဟေမိုဖီးလီးယား ပါမလားလို့"

□ "ဟေ. . ."

□ ပြောပြောဆိုဆို ကျွန်တော့်မှာ မျက်မှောင်ကြုတ်လိုက်ရသည်။

□ သူပြောသည့်အတိုင်းဆိုက သူ့မိန်းမ၌ ဟေမိုဖီးလီးယားရောဂါမျိုးဆက်ပါနေနိုင်သည်။ သူအစိုးရိမ်လွန်က လွန်နိုင်ပေ၏။ ထို့ကြောင့် ကျွန်တော့်မှာ ညက မိတူးကိုမပေးလိုက်သည့် အဖြေကို သန်းမြင့်အား

ပေးရန်လိုလာပြီဟု အလိုလိုနားလည်လိုက်ပါ၏။ သို့ဖြစ်၍ ယင်းရောဂါ အကြောင်းကို သူ့အားပြောပြရပြန်လေ၏။

◻ "ဒီမှာ သူငယ်ချင်း၊ မင်းရဲ့စိုးရိမ်တာတွေကို အသာဖယ်ထားပြီး ငါပြောတာကို အရင်နားထောင်ဦး။ ပထမဆုံး ဒီရောဂါရဲ့ မျိုးရိုးလိုက်ပုံကို မင်းနည်းနည်း သိထားဖို့လိုတယ်။ ဒီရောဂါက မိဘတွေရဲ့ မျိုးစေ့၊ အဲ. . . အမေ့ဆီက အမဥနဲ့ အဖေ့ဆီက သုတ်ပိုးပေါ့ကွာ။ အဲဒီမျိုးစေ့တွေမှာ ရှိတဲ့ အိတ်စ်ခရိုမိုဆုမ်း (X-Chromosome -) ခေါ်တဲ့ အမလိင်ဗီဇ အပေါ်မှီပြီး မျိုးဆက်လိုက်တာ။ သာမန် မိန်းမတစ်ယောက်မှာဆိုရင် အမလိင် ဗီဇအင်္ဂါ နှစ်မျိုးရှိပြီး သာမန် ယောက်ျားတစ်ယောက်မှာ အမလိင်ဗီဇ အင်္ဂါ တစ်ခုနဲ့ အဖိုလိင် ဗီဇအင်္ဂါ (ဝိုင်ခရိုမိုဆုမ်း) တစ်ခုရှိတယ်။ တကယ်လို့ ရောဂါဗီဇဟာ အမလိင်ဗီဇ အင်္ဂါတစ်ခု အပေါ်မှာ ရှိတယ်ဆိုပါစို့။ သာမန်မိန်းမတစ်ယောက်အတွက် မူမှန်ပြီး ရောဂါကင်းတဲ့ အမလိင်ဗီဇအင်္ဂါ အပိုလိင်ဗီဇအင်္ဂါ အစားထိုးဖို့ မရှိတော့လို့ ရောဂါဖြစ်ပေါ်တယ်၊ ဒါ့ကြောင့် ရောဂါကို မိန်းမတွေမှာ ဖြစ်တာ မတွေ့ရ သလောက် ရှားပါးပြီး ယောက်ျားတွေမှာချည်း တွေ့နေရတာပဲ။ နောက် ပြီး ရောဂါရှိတဲ့ ယောက်ျားတစ်ယောက်က မွေးလာတဲ့ သမီးတိုင်းဟာ ရောဂါဗီဇကို ခံယူကြသူချည်း ဖြစ်တယ်။ ဒါပေမယ့် သူတို့တွေမှာ ရောဂါ က မပြဘူး။ အဲဒီ သမီးတွေက ထပ်ရလာတဲ့ သားတွေအနက် တစ်ဝက်မှာ ရောဂါကို တွေ့ရတော့တာပဲ"

◻ "ပြောရင်း ကျွန်တော်မှာ သူတို့အကြောင်း စဉ်းစားရ၏။ အကြောင်းမှာ သူပြောပြချက်ဆိုလျှင် သူ့ဇနီး၏ အဖေနှင့် ဦးလေးတို့က ဟေမိုဖီးလီးယားရောဂါသည်များ ဖြစ်သောကြောင့် မလွဲမသွေပင် သူ့ဇနီးသည် ရောဂါဗီဇကို ရယူထားသူဖြစ်သောကြောင့်တည်း။ ထိုသို့ဖြစ်ပါက

သူတို့မွေးထားသည့်သားများအနက် တစ်ဝက်သည် ရောဂါသည်ကလေးများ ဖြစ်ပေတော့မည်။ သို့ဖြစ်၍ ခွဲစိတ်ကုသရန် လိုသည့် သူ့ကလေးသည် သူ့ရောဂါသည်လေး ဖြစ်နိုင် မဖြစ်နိုင် ဆိုသည်မှာ အရေးကြီးပေ၏။ ဖြစ်ရန်လည်း ငါးဆယ်ရာခိုင်နှုန်း ရှိနေပေတော့သည်။ ဤသို့ စဉ်းစားရင်း စကားဆက်ရ၏။

- "ကဲ-ဒီတော့ မင်းအတွက် စဉ်းစားဖို့က မင်းတို့အသက်အရွယ်နှင့် နောက်ထပ် သားသမီးတွေ အများကြီးထပ်ထွန်းကားနိုင်သေးတယ် ဆိုတာရယ်။ ဒီကလေးရဲ့ ရောဂါက ခွဲပြီးကုမှ ပျောက်မည့် ရောဂါမျိုး ဆိုတာရယ်။ ပြီး ဒီကလေးဆီမှ ရောဂါရှိမရှိ ဆိုတာလည်း ဘယ်သူမှ အတတ်မပြောနိုင်ဘဲ ကံကောင်းခဲ့ရင် အားလုံးအဆင်ပြေသွားနိုင်တယ် ဆိုတာပဲ သူငယ်ချင်း"

- "အဲဒီလိုဆိုရင်တော့ ငါသားကို ခွဲဖို့မခွဲဖို့ထက် အဲဒီရောဂါရမရ သိဖို့က ပိုအရေးကြီးတယ်ထင်တယ်။ အဲဒါ ဘယ်လိုလုပ်သိနိုင်မလဲ" ဟု သူက မေးလေသည်။

- "ဒါကတော့ ငါစမ်းပေးနိုင်ပါတယ်ကွာ။လွယ်ပါတယ်၊သွေးထွက်ရပ်ချိန် (Bleeding Time - ) နှင့် သွေးခဲချိန် (Coagulation Time) ကို တိုင်းပေးရုံပဲ" ဟု ပြောရ၏။ သူက " မိန်းမနဲ့ တိုင်ပင်လိုက်အုံးမယ်။ ပြီးမှ မင်းကိုပြောမယ်။ ဟု ဆိုကာ ထပြန်သွားလေသည်။ ထိုအခါကျမှ ကျွန်တော့်မှာ သူတို့အကြောင်း၊ သူတို့ရောဂါအကြောင်းကို စဉ်းစား၍ ကျန်ရစ်ခဲ့လေသည်။ သူ့သား၌ အစာအိမ် ထွက်ပေါက်ကျဉ်းသည့် ရောဂါအပြင် ဤသွေးထွက်လွန်ရောဂါလည်း မပါပါစေနှင့်ဟုသာ ဆုတောင်းမိလေသည်။ ဆုတောင်းလည်း ပြည့်ခဲ့ပါ၏။ အကြောင်းမူ သူ့သား၏ သွေးထွက်ချိန်၊ သွေးတိတ်ချိန်တို့မှာ အများတကာတို့ထက်

ပိုသော်လည်း ပုံမှန်အတွင်းတွင် ရှိသောကြောင့်ပေတည်း။

☐ သို့ဖြစ်၍သူ့သားကိုခွဲကုလိုက ကုနိုင်သည်။ သို့သော် သွေးထွက်မလွန်အောင်ကား အထူးဂရုစိုက်ရန် လိုသည်ဟု ပြောရ၏။

☐ မှန်သည်။ အချို့ သွေးထွက်လွန် ရောဂါရှင်များမှာ သွေးထွက်ချိန်စမ်းစဉ်က မှန်ကန်လျက် တစ်ကယ်ခွဲကြ စိတ်ကြသောအခါတွင် သွေးမတိတ်ဘဲ ဖြစ်တတ်ကြ၏။ ထိုအခါ ခွဲစိတ်ခုံပေါ်မှာပင် အနိစ္စရောက်တတ်ပေသည်။ သတိထားစရာပေတည်း။

☐ ဤအကြောင်းချင်းရာ စိုးရိမ်စရာများကို သူ့အား ပြောပြရ၏။ မခွဲလျှင်လည်း သူ့သားရောဂါမှာ မသက်သာရုံမျှမက သက်ဖိုးရှည်မည်မဟုတ်ကြောင်းကိုလည်း ပြောပြရသည်။ သူတို့မှာ ရွေးစရာလမ်းသိပ်မရှိ။ ယခုအတိုင်းထားက ကလေးမှာ နို့စို့တိုင်းအန်မည်၊ နောက်ဆုံးအစာမရ၍ ပိန်ချုံးသေသွားမည်။ အအန်သက်သာအောင် ခွဲကုကခွဲစိတ်မှုမှာ စိုးရိမ်စရာ မရှိ။ ထိုခွဲစိတ်ခြင်းမှာ လွယ်ကူပါ၏။ သို့သော် သွေးထွက်လွန်ပါလျှင် မည်သူမျှမတတ်နိုင်။

☐ သူတို့ ဘာလုပ်ကြမည်နည်း။ ကံပေါ် သက်သက်ပုံချထားမည်လော။ ကံကို အပထား၍ ဆင်ခြင်စွန့်စားကာ အခွဲခိုင်းမည်လော။ မခွဲက သက်ဖိုးမရှည်။ ခွဲက သွေးထွက်မလွန်သော် ရှည်နိုင်၏။ ဤသည်ကို သူတို့ဆုံးဖြတ်ရပေမည်။

☐ ဤသည်ကို သူတို့ တိုင်ပင်ကြ၏။ သူဇနီးက ပထမ သဘောမတူ။ သို့သော် နောက်ဆုံး ဝေဒနာခံနေသည့် သား၏အဖြစ်ကို မရှုရက်သည်က တစ်ကြောင်း၊ ကျွန်တော်ရှင်းပြသည်ကို နားလည်သဘောပေါက်ကြသည်က တစ်ကြောင်း၊ ကျွန်တော့်အပေါ် ယုံကြည်အားကိုး

သည်ကတစ်ကြောင်း၊ အကြောင်းကြောင်းတို့ကြောင့် ကလေးခွဲစိတ်ကုသ ပေးရန် ကျွန်တော့်အားအပ်နှံကြလေတော့သည်။

□ သေမင်းနှင့် ပြိုင် အနိုင်ကြဲရမည့်ပွဲတွင် ကံတရား၏ဘက်တော် သားအဖြစ် တိုက်ပွဲဝင်ရမည့်အဖြစ်ကို ကျွန်တော်ပင် တော်တော် စိတ်ပူ မိ၊ လှုပ်ရှားမိတော့သည်။

□ ပဲခူးဆေးရုံရှိ ရောင်းရင်းများက ကူညီကြမည် ဆို၍သာ စိတ်အေးအေးထားရသည်။ သူတို့ကလည်း အစစကူညီကြပါ၏။ ပထမ ဆုံးကလေး၏ ဖနောင့်မှသွေးကို သတိကြီးစွာ ဖောက်ယူပြီး သွေးတိတ် ချိန်များမှန် မမှန်ကို ထပ်မံ စစ်ဆေးကြည့်ရသည်။ ဝမ်းသာစရာကောင်း သည်ကား ရရှိသည့် ရလာဒ်များ၌ ပြစ်ချက်မရှိ၊ သာမန်လူတစ်ယောက် ကဲ့သို့ပင် ဖြစ်ကြောင်းတွေ့ရခြင်းပင်။ သေချာအောင် ထပ်မံစမ်းကြည့်ရ သေးသည်။ ရသည့် အဖြေကား အတူတူပင်။ ဤသို့ဆိုလျှင် ကလေး၌ ရောဂါရှိဟန်မတူ။ ထို့ကြောင့် ခွဲစိတ်ရန်ပြင်ရသည်။ သို့သော် လိုလို မယ်မယ်သွေးအပိုများဆောင်ထားရသေးသည်။

□ ကျွန်တော်၏ ကျင့်သားရနေသည့် လက်များက ကလေးငယ် ၏ ဝမ်းဗိုက်ကို တိကျစွာ စခွဲလိုက်သည်။ သွေးများဖျန်းခနဲ ထွက်လာကြ သည်။ အချို့သွေးကြောငယ်များမှာ အဆက်မပြတ်ပန်း၍ ထွက်နေကြ သည်ကို သတိထားမိ၏။ မျှော်လင့်ထားသည်ထက်ပိုများစွာ ထွက်နေ သောကြောင့် ကျွန်တော့်စိတ်မှာ ထင့်နေ၊ ပူနေတော့၏။ ပူပန်ခြင်း၊စိုးရိမ် ခြင်းတို့က ကျွန်တော်၏ အာရုံတစ်ခုလုံးကို မသိမသာ လွှမ်းမိုးလာသဖြင့် ကိုယ့်ဟာ ကိုယ်ပင် မယုံချင်၊ သံသယစိတ်က လွှမ်းလာ၏။ ကျွန်တော် စမ်းသပ်ခဲ့သည့် သွေးတိတ်ချိန်နှင့် သွေးခဲချိန်များ မှားယွင်းမှုဖြစ်ပြီ လားဟုပင် စိုးရိမ်သံသယ ဖြစ်လာမိသည်။ သို့ဖြစ်က သေမင်းကို

ဒူးထောက် အရှုံးပေးရန်သာ ရှိတော့သည်။

☐ သို့သော် ဖွဲတော့လျှော့၍မဖြစ်။ စိတ်ကို ပြန်တင်းလိုက်ရသည်။ တည်ငြိမ်အောင် ပြန်ကြိုးစားယူလိုက်ရသည်။ သွက်လက်သည့် လက်များဖြင့် ပန်းထွက်နေသည့် သွေးကြောများကို ကျင်လည်စွာ လိုက်ပိတ်ရသည်။ အတန်ကြာတော့မှ သွေးထွက်ရပ်သွားသည်။ ဂွမ်းစတစ်စနှင့် သွေးများသုတ်ပစ်ပြီး သေချာအောင် ပြန်ကြည့်၏။ သွေးမထွက်သည်မှာ သေချာတော့မှ ကျွန်တော်လည်း သက်ပြင်းရှည်ကြီး တစ်ခုကို ခိုး၍ မှုတ်ထုတ်လိုက်ရတော့သည်။ ပြီးမှတစ်ဆင့်တက်၍ ခွဲရန်ပြင်ရသည်။ မကြာမီပင် အခက်အခဲများ များစွာ မတွေ့ရဘဲ ခွဲခြင်းကို အောင်မြင်စွာ အပြီးသတ်နိုင်ခဲ့တော့သည်။ သူတို့၏ စွန့်စားခြင်းကား ကံလိုက်သော စွန့်စားခြင်းပေတည်း။ သူတို့၏ကံသည် သေမင်းကိုပင် အန်တုရ၍ယူနိုင်ပေသည်။

☐ ခွဲစိတ်ခန်းမှ ပြန်ထွက်လာသော် ကျွန်တော့်မှာကိုယ်ရောစိတ်ပါ အလွန်လန်းဆန်းပေ့ါပါးနေပါတော့သည်။ လမ်းလျှောက်ရသည်မှာလည်း အလွန်ပေ့ါပါးနေ၏။ (လေထဲမှာ လျှောက်နေရသလို)။ မပေ့ါပါးဘဲနေ နိုင်ပါမည်လော။ ခွဲစိတ်ခန်းအပြင်ဘက်၌ သားအတွက် ရတက်မအေး။ သား၏ သေရေးရှင်ရေးကို မျှော်လင့်ခြင်းကြီးစွာနှင့် သူတို့၏ စွန့်စားမှု ရလာဒ်ကို သိချင်ဇောကြီးနေကြသော ဖိုးသန်းမြင့်တို့ ဇနီးမောင်နှံ ရှိနေသည် မဟုတ်ပါလော။ သူတို့နှစ်ယောက်အား သူတို့၏ စွန့်စားရကျိုး နပ်ကြောင်း၊ ကံကောင်းလှကြောင်း ပြောချင်ဇောမှာ ကျွန်တော်၌ အပြင်းအထန်ဖြစ်နေသည် မဟုတ်ပါလော။

☐ မှန်ပါ၏။ သူတို့စွန့်စားရကျိုးနပ်ပါသည်။ ကံကောင်းလှပါသည် ဆိုသည်ကို ကျွန်တော့်မှာ ပြောချင်လှပါပြီ။ မိတူးကိုလည်း သိစေချင်လှပါပြီ၊ ကျွန်တော့်အလုပ်၊ ကျွန်တော့်ပညာကို မိတူးအထင်ကြီးဖို့၊ ဂုဏ်ယူဖို့

သည်လည်း ကျွန်တော့်အတွက် အရေးကြီးသည်မဟုတ်ပါလော။

☐ အထက်ပါ အဖြစ်အပျက်၌ ကံပါသည်ဆိုကလည်း ပြောနိုင်ပါသည်။ ကံကောင်းထောက်မ၍ အောင်မြင်သည်ဟုဆိုလည်း ဆိုနိုင်ပါသည်။

☐ သို့ရာတွင် ကံဆိုသည်မှာ မည်သည့်အရာနည်း။

☐ ကျွန်တော့်အတွက်မူ ကံသည် အတိအကျ မမျှော်လင့်နိုင်သည့် အကျိုးသို့မဟုတ် တွက်ဆင်၍ မရနိုင်သည့် တိုက်ဆိုင်မှုဟု အဓိပ္ပာယ်ဖော်ချင်ပါသည်။ ဤသို့အဓိပ္ပာယ် ဖော်နိုင်မှသာလျှင် အတိအကျမမျှော်လင့်နိုင်သော၊ တွက်ဆမရနိုင်သော ကံတရား၏ ဆန်းကြယ်မှုများကြောင့် အထက်ပါကဲ့သို့ ရင်ဖိုစရာ၊ ကြည်နူးစရာကလေးများ ရလာသည်ဟု မဆိုနိုင်ပါလော။ ■

❀ ❀ ❀

# ၁၀

# အမည်နှင့်လိုက်ပါသည်

□ “ဆရာ. . . ဆရာ၊ ထပါအုံး. . . ”

□ ညကြီးမင်းကြီး ချမ်းချမ်းစီးစီးအိပ်၍ ကောင်းတုန်း ခေါင်းရင်းက တံခါးကို တစ်ယောက်ယောက်က ထု၍နှိုးသဖြင့် ကျွန်တော့်မှာ မထချင် ထချင်ဖြင့် ထလိုက်ရ၏။ ခေါင်းအုံးအောက်မှ နာရီကို ကြည့်လိုက်သော အခါ ညတစ်ချက်တီး။

□ “ ခဏကလေး. . . မီးဖွင့်လိုက်အုံးမယ်” ဟု ပြောပြောဆိုဆို ကျွန်တော်လည်း အိမ်မီးခလုတ်များကို ထ၍ ဖွင့်ပေးလိုက်ရ၏။ ပြီးလျှင် တံခါးကိုဖွင့်၍ ပေးလိုက်ရ၏။ အိမ်ဝတွင်ကား ဒေါ်မေမေသန်းနှင့် သူ့ ဒရိုင်ဘာ။

□ “ဘာဖြစ်လာတာလဲ အစ်မကြီး၊ ဘာလုပ်ပေးရမလဲ” ဟု ကျွန်တော့်မှာ လာရင်းကိစ္စကို မေးရ၏။

□ “ဆရာ့အန်ကယ် အရင်တစ်ခါကလို ဖြစ်ပြန်ပြီး”ဟု သူကပြုံး၍ ပြော၏။ ဆရာ့ အန်ကယ်ဆိုသည်မှာ သူ့ခင်ပွန်း ဦးအောင်လှ၊ ကျွန်တော်နှင့် အလွန်ခင်သော အဖိုးကြီးဖြစ်၏။ အသက် ၅၀-ခန့်ရှိပြီ။

အရင်တစ်ခါလို ဖြစ်ပြန်ပြီဟု ဆိုသည်မှာ အရက်သောက်လွန်ခြင်းကို ဆိုလိုခြင်း ဖြစ်၏။

□ မှန်၏။ ဦးအောင်လှသည် အရက်အလွန်သောက်သူဖြစ်၏။ မှန်မှန် လူကြီးလူကောင်းသောက်သလို သောက်သူမဟုတ်။ သူသောက်ချင်လျှင် အမူးအလဲ။ ၂-ရက် ၃-ရက် လဲအောင်သောက်သူ ဖြစ်၏။ သောက်လျှင် ဘာမျှမမှုတော့။ ဆဲချင်၊ ဆိုချင်၊ ရန်ဖြစ်ချင်၏။ မသောက်သည့်အခါ ကျလည်း အလွန်ယဉ်ကျေးသိမ်မွေ့၏။ ဖော်ရွေ၏။လူတိုင်းနှင့်တည့်၏။ သူများကို ကျွေးချင် မွေးချင်စိတ်လည်း အလွန်ရှိ၏။ သို့ဖြစ်၍ သူကိုလားရှိုးတစ်မြို့လုံးက ချစ်ကြသည်။ ဟုတ်ပါသည်၊မမူးသည့်အခါ ချစ်ခြင်း ဖြစ်ပါ၏။ မူးလျှင်ကား သူ့နား မည်သူမျှ မကပ်တော့။

□ "ကောင်းပြီလေ၊ ကျွန်တော် နည်းနည်း ပြင်ဆင်ပြီး အခုပဲ လိုက်ခဲ့ပါမယ်"ဟု ဆိုကာ ကျွန်တော်သည် လားရှိုး၏ အအေးဒဏ်ကို ခံနိုင်ရန် အဝတ်အစားလဲရ၏။ ပြီးလျှင် ကျွန်တော်၏ အကူရဲဘော်အား နှိုးကာ လိုအပ်သော ဆေးအချို့၊ ဆေးကိရိယာအချို့ကို အိတ်ထဲထည့်ကာ လိုက်သွားရ၏။ သူတို့အိမ်မှာ လားရှိုးမြို့ကြီးတွင်ရှိ၍ ကျွန်တော်နေသော တပ်အိမ်နှင့် ၃-၄ မိုင်ခန့်ဝေး၏။

□ သူတို့အိမ်သို့ ရောက်သောအခါ "ဆရာ ပါလာတယ်" ဟု သူတို့အိမ်သားအားလုံးက ဝမ်းသာအားရပြောကြလေသည်။ သူတို့ အိမ်သားအားလုံးပင် ကျွန်တော်နှင့် ခင်မင်နေ၏။ ဒေါ်မေမေသန်း၏ အဒေါ်တစ်ယောက်၊ သူတို့၏ ၁၇ နှစ်ခန့် သမီးတစ်ယောက်၊ ၁၄-နှစ်သားခန့် သားတစ်ယောက်နှင့် အိမ်ဖော်တစ်ယောက်။ သူတို့ အားလုံးကို ပြုံး၍ နှုတ်ဆက်ပြီး ဦးအောင်လှတို့ အိပ်ခန်းသို့ တန်းသွားရ၏။

- အိပ်ခန်းထဲ၌ကား ခြင်ထောင်၊ စောင်များကို တိုးလိုတန်းလန်း၊ အရက်ပုလင်းတွေ၊ ဖန်ခွက်တွေ ဟိုနေရာ၊ ဒီနေရာ ပြန့်ကြဲနေ၏။ တစ်ခန်းလုံး အရက်စော်၊ စီးကရက်စော်နံနေလေသည်။ ဦးအောင်လှကား ခုတင်ဘေးက ပက်လက်ကုလားထိုင်ပေါ်တွင် တုံးလုံး ပက်လက်ဇက်ကျိုးလျက်ရှိ၏။ သူ၏ ဟောက်သံမှာ ဆူညံနေသည်။

- "အဲဒါမနေ့ကတည်းကစသောက်တာဆရာဒီကနေ့တော့အခုလိုနိုးမရတာနဲ့ ဆရာကိုလာခေါ်တာ" ဟု ဒေါ်မေမေသန်းက နောက်မှ စကားစပြောသည်။

- "ဟုတ်လား၊ ဘာကြောင့် သူပြန်သောက်တာလဲ။ မသောက်တာ ၄-၅-၆ လ ရှိပြီမို့လား"

- "ဟုတ်တယ်ဆရာ၊ ဘာဖြစ်လို့ သောက်သလဲ မသိဘူး။ မနေ့တစ်နေ့က အရက်တွေ ဝယ်လာပြီး သောက်တာပဲ။ ကျွန်မလဲ သူ့ဟာသူ သောက်ချင်ရင်သောက်ဆိုပြီး သမီးအခန်းမှာ သွားအိပ်နေလိုက်တယ်။ ပြောလို့မရ၊ ဆိုလို့မရ၊ ထမင်းတောင် ကျွေးမရဘူး"

"အင်း. . . အင်း. . . ဦးလေး တစ်ခါတစ်ခါ ဖြစ်ရင်သိပ်ဆိုးတာကိုး" ဟု ကျွန်တော့်မှာ ပြောပြောဆိုဆို ဦးအောင်လှကို ခုတင်ပေါ်သို့ သူသားနှင့် သူမယားနှင့် ပွေ့၍တင်ရ၏။ ပြီးလျှင် မျက်စိ၊ နှလုံး၊ အဆုတ်စသည်တို့ကို စမ်းသပ်ကြည့်ရသည်။ အမူးလွန်၍ အိပ်မောကျသည်မှအပ ဘာမျှစိုးရိမ်စရာမရှိ။ သို့ဖြစ်၍ အရက်ဖြေဆေး ကိုရာမင်း (Coramine) နှင့် ဗီတာမင်ဘီ-၆ (Vitamin B-6) တို့ကို ဂလူးကို့စ်နှင့် ရောပြီး ထိုးပေးလိုက်ရ၏။

- "မကြာခင် သတိရလာလိမ့်မယ်။ ရလာရင် ကော်ဖီ ခါးခါး

တစ်ခွက်တိုက်။ သူနိုးတဲ့ အချိန်လောက်ကျရင် ကျွန်တော်လာခဲ့မယ်။ ဘာမှ မပူနဲ့။ အအေးမမိအောင်သာ နွေးနွေးထွေးထွေးထား။ အဆုတ်အအေး မမိအောင် ကာကွယ်။ ဆေးလဲ ကျွန်တော်ထိုးပေးခဲ့မယ်" ဟု ပြောကာ ပင်နင်စလင် တစ်လုံးထိုးပေးခဲ့ရ၏။ ပြီးလျှင် တပ်က အိမ်သို့ ပြန်ခဲ့ရ၏။ စိတ်ကမူ ဦးအောင်လှ အရက်သောက်ပုံ ဆန်းပုံကိုသာ စဉ်းစားနေမိ၏။ ကြာကြာကားမစဉ်းစားနိုင်။ ချမ်းလွန်း၊ အိပ်ချင်လွန်း၍ အိမ်ပြန်ရောက်သည်နှင့် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွား၏။

နံနက် ၇-နာရီ ထိုးသောအခါ ကျွန်တော်နိုးလာတယ်။ နိုးနိုးချင်း. . .

□ "ဗိုလ်ကြီး၊ ဦးအောင်လှအိမ်က ဖုန်းဆက်၏။ ဦးအောင်လှ နိုးနေပြီတဲ့" ဟု ကျွန်တော့် အကူရဲဘော်ကလေးက ပြော၏။

"အေး. . . အေး. . . ကောင်းပြီ" ဟု ကျွန်တော်က ပြောကာ ကိုယ်လက် သုတ်သင်ရ၊ အဝတ်အစားလဲရ၏။ ကော်ဖီတစ်ခွက်နှင့် ကြက်ဥတစ်လုံးကို နံနက်စာ အဖြစ် စားပြီး ဦးအောင်လှ အိမ်ဘက်သို့ ဆေးရုံမှ ကားဖြင့်သွားရ၏။

"မနက် ၆ နာရီလောက်က စစ်ဆေးရုံကို ဖုန်းဆက်လိုက်သေးတယ်၊ လာမပြောဘူးလား"ဟု ဒေါ်မေမေသန်းက ခရီးရောက်မဆိုက် ပြော၏။

□ "ပြောပါတယ်။ အဲဒါနဲ့ အခုလာခဲ့တာပဲ" ဟု ပြောကာ ဦးအောင်လှကို သွားတွေ့ရ၏။

□ ဦးအောင်လှကား အိပ်ရာပေါ်တွင် ထိုင်လျက်တွေ့ရ၏။ အဝတ်များ သန့်သန့်ပြန့်ပြန့် ဖြစ်နေသည်ကို တွေ့ရ၏။ အရက်ပုလင်းများ၊ စီးကရက်ခွံများလည်း မရှိတော့။ ခုတင်ဘေးက စားပွဲပေါ်တွင်

ကော်ဖီကရာ၊ ပေါင်မုံ့နှင့် ကြက်ဥများချထားသည်ကို တွေ့ရလေသည်။ သူ့ကို ကြည့်ရသည်မှာကား သိပ်မလန်းဆန်းလှ။ အိပ်ရာက နိုးစပမာ သုန်မှုန်နေလေသည်။

◻ “ ဦးလေး နေကောင်းရဲ့လား။ ဘယ့်နှယ်နေသေးလဲ” ဟု ကျွန်တော်က စမေးရ၏။ သူသည် ကျွန်တော့်ကို ကြောင်၍ကြည့်နေ၏။ ပြီးမှ. . .

“ခေါင်းတွေ အုံနေတယ်”ဟု တစ်လုံးချင်းပြောလေသည်။ သို့ဖြစ်၍ ကျွန်တော်သည် အသင့်ပါသော အရက်ဖြေဆေးကိုရာမင်းနှင့် ဘီ-၆ကို ထပ်ထိုးပေးလိုက်ရ၏။

◻ “ကဲ. . . ကော်ဖီသောက်ပါအုံး”ဆိုကာ ကော်ဖီတစ်ခွက်လည်း ထပ်တိုက်လိုက်ရ၏။

“အင်း. . . ကျွန်တော် တော်တော် ဒေါင်း(မူး) သွားတယ်ထင်တယ်” ဟု သူက စပြော၏။

“ဆရာ့ကို ဒုက္ခပေးသလို ဖြစ်နေပြီ၊ အားနာပါတယ်ဆရာ” ဟု ဆက်ပြောလေသည်။

◻ “အားနာစရာတော့ မရှိပါဘူး။ ဦးလေးသောက်တာကတော့ လွန်လွန်းတယ်။ တော်ကြာမှ ကျွန်တော် ဆေးရုံရောင်း (Round) လှည့်ပြီး ပြန်လာခဲ့မယ်။ အဲဒီအခါကျမှ စကားနည်းနည်းပြောရအောင်။ အခု ကျွန်တော် ပြန်ဦးမယ်။ ကြက်ဥနဲ့ ပေါင်မုန့်တွေလည်း စားလိုက်ပါဦး၊ ရေသောက်နှင့်ဦး။ ရေအစား ကော်ဖီးခါးပဲသောက်” ဟု ဆိုကာ ကျွန်တော့်မှာ ဆေးရုံသို့ ပြန်၍ ကြည့်ရ၏။ ၁၀ နာရီခွဲလောက်မှ

လူနာပြတ်သဖြင့် သူ့တို့ထံ ပြန်လာရသည်။ အခန်းထဲ၌ ၂ ယောက်တည်း ရှိသောအခါ. . .

"ကဲ. . ပြောပါအုံးဦးလေးရ၊ အရက်ဘာလို့ ပြန်သောက်ရတာလဲ။ စိတ်ညစ်စရာ ရှိလို့လား" ဟု ကျွန်တော်က စမေးရ၏။

"စိတ်ညစ်လို့လဲ မဟုတ်ပါဘူး ဆရာရယ်။ တစ်ခါတစ်လေ သောက်ချင်လာတာနဲ့ သောက်လိုက်တာပဲ" ဟု သူက ခေါင်းအုံးများကို မှီရင်း ပြန်ပြောလေသည်။

◘ "ဦးလေး အခုလို့ မဖြစ်တာ ကြာပြီပဲ။ ဦးလေး အခု ပြန်သောက်တာ အကြောင်းရှိမှာပေါ့။ ကျွန်တော့်ကို မဖြေချင်လဲ နေပါလေ။ အမှန်တော့ ဦးလေးကို အရက် လွန်လွန် ကျံကျံ မသောက်ရင် ကောင်းမယ်။ ဦးလေး ကျန်းမာရေး ကြာရင် ထိခိုက်မယ်" ဟု ကျွန်တော်က ပြောရ၏။ ပြီးလျှင်. . .

"ဦးလေး အရက်ဖြတ်မလား။ ကျွန်တော်ဖြတ်ပေးမယ်" ဟု ပြောရ၏။

◘ "ဟာ. . . ကျွန်တော် အရက်စွဲတာမှ မဟုတ်ဘဲ။ ဖြတ်ဖို့ မလိုပါဘူး။ ကျွန်တော်ပြတ်ချင်ရင် ရပါတယ် ဆရာရဲ့။ ပြီး. . . ကျွန်တော် တစ်ခါတစ်လေပဲ သောက်တာ" ဟု သူက ဆို၏။

"ပြောပါဦး၊ ဘာကြောင့် အဲဒီလို သောက်တာလဲ" ဟု ကျွန်တော် ကလည်း ထပ်မေးမိ၏။ သူလည်း တော်တော်ကြာကြာ စဉ်းစားပြီးမှ. . .

◘ "ဘာကြောင့်လည်းလို့ မပြောနိုင်ဘူးဆရာ။ စိတ်က တစ်ခါ

တစ်လေ သောက်ချင်ရင် သောက်ပစ်ရမှ ကျေနပ်တယ်။ မသောက်ရရင် မနေနိုင်ဘူး။ တကယ်တော့ ကျွန်တော် အရက်သောက်တာ ၄-၅- နှစ်ပဲ ရှိသေးတယ်။ အရင်က လုံးဝမသောက်ဘူးဆရာ။ အဲဒါလွန်ခဲ့တဲ့ ၄-၅ နှစ်ကစပြီး စီးပွားရေးကလဲ အရင်လို မကောင်း၊ လုပ်စရာ ကိုင်စရာ ကလည်း သိပ်မရှိတာနဲ့ အသိမိတ်ဆွေတွေတိုက်ရင်း စသောက်ဖြစ်လာ တာပဲ။ အဲဒီကစပြီး သောက်လိုက်ရင် စိတ်က အလိုလို ပျော်လာတယ်။ စိတ်ညစ်စရာတွေလည်း မေ့လာရော။ ဒါနဲ့ ပျော်ချင်ရင် သောက်ပစ် လိုက်တာပဲဆရာရဲ့။ အခုတော့ ပျင်းတဲ့အခါလည်း သောက်လိုက်တာပဲ။ မသောက်ဘဲ နေမယ်ဆိုရင်လည်း ရပါတယ်။ တစ်နေ့ကတော့ သူငယ်ချင်းတစ်ယောက်ရဲ့ ထမင်းစားပွဲက အပြန်သိပ်သောက်ချင်တာနဲ့ အရက်တွေ ယူလာပြီး သောက်ပစ်လိုက်တာပဲ” ဟု သူက ပြောပြလေ သည်။

☐ “ ဦးလေး၊ ဒီလိုဆိုရင် စွဲသွားလိမ့်မယ်။ နောက်မသောက်ပါနှင့် တော့လား။ သောက်ချင်ရင် ခုလို အမူးမသောက်ပါနဲ့။ ထမင်းမစားခင် တစ်ပက်လောက်ပဲသောက်” ဟု ကျွန်တော်က ပြောရ၏။ သူက ပြုံးလျက်. . .

“ဟာ. . . မရဘူးဆရာရဲ့။ အဲဒါဆိုမစို့ မပို့ အာသာမပြေဘူး” ဟု ပြန်ပြောလေသည်။

☐ ကျွန်တော်လည်း ဘာမျှ ဆက်မပြောနိုင်။ ဒေါ်မေမေသန်းက ထမင်းစားခေါ်သဖြင့် ဆင်း၍လိုက်သွားရ၏။ ဦးလေးကိုကား အတူစား ရန် ပြော၍မရ။ သူဆာမှ စားမည်ဟု ဆိုသဖြင့် သူ့ကို အခန်းတွင်းတွင်ပင် ထားခဲ့ရသည်။

☐ "သူ အရက်ပြတ်အောင် လုပ်မရဘူးလား ဆရာရဲ့" ဟု ဒေါ်မေမေသန်းက ထမင်းဝိုင်းတွင် မေးလေသည်။

☐ "ပြတ်အောင်လုပ်လို့ ရပါတယ်။ သူက ပြတ်ချင်တယ်ဆိုရင် ပေါ့လေ။ ခက်တာက အရက်ပြတ်တာက သောက်တဲ့သူက ဖြတ်ချင်မှ ကောင်းတာ ဒေါ်ဒေါ်ရဲ့။ သောက်တဲ့လူက မဖြတ်ချင်ရင် ဘယ်လို လုပ်လုပ် ပြတ်မှာ မဟုတ်ဘူး။ ဖြတ်တဲ့ ဆေးတွေတော့ ရှိသား" ဟု ကျွန်တော်က ပြန်ပြောရ၏။

☐ သူ့မျက်နှာမှာ ဝမ်းသာသွားလျက် "ဘာဆေးလဲဆရာ၊ ဘယ်လို ဖြတ်ရမလဲ" ဟု သူကမေးပြန်သဖြင့် . . .

☐ "ဆေးက အင်တာဗျူ့စ် (Antabuse) ခေါ်တယ်။ သူ့ကို တစ်နေ့ တစ်လုံး မှန်မှန်ကျွေး၊ အရက်သောက်ရင် ရင်ပူ၊ ခေါင်းပူ၊ အော့အန်ပြီး နေလို့မရဘူး။ အဲဒါဆို နောက် အရက်ကြောက်သွားရော"

☐ "ဆရာ့မှာ ရှိရင် ကျွန်မကိုပေးပါလား"

☐ "ရှိတော့ ရှိပါတယ်။ ဒါပေမယ့် ဦးလေးက ဖြတ်ချင်ဦးမှကိုး။ သူက မဖြတ်ချင်ရင်တောင် သိပ် အောင်မြင်မှာ မဟုတ်ဘူး" ဟု ကျွန်တော်က ပြောရ၏။ မရ၊ အတင်းတောင်းနေသဖြင့် ဆေးပေးရန် ကတိပေးပြီး တစ်ခုခုဖြစ်လျှင်သာ ကျွန်တော့်ကို ပြောရန်မှာရသည်။

☐ "မေမေကမှာလိုက်လို့ ဆရာ၊ ဖေဖေ နေမကောင်းပြန်လို့ လိုက်ခဲ့ပါအုံးတဲ့"ဟု အရက်ဖြတ်ဆေးပေးပြီး ၃-၄ ပတ်ကြာသောအခါ သူ့သားနှင့်သမီး ကျွန်တော့်ကို လာခေါ်ပြန်သဖြင့် ကျွန်တော့်မှာ လိုက် သွားရပြန်သည်။ ဤတစ်ခါ၌ကား ဦးအောင်လှမှာ တစ်မျက်နှာလုံး နီလျက် အော့အန်နေ၏။ တစ်ခန်းလုံး အန်ဖတ်စော်နံနေသည်။ သူ့ပါးစပ်

ကလည်း အားလုံးကိုဆဲနေ၏။ ဒေါ်မေမေသန်းမှာ သူ့ယောက်ျားကို နှိပ်နယ်ပေးလျက် မျက်စိမျက်နှာလည်း ပျက်လျက်။

- "ဘယ့်နှယ်လဲ ဦးလေး၊ သောက်ပြန်ပြီလား" ဟု ကျွန်တော်က မေးသောအခါ. . .

- "သောက်သောက်၊ မသောက်သောက် မင်းအပူလားကွ။ မအေတွေ၊ မင်းအစ်မ. . . တွေ" စသည်ဖြင့် ဆဲတော့၏။ ကျွန်တော်လည်း သူ အမူးလွန်နေသည်ကို သိကာ ရယ်နေရ၏။

- "သောက်တာ သိပ်များသလား"ဟု ဒေါ်မေမေသန်းကို မေးရာ. . .

- "မများပါဘူး၊ ဆေးလုံးကြောင့်" ဟု တိုးတိုးလေးပြန်ပြော၏။ အမူးသမားများ ကြားချင်သည့်အခါ နားပါးသည်ဆိုသည်မှာ မှန်၏။ သူ့ဇနီးက ကျွန်တော့်ကို တိုးတိုးပြောသည်ကိုပင် သူကြားသွားသည်ထင်၏။ သို့ဖြစ်၍. . .

- "ဘာဆေးလဲ၊ ငါအရက်မဖြတ်ချင်ဘူး။ ငါ့ကိုဆေးနဲ့မဖြတ်နှင့် ကောင်မ. . . ကောင်မ. . . "စသည်ဖြင့် သူ့ဇနီးကို ဆက်ဆဲလေသည်။ ကျွန်တော်လည်း မနေနိုင်။

- "ဦးလေး သိပ်ဆဲမနေနှင့်။ မပြတ်ချင်ရင် နောက်တစ်ခါ ထပ်သောက်။ အခုတော့ ဆက်သောက်ရင် သေလိမ့်မယ်။ ကျွန်တော့် စကားကိုနားထောင်" ဟုဆိုကာ သူ့အနားမှ အရက်ခွက်၊ အရက်ပုလင်းများကို သိမ်းခိုင်းရ၏။ ပြီးလျှင် အိပ်ရာပေါ် လှဲစေပြီး စိတ်ငြိမ်ဆေးနှင့် အအန်ရပ်ဆေး လာဂက်တီးလ် (Largactil) ကို သွေးကြောထဲထိုးပေးလိုက်ရ၏။ ပြီးလျှင် အစာအိမ်မှ အရက်များကိုစုပ်ယူရန် ဆေးရုံသို့ ပြန်၍ ပြွန်များယူခိုင်းကာ စုပ်ယူရ၏။

◻ ဗီတာမင် ၆ နှင့် ကိုရာမင်းများကိုလည်း ဂလူးကို့(စ်)နှင့် ရောကာ ထပ်၍ထိုးပေးရသည်။ ဆေးထိုးပြီး နာရီဝက်လောက်ကြာသော အခါ သူလည်းငြိမ်သွားတော့၏။ အန်လည်း မအန်တော့။ နောက်ထပ် လာဂက်တီးလ် တစ်ခါထိုးပေးပြီး သူ့ကို နွေးနွေးထွေးထွေးသိပ်ထားရန်၊ နိုးလျှင် စိတ်ငြိမ်ဆေး ထပ်တိုက်ရန် ပြော၍ ဆေးပေးကာ ကျွန်တော် လည်း ဆေးရုံသို့ ပြန်လာရ၏။ စိတ်ထဲမှာမူ ဦးအောင်လှ ဘာကြောင့် အရက်သောက်ချင်ရသည်ကို စဉ်းစား၍မရ ဖြစ်နေ၏။

◻ မှန်ပါ၏။ ဦးအောင်လှမှာ လားရှိုးတွင် ထင်ပေါ်သော လူကြီး လူကောင်း တစ်ဦးဖြစ်၏။ အိမ်ပိုင် ကားပိုင်ရှိသည်။ လက်ဖက်စို၊ လက်ဖက်ခြောက်ပွဲရုံ ကောင်းကောင်းတစ်ခုလည်း ပိုင်သည်။ ယခင်က တစ်လ ၃-၄ ထောင် ဝင်ရာမှ ယခု အလုပ် မကောင်းသည့်တိုင် တစ်ထောင်၊ နှစ်ထောင် အနည်းဆုံး ဝင်သေး၏။ သမီးမှာ ချောချော လှလှ၊ လိမ်လိမ်မာမာ၊ ၁၀-တန်းပင် ရောက်နေပြီ။ သားလည်း ၈-တန်း၊ မိန်းမကလည်း သူ့အလို အလွန်လိုက်၏။ သူကြိုက်တာ ဘာမဆိုလုပ်၍ ရ၏။ အဘယ့်ကြောင့် သူ့မှာ စိတ်ညစ်စရာ၊ အရက်သောက်စရာ ရှိပါ သနည်း။

◻ တစ်ခုကား ရှိသည်။ သူကား အသက် ၅၀-ကျော်၊ သူ့ဇနီးကား ၄၅ နှစ်ခန့်။ အရွယ်ထောက်လာ၍ အဖော်မဲ့လာဟန်တူသည်။ သို့ဖြစ်၍ ယခု ၄-၅နှစ်အတွင်း သူသည် အပေါင်းအသင်းများနှင့် ပိုပေါင်း၏။ သူက တစ်လှည့်၊ ကိုယ်က တစ်လှည့် ကျွေးမွေးချင်၊ စားချင်၏။ သို့ရာတွင် လားရှိုးမြို့မှာ မကြီးလှရကား မည်သူသည် မည်မျှကြာကြာ တစ်လှည့်စီ ကျွေးနိုင်၊ စားနိုင်ကြမည်နည်း။

◻ သို့ဖြစ်၍ ကြာတော့ သူညည်းငွေ့လာပြီး အပျင်းပြေ အရက်

သောက်ရာမှ အရက်သောက်ပြီး ရီတီတီ ဖြစ်ချိန်၌ သူပျော်သွား၏။ နောက် မူး၍ အိပ်ပျော်သွားလျှင် သူဘာမျှ မသိတော့။ သို့ဖြင့် အရက်ကြောင့် သူ့ဟာသူ အပျင်းပြေနေသည် ထင်ပေသည်။ အရက် မသောက်ရလျှင် သူ့မှာ ဘာမျှသိပ်လုပ်စရာ မရှိ။ ဈေးဆိုင်နှင့် အိမ်ကို မိန်းမနှင့်လွှဲထား၍ ရသည်။ ကလေးတွေအတွက်လည်း သူ့ကျောင်းနှင့် သူ မပူရ။ သူ့မှာသာ တရားလည်း မထိုင်နိုင်၊ ကစားလည်း မကစား၍ ပျင်းနေ၏။ သို့ဖြင့် အရက်ကြိုက်လာဟန် တူပေသည်။

☐ အရက်ဖြတ်ဆေးကြောင့် သူအကြီးအကျယ်ခံရပြီးနောက် ၂-လ ၃-လ ထိ ဦးအောင်လှသည် အရက်မသောက်တော့ဟု သိရသည်။ ဤသို့ မသောက်တော့သဖြင့် သူ့အိမ်သားတွေရော ကျွန်တော်ပါ ဝမ်းသာကြရ၏။ သို့သော် ကြာကြာ ဝမ်းမသာကြရပါ။ အကြောင်းမှာ နောက် ၄-၅-၆ လကြာ၍ ကျွန်တော် လားရှိုးမြို့မှ ရန်ကုန်သို့ပြောင်းလာရသော အခါ ဦးအောင်လှ တစ်ယောက် အရက်ပြန်သောက်နေကြောင်း ကြားရ၍ ဖြစ်သည်။ ယခင်ကလို တစ်ခါတစ်ခါမှ မသောက်တော့။ အမြဲ သောက်နေပြီး တစ်ခါတစ်ခါ ရမ်းတတ်ကြောင်း သိရသောကြောင့် ဖြစ်၏။ သူ့သမီး ၁၀-တန်းအောင်သွား၍ မန္တလေးဆေးတက္ကသိုလ် ဝင်ခွင့်ရ သဖြင့် ကျွန်တော့်မှာ ဝမ်းသာကြောင်း လှမ်းစာရေးရသေး၏။ ကျွန်တော် ရန်ကုန်ဆေးကျောင်းတွင် လုပ်ကြောင်း သိရသဖြင့်လည်း ဒေါ်မေမေ သန်းက သူ့သမီးအတွက် လိုအပ်သည်များကို ညွှန်ကြားရန်၊ ဆုံးမရန် စာပြန်ပြန်ရေး တတ်လေသည်။ နောက်တော့ ကျွန်တော်လည်း အလုပ်များ၊ ဟိုသွား ဒီသွားနှင့် အဆက်ပြတ်သွား၏။ တစ်လောက မန္တလေး ဆေးတက္ကသိုလ်သို့သွား၍ စာမေးပွဲစစ်သောအခါမှ ဝမ်းနည်း စရာ အကြောင်းစုံကို သိရလေသည်။ သိရပုံကား ဤသို့တည်း။

☐ တစ်ရက် ဒုတိယနှစ် အမ်ဘီဘီအက်စ် အတန်းစာမေးပွဲကိုစစ်ဆေးစဉ် ကျောင်းသူတစ်ဦး၏ မှတ်တမ်းကို ကြည့်နေမိ၏။

☐ နန်နန်းမေမေလှ၊ အဘဦးအောင်လှ၊ လားရှိုးဟူသော မှတ်တမ်းကို အမှတ်မထင် တွေ့ရရာမှ ထိုကျောင်းသူအား. . .

☐ "နင် လားရှိုးက ပွဲစားကြီး ဦးအောင်လှ-ဒေါ်မေမေသန်းတို့ရဲ့ သမီးလား"ဟု မေးရ၏။

☐ "ဟုတ်ပါတယ် ဆရာ"

☐ "ဟုတ်လား၊ နင်ငါ့ကို မမှတ်မိဘူးလား။ ငါလားရှိုးမှာနေတုန်းက နင်တို့အိမ်ဟာ ငါ့စားအိမ် သောက်အိမ်ပေါ့။ နင့်အဖေအမေတွေ တွေ့ရင် သတိရကြောင်း ပြောလိုက်ပါ" ဟု ပြောပြရ၏။ ထိုအခါ သူက မျက်ရည်ဝဲလျက်. . .

☐ "ဆရာ့ကိုမှတ်မိပါတယ်။ ဆရာက အိပ်ဇင်မိုင်နာ (Examiner =စာစစ်သူ) ဖြစ်နေတာနဲ့ ကျွန်မ မနှုတ်ဆက်တာ။ ဖေဖေတော့ ဆုံးပြီ။ မေမေတော့ ရှိပါသေးတယ်" ဟု သူက ဆိုမှ သိရလေသည်။ ထိုအခါမှ ကျွန်တော့်မှာ. . .

☐ "ဟယ်. . . ဖြစ်မှဖြစ်ရလေ။ဆရာနဲ့မင်းတို့နဲ့ကွဲသွားတာ ၄-၅ နှစ်လောက်ရှိပြီဆိုတော့မကြာမိဘူး။ ဆရာလဲ လားရှိုးက ထွက်လာ ကထဲက ပြန်မရောက်တာအခုထိ။ ကြားရတာဝမ်းနည်းဆရာပဲကွာ။ ဘာနဲ့ဆုံးသလဲ။ မင်းလိုတဲ့အကူအညီရှိပြော"ဟုသာ အားပေးစကားပြောကြားနိုင်တော့၏။ စာမေးပွဲပြီးမှသာ သူ့ကိုခေါ်၍ထပ်တွေ့ရလေသည်။

☐ "ဆရာသွားပြီးတဲ့ နောက် ဖေဖေလည်း အရက်တော်တော်

သောက်ဖြစ်တယ်။ အဲဒါ တစ်ရက်မှမပြတ်သလိုပဲ။ နောက်ဆုံး အရက် မသောက်ရင် မနေနိုင်ဘူး။ ခြေတွေ၊ လက်တွေ၊ ခေါင်းတွေ တုန်ပြီး သတိတွေ မေ့လို့။ အသည်းရောဂါ ဖြစ်ပြီး ဆေးရုံပဲ ၂-ခါ ၃-ခါလောက် တက်ရသေးတယ်။ ဖေဖေအလုပ်မလုပ်တော့၊ မကျန်းမာတော့ မေမေလဲ သိပ်အလုပ်မလုပ်နိုင်။ အဲဒါနဲ့ စီးပွားရေး သိပ်မကောင်းဘူး။ ဒီအထဲ မောင်လေးလည်း အပေါင်းအသင်းမှားပြီး တောတွေဘာတွေခိုနဲ့ အိမ်ကို ရှုပ်သွားတာပဲ ဆရာရဲ့။ အဲဒီဒဏ်တွေ ဖေဖေမခံနိုင်ဘူးထင်ပါရဲ့။ အဲဒါ လွန်ခဲ့တဲ့ ၃-နှစ်လောက်က ဖေဖေဆုံးတာပဲ” ဟု နှစ်ယောက်တည်း တွေ့သောအခါ နန်းမေမေလှက အကြောင်းစုံကို ပြောပြလေသည်။

◻ “ဘာလဲ. . . လီဗာဖေးလီးယား (အသည်းရောဂါ)နဲ့ ဆုံးတာ လား”

◻ “မဟုတ်ဘူး ဆရာ၊ တစ်ရက်မှာ သူ့ဟာသူ အရက်တွေ သောက်ပြီး ဆူဆိုက် (ကိုယ့်ကိုယ်ကိုသတ်သေခြင်း) လုပ်သွားတာပဲ” ဟု သူက ပြောမှ အကြောင်းစုံကိုသိရ၊ ဝမ်းနည်းရလေသည်။

◻ အရက်. . အရက်. . အမည်နဲ့လိုက်သော သေရည်သေရက် ပါတည်း။ ■

❁ ❁ ❁

# ၁၁

# မေ့၍မရသောအသိ

☐ ယနေ့ညကျွန်တော့်အခန်းသို့ ကျွန်တော်ပြန်ရောက်သောအခါ ည၃နာရီခွဲပင် ထိုးလေပြီ။ လဆုတ်ရက်ဖြစ်၍ တစ်ကြောင်း၊ နှင်းကပိန်း နေအောင်ကျသဖြင့် တစ်ကြောင်း ပတ်ဝန်းကျင်တစ်ခုလုံးမှာ ပိန်းပိတ် အောင်မှောင်နေသည်။ မှောင်မှောင်မည်းမည်း၊ ချမ်းချမ်းအေးအေးထဲ၌ မြို့ထဲ ဦးရဲမြင့်တို့အိမ်မှ ပြန်လာသော ကျွန်တော့်မှာ အခန်းသို့ ရောက်သည်နှင့် ဟန်မဆောင်နိုင်တော့ချေ။ အိပ်ရာထဲသို့ တန်း၍ဝင်ရ၏။ အကူ ရဲဘော်ကလေးကိုလည်း မီးမွှေးရန် လှမ်းအော်ရ၏။ မီးမွှေး နေရာမှ အကူရဲဘော်ကလေးက. . .

☐ "ဗိုလ်ကြီး၊ ညနေက ဗိုလ်မှူးလှ လာတယ်။ သူ့အိမ်မှာ ဗိုလ်ကြီး မိတ်ဆွေတွေ ရောက်နေတယ်တဲ့။ ဗိုလ်ကြီးပြန်ရောက်ရင် သူ့အိမ်ကို လိုက်လာဖို့ မှာသွားပါတယ်" ဟု လှမ်း၍ သတင်းပို့လေသည်။

☐ "ဘယ်သူတွေလဲကွာ။ ဘယ်က ဧည့်သည်တွေတဲ့လဲ" ဟု မေးသောအခါ အကူရဲဘော်ကလေးမှာ မဖြေနိုင်တော့ချေ။

☐ "အဲဒါတော့ မမှတ်မိဘူး ဗိုလ်ကြီး။ ပြင်ဦးလွင်ကလို့ပြောတာပဲ။ စစ်ဗိုလ်တွေတဲ့"

□ သူက မရေမရာ ဖြေသောအခါ ကျွန်တော့်မှာ စိတ်မရှည်တော့။

□ "အံ့ပ့ါကွာ၊ မင်းတို့ဟာက ဧည့်သည်လာတယ်ဆိုရင် သေသေချာချာ မေးထားရတယ်" ဟု ပြောကာ ကျွန်တော်လည်း ပြင်ဦးလွင်က မည်သည့် စစ်ဗိုလ်မိတ်ဆွေများ လာနိုင်သနည်းဟု စဉ်းစားကြည့်နေရသည်။ ကျွန်တော့်အသိ သူငယ်ချင်း စစ်ဗိုလ်ထဲမှ လားရှိုးသို့ လာလည်နိုင်သူ မည်သူ့ကိုမျှ စဉ်းစား၍ မရချေ။ ချမ်းလှ အေးလှ၊ နှင်းကျလှသဖြင့် အပြင်ထွက်ရန် ကျွန်တော့်မှာ ကြောက်နေလေသည်။ အချိန်ကို ကြည့်လိုက်သောအခါလည်း ၁၀ နာရီခွဲနေပေပြီ။ ထို့ကြောင့်. . .

□ "ငါ့ဆီ တမင်သက်သက် လာတဲ့သူ ဆိုရင်တော့ အခန်းကို လာမှာပဲ။ ဒါမှ မဟုတ်ရင်တော့ မနက်ကျမှပဲ သွားပေးရမယ်" ဟု ကိုယ့်ဟာကိုယ် ပြောကာ ထိုညက ဗိုလ်မှူးလှအိမ်သို့ ကျွန်တော် မသွားဖြစ်တော့ချေ။ ဧည့်သည်ကို သိချင်စိတ်၊ အကူရဲဘော်ကလေး နှိုးဆွသည်ကို ဒေါပွသည့်စိတ်ဖြင့်ပင် ထိုညက ကျွန်တော့်မှာ အိပ်ပျော်သွားလေသည်။

□ နောက်တစ်နေ့ နံနက် ၇ နာရီတွင် ကျွန်တော်နိုးသည်။ အိပ်ရာမှထ၊ ကိုယ်လက်သုတ်သင်ပြီးစီး၍ အလုပ်ဆင်းရန် ယူနီဖောင်းဝတ်နေသည်တွင် ကျွန်တော့်အခန်းရှေ့သို့ ကားတစ်စင်းထိုးဆိုက်လာသည်ကို မြင်ရသည်။ ကားမှာ ဗောက်(စ်)ဝက်ဂွန်း ကားဖြစ်၍ ဗိုလ်မှူးလှတို့တပ်မှ ကားဖြစ်လေသည်။ ကျွန်တော်က ကားကို ထွက်၍ မေးမည်ပြုစဉ် ကားပေါ်မှ ဗိုလ်မှူးလှ၏ ဇနီး အစ်မကြီး ဆင်းလာသည်ကို မြင်ရ၏။ အစ်မကြီးက ကျွန်တော့်ကို မြင်မြင်ချင်း. . .

□ "ဆရာ၊ ညက ဘာလို့မလာသလဲ။ ဗိုလ်မှူးထွန်းလှမောင်တို့ ပြင်ဦးလွင်က ရောက်လာတယ်" ဟု စပြောလေသည်။ ကျွန်တော့်မှာ

ဗိုလ်မှူးထွန်းလှမောင် ပြင်ဦးလွင်မှ လာသည်ဆိုသဖြင့် အံ့သြသွားလေသည်။ အကြောင်းမူ ဗိုလ်မှူးထွန်းလှမောင် လားရှိုးသို့ လာမည်ဟု ကျွန်တော့်မှာ တစ်ခါမျှ စဉ်းစား၍မရခဲ့။ သူကလည်း တစ်ခါမျှ မပြောခဲ့။ အကြောင်းမကြားခဲ့ဖူးချေ။ နောက်တစ်ကြောင်းမှာလည်း ဗိုလ်မှူးထွန်းလှမောင်မှာ မင်္ဂလာဒုံ တပ်မတော် စစ်ဆေးရုံကြီးမှ ခွဲစိတ်ဆရာဝန်တစ်ဦးဖြစ်၍ ပြင်ဦးလွင်ဆေးရုံသို့ ပြောင်းလာသည်ဟု ကြားခဲ့သည်မှာ မကြာသေး။ ၃-လ ခန့်မျှ ရှိပေသေးသည်။ ပြင်ဦးလွင်ဆေးရုံတွင် ခွဲစိတ်ဆရာဝန် မရှိတော့သဖြင့် ရုတ်တရက် အစီအစဉ်အရ သူ့ခမျာ အင်္ဂလန်သွားခါနီး အပြေးအလွှားလာ၍ တာဝန်ထမ်းရခြင်းဖြစ်သည်။ ရောက်ကတည်းက မအားရရှာ။ ဆေးရုံတွင် ရှိသမျှ ရောက်လာသမျှ ခွဲစိတ်လူနာများကို သူတစ်ယောက်တည်း ဒိုင်ခံခွဲနေရရှာလေသည်။ ထို ၃ လအတွင်း ပြင်ဦးလွင်ဆေးရုံသို့ နှစ်ခေါက်မျှ ကျွန်တော်ရောက်ရာ သူအားနေသည်ကို တစ်ခါမျှ မတွေ့ခဲ့ရ။ ကျွန်တော် လားရှိုးသို့ ရောက်နေသဖြင့် လာလည်ပါရန် ဖိတ်ခဲ့သော်လည်း သူ့ခမျာ ကတိမပေးနိုင်ရှာခဲ့။ သို့ဖြစ်၍ ဗိုလ်မှူးထွန်းလှမောင်တို့ လားရှိုးလာမည်ကို ကျွန်တော် မသိခြင်း၊ မမျှော်လင့်မိခြင်း ဖြစ်၏။ အံ့သြနေစဉ်မှာပင် ကားပေါ်မှ ဗိုလ်မှူးထွန်းလှမောင်နှင့် သူ့မိတ်ဆွေ ဗိုလ်တစ်ယောက် ဆင်းလာလေသည်။

◻ "ကျွန်တော်တို့ ညကရောက်တယ်ဗျာ။ ကိုညိုကို ဗိုလ်မှူးလှအိမ်က စောင့်နေတာ ည ၁၂-နာရီကျော်ရော"ဟု ဗိုလ်မှူးထွန်းလှမောင်က ပြုံးပြုံးရယ်ရယ်ဖြင့် စတင် နှုတ်ဆက်လေသည်။ ကျွန်တော့်မှာ အားတုံ့အားနာဖြင့် ဘာပြောရမည်မသိ။ ပြုံး၍သာနေမိလေသည်။ အတော်ကြာမှ. . .

□ "ကျွန်တော့်ချာတိတ်က ညကညည့်သည်လာတယ်ပြောတယ်။ ဒါပေမယ့် ကျွန်တော်က ပြန်လာတာလည်း နောက်ကျ၊ ဗိုလ်မှူးတို့ကို လည်း စဉ်းစားမရတာနဲ့၊ ပြီးတော့ ချမ်းက ချမ်းတာနဲ့ မလာဖြစ်တာ ဆောရီးပဲ ဗိုလ်မှူး"ဟု ပြန်တောင်းပန်ရလေသည်။

□ "ဘယ်လို ဘယ်လို ပေါက်လာကြတာလဲ" ဟု လည်း လာရင်း အကြောင်းကို မသိသဖြင့် ဆက်မေးရ၏။ ဗိုလ်မှူးထွန်းလှမောင်က. . .

□ "လာတဲ့အကြောင်းရင်းကတော့ အလည်သက်သက်ပဲ ကိုညို ရေ့။ ကျွန်တော့်နေရာကို အပြင်က ဆရာဝန် တစ်ယောက် ရောက် လာတာနဲ့ ကျွန်တော် ရန်ကုန်ကို ပြန်သွားရတယ်။ အဲဒါ မသွားခင် ၂- ရက်လောက် အားတာနဲ့ ရောက်ဖူးအောင်ဆိုပြီး ဒီကို လှည့်လာတာပဲ။ အစီအစဉ်တော့ မရှိဘူး။ ကြုံတာနဲ့ ဗိုလ်ကြီး ခင်မောင်သင်းကိုလည်း အဖော်ခေါ်ရတယ်"ဟု ပြောလေသည်။

□ "ဒါဖြင့် လားရှိုးကို လျှောက်လည်တာပေါ့ ဗိုလ်မှူး။ ကော်ဖီ သောက်ပါအုံး" ဟု ကျွန်တော်က ဖိတ်မန္တက ပြုသောအခါ အစ်မကြီးက မရ။

□ "ဗိုလ်မှူးတို့ဖို့ရော၊ ဆရာ့ဖို့ရော အိမ်မှာ လုပ်ထားတယ်။ ကဲ- ဆရာ. . . အဝတ်ဝတ်ပြီး ကျွန်မတို့နဲ့လိုက်ခဲ့"ဟု အစ်မကြီးကပြောသဖြင့် ကျွန်တော်လည်း အဝတ်အစားအမြန် လဲရလေသည်။ ရှိသမျှ ကော်ဖီ ကလေးဖြင့် ဗိုလ်မှူးထွန်းလှမောင်တို့အား ဧည့်မခံရတော့ဘဲ သူတို့နှင့် တစ်ပါတည်း လိုက်သွားရ၏။ အစ်မကြီးတို့အိမ်ကျမှ ကော်ဖီသောက်၊ နံနက်စာစား၍ ဗိုလ်မှူးထွန်းလှမောင်တို့အား လားရှိုးကို လှည့်လည်ပြသ ရန် စီမံရလေသည်။ ကျွန်တော့်မှာ စစ်ဆင်ရေးမရှိမီ နားနေရချိန်ဖြစ်၍

တစ်ကြောင်း၊ ကူ၍လုပ်အားပေးနေရသော စစ်ဆေးရုံ၌ လူနာမများ၏ တစ်ကြောင်းလည်နိုင်ရန် လှည့်ပြရန် အချိန်ရပေသည်။

□ ဗိုလ်မှူးလှအိမ်တွင် စားသောက်ပြီးကြပြီးနောက် ကျွန်တော့် တပ်မှ ကားဖြင့်ပင် ဗိုလ်မှူးထွန်းလှမောင်တို့အား လည်ပတ်ပြရသည်။ များများစားစား လည်ပတ်ပြသရန် မရှိချေ။ လားရှိုးမှာ ခေါင်းရှိုး၊ လားရှိုးကြီး၊ လားရှိုးကလေးဟူသည့် အရပ် ၃-ခုကို ပေါင်းခေါ်ထားသည့် မြို့ဖြစ်၍ လားရှိုးကလေးသာ အစည်ဆုံးဖြစ်ရကား လားရှိုးကလေးသို့သာ ခေါ်ပြဖို့ရှိလေသည်။ လားရှိုးကလေး၌ပင် ဈေး၊ ရုံး၊ ဂုတ်စသဖြင့် မြို့အင်္ဂါများရှိကာ လူအများစုလည်း ၎င်းအရပ်မှာ နေလေသည်။

□ ဈေးထဲ၌ လျှောက်၍ကြည့်ကြစဉ် "ကိုညို၊ ဒီက အမှတ်တရ ပစ္စည်း ဘာဝယ်ရရင် ကောင်းမလဲ" ဟု ဗိုလ်မှူး ထွန်းလှမောင်က ကျွန်တော့်အား မေးလေသည်။

□ "ဗိုလ်မှူးရေ၊ လားရှိုးက အမှတ်တရ ဝယ်စရာရယ်လို့ ဘာမှ မထွက်ဘူးဗျာ့။ တရုတ်ပစ္စည်း နည်းနည်းကျဉ်းကျဉ်းပဲ ရှိတယ်" ဟု ကျွန်တော်က ပြောရ၏။

□ "ဒါဖြင့် အဲဒါကလေးတွေပဲ ကြည့်ရအောင်ဗျာ။ ကြိုက်ရင် ဝယ်သွားရအောင်" ဟု သူကဆိုသဖြင့် ကျွန်တော့်မှာ ဗိုလ်မှူးထွန်းလှမောင်တို့အား တရုတ်ပစ္စည်းရောင်းသော ဈေးသို့ ခေါ်သွားရ၏။ ထိုဆိုင်တန်းများဘက်၌ ဆိုင် ၄-၅ ဆိုင်မျှ ရှိ၍ အားလုံး တရုတ်ပြည်သစ်ဘက်မှ ပစ္စည်းများကိုချည်း ရောင်းကြသည်။ အခွန်မဲ့၊ အကောက်မဲ့ သွင်းလာကြပြီး ရောင်းကြခြင်း ဖြစ်သော်လည်း ဈေးကား မသက်သာ၊ အလွန်ကြီးလေသည်။ အမှတ်တရ ဝယ်ရန်သာ သင့်လျက် အသုံးပြုဖို့ ဝယ်ရန် မသင့်ချေ။

☐ တရုတ်ဆိုင်များမှ ဝါးတစ်ဆစ်တည်းမှ လုပ်ထားသော ဝါးပိုးထီး၊ ပိုးယပ်တောင်၊ ပိုးပန်းချီကားစသည့် တရုတ်အနုပညာမြောက်ပစ္စည်းတော်တော်များကို ဗိုလ်မှူးထွန်းလှမောင် ဝယ်လေသည်။ ဝယ်သမျှပစ္စည်းများမှာ နုနုယဉ်ယဉ် မိန်းကလေး အသုံးအဆောင်များ ချည်းဖြစ်၍. . .

☐ "ဗိုလ်မှူးကလည်း မိန်းမပစ္စည်းတွေချည်း ဝယ်တာ၊ ဧကန္တမရှိတော့ဘူးထင်တယ်" ဟု ကျွန်တော်က နောက်ရာ ဗိုလ်ကြီးခင်မောင်သိန်းက ထောက်ခံသကဲ့သို့ ပြုံးနေလေသည်။ လူပျိုကြီး ဗိုလ်မှူးထွန်းလှမောင်ကမူ. . .

☐ "မဟုတ်ပါဘူးကိုညိုရာ၊ ကျွန်တော့်နှမတွေပေးဖို့ပါ" ဟု မစစ်ဘဲဖြောင့်ချက်ပေး၏။ ကျွန်တော့်တို့မှာ ရယ်နေရလေသည်။

☐ တိုလီမိုလီ ပစ္စည်းများ ဝယ်ပြီး၍ ဟိုဟိုဒီဒီ လျှောက်ပြမည်။ ပြုရာ. . .

"ပြည်သူ့ဆေးရုံက ဘယ်မှာလဲ" ဟု ဗိုလ်မှူးထွန်းလှမောင်က မေးသဖြင့် ဈေးအနီးတွင် ရှိသော ဆေးရုံကို ပြရလေသည်။

☐ ဆေးရုံထဲသို့ ဝင်ကြည့်ပြီး ခရိုင်ဆရာဝန်နှင့် ဗိုလ်မှူးထွန်းလှမောင်မှာ စကားအတော်ကောင်းနေသေး၏။ ထမင်းစားချိန်နေ့ ၁၁ နာရီနီးပြီ ဖြစ်သဖြင့်သာ ဆေးရုံမှ ကျွန်တော်တို့ ထွက်လာနိုင်ပေသည်။ ဆေးရုံကအထွက်. . .

"ကဲ-ဗိုလ်မှူးဘာဝယ်ဦးမလဲ။ ဒီကနေ အခု ဗိုလ်မှူးလှတို့အိမ်မှာ ထမင်းသွားစားကြမယ်။ ပြီးရင် ရေပူစမ်းသွားမယ်" ဟု ကျွန်တော်က ပြောရသည်။ ဗိုလ်မှူးက. . .

□ "သွားစားတာပေါ့လေ။ ဘာများဝယ်စရာ အဆန်းအပြား ရှိသေးသလဲ" ဟု ပြန်မေးနေသဖြင့်. . .

"လေသေနတ်ဝယ်ချင်ရင်တော့ ရမယ် ဗိုလ်မှူး။ တရုတ်ပြည် ဖြစ်တွေပဲ။ ဈေးချိုတယ်" ဟု ကျွန်တော်က ပြန်ပြောရလေသည်။

"ကောင်းတယ်ဗျာ၊ ကြည့်ရအောင်"ဟု ဆိုသဖြင့် ကျွန်တော် လည်း လေသေနတ်ရောင်းသော ဆိုင်များသို့ ခေါ်သွားရ၏။

□ လေသေနတ် ရောင်းသော ဆိုင်၌ လေသေနတ် မျိုးစုံကို ကိုင်တွယ် စမ်းသပ်ကြည့်ပြီးနောက် လေသေနတ်တစ်ချောင်းကို ဗိုလ်မှူး ဝယ်လေသည်။

"ပျင်းတဲ့အခါ ကြွက်ကလေး၊ ကျီးကလေးပစ်ရတာပေါ့ဗျ။ ကျွန်တော်တို့ဆီမှာ ကြွက်တို့ ကျီးတို့က တော်တော်ရဲတယ်" ဟု လေ သေနတ်ဖိုးချေရင်း ဗိုလ်မှူးထွန်းလှမောင်က ပြောလေသည်။ ကျွန်တော် ကလည်း. . .

"ဟုတ်တယ် ဗိုလ်မှူး၊ဝယ်ထားတာကောင်းပါတယ်" ဟု ပြောကာ ဗိုလ်မှူးအိမ်သို့ အမြန်မောင်းခဲ့ရ၏။ နေ့လည် ၁၂ နာရီထိုးနေပြီ ဖြစ်သဖြင့် ထမင်းစားချိန်ရောက်ပေပြီ။ ဗိုလ်မှူးလှတို့တတွေ ထမင်းပွဲ တပြင်ပြင်ဖြင့် စောင့်နေတော့မည် ဖြစ်သည့်ပြင် ရေပူစမ်းသို့ သွားရန် ကိစ္စကရှိပေသေးသည်။

□ ထမင်းစားသောက်ပြီး ကြပြီးနောက် ရေပူစမ်းသို့ နေ့လယ် ၂ နာရီခန့်တွင် ထွက်ခဲ့ကြသည်။ ၁၂ နာရီခွဲလောက်၌ ထမင်းစားပြီးသော် လည်း လေသေနတ်ကို စမ်းနေသဖြင့် ဤမျှကြာနေခြင်းဖြစ်၏။ ထမင်း

စားပြီးကတည်းက ဗိုလ်မှူးထွန်းလှမောင်၏ လေသေနတ်ကို ကျွန်တော်တို့တစ်တွေ တစ်ယောက်တစ်လှည့်ပစ်ကြသည်မှာ ရေပင်မရေနိုင်တော့ပေ။ ကိုက် ၅၀ ခန့်၌ နို့ဆီဗူးထောင်၍ ပစ်ကြ၊ ကျင့်ကြခြင်း ဖြစ်၏။ ဗိုလ်မှူးလှတစ်ယောက်သာ တစ်ချက်တစ်ခါမှန်၍ကျွန်တော်တို့တစ်တွေမှာ လက်မတည့်ကြပေ။

□ ဗိုလ်မှူးလှအိမ်မှ အထွက် "စစ်ဆေးရုံကိုကြည့်ချင်သေးတယ်ဗျာ" ဟု ဗိုလ်မှူးထွန်းလှမောင်ကပြောသဖြင့် ကျွန်တော့်မှာ စစ်ဆေးရုံကို ပြရသေး။ စစ်ဆေးရုံမှာ အမြင်လှ၍ ဘာမျှ အသုံးမကျသော၊ လူနာမဆံ့သော အဆောက်အအုံ တစ်ခုဖြစ်လေသည်။ ဆောက်စဉ်က ဆေးရုံအတွက်မဟုတ်ဘဲ တပ်မတော်ဌာနချုပ်ရုံးအတွက် ဆောက်ခဲ့ခြင်းဖြစ်၍ ခွင်မကျခြင်း ဖြစ်လေသည်။ ဆေးရုံကိုကြည့်ရင်းသူက. . .

"လားရှိုးဘက်က ဂန်းရှော့ဝုန် (Gun Shot Wound) တော့ သိပ်လာတယ်"ဟု ပြောလေသည်။

□ စစ်ဆေးရုံကို ပြပြီးနောက် ကျွန်တော်တို့တစ်တွေ ရေပူစမ်းသို့ ဆက်သွားကြလေသည်။ ရေပူစမ်းမှာ လားရှိုးမြို့နှင့် ၅ မိုင်ခန့်သာ ဝေးသဖြင့်သွား၍လာ၍ လွယ်ကူသော နေရာဖြစ်၏။ လားရှိုး၌ တစ်ခုတည်းသော သွားသင့်ရာ၊ အပန်းဖြေရာ ဒေသလည်း ဖြစ်ပေသည်။ သစ်ပင်အုပ်အုပ်ဆိုင်းဆိုင်း၊ လယ်ကွင်းများ ဝိုင်းဝိုင်းလည်နေ သဖြင့်လည်း ကြည့်နူးစရာ၊ ပျော်ပွဲစားထွက်စရာကောင်းသော နေရာ ဖြစ်လေသည်။ တစ်ခုသာဆိုး၏။ အခြားမဟုတ်။ လားရှိုးမြူနီစပယ်က လမ်းကောင်းကောင်း ပြင်မထားခြင်း၊ ရှုခင်းသာအောင် ကြပ်မတ်မထားခြင်းနှင့် တည်းခိုစရာ ဆောက်ပေးမထားခြင်းပင် ဖြစ်လေသည်။

□ ရေပူစမ်း၌ ကျွန်တော်တို့တစ်တွေမှာ ဘီယာ သောက်လိုက်၊

ရေချိုးလိုက်။ စကားပြောလိုက်ဖြင့် ပျော်မြူးနေကြလေသည်။ အပျော်ဆုံး၊ အမြူးဆုံးကား ဗိုလ်မှူးထွန်းလှမောင်ပင်။ သူကား လေသေနတ်တစ်လက်ဖြင့် ရေဘဲများကို ပစ်လိုက်၊ ဘီယာ သောက်လိုက်၊ စကားပြောလိုက်ဖြင့် အလွန်ရွှင်နေလေသည်။ကျွန်တော်ကမူ ဗိုလ်မှူးထွန်းလှမောင်ရွှင်နေသဖြင့်. . .

☐ "ဗိုလ်မှူးပျော်သလို ရေဘဲတွေလဲ ပျော်နေမှာပဲ ထင်တယ်။ ဘာကြောင့်လည်းဆိုတော့ ဗိုလ်မှူးပစ်တာ တစ်ကောင်မှ မမှန်လို့ဘဲ"ဟု နောက်ရ၏။ အားလုံးပင် ရယ်နေကြလေသည်။ ဗိုလ်မှူးထွန်းလှမောင်ကား အရယ်ဆုံးပင်။

☐ ရေပူစမ်းမှ ကျွန်တော်တို့တွေပြန်လာကြသောအခါ အချိန်မှာ ၃ နာရီခွဲခန့်၊ နေကသာသာ၊ လေကငြင်းငြင်း၊ လယ်ကွင်းရိုးပြတ်က အနံ့တသင်းသင်း၊ အားလုံးက သာသာယာယာပင်။ လူတိုင်းလည်း စိတ်လက်ပေါ့ပါးလျက် ရွှင်ရွှင်မြူးမြူး၊ တစ်ဦးကိုတစ်ဦးစကြ၊ နောက်ကြဖြင့်။ ကျွန်တော်က ကားမောင်း၊ ဗိုလ်မှူးထွန်းလှမောင်က လေသေနတ်တစ်လက်ဖြင့် ကျွန်တော့်ဘေးမှ ထိုင်လျက် မည်းမည်း မြင်ရာ လှမ်းပစ်ရင်း ပြန်ခဲ့ကြသည်။ ဤသို့ ပြန်လာကြရာ ရေပူစမ်းလမ်းနှင့် လားရှိုးသွားလမ်းမကြီးတို့ ဆုံရာရောက်သောအခါ ဗိုလ်ကြီးခင်မောင်သင်းက. . .

☐ "ရပ်ဆရာ၊ ကားရပ် ရပ်" ဟု အလန့်တကြား ပြောသဖြင့် ကျွန်တော့်မှာ ကားရပ်ပေးလိုက်ရ၏။

"ဘာဖြစ်လို့လဲ" ဟုလည်း သိချင်စိတ်ဖြင့် မေးရသည်။

☐ " ဟိုဓာတ်မီးတိုင်ပေါ်မှာ ချိုးကလေးတစ်ကောင် နားနေတယ်။ ဗိုလ်မှူးပစ်လို့ရအောင်လို့" ဟု ဆိုမှ ကျွန်တော့်မှာ ရယ်နိုင်လေသည်။ စံပါပေ့။

□ ဗိုလ်မှူးထွန်းလှမောင်လည်း ချိုးကလေးကိုကားပေါ်မှ သေသေချာချာချိန်၍ပစ်၏။ 'ထိုင်း'ကနဲ အသံနှင့်အတူချိုးကလေးမှာအမွေးများ ဖွာသွားသည်ကို မြင်ရ၏။ သို့သော် မကျလာ၊ ခေတ်မီးတိုင်မှ ပျံသွားသဖြင့်. . .

□ "ဗိုလ်မှူးလက်ကလဲ မစားသာပါဘူး"ဟု နောက်ကာ ကျွန်တော်က ကားကို ဆက်မောင်းရန် ပြင်ရလေသည်။

□ "နေအုံး. . . နေအုံး ကိုညို၊ ဟိုမှ ဆက်မပျံနိုင်တော့ဘူး" ဟု ဆိုကာ လေသေနတ်ကို ကျည်ထိုးလျက် ဗိုလ်မှူးထွန်းလှမောင်နှင့် ဗိုလ်ကြီးခင်မောင်သင်းတို့ ကားပေါ်မှ ဆင်းသွားကြလေသည်။ ခေတ်မီးတိုင်နှင့် မနီးမဝေးသစ်ပင်ငယ်တစ်ပင်သို့ သွားကြည့်ကြ၏။ သူတို့သွားကြည့်ကြမှ စောစောက ချိုးငယ်ကလေးကို သစ်ကိုင်းတစ်ကိုင်းပေါ်၌ ခုန်ဆွခုန်ဆွလုပ်နေသည်ကို ကျွန်တော်လည်းတွေ့ရ၏။ သွေးစက်လက်ဖြင့် ဖြစ်နေသည်ကိုလည်း လှမ်းမြင်ရလေသည်။ မကြာမီပင် ထိုနေရာမှ ဗိုလ်မှူးထွန်းလှမောင်က လေသေနတ်ကို ကျည်ထိုးပြီး မပစ်ဘဲ ပြန်လာလေသည်။ ချိုးငယ်မပစ်ဘဲ သည်အတိုင်း ထားခဲ့ချေ၏။ သူ့မျက်နှာမှာလည်း အသွားတုန်းကနှင့် မတူတော့ချေ။

□ "ဘယ့်နှယ်လဲ ဗိုလ်မှူး၊ ပျံမှ မပျံနိုင်တော့တာ ပစ်မယူခဲ့ဘူးလား"

□ ကျွန်တော်က ကားကိုစက်နှိုးရင်းမေးမိသည်။ သူက ခေါင်းကို ရမ်းလျက်. . .

□ "မပစ်ခဲ့ဘူး ကိုညိုရာ၊ အကောင်လေးမှာ အတောင်ပြတ်သွားပြီး မပျံနိုင်တော့ဘူး။ သွေးတွေလည်း ထွက်နေတာနှင့် ကျွန်တော်တော့

ပစ်ချင်စိတ် ကုန်လာတာပဲ” ဟု သူက ညည်းညည်းညူညူ ပြော၏။

◻ “ဘာဖြစ်လို့လဲ ဗိုလ်မှူး”

◻ “ဟာ. . . ဒီကောင်အတောင်ကျွတ်နေတာ၊ သွေးထွက်တာ မြင်တာ စစ်သားတွေ၊ လူတွေတိုက်ပွဲမှ ဒဏ်ရာရလာသလိုပဲ ကျွန်တော် မြင်သွားတယ်။ စစ်သားတွေ၊ လူတွေ ဒဏ်ရာရလာလို့ ဆေးရုံရောက်လာ ရင် ကျွန်တော်တို့တစ်တွေမှာ သေရေးရှင်ရေးကျနေအောင် ကုလိုက်ကြ၊ ခွဲလိုက်ကြရတာ။ ဒဏ်ရာရအောင် လုပ်တဲ့သူ၊ ပစ်တဲ့သူကိုလဲ အကြီး အကျယ် ဒေါပွလို့။ အခုကောင်တော့ ကျွန်တော်ကပဲ ပစ်တယ်၊ ကျွန်တော်ကြောင့်ပဲ သူဝေဒနာခံရတယ်။ ဘယ်ကောင်းမလဲဗျာ” ဟု ဗိုလ်မှူးထွန်းလှမောင်က လေးလေးနက်နက်ပြန်ပြောလေသည်။ သူ့အသံ မှာ ခြောက်သွေ့နေလေသည်။ ကျွန်တော့်မှာ နားမလည်နိုင်သဖြင့်. . .

◻ “ဟာ ဗိုလ်မှူးကလဲတခြားစီပဲ။ သေအောင်ပစ်လိုက်ရောပေါ့။ ငှက်ပဲ။ ဟု ပြောမိပြောရာ ပြောလိုက်မိချေသည်။ မရချေ။

◻ “မရဘူးကိုညို၊ ကျွန်တော်ကိုယ်တိုင် လူတွေရဲ့ ဝေဒနာကို မကြည့်ရက်လို့ ဆရာဝန် အတတ်တတ်လာပြီး လူတွေကို ခွဲပေး၊ စိတ်ပေး၊ ကုပေးနေရတော့ ဝေဒနာမြင်ရင် ကုချင်၊ ကယ်ချင်တာပဲ ရှိတယ်။ ဆက်ပြီး ဝေဒနာဖြစ်အောင်၊ သတ်ရဲအောင် သတ္တိ မရှိတော့ဘူး။ တစ်ချက်တည်းနဲ့သေရင်တော့ ကိစ္စမရှိဘူးလေ။ အခုတော့ စိတ်မကောင်း ပါဘူးဗျာ” ဟု ဗိုလ်မှူးထွန်းလှမောင်ကခြောက်သွေ့ကြေကွဲစွာဖြင့် ပြန်ပြော လေသည်။ သူတကယ် စိတ်ထိခိုက်နေမှန်း သိသဖြင့်လည်း ကျွန်တော် ဆက်၍ ဘာမျှမပြောမိတော့ချေ။ ဗိုလ်မှူးထွန်းလှမောင်မှာ ထိုအချိန်မှစ၍ လေသေနတ်ကို လုံးဝမကိုင်တော့။ ယခင်က ပျော်နေ၊ ရွှင်နေ၊ မြူးနေ

သလောက် ယခုမူ မပျော်မမြူး၊ မရွှင်တော့ချေ။ တိတ်တိတ်ဆိတ်ဆိတ် ကျွန်တော့်ဘေးမှ လိုက်လာရုံမျှမက ညစာပင် ကောင်းကောင်းမစား၊ ရုပ်ရှင်ပြတော့လည်း မကြည့်တော့ချေ။ တကယ် စိတ်ထိခိုက်ကြေကွဲသွားသည်မှာ ၂ ရက် ၃-ရက်နေမည်ပြောပြီး လားရှိုးမှ ရုတ်တရက် ပြန်သွားသည်အထိ ဖြစ်လေသည်။

◻ ကျွန်တော်ကား ထိုအချိန်မှ စ၍ ယခုအထိ ဗိုလ်မှူးထွန်းလှမောင်၏ စိတ်ကိုသာ အံ့သြနေမိလေသည်။ ခွဲရ စိတ်ရ၍ ပင်ပန်းလှသဖြင့် လားရှိုးသို့ အပန်းဖြေအလည် ထွက်လာပါမှ ဘာမှမဟုတ်သော အကြောင်းကလေး တစ်ခုကြောင့်ပင် ပြန်၍ စိတ်ပင်ပန်းသွားရလေသည်။

◻ သြော်. . . ဆရာဝန်ဟူသော အသိကား မည်သည့်အခါမျှ ဖျောက်၍ မေ့၍ မရနိုင်ပါတကား။ ■

❀ ❀ ❀

# ၁၂

# အမျိုးဂုဏ်

□ လားရှိုးမြို့၏ ဆောင်းညများသည် အလွန်ချမ်းအေးလှသည်။ အထူးသဖြင့် ဒီဇင်ဘာ။ ဇန်ဝါရီလများ၌ ပို၍ဆိုး၏။ ညနေ ၄-၅ နာရီလောက်ကတည်းက မြူများကျ၍ စိမ့်၍အေးသည်မှာ တဖြည်းဖြည်းပို၍ ဆိုးလာပြီး ည ၁၁နာရီ၊ ၁၂ နာရီလောက်ဆိုလျှင် ခိုက်ခိုက်တုန်လောက်အောင် အေးတော့သည်။ အရိုးပင်ကွဲမတတ်ဖြစ်၏။ ဤသို့အေးလိုက်သည်မှာ နောက်တစ်နေ့နံနက် ၉ နာရီ၊ ၁၀ နာရီကျမှသာ သက်သာတော့သည်။ ဤသည်တောင်မှ မြူက မကွဲချင်သေး။ တော်တော်ပင် အေးသောရာသီဥတုဖြစ်ပေ၏။ ဤသို့အေးလှ ချမ်းလှသဖြင့်လည်း ဆောင်းညများမှာဆိုလျှင် လားရှိုးမြို့၌ လူအသွားအလာ နည်းတတ်၏။ လားရှိုးမြို့ကလေး (ဈေးရှိရာမြို့ပိုင်း)ရှိ ရုပ်ရှင်ရုံများ တစ်ဝိုက်လောက်တွင်သာ လူစည်တတ်ပေသည်။ လားရှိုးလေးနှင့် ၂ မိုင်ခန့်ဝေးသော လားရှိုးကြီး၊ ၄-၅မိုင် ခန့်ဝေးသော ဘူတာရုံတဝိုက်၊ ကျွန်တော်နေသော တပ်နယ်မြေတဝိုက်တွင်ကား ဆောင်းညများဆိုလျှင် လူမရှိသကဲ့သို့ပင် တိတ်ဆိတ်ငြိမ်သက်လှပေသည်။

□ ဒီဇင်ဘာကုန်ခါနီး ညတစ်ည၌ လားရှိုးမှာ အထူးအေးလှသည်။

မြူတွေပိန်းပိတ်အောင်မှောင်နေ၍ ခိုက်ခိုက်တုန်အောင် ချမ်းအေးလှ သဖြင့် ကျွန်တော်သည် အခါတိုင်းလည်နေကြလားရှိုးကလေးရှိအိမ်များ သို့ပင် မလည်၊ ရုပ်ရှင်ရုံများဘက်သို့လည်း မလှည့်ဘဲ အနွေးထည်ထူထူ ဝတ်၊ မီးသွေးမီးဖိုကို ခုတင်ဘေးတွင် ထားကာ အိပ်ရာတွင် ကွေး၍စာဖတ် နေမိ၏။ ချမ်းအေးသောရာသီ၌ နွေးနွေးထွေးထွေးကွေး၍ ကောင်းပေရာ ည၇နာရီမထိုးမီပင် ကျွန်တော်အိပ်ပျော်သွား၏။ သို့သော် ကြာကြာမအိပ် လိုက်ရပါ။ "ဆရာ. . . ဆရာ" ဟူသော အသံနှင့်အတူ"တစ်ဒုံးဒုံး" ဖြင့် ကျွန်တော့် ခေါင်းရင်းပြတင်းပေါက်ကို ခေါက်နေသဖြင့် ကျွန်တော့်မှာ မထချင်ထချင်ဖြင့်ထကာ. . .

◻ "ဟော့. . . ဘယ်သူတွေတုန်း" ဟူ၍ မေးလိုက်ရသည်။

◻ "ကျွန်တော် စံသိန်းပါ ဆရာ၊ ဗိုလ်မှူးမြက အရေးတကြီး ဆရာ့ကို ခေါ်ခိုင်းလိုက်လို့ပါ. . . "ဟူသော စံသိန်း၏ အသံကိုကြားရ၏။ စံသိန်းမှာ ဗိုလ်မှူးမြအိမ်မှ ဒရိုင်ဘာတစ်ယောက်ဖြစ်၍ ဗိုလ်မှူးကြီးအိမ်မှ ကျွန်တော် မကြာခဏ ဝင်ရောက် စားသောက်နေကျ အိမ်ဖြစ်ရကား ကျွန်တော်နှင့်လည်း ခင်မင်နေသူ တစ်ဦးဖြစ်ပေ၏။

◻ "ဟေးဘာဖြစ်လိုလဲ စံသိန်းရ၊ အချိန်မတော်အချိန်တော်" ဟု ကျွန်တော်ကပြော၍ နာရီကိုလှမ်းကြည့်ကာ သူ့ကိုတံခါးထဖွင့်ပေးလိုက် ရ၏။ အချိန်မှာ ည ၁နာရီ ရှိနေ၍ ကျွန်တော့်အိမ်တွင် ကျွန်တော်နှင့်အတူ နေသောရဲဘော်များမှာ တစ်ခေါခေါဖြင့် အိပ်မောကျချိန်ဖြစ်ပေသည်။ အိပ်မောကျနေ၍သာလျှင် သူတို့တစ်တွေမှာ တစ်ဒုံးဒုံးဖြင့် စံသိန်း နှိုးနေ သည်ကို သူတို့မနိုးကြခြင်းဖြစ်ပေသည်။ ကျွန်တော် ဖွင့်ပေးသည့် တံခါးမှ ဝင်လာရင်း. . .

□ "ဆရာဗိုလ်မှူးမြကအရေးတကြီး ဆရာ့ကိုခေါ်ခဲ့ပါဆိုလို့လား ခေါ်တာဆရာ။ သူညော့သည်တစ်ယောက်နေမကောင်းလို့ထင်တယ်. . . " ဟု စံသိန်းကပြောပါသည်။

□ "အေး. . . အေး လိုက်ကြည့်ရတာ ပေါ့ကွာ၊ ခဏ စောင့်အုံး"

□ ပြောပြောဆိုဆို ကျွန်တော်သည် အပြင်သွားရန် အဝတ်များလဲရ၏။ အိပ်နေသော ကျွန်တော့် ရဲဘော်တစ်ယောက်ကိုလည်း နှိုးကာ ကျွန်တော် ပြန်မလာမချင်းစောင့်ရန် မှာရလေသည်။ အဝတ်အစားလဲပြီးလျှင်သာ စံသိန်းနှင့် တစ်ခါတည်း လိုက်သွားရ၏။ စိတ်ထဲကမူ လူနာမှာ ဘယ်လောက်အရေးကြီး လို့ပါလိမ့်ဟူ၍ စဉ်းစားနေမိလေသည်။

□ ဗိုလ်မှူးမြအိမ်သို့ ရောက်သောအခါ ဗိုလ်မှူးမြရော ၎င်း၏ဇနီးပါ ထွက်ကြိုနေသည်ကို တွေ့ရ၏။ ကားပေါ်မှ ကျွန်တော်ဆင်းလျှင် ဆင်းချင်း. . .

□ "ဝမ်းသာလိုက်တာ ဆရာ၊ ဆရာနှင့်တွေ့မှ တွေ့ပါ့မလား၊ ဆရာပါမှ ပါလာပါ့မလားလို့ ကျွန်တော်တို့ဖြင့် ပူနေတာ" ဟူ၍ ဗိုလ်မှူးမြက ကျွန်တော့်ကို ပြောလေသည်။

□ "ဟာ ဗိုလ်မှူးကလည်း၊ ဘယ်အချိန်ရှိပြီလဲ၊ ည ၁ နာရီတောင် ရှိပြီဟာ။ ကျွန်တော်အိမ်မှာပဲရှိမှာပေါ့ ဗိုလ်မှူးရဲ့။ ဒီအချိန်ကြီး ကျွန်တော့်ကို လာခေါ်ခိုင်းတာ ဘာများ အရေးကြီးလို့လဲ. . . ကဲ- ဆိုပါဦး" ဟု ကျွန်တော်က ပြန်မေးရသည်။

□ "ဩော်. . . ဆရာကလည်း၊ ဆရာက လူလွတ် ဆိုတော့ အိမ်မှာမှ ပြန်အိပ်ရဲ့လားလို့ပါဆရာ။ ဆရာကလည်း အပေါင်းအသင်းက အများသားမှုတ်လား"

☐ ဗိုလ်မှူးမြကတော်က ပြုံးပြုံးရယ်ရယ် ပြောသည်။ ဗိုလ်မှူးမြကမူ သူတို့ပြောသည်ကို ကျေနပ်သည့် သဘောဖြင့်. . .

☐ "ခင်ပြောတာမှန်ပါတယ်ဆရာ။ ကဲ အထဲကျမှ လူနာကိုကြည့်ပေးပါဦး"ဟူ၍ ပြောရင်း ကျွန်တော့်လက်မောင်းကို ကိုင်ကာ သူ့အိမ်ထဲသို့ ခေါ်သွားလေသည်။ ဧည့်ခန်းထဲတွင်ကား လူတစ်ယောက်သည် ပက်လက်ကုလားထိုင် တစ်လုံးပေါ်၌ မှိန်း၍နေသည်ကို တွေ့ရ၏။ သူ၏ခေါင်းမှာ တစ်ခေါင်းလုံး ဖြူဆွတ်နေပြီး မျက်နှာတွင်မူ ပါးရေများတွန့်နေသည်ကို တွေ့ရ၏။ အသားမှာမဖြူမညို၊ နဖူး၌ ချွေးအနည်းငယ်စို့လျက် ကိုယ်အောက်ပိုင်းတွင်မူ စောင်ခြုံထားသည်ကို တွေ့ရ၏။ ကျွန်တော့်စိတ်တွင် သူ့အသက်မှာ ၆၀-၇၀ထက်တော့မနည်းဟု ခန့်မှန်းမိပေသည်။

☐ "အဲဒါကျွန်တော့်ဆရာ ဗိုလ်မှူးဘသိုက်ဆရာ။ ဆရာကြားဘူးမလားမသိဘူး။ ဘုတလင် သခင်ဘသိုက်ဆိုတာလေ"

☐ ဗိုလ်မှူးမြက ကျွန်တော့်ကို ထိုသူနှင့် မိတ်ဆက်ပေး၏။ ထိုသူကဘာမျှမပြော။ မျက်စိကိုဖွင့်၍ ကျွန်တော့်ကိုကြည့်ရုံသာ ကြည့်လေသည်။ ကျွန်တော်ကား ဘာမျှ ပြန်မပြောနိုင်။

☐ "ဟုတ်ကဲ့" ဟု ဆို၍သာ ထိုသူအကြောင်းကို စဉ်းစားနေမိလေသည်။

☐ သခင် ဘသိုက်မှာ အညာဒေသတွင် နာမည်ကြီး ပုဂ္ဂိုလ်တစ်ယောက်ဖြစ်ပေသည်။ ဘုတလင်မြို့ စားနိုင်သောက်နိုင်သော မိဘမှ ဆင်းသက်လာ၍ စစ်မဖြစ်မီကပင် တက္ကသိုလ်သို့ရောက်သွားလင့်ကစား တက္ကသိုလ်ဘွဲ့မှာ အလကား၊ ဘွဲ့ရလျှင် အစိုးရရာထူးရာခံသာရနိုင်သည်ဟု ထင်မြင်၍ တက္ကသိုလ်မှထွက်ကာ ထိုစဉ်က လွတ်လပ်ရေးအတွက်

တိုက်ပွဲဝင်နေသော တို့မြန်မာ (ဒို့ဗမာ) အစည်းအရုံးသို့ ဝင်ရောက် ဆောင်ရွက်ခဲ့သူဖြစ်သည်။ အင်္ဂလိပ်ခေတ်တွင် အင်္ဂလိပ်ကို ဆန့်ကျင်ရင်း ထောင်နှင့်အိမ်၊ အိမ်နှင့်ထောင်ကို အိမ်ဦးနှင့်ကြမ်းပြင်ပမာ သွားလာ နေထိုင်ခဲ့ရ၍ ဂျပန်ခေတ်တွင်လည်း မုံရွာခရိုင်တွင် ခေါင်းဆောင်၍ ဂျပန်ကို တော်လှန် ခဲ့သူတစ်ဦးဖြစ်၏။ ဂျပန်တော်လှန်ရေးပြီးသည့် နောက် တပ်မတော်ထဲတွင် ဆက်လက်နေထိုင်ခဲ့ရာ တပ်မတော်၏ တိုက်ပွဲအမျိုးမျိုးတွင် ရှုပ်ရှုပ်ချုံချုံ ပါဝင်တိုက်ခိုက်ခဲ့သူ တစ်ဦးလည်း ဖြစ်ပေသည်။ အထူးသဖြင့် ရန်ကြီးအောင် စသော တရုတ်ဖြူတိုက်ထုတ် ရေးစစ်ပွဲများ၌ သူ၏အမည်မှာ ဟိုးဟိုးကျော်ခဲ့၏။ ထိုစဉ်က ကျွန်တော် တို့တစ်တွေမှာ အထက်တန်း ကျောင်းသားဘဝ၌ ရှိရာ သူ၏အမည်ကို ရွတ်ဆို၍ တရုတ်ဖြူဆန့်ကျင်ရေးကို အားပေးခဲ့ကြပေသည်။ ဤသို့ နိုင်ငံအတွက် စွန့်စားတိုက်ခိုက်မှု အနစ်နာခံမှုများ ကြောင့်လည်း သူ့မှာ အစိုးရက ချီးမြှင့်သော ဘွဲ့တွေကမနည်း။ မော်ကွန်းဝင် ပထမဆင့်၊သူရ ဘွဲ့၊ အောင်ဆန်းသူရိယပိုင်ရှင်။ သို့သော် သူသည် လွန်ခဲ့သော ၁၀ နှစ် လောက်ပင် တပ်က အနားယူခဲ့ပြီး ဖြစ်ပေသည်။

◻ “ဗိုလ်မှူးနာမည်ကိုကြားဖူးတာတော့ ကြာပါပြီ။ တွေ့တာတော့ အခုမှတွေ့ရတယ်။ ကျွန်တော် ဘာလုပ်ပေးနိုင်ပါသလဲ ဗိုလ်မှူး” ဟု ကျွန်တော်က ဗိုလ်မှူးဘသိုက်အား ကပ်၍ ပြောလိုက်ရသည်။ သူသည် မျက်လုံးကို ဖြည်းဖြည်းချင်းဖွင့်ယင်း ကျွန်တော့်ကိုကြည့်လိုက်၏။ သူ၏ အကြည့်မှာ စူးရှလှကြောင်း ကျွန်တော်သည် ချက်ချင်း သိလိုက်လေ သည်။

◻ “ငါ့လူမောင်မြကတော့ မင်းအကြောင်းပြောပြပါတယ်။ ညဦး ပိုင်းက ငါလေ့ကားပေါ်က ချော်ကျတာ ရင်ဘတ်နာနေလို့ကွာ။ အဲဒါ

မောင်မြကြ တစ်ခုခုဖြစ်မှာစိုးလို့ မင်းကိုခေါ်တာပဲ” ဟု သူက ဖြည်းဖြည်း ချင်း ပြော၏။ ပြီးမှ ဗိုလ်မှူးမြတို့ကိုကြည့်ကာ. . .

□ “ငါတော့ ဘာမှ မဖြစ်ဘူး ထင်တာပဲ။ ငါ့လခွမ်း၊ လေ့ကား ပေါ်က ချော်ကျတာများ အဆန်းလုပ်လို့။ ဒါကို မောင်မြက ဆရာဝန် ပြ၊ ဓာတ်မှန်ရိုက်နဲ့ စစ်ကြည့်ချင်တယ်တဲ့ကွာ. . . ဟားဟား”ဟု သူသည် ပြောရင်းဆိုရင်း သူ့ဟာသူ သဘောကျ၍ ရယ်လေသည်။ ဗိုလ်မှူးမြတို့ လင်မယားကား ဘာမျှ မပြော၊ ပြုံး၍နေ၏။ ကျွန်တော်သည် လိုက်၍ ပြုံးကာ. . .

□ “ဒါတော့ဗိုလ်မှူးရဲ့၊ ဗိုလ်မှူးက ငယ်ငယ်တုန်းကလို မဟုတ်တော့ ဘူးမှတ်လား။ သူတို့က စိုးရိမ်ကြလို့ပါ။ စစ်ဆေးကြည့်လိုက်တော့ စိတ်ချရ တာပေါ့”ဟု ကျွန်တော်က အလိုက်သင့် ပြောလိုက်ရ၏။ ပြီးမှ. . .

□ “ကျွန်တော် နည်းနည်း စမ်းကြည့်မယ်နော်” ဟု ဆက်ပြော လိုက်ရ၏။

□ “စမ်းကွာ၊ ဘာမှမဖြစ်တာတော့ သေချာပါတယ်”

□ သူက သဘောတူသဖြင့် ကျွန်တော်သည် သူ၏ ခောင်းများကို ခွာ၍ စမ်းသပ်ကြည့်ရ၏။ ဗိုလ်မှူးမြ လင်မယားကား သူဝတ်ထားသော အနွေးထည်များကို လှန်၍ ပေးကြလေသည်။ ကျွန်တော်စမ်း၍ရသည် ကား ညာဘက်နံရိုး ကျိုးနေသည်ကိုတွေ့ရခြင်း ဖြစ်၏။ နံရိုး ကျိုးနေ သဖြင့် ညာဘက်ရင်ခေါင်းသည် ဘယ်ဘက်ရင်ခေါင်းလောက် မလှုပ်ရှား ပေ။ လှုပ်ရှားတိုင်း ပို၍နာတတ်ပေရာ အခြားသူများဆိုက ကျွန်တော် စမ်းသပ်တိုင်း ပေါ်မည်ဖြစ်၏။ ဗိုလ်မှူးဘသိုက်ကား မျက်နှာရှုံ့သည်မှအပ

မည်သို့မျှ အသံမထွက်။ ကျွန်တော်ဝင်လာစက သူ့နဖူး၌ ချွေးစို့နေသည်မှာ နာသည်ကို သူကျိတ်မှိတ် ခံနေသဖြင့်သာ ဖြစ်ရပေမည်။ မှန်၏။ နဖူးနှင့်လက်ဝါး၊ ခြေဖဝါးတို့မှ ချွေးစီးများသည် ကြောက်လန့်သောအခါ နာကျင်လွန်းသောအခါ၊ စိတ်လှုပ်ရှားလွန်းသော အခါ၌ ပို၍ထွက်တတ်၏။ သွေးလွန်၍ မေ့မြောခါနီး၌လည်း ထွက်နိုင်လေသည်။

□ ကျွန်တော်သည် ကျိုးသွားသော နံရိုးအပိုင်းအစများက အဆုတ်ကို မထိ၊ သွေးလွန် မလွန်သိနိုင်ရန် အမျိုးမျိုးစမ်းသပ်ရ၏။ အဆုတ်မှာ ထိခိုက်ဟန်မတူ။ နှလုံးခုန်နှုန်းနှင့် သွေးအားမှာလည်း အနည်း ငယ်မြန်သည်၊ နည်းသည်ကလွဲ၍ သိပ်စိုးရိမ်စရာ မရှိပေ။ မည်သို့ရှိစေ ဤကဲ့သို့သော ဒဏ်ရာအနာတရ ဖြစ်မှုမှာ ဓာတ်မှန်ရိုက်ကြည့်ပြီး ဆေးရုံတင်ကုမှ သင့်တော်၏။ ဆေးရုံတွင်သာလျှင် ပစ္စည်းကိရိယာစုံ၊ လူစုံ၍ အရေးတကြီး တစ်ခုခု ဖြစ်လာပါက ချက်ချင်းကုသနိုင်ပေသည်။ သို့ဖြစ်၍. . .

□ "ဒီမှာ ဗိုလ်မှူး၊ ကျွန်တော်တော့ ဆေးရုံကို အခုချက်ချင်း တက်စေချင်တယ်။ ဆေးရုံကျမှ ဓာတ်မှန်ရိုက်၊ လိုတာလုပ်ပေးနိုင်တယ်" ဟု ပြောလိုက်ရသည်။

□ "ဟေ- ဘာဖြစ်လို့လဲကွာ၊ ငါဘာမှ မဖြစ်တာ"ဟု ဗိုလ်မှူးဘသိုက်က အော်၏။ ဗိုလ်မှူးမြလို့လင်မယားကမူ အဖိုးကြီးကို တစ်လှည့်ကျွန်တော့်ကိုတစ်လှည့် ကြည့်နေ၏။ သူတို့ ကျွန်တော်ကိုကြည့်သည်မှာ အားကိုးတကြီးနှင့် ကြည့်ကြောင်း ပေါ်လွင်လှပေသည်။

□ "ဘာမဖြစ်ရမှာလဲ ဗိုလ်မှူးရဲ့။ဗိုလ်မှူးရဲ့ညာဘက်နံရိုးတချို့ကျိုးနေတယ်။ အဲဒါ ဓာတ်မှန်ရိုက်မှ တိတိကျကျ သိရမယ်။ နံရိုးကျိုးတော့

အဆုတ်ကို ထိခိုက်မှာ ကြောက်ရတယ်။ တက်သာ တက်ပါ" ဟု ကျွန်တော်က ပြောရ၏။

◻ "ဟုတ်ကဲ့လားကွာ၊ ငါတော့ ဘာမှ မဖြစ်ဘူးထင်တာပဲ၊ ဂျပန်တော်လှန်ရေးတုန်းကလည်း ရင်ဘတ်မှာ ဒဏ်ရာရဖူးပါတယ်။ အဲဒါနှင့်နှိုင်းရင် အခုဘာမှမဖြစ်ဘဲ" ဟု သူကဆို၏။

◻ "သြော်. . . ဆရာကြီးကလဲ၊ ဂျပန် တော်လှန်ရေးတုန်းက ဆရာကြီးက ငယ်သေးတယ်။ အခုက အသက်ကြီးလာပြီ။ ဆရာ ပြောသလိုသာ လုပ်ပါ" ဟု ဗိုလ်မှူးမြက ပြုံးချိုစွာနှင့် ပြော၏။ ကျွန်တော်ကား ဘာမှ ပြန်မပြော။ အဖိုးကြီးမှာ ခေါင်းမာလှသည်ဟု ထင်နေမိ၏။ သူများမခံနိုင်သော အနာကို သူခံနိုင်သည့်အတွက်လည်း အံ့သြနေမိလေသည်။ သူသည် အနည်းငယ် စဉ်းစားနေပုံ ရသည်။ တော်တော်ကလေးကြာမှ. . .

◻ "ဒီလိုဆိုရင် ငါလွှတ်လပ်ရေးပွဲတက်လို့ ဘယ်ရတော့မလဲကွ။ ငါ မန္တလေး လွှတ်လပ်ရေးပွဲကိုလည်း တက်ချင်သေးတယ်ကွာ။ အဲဒီ လွှတ်လပ်ရေးပွဲ အတူတက်ဖို့ မောင်မြတို့ဆီ တကူးတက လာရတာ. . ." ဟု သူကပြော၏။ ကျွန်တော်က သူ ဘာဆိုလိုသည်ကို နားမလည်သဖြင့်. . .

◻ "ဒီအတိုင်းဆိုရင်တော့ ဗိုလ်မှူးလွှတ်လပ်ရေးပွဲ တက်နိုင်မယ် မဟုတ်ဘူး။ ဒီနှစ်မတက်နိုင်လည်း နောက်နှစ်တွေ ရှိသေးတာပဲ ဗိုလ်မှူးရာ"ဟု ပြောလိုက်ရ၏။ သူသည် ကျွန်တော့်စကားကို ကြားသောအခါ မနှစ်မြို့ဟန်နှင့်. . .

◻ "အား. . အား. . ဆရာလည်းဘာမှ မသိသေးဘဲကိုး။ မောင်မြ

ပြောပြလိုက်ပါကွာ” ဟုဆိုသဖြင့်. . .

- ဗိုလ်မှူးမြက “ဒီလိုဆရာရဲ့ အခုလွတ်လပ်ရေးပွဲမှာ ဆရာကြီး ရဲ့ မြေးက သူရဘွဲ့ချီးမြှင့်ခံရမယ်။ အဲဒါ မကွေးကနေ မန္တလေးကို လာရမှာ ဆိုတော့ ဆရာကြီးက အဖော်အဖြစ် ကျွန်တော့်ကို မုံရွာက လာခေါ်တာ ပဲ။ လာခေါ်ရင်း အခုလိုဖြစ်လို့ပဲ” ဟု ရှင်းပြ၏။ ဤတွင်မှ ကျွန်တော် လည်း နားရှင်းသွားသဖြင့် အဖိုးကြီးကို သနားမိ၏။

- “ဟေးဆရာ၊ပတ်တည်းစည်းပေးရုံနဲ့ မရဘူးလားကွ။ ငါအရင်က ညှပ်ရိုးနှစ်ချောင်းလဲ ကျိုးဖူးပါတယ်။ ရင်ဘတ်မှာ၊ ခေါင်းမှာလဲ ဒဏ်ရာ တွေရဖူးပါတယ်။ အဲဒါတွေနဲ့နှိုင်းစာရင် အခုဟာက ဘာမှမဖြစ်လောက် ပါဘူး. . .”

- အဖိုးကြီးသည် မှိန်းနေရာမှ ထပ်၍ပြောလေသည်။

- “ဆောရီးပဲဗိုလ်မှူး၊အဲဒီတုန်းက ဗိုလ်မှူးကငယ်သေးတယ်။ အခု ဗိုလ်မှူးအသက် ဘယ်လောက်ရှိပြီလဲ၊ အသက်က စကားပြောတယ်ဆို တာ ဗိုလ်မှူးကြားဖူးမှာပေါ့” ကျွန်တော်က ချိုသာစွာ ပြန်ပြောရ၏။ အဖိုးကြီးကား ကျေနပ်ပုံမရ။ သို့သော်. . .

- “အေးကွာ ဟုတ်တာပေါ့၊ ငါ့အသက်လဲ ၇၀ ထဲ ရောက်နေပြီ ကိုး။ မင်းတို့ကြည့်ကောင်းသလိုသာ လုပ်ပေါ့”ဟု ပြန်ပြောတော့သည်။

- ချက်ချင်းပင်ကျွန်တော်သည် ဗိုလ်မှူးဘသိုက်အား ဆေးရုံတင်ရ ၏။ ခေတ်မှန်ရိုက်၊ ပလာစတာကိုင်၊ မနာကျင်ဆေးထိုး၍ သူနာပြု တစ်ယောက်ကို သူ့အနားတွင် သီးသန့် ထားပေးရသည်။ တစ်ခုခုဖြစ် ကလည်း ကျွန်တော့်ကို ချက်ချင်းအကြောင်းကြားရန် မှာရ၏။ အိမ်သို့

အပြန်၌လည်း အဖိုးကြီးအကြောင်းကို စဉ်းစားရင်း သူ၏ စိတ်နှင့်ခံနိုင်ရည်ကို အံ့ဩနေမိလေသည်။

- နောက်တစ်နေ့ နံနက်၌ ဆေးရုံသို့ရောက်သော် သူ့ကို အရင်ကြည့်ရ၏။ လူမှာ မနေ့ကထက် လန်းနေသည်ကို တွေ့ရ၏။

- “နေလို့ ပိုကောင်းလာတယ်”ဟူ၍လည်း သူက ပြောလေသည်။

- လူက လန်း၍ သူက “နေကောင်းတယ်” ပြောသော်လည်း ကျွန်တော့်မှ သိပ်စိတ်မချ။ သူ၏ လူနာမှတ်တမ်း၌ အဖျားအနည်းငယ်ရှိကြောင်းကို သူနာပြုဆရာမက မှတ်သားထားသည်ကို ကျွန်တော်တွေ့ရ၏။ နံရိုးကျိုးသဖြင့်လည်း အဆုတ်မှာ အောက်စီဂျင် ကောင်းကောင်း မရ၊ သွေးများများ မလာသဖြင့် ရောဂါပိုးများဝင်ရန် ပို၍ လွယ်ကူ၏။ အထူးသဖြင့် ခံနိုင်ရည်အားနည်းသော အသက်အရွယ် အလွန်ငယ်သည့် ကလေးများ၊ အသက်ကြီးလွန်းသော အိုကြီးချက်မများ၌ ပို၍ဆိုး၏။ သို့ဖြစ်၍ အဖျားအနည်းငယ်တက်သည်မှာ အဆုတ်ထဲရောဂါပိုးဝင်တာ မဖြစ်ပါစေနှင့်ဟု ကျွန်တော့်မှာ ဆုတောင်းနေမိလေသည်။

- “ချောင်းကော ဆိုးသေးလား”ဟု ကျွန်တော်က သူ့ကိုမေးရာ “မဆိုးပါဘူးကွာ၊ တစ်ခါတစ်ခါတော့ ဟန့်တာပေါ့”ဟု သူက ပြောလေသည်။

- “ဟော့ ငါ့ကို ဇန်နဝါရီလ ၃-ရက်နေ့အမှီ မန္တလေး ဆင်းနိုင်အောင် လုပ်ပေးကွာ။ ငါ ၄-ရက်နေ့ညမှာ လွတ်လပ်ရေးပွဲတက်ချင်လို့ကွ။ အဲဒီနေ့ညမှာ ငါ့မြေးသူရဘွဲ့ကို ယူရမှာ။ ငါတက်မှ ဖြစ်မယ်” ဟုလည်း တစ်ဆက်တည်း ပြောပြလေသည်။

□ "တက်ဖို့ မလွယ်ဘူးထင်တယ် ဗိုလ်မှူး၊ ကနေ့ပဲ ဒီဇင်ဘာ ၃၁ ရက်ရှိပြီ။ ဘာ့ကြောင့် ဒီလောက်တောင် တက်ချင်နေရတာလဲ။ ဗိုလ်မှူး မတက်နိုင်ရင်လည်း သူ့မိဘ၊ သူ့မိန်းမတော့ တက်နိုင်မှာပေါ့" ဟု ကျွန်တော်က ပြောရ၏။

□ "ကွာ၊ ငါ့သားက ဂျပန်တော်လှန်ရေးမှာ ကျသွားသကွ့။ အဲဒီတုန်းက သူ့မှာ ဒီသားတစ်ယောက် ငါ့မြေးပဲ ကျန်ရစ်ခဲ့တယ်။ ဒီတော့ ငါပဲ သူ့အဖေပေါ့လေ။ အမေကလည်း မရှိတော့ဘူး။ သူ့မိန်းမလည်း ပြင်ဦးလွင် စစ်ဆေးရုံမှာ ကလေးမွေးဖို့ ဆေးရုံတက်နေရတယ်။ ငါမှ မတက်ရင် ဘယ်သူမှ တက်မည့်သူ မရှိဘူးကွာ. . . ဒါကြောင့်" ဟု အဘိုးကြီးက ပြောပြလေသည်။ ဤသို့ပြောနေစဉ် သူ၏မျက်နှာမှာ ညှိုးသွားပြီး သူ၏အသံမှာ တိမ်သွားသည်ကို သတိပြုမိ၏။ ကျွန်တော့်မှာ သိပ်စိတ်မကောင်းလှပေ။ ဤသို့ရှိစဉ်. . .

□ "ဗိုလ်ကြီး တယ်လီဖုန်း လာနေပါတယ်" ဟု ရုံးစောင့် ရဲဘော်တစ်ယောက် လာပြောသဖြင့် ရုံးခန်းသို့ အမြန်သွားရ၏။

□ "ဟဲလို. . . ကျွန်တော် မောင်မောင်ညိုပါ။ ဩော်. . ဩော်. . ဗိုလ်မှူးမြလား။ ဟုတ်ကဲ့. . အဘိုးကြီး အခြေအနေ သိပ်မဆိုးပါဘူး။ အဖျားနည်းနည်း ရှိတာပဲ။ ဟာ- သိပ် မစိုးရိမ်ရပါဘူး။ ဟုတ်ကဲ့. . . သူက လွတ်လပ်ရေးပွဲကို သိပ်တက်ချင်နေတယ်။ ဟုတ်ကဲ့. . . သူ့မြေးဆီ ကြေးနန်းပို့ထားတယ်ဆို။ ကောင်းတာပေါ့။ ဟုတ်ကဲ့၊ လာကြည့်ပါ"

□ ကျွန်တော်သည် ဗိုလ်မှူးမြအား တယ်လီဖုန်းမှ နေ၍ အဘိုးကြီး အကြောင်းကို ပြောရ၏။ သူလာကြည့်ချင်သည်ဆို၍ လာကြည့်ပါဟု ဖိတ်မန္တက ပြုလိုက်ရသည်။

□ မကြာမီပင် ဗိုလ်မှူးမြဇနီးမောင်နှံ ကားကလေးဖြင့် ပေါက်လာသဖြင့် ရုံးမှနေ၍ ကျွန်တော်က ဆီးကြိုရ၏။

□ "ဘယ့်နှယ့်လဲဆရာ၊ အဖျားတက်တာ သိပ်စိုးရိမ်ရသလား။ နံရိုးကျိုးတာကောဘယ့်နှယ့်လဲ. . . "ဟု ခရီးရောက်မဆိုက်မေးသဖြင့်. . .

□ "အဖျားက သိပ်မရှိပါဘူး ဗိုလ်မှူးရဲ့။ ၉၉-၁၀၀ လောက်ဆိုတော့ နည်းနည်းကလေးပါ။ သိပ်မစိုးရိမ်ရပါဘူး။ ဒီအတိုင်း နေရင်သာ အဆုတ်ရောင်ရောဂါ ရရှိမှာ စိုးရိမ်ရတာ။ အခုတော့ ကျွန်တော်တို့ ဘရော့စပက်ထရမ် အင်တီဘိုင်ရောတစ် (ရောဂါပိုးစုံသတ်ပဋိဇီဝဆေး) ပေးထားပါတယ်။ အသက်ကြီးလို့ အသက်ငယ်တဲ့ လူလောက်မခံနိုင်မှာဘဲ စိုးရိမ်တယ်။ အရိုးကျိုးတာကတော့ မလှုပ်နိုင်အောင် ဒီလိုပဲပလတ်စတာ ကပ်ထားရမှာပဲ။ ခွဲလို့မရဘူး"ဟူ၍ ကျွန်တော်က ပြောရင်း သူတို့အား အဘိုးကြီးရှိရာသို့ ခေါ်သွားရ၏။

□ "ကျေးဇူးပါပဲ ဆရာ။ အဘိုးကြီးက သိပ်ခေါင်းမာတာ။ ဆရာသာ မလာရင် ကျွန်တော်တို့ပါ မန္တလေးလိုက်ပြီး သူ့မြေး သူရဘွဲ့ယူတာကို လိုက်တက်ရဦးမှာ။ ကျွန်တော်တို့လည်း တက်ချင်ပါတယ်။ ဒီကောင်လေး အဖေလည်း ကျွန်တော်နဲ့ သိပ်ခင်တဲ့ သူငယ်ချင်းပဲ။ ဒါပေမယ့် အခုလို သူ့ဒဏ်ရာကြီးနဲ့ ဘယ်ခရီးသွားလို့ ဖြစ်မလဲဆရာ. . . " ဟု ဗိုလ်မှူးမြက ပြော၏။

□ "သူ့မြေးက ဘယ်သူလဲ"ဟု ကျွန်တော်က ပြောသောအခါ "သြော်. . . ဆရာ သိတယ်မှတ်လို့၊ ဗိုလ်အောင်ကျော်ပါ" ဟု ပြန်ဖြေလေသည်။

□ ကျွန်တော်လည်း အဘိုးကြီးနှင့် သူတို့အား တွေ့စေပြီး အခြား လူနာများကို လိုက်ကြည့်ရလေသည်။

□ နောက် ၂ ရက်၊ ၃ ရက်တွင် အဘိုးကြီးမှာ မျှော်လင့်သလို ကောင်းမလာပေ။ အသက်ကကြီး၊ ရာသီဥတုက အေးလှသည့်ပြင် အဆုတ်တစ်ဖက်မှာ မလှုပ်နိုင်ရကား ထိုအဆုတ်ထဲသို့ ရောဂါပိုးဝင်ဟန် တူပေပြီ။ အကောင်းဆုံး ပဋိဇီဝဆေးကို ပေး၍ ဂရုတစိုက် ကုသထား သော်လည်း အဖျားမှာ မကျ။ တဖြည်းဖြည်း တက်၍ လာသည်။ စမ်း၍ ကြည့်သောအခါ ညာဘက်အဆုပ်မှာ အနည်းငယ်ရောင်၍ ရေဝင်နေ သည်ကို တွေ့ရ၏။ အဆုတ်အအေးပတ်ခြင်း (နမိုးနီးယားရခြင်း) ပင် ဖြစ်ပေသည်။ အဆုတ်မှာ ရောဂါဝင်ရုံနှင့် ကိစ္စမရှိ၊ ရေဝင်သည်က ဆိုး သည်။ ရေ မထွက်မချင်း အဖျားကျမည် မဟုတ်။ ထိုရေကို စုတ်ထုတ် ကလည်း အရိုးကျိုးထားသဖြင့် မသင့်တော်။ ကျွန်တော်သည် အဘိုးကြီး အတွက် အားငယ်စိတ်ပျက်နေမိလေသည်။

□ "ဘယ့်နှယ့်လဲ. . . ဆရာ၊ ဘယ်လိုနေသေးသလဲ"ဟု ဗိုလ်မှူးမြ က မေးလျှင် ကျွန်တော်က အခြေအနေမှန်ကို ပြောပြရ၏။

□ "ကျွန်တော် တတ်နိုင်သမျှတော့ လုပ်ပေးမယ် ဗိုလ်မှူး၊ အခု အတိုင်း ဆေးဆက်ပေး၊ အောင်စီဂျင် ပေးထားမယ်။ အသက်ကကြီးလာ တော့ နည်းနည်းလေးဖြစ်ရင် သိပ်ခံရတယ်။ ဒီအဘိုးကြီးမို့ ဒီလောက်ခံ နိုင်တာ" ဟု ကျွန်တော်က ပြောရ၏။ ဗိုလ်မှူးဘသိုက်လည်း သူ့ဟာသူ သိသည်ထင်၏။ သိပ်ပြီး လွတ်လပ်ရေးပွဲအကြောင်း မပြောတော့ပေ။ သူ့မြေးကို သူတွေ့ချင်သည်ဟုသာ ပြောလေသည်။ ကျွန်တော်တို့လည်း ဗိုလ်အောင်ကျော်အား လားရှိုးသို့အမြန်လာရန် ကြေးနန်းထပ်ရိုက်ရ၏။ ဇန်နဝါရီလ ၆ ရက်နေ့၌ ဗိုလ်အောင်ကျော် ရောက်လာလေသည်။

ဗိုလ်အောင်ကျော်မှာ အရပ်ရှည်ရှည်၊ ထောင်ထောင်မောင်းမောင်း အဘိုးကြီးနှင့် မျက်နှာခပ်ဆင်ဆင်ပင် ဖြစ်၏။ ယူနီဖောင်းနှင့်ဆိုတော့ ကြည့်၍ ကောင်းလှပေသည်။

□ "ငါ့မြေး ရောက်လာပြီနော်။ လွတ်လပ်ရေး ဘွဲ့နှင်းသဘင်က စည်ရဲ့လား။ အဘိုးလည်း လာမလို့ဟာ ဆေးရုံတက်နေတာနဲ့ မလာဖြစ်တာ။ ခင်နှင်းကော နေကောင်းရဲ့လား"ဟူ၍ အဘိုးကြီးက သူ့မြေးအား ရွှန်းရွှန်းစားစားကြည့်ရင်း ပြောရှာသည်။

□ "ဟုတ်ကဲ့အဘိုး၊ ဘွဲ့နှင်းသဘင်က စည်ပါတယ်။ အဘိုးမလာဖြစ်တာ ကိစ္စမရှိပါဘူး။ အဘိုးအကြောင်းကြားလို့တောင် ကျွန်တော် စိတ်မကောင်းဘူး။ ကြေးနန်းရရချင်း လိုက်လာတာပါပဲ။ အနှင်းလည်း နေကောင်းပါတယ်။ စစ်ဆေးရုံမှာ စိတ်ချရပါတယ်" ဟု ဗိုလ်အောင်ကျော်က လေးစားစွာဖြင့် ပြော၏။

□ "အေး. . အေး. . ယောကျ်ားလေးမွေးရင်သာ ကြီးရင်စစ်သားဖြစ်အောင်လုပ်။ ရိုးရိုးသားသားနဲ့ တိုင်းသူပြည်သားတွေရဲ့ အသက်အိုးအိမ် စည်းစိမ်ကို ကာကွယ်ဖို့ဟာ တပ်မတော်ထဲ ဝင်မှပဲ လုပ်နိုင်မယ်. . ."

□ သူသည် ပြောပြီးနောက် မောသွားသဖြင့် ပြန်၍မှိန်းသွား၏။ အဆုတ်တွင် ရေ အနည်းငယ် ဝင်နေသဖြင့် အသက်ရှူရ လွယ်အောင်၊ ရေမပြန့်အောင် သူ့ကျောကို ကျောထောက်ကပ် ထောက်၍ ထားရရာ သူ့မှာ ပက်လက်အိပ်၍ မရရှာပေ။ ကျွန်တော်လည်း အဘိုးကြီး မောသွားမှန်းသိသဖြင့် ဗိုလ်အောင်ကျော်ကို မျက်ရိပ်ပြကာ အပြင်သို့ထွက်လာရ၏။ သူလည်း အလိုက်သိစွာဖြင့် အဘိုးကြီးကို တစ်ချက် ကြည့်ကာ

ကျွန်တော့်နောက်သို့ လိုက်လာလေသည်။ အပြင်သို့ ရောက်သောအခါ "ဘယ့်နှယ့်လဲ ဆရာ၊ အဘိုး ဒီတောင်က ကျော်ပါဦးမလား" ဟု သူက မေးလေ၏။

□ "မှန်တာပြောရရင် သိပ်တော့ မလွယ်ဘူး ဗိုလ်အောင်ကျော်။ သူ ဒီလောက် ခံနိုင်တာကိုပဲ ကျွန်တော် သိပ်အံ့ဩတယ်။ အမှန်တော့ စိတ်ပဲ။ သူ ခင်ဗျားကို တွေ့ချင်လွန်းလို့သာ ဒီလောက်ခံနေတာ။ နံရိုး ၃ ချောင်းကျိုးတာတောင် တစ်ချက်မှ မညည်းတာ အံ့ရော။ ငယ်ငယ်တုန်းကဆို ဒီထက် သူ ခံနိုင်ဦးမယ်ထင်တယ်။ အခုဟာက အသက်က စကားပြောလာတာပဲ။ အသက်ကြီးလာတော့ ရိုးရိုးလူမှာ ဘာမှမဖြစ်တဲ့ရောဂါပိုးက အဆုတ်ကို ဝင်ဒုက္ခပေးတာပဲ။ ဆေးကလည်း သိပ်မတိုးဘူး ထင်တယ်။ ဒါတောင် အစွမ်းဆုံး ဆေး။ ဘာပဲဖြစ်ဖြစ် ကျွန်တော်တော့ ကျွန်တော်တတ်နိုင်သမျှ ကြိုးစားကုပေးမှာပါ။ ကျန်တာတော့ ကမ္မသကာပဲဗျာ"

□ "ဟုတ်ကဲ့ဆရာ ကျေးဇူးတင်ပါတယ်။ အဘိုးအသက်ကလည်း ခု ၇၀ ရှိပြီပဲ"ဟု ပြောဆိုကာ သူသည် အလေးပြု၍ ထွက်သွားလေသည်။ ကျွန်တော်လည်း သူထွက်သွားမှ အဘိုးကြီးထံ ပြန်သွားရ၏။ အဘိုးကြီးကား နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်လျက် ရှိပေပြီ။ ပါးရေ တွန့်နေသော မျက်နှာမှာ တည်ငြိမ်ရင့်ကျက်နေသဖြင့် မြင်ရသူမှာ ငြိမ်းချမ်းသွား၏။ ကြည်ညိုလေးစားစရာလည်း ဖြစ်ပေသည်။ ဇရာ၏ဆည်းဆာချိန်သည် တစ်နေ့တာ၏အကုန် ညနေဆည်းဆာကဲ့သို့ပင် တည်ငြိမ်လှပပါပေ၏။

□ ဤအသက်၊ ဤအရွယ်နှင့် ဤမျှခံနိုင်ရည်ရှိကာ သေခြင်းတရားကို တည်တည်ငြိမ်ငြိမ်နှင့် ရင်ဆိုင်နေသော သူ့ကိုပင် အံ့ဩချီးကျူးနေမိလေသည်။

□ နောက် ၂ ရက်၊ ၃ ရက်တွင်လည်း အဘိုးကြီး၏ အခြေအနေမှာ မသက်သာလှပေ။ အဖျားမှာ ထပ်၍ တက်လာ၏။ မောရှိလည်း လာသည်။ စကားမူ သိပ်မပြောတော့။ ဗိုလ်အောင်ကျော်လည်း မကြာမကြာ လာကြည့်သည်။ သူ့ဇနီး မွေးသည်ကိုပင် သွား၍ မကြည့်ပေ။ တော်တော် သံယောဇဉ်တွယ်သော မြေးအဘိုးပင်။

□ ၃ ရက်မြောက်သောနေ့၌ ဗိုလ်မှူးမြ၊ ဗိုလ်အောင်ကျော်နှင့် ဗိုလ်မှူးမြဇနီးတို့သည် ကားကလေးဖြင့် ကျွန်တော့်ဆေးရုံသို့ ပေါက်လာကြသည်။ အချိန်မှာ နေ့လည် ၁၁ နာရီခွဲခန့်သာ ရှိဦးမည်။

□ "ဆရာ၊ အဘိုးကြီးမှာ မြစ်ကလေးရပြီ။ အခုပဲတယ်လီဖုန်းလာတယ်။ အဲဒါ အခုဝင်လို့ ရပါ့မလား။ ကျွန်တော်တို့လည်း အဘိုးကြီးကို ပြောချင်ဇောနဲ့ လာကြတာ"ဟု ခရီးရောက်မဆိုက် ဗိုလ်မှူးမြက ပြောသဖြင့်. . .

□ "ရပါတယ်ဗျာ. . .၊ဝင်ကြည့်၊ ဝင်ပြောနိုင်ပါတယ်"ဟူ၍ အဘိုးကြီးထံ ခေါ်သွားရသည်။

□ အဘိုးကြီးကား ခုတင်ပေါ်တွင် ကျောထောက်ကပ်ကို မှီရင်း မှိန်းလျက်ရှိ၏။ ကျွန်တော်တို့ ဝင်လာသံကို ကြားသောအခါ မျက်စိကို ဖြည်းညှင်းစွာ ဖွင့်ကြည့်လေသည်။

□ "အဘိုး၊ အဘိုးကို ကန်တော့ဖို့ သားလေးမွေးပါတယ်"ဟု ဗိုလ်အောင်ကျော်က ပြောဆိုကာသူ့အဘိုးကို ကန်တော့လေသည်။

□ "သားလေးလား. . အေး. . အေး. . ကောင်းတယ်။ ကျော်စွာလို့ အမည်ပေး"ဟု အဘိုးကြီးက ဩဝါဒပေးလေသည်။

☐ ထိုနေ့ညသို့ အဘိုးကြီးကွယ်လွန်သည်။ သူကွယ်လွန်သည်မှာ အိပ်နေစဉ် ကွယ်လွန်သွားခြင်းဖြစ်၍ ညင်သာလွန်းလှပေသည်။ သူ၏ သေပြီး မျက်နှာကို ကြည့်လိုက်သောအခါ အသက် မရှိတော့သည် မှပင် ယခင်ကကဲ့သို့ပင် တည်ငြိမ် ခန့်ငြားလျက်ရှိသည်ကို တွေ့ရ၏။ နောက်ဆုံး ကျေနပ်ပြုံးပြုံးသည့် မျက်နှာရိပ်ပင် မျက်နှာပေါ်တွင် ပေါ်လွင် နေပေသည်။ ကျွန်တော်သည် ဆေးကျောင်းသား ဘဝမှ ယခု ဆရာဝန် ဖြစ်သည်အထိ သေခါနီး လူနာအမျိုးမျိုးကို မြင်ဖူးခဲ့ပေပြီ။ သို့လောက် တည်တည်ငြိမ်ငြိမ် ရဲရဲဝံ့ဝံ့ သေခြင်းကို ရင်ဆိုင်သွားခဲ့သူမျိုးကိုကား မတွေ့ ခဲ့ဘူးပေ။

☐ "ဆရာကလည်း လုပ်ပြီ၊ ဆရာက အဘိုးကြီး အကြောင်းကို သိပ် မသိသေးဘဲကိုး။ ဘုတလင်၊ တပရင်းသား မဟုတ်လား ဆရာရဲ့။ ဗန္ဓုလနဲ့ သွေးမကင်းဘူးလိုလို သူများတကာတွေ ပြောကြတယ်။ သူ ကတော့ ဘာမျှ မပြောပါဘူး။ ဒါပေမယ့် သူက တိုင်းပြည်အတွက်ဆိုရင် ဘယ်သူမဆို အသက်စွန့်ရဲရမယ်လို့ ထင်နေတာ ဆရာ။ သူတို့ အစဉ် အဆက်လည်း အဲဒီလို စွန့်လာကြတာကိုး။ သူ့အဖေလည်း အင်္ဂလိပ် ဝင်စမှာ ပြန်ချခဲ့ဖူးတာ။ နောက်မှ ရှမ်းပြည်နယ်ဘက် ပြေးရတာ။ သူ့ အစဉ်အလာကို သူက သိပ်ထိန်းသိမ်းစေချင်တာ ဆရာရဲ့။ ဒါ့ကြောင့် သူ့သား တော်လှန်ရေးတုန်းက ကျတာတောင် တစ်ယောက်တည်း မြေးကို စစ်ထဲသွင်းခဲ့တာကြည့်။ အခုလည်း မြစ်ကို သွင်းခိုင်းနေပြီ။ ဒါက အဘိုး ကြီးရဲ့ အမွေပဲ ဆရာ"

☐ "ကျော်စွာဆိုတာ မင်းရဲကျော်စွာကို အားကျပေးတာ ဆရာရဲ့၊ သူ့သားတုန်းကလည်း အောင်ဇေယျတဲ့။ မောင်အောင်ကျော်ကလည်း ဗိုလ်အောင်ကျော်ကလာတာ. . ."ဟု ဗိုလ်မှူးမြက ပြောပြလေသည်။

"မဟုတ်ဘူးလား မောင်အောင်ကျော်"ဟုဆို၍လည်း ဗိုလ်အောင်ကျော်ကို လှမ်း၍ ပြော၏။ ဗိုလ်အောင်ကျော်က ဟုတ်ကြောင်း ခေါင်းညိတ်ပြလေသည်။

□ ကျွန်တော်ကား သူတို့ မြေးအဘိုးကို အံ့သြလှသဖြင့် ဘာမျှပြန် မပြောမိတော့ပေ။ လူတွေ အစွဲကြီးပုံကိုသာ စဉ်းစားနေမိလေသည်။ ■

❀ ❀ ❀

# ၁၃

# ကျွန်တော်မွေး၍ ကျွန်တော် ငြိမ်းရသောမီး

☐ ပြည်ထောင်စုနေ့နှင့် ကျွန်တော်တို့ ဆေးတပ်ဖွဲ့နေ့မှာတစ်နေ့တည်းပင် ကျ၏။ ဖေဖော်ဝါရီလ ၁၂ရက်နေ့မှာချည်း။ တစ်ခုပဲ ကွာသည်။ ပြည်ထောင်စုနေ့က ၁၉၄၇-ခုနှစ်က စ၍ ပင်လုံစာချုပ် ချုပ်ဆိုသည့်နေ့ကို အစွဲပြုကာ ဆက်တိုက်ကျင်းပလာသည်မှာ ယခုနှစ်ဆိုလျှင် ၁၅ ကြိမ်မြောက်ပြီ။ ကျွန်တော်တို့ ဆေးတပ်ဖွဲ့နေ့ကား ၁၉၆၂-ခုကစရ၍ ပထမအကြိမ်သာ ရှိသေးခြင်းပင်တည်း။ ဤနေ့တွင် ဆေးတပ်ရင်းမှ ဆေးမှူးများသည် ဘယ်ရောက်နေနေ တပ်ရင်းသို့ ပြန်လာကာ တပ်ဖွဲ့နေ့တွင် ပါဝင်ဆင်နွှဲရလေသည်။ ကျွန်တော်သည် ရှမ်းပြည်နယ်တစ်နေရာတွင် ရှိနေရာမှ မိတ္ထီလာသို့ ပြန်လာရ၏။ တောကြိုတောင်ကြားတွင် တစ်နှစ်ခန့်နေပြီး မြို့သို့ပြန်လာသည်ကိုတော့ ဝမ်းသာလိုက်သည်မှာပြောစရာ မရှိ။ ရင်ထဲမှာ ပီတိလွှမ်းနေလေသည်။ ကျွန်တော့်မှာ ပျော်လို့သာ ပျော်နေသည်။ တကယ်တော့ သိပ်ပြီးရက်အားမရ။ ဖေဖော်ဝါရီလ ၁၀-ရက်နေ့မှာ တပ်ရင်းကို ပြန်ရောက်ကာ ၁၃-ရက်နေ့တွင် တောကိုပြန်သွားရမည် ဖြစ်၏။ ယား၍မှ ကုတ်ချိန်မရပါပေ။ ကိစ္စမရှိ။ မိတ္ထီလာ

ရောက်သည်နှင့် ကျွန်တော့်မှာ တစ်နှစ်လုံးမကြည့်ရသော ရုပ်ရှင်ကို ကြည့်လေတော့သည်။

◻ ထိုနေ့ရုပ်ရှင်ရုံမှအထွက် ကျွန်တော့်ပခုံးကို လူတစ်ယောက်က အားရပါးရ လှမ်းပုတ်၏။ လှမ်းကြည့်လိုက်သောအခါ ဖိုးဝင်းလှိုင်ကို တွေ့ရသည်။ သူက စတော့၏။

◻ "ဟေ့. . . ဖိုးညို ဘယ်တုန်းက ရောက်နေတာလဲကွ"

◻ "ဟာ. . . ငါရောက်တာ တစ်ရက်ပဲ ရှိသေးတယ်။ တပ်ဖွဲ့နေ့ရှိလို့ကွာ" ဟူ၍ ဝမ်းသာအားရ ပြန်ပြောရလေသည်။

◻ "အေးကွာ၊ မမျှော်လင့်ပဲ တွေ့ရတာ သိပ်ပျော်တာပဲ။ ဒို့အိမ်လိုက်ခဲ့အုံးကွာ။ ဒါ ငါ့မစ္စစ်ပဲ" ဟူ၍ ဖိုးဝင်းလှိုင်သည် သူ့နောက်မှကပ်ပါလာသော မကြည်မြင့်ကို မိတ်ဆက်ပေး၏။ ဤကား ဝင်းလှိုင် ကျွန်တော့်ကို သက်သက်တွယ်လိုက်ခြင်းပင်ဖြစ်သည်။

◻ အကြောင်းမူ မကြည်မြင့်ကို ကျွန်တော်မသိသည် မဟုတ်။ မကြည်မြင့်ရော၊ သူရော ကျွန်တော်နှင့်ကျောင်းနေဘက်ချည်းသာဖြစ်လေသည်။ ကျောင်းနေဘက် ဖြစ်ရုံမက သူတို့နှစ်ယောက် နီးစပ်ရန် ကျွန်တော်ပင် ဆောင်ရွက်ပေးခဲ့ရ၏။ သကောင့်သားသည် ကျွန်တော် မစ့်ံသေးမှန်း သိသည်နှင့် သက်သက် "ငါ့ မစ္စစ်ပဲ" ဟူ၍ အသားယူလိုက်ခြင်း ဖြစ်လေသည်။

◻ "အေးကွာ. . .၊ မကြည်မြင့်ကို ငါက မသိပါဘူးတဲ့" ဟူ၍ ကျွန်တော် ပြန်ပြောသည်တွင် အမျိုးသားက ရယ်၏။ "မောင်ကလည်း ဟုတ်ပါရဲ့" ဟု မကြည်မြင့်က ဝင်းလှိုင်ကို မျက်စိစွေကာ ဖြေရှာသေးသည်။ ထိုနေ့တွင်ပင် ကျွန်တော်လည်း သူတို့အိမ်သို့ သူတို့ဂျစ်ကားနှင့်

လိုက်သွားရ၍ သူတို့ အိမ်ရောက်တော့ ထွေရာလေးပါး ပြောရသည်မှာ မဆုံးနိုင်။ ငယ်ငယ်က အဖြစ်တွေပြန်၍ ပြောရသည်မှာ အရသာရှိလှ၏။ ဝင်းလှိုင်နှင့်ကျွန်တော်မှာ ၁၉၅၆-ခု တက္ကသိုလ်မှာ ရှိစဉ်က အတန်းတူ ဖြစ်ခဲ့သည်။ ဘာသာ မတူသော်လည်း မန္တလေးဆောင်တွင် တစ်ခန်းတည်းနေခဲ့ကြသူများဖြစ်၏။ တစ်မြို့တည်းမှ လာကြသူများဖြစ်သဖြင့် ညီအစ်ကိုတမျှ ခင်ကြမင်ကြလေသည်။ ထိုစဉ်ကသူသည် ကျွန်တော်တို့ အတန်းမှ မကြည်မြင့်ကို အသေအလဲ ပိုးနေချိန်ဖြစ်ရာ ကျွန်တော်နှင့် စာသင်ခန်းသို့ လိုက်လိုက်လာတတ်၏။ သူ့သင်ခန်းစာများကို လွှတ်ကာ မကြည်မြင့်သင်တန်းကို လိုက်ထိုင်တတ်သဖြင့် သူငယ်ချင်းတစ်သိုက်က သူ့ကို ဥပစာစုံ (General Inter) ဟု ခေါ်၏။ ခေါ်လည်း ခေါ်စရာ။ သူက I.A(B) (ဥပစာ ဝိဇ္ဇာ ခ)မှာ ဖြစ်လျက် ကျွန်တော်တို့ I.Sc Bio (B) ဥပစာ သိပ္ပံ (သတ္တဗေဒ ခ) ကို လာတတ်ခြင်းမှာ မဆီမဆိုင်။ ကျွန်တော်တို့ သင်တန်းကို တက်ပြီး ပြန်ပြန်လာ၍ အခန်းကျလျှင် သူသည် မကြည်မြင့်ချီးမွမ်းခန်းကို ဖွင့်တတ်တော့၏။ မကြည်မြင့် ကနေ့ ဘယ်လိုဝတ်လာသည်။ ဘယ်လို ပြုံးသည်၊ သူနှင့် ဘယ်လို မျက်နှာချင်း ဆိုင်မိသည်ကအစ အားလုံးကို ပြန်ပြောပြတတ်၏။ သူ့နေ့စဉ် မှတ်တမ်းမှာလည်း ဒါတွေကိုသာ မှတ်ထားတတ်လေသည်။

◻ သည်မျှ မကြည်မြင့်အကြောင်းကို ပြောသော်လည်း သကောင့်သားမှာ သတ္တိရှိလှသည် မဟုတ်။ အတန်းထဲမှာ မကြည်မြင့်ကို သွားမပြောရဲ။ ချစ်ကြောင်း ပြောဖို့ကား ဝေလာဝေး။ အကြောင်းပြချက်က မသိသေးလို့တဲ့။ ကောင်းကြရော။ မနေနိုင်၍ ကျွန်တော့်မှာ သူတို့ကို မိတ်ဆက်ပေးတော့လည်း လာလာချင်း ဆောက်နှင့် ထွင်းတော့၏။ သိ၍မှ တစ်ပတ်နှစ်ပတ်မကြာသေး သကောင့်သားက ချစ်ရေးဆိုတော့သည်။ ကျွန်တော် မျက်နှာပူလိုက်သည်မှာ ပြောစရာမရှိ။

တော်သေး၏။ သူထွင်းသော ဆောက်မှာ ဖူးစာရေးနတ်ရုပ် ပုံဖော်နိုင်ခဲ့လေသည်။

◻ သို့သော် ကြမ္မာဆိုးသည် ဆိုင်းမဆင့် ဗုံမပါဘဲ အောက်တိုဘာတွင် ဝင်ခဲ့၏။ မြို့သို့ ပြန်ကြစဉ် ဝင်းလှိုင်ကို သူ့မိဘက စက်ပိုင် သမီးတစ်ယောက်နှင့် လက်ဆက်ဖို့ စေ့စပ်ချင်သည်ဟု ဆို၏။ အမျိုးသားက လက်မခံ၊ ငြင်း၏၊ မရ။ မိဘစကားကို နားမထောင်လျှင် အမွေပြတ်ကြေညာမည်ဟု ခြိမ်းခြောက်သည်။ အမျိုးသားမှာ မကြည်မြင့်နှင့် ချစ်မဝသေး။ ဝေးရမလို ဖြစ်နေတော့၏။ အမွေပြတ်ဆိုတော့လည်း လန့်၏။ အမွေမှာ မနည်း၊ ၁၀ သိန်းခန့်ရှိပေမည်။ နောက်ဆုံး "စဉ်းစားပါရစေ၊ ဒီဇင်ဘာလတွင် မေမေတို့ လုပ်ချင်သလိုလုပ်ပါ" ဟူ၍ မတင်မကျပြောကာ တက္ကသိုလ်သို့ ပြန်လစ်ခဲ့သည်။ တက္ကသိုလ်ရောက်တော့ သူ့မှာဘာလုပ်ရမှန်းမသိ။ ကျွန်တော့်ကို တိုင်ပင်၏။ မကြည်မြင့်ကို ဖွင့်ပြော၏။ သူဘာလုပ်ရမလဲတဲ့။ ကျွန်တော်ကား ဘာမှ တိတိကျကျ မပြောတတ်။ သို့ရာတွင် အလိုရှိက အကူအညီကို ပေးပါမည်ဟူ၍သာ အားပေးခဲ့ရလေသည်။

◻ နိုဝင်ဘာလတွင် ထင်သည်၊ သကောင့်သားသည် မည်သူမျှ မပြောဘဲ မကြည်မြင့်နှင့် လက်ထပ်လိုက်လေသည်။ အားလုံးက အံ့သြကြလေသည်။ မမျှော်လင့်ဘဲကိုး။ အဲ. . ဝင်းလှိုင့်မိဘကား ဒေါပွ မဆုံး။ ပြောသည့်အတိုင်း အမွေပြတ် ကြေညာလိုက်၏။ ငွေလည်း ဆက်မပို့တော့ပေ။ မကြည်မြင့်မိဘဘက်က မကြည်မြင့်ကို အမွေပြတ်ကြော်ငြာသော်လည်း ပြန်၍မှ မခေါ်ကြပေ။

◻ သို့သော် နှစ်ယောက်သားကား မဖြုံကြပေ။ ဖြစ်သလိုနေမည်ဆိုကာ ကျောင်းမှ ထွက်ကြမည်ဆိုလေသည်။ နေစရာ ထိုင်စရာ

မရှိဘဲနှင့်ရန်ကုန်တွင် ဘယ်လိုလုပ်နေကြမည်နည်း။ ကျွန်တော့်မှာ မနေနိုင်တော့။ ကျွန်တော့်ဦးလေးတိုက်မှ တိုက်ခန်းတစ်ခန်းကို သူတို့အားယူပေးရသည်။ ဝင်းလှိုင်ကို ကျောင်းဆက်တက်ဖို့လည်း ပြောရသည်။ အမျိုးသားက "မတက်ပါဘူး၊ မကြည်မြင့်ကို သူပဲ လုပ်ကျွေးပါမည်" ပြောသဖြင့် မနည်း ဖျောင်းဖျရသည်။ နောက်ဆုံး ကျွန်တော်ရော၊ ကျွန်တော့် ဦးလေးရော၊ မကြည်မြင့်ရော ပြောမှ သူသည် ညမှာ အလွတ်ပညာသင်ကျောင်းတွင် စာပြ၍ နေ့မှာ တက္ကသိုလ် ဆက်တက် လေသည်။ မကြည်မြင့်ကား ကျောင်းမှထွက်ကာ ကျွန်တော့်ဦးလေးရုံးတွင်ပင် အထက်တန်းစာရေး ရာထူးရ၍ ဝင်လုပ်ရာ တော်တော် အဆင်ပြေသွားသဖြင့် ဝင်းလှိုင်မှာ ၅၆-ခုနှစ်တွင် ဘွဲ့ရကာ အမြတ်တော်ကြေးဌာနတွင် ဝင်လုပ်လေသည်။

☐ ယခုကား သကောင့်သားမှာ အမြတ်တော်ကြေး ဝန်ထောက်ဖြစ်၍ နေလေပြီ။ ပစ္စည်းဥစ္စာမှာ ဖူလုံရုံတင်မက သားသမီးပင်နှစ်ယောက်ရှိနေလေပြီ။

☐ "အေးကွာ. . . မင်းကတော့ တယ်နိပ်တာပဲ။ နေရာကောင်းလည်း ရတယ်။ မိန်းမရော၊ ကလေးရောလည်း ရတယ်။ တယ်ဟန်ကျတာပဲ"ဟူ၍ ပြောသောအခါ "ဒါပေါ့ကွာ၊ ငါ့ စွံတာကိုးကွ" ဟူ၍ ဆို၏။ ကျွန်တော့်ကို ထပ်တွယ်ခြင်း ဖြစ်လေသည်။

☐ "အေးပေါ့၊ ငါကတော့ မစွံတာအမှန်ဘဲ။ မြာလည်း မစွံဘူး။ ငွေလည်း မစုမိဘူးကွာ" ဟူ၍ ကျွန်တော်က ဝန်ခံလိုက်လေရာမှ "တဟဲဟဲ"နှင့် သူက သဘောကျကာ ရယ်လေတော့သည်။

☐ "မောင်ကလည်း စကားကောင်းကောင်းပြောပါဦး"

☐ မကြည်မြင့်ကဆိုမှ ဝင်းလှိုင်မှာ အရယ်ရပ်တော့သည်။ သူ့သားကြီး သန်းအောင်မှာ ကျွန်တော့်တစ်လှည့် သူ့အဖေကိုတစ်လှည့်ကြည့်၍ နေလေသည်။ သူ့သားခေါင်းကို ပွတ်ရင်း “အေးကွာ မင်းကို ပြောရဦးမယ်။ သန်းအောင်နဲ့ စန်းစန်းမြင့်ကို မွေးရတာ ဗိုက်ခွဲမွေးရတယ်။ ဟို (C.S) ဗိုက်ခွဲမွေးခြင်းခေါ်မလား”ဟု ဝင်းလှိုင်ကဆိုသည်။ သည်တော့မှ အတည်ပြော၏။

☐ “အေး. . . ဟုတ်တယ်၊ (C.S) ဆိုတာ ဗိုက်ခွဲမွေးတာပဲ။ မိန်းမတစ်ယောက်ဟာ (C.S) သုံးခါထက်ပိုမလုပ်ရဘူး။ သိပ်အန္တရာယ်ကြီးတယ်၊ သားအိမ်ကွဲတတ်တယ်” ဟူ၍ ကျွန်တော်က ဆက်ပြောမိသည်။ “ဟာ. . . ဒါဖြင့် ဘာလုပ်ရမလဲ။ မြင့်တော့ ဒုက္ခပါပဲကွာ”ဟု ဝင်းလှိုင်သည် ပူပန်ဟန်နှင့်ဆို၏။ မကြည်မြင့်မှာလည်း မျက်နှာကလေးငယ်နေလေသည်။

☐ ကျွန်တော်ကား မနေနိုင်တော့ပါ။ “သည်လိုလေ (C.S) သုံးခါ မလုပ်ရဘူးဆိုတော့ ကလေး မမွေးအောင် နေရမှာပဲ” သူတို့မှာ တွေနေ၏။

☐ “ရှင်းရှင်းဆိုရရင် မင်းတို့ တောထွက်ကြကွာ”

☐ ကျွန်တော်က ဆက်နောက်လိုက်ရ၏။

☐ “ဟာကွာ၊ အကောင်းပြောတာ။ တို့ ဘာလုပ်ရမလဲ” ဟူ၍ ဝင်းလှိုင်သည် မျက်နှာငယ်ကလေးနှင့် ဆို၏။ “ဟုတ်တယ် ကိုညို အကြံပေးပါဦး”ဟူ၍ မကြည်မြင့်ကပါ အသံငယ်ကလေးနှင့် ဆိုရှာလေသည်။ သည်တော့လည်း သူတို့ကို နှစ်သိမ့်ရ၊ အကြံပေးရပြန်သည်။

◻ "ဩော်. . . သည်လိုဆိုရင်တော့ ပြောရတာပေါ့ကွာ။ (C.S) ဆိုတာ သုံးခါထက် မလုပ်ရင် ကောင်းတာ အမှန်ပဲ။ တောလည်း မထွက်နိုင်ကြတော့ ကလေး မမွေးအောင် နေကြပေါ့။ ကလေးမမွေး အောင် နေဖို့က နည်းအမျိုးမျိုးရှိတယ်။ ရာသီရက်ရှောင်ပြီး ကလေးမမွေး အောင် ဆက်ဆံတာတို့၊ သုတ်ပိုးသတ်တဲ့ ဂျယ်လီသုံးတာတို့၊ သား အိမ်ခေါင်း ပိတ်တဲ့ အစွပ် (Diaphragm) သုံးတာတို့ အမျိုးမျိုးရှိ တယ်။ ဒါပေမယ့် တစ်ခုမှ စိတ်မချရဘူးကွာ။ အကောင်းဆုံးကတော့ သုတ်ကြောဖြတ် (Vasectomy) လုပ်ချင်လုပ်၊ ဒါမှ မဟုတ် မကြည်မြင့် သားအိမ်ကို ပိတ်ပစ်ဖို့ပဲ" ဟူ၍ ကျွန်တော်သည် ဆက်တိုက်ပင် ပြောမိ လေသည်။ ဝင်းလှိုင်မှာ သိပ်ရင်းနှီးနေ၍ တစ်ကြောင်း၊ မကြည်မြင့်မှာ ဥပစာတန်း သတ္တဗေဒ (Bio) ကို ယူခဲ့၍ တစ်ကြောင်း ကျွန်တော့်မှာ "သုတ်ပိုး" တွေ "ရာသီ" တွေ "သုတ်ကြောဖြတ်ခြင်း (Vasectomy"တွေကို ရဲရင့်စွာပင် ပြောရဲလေသည်။ တော်တော်တန်တန် လင်မယားရှေ့တွင်မူ ပြောရဲမည် မဟုတ်။

◻ "ဒါဖြင့် မင်းဘယ်တော့ ပြန်မလဲ၊ မပြန်ခင် တို့ကို ပြောပါ"ဟု ဝင်းလှိုင် ဆိုသဖြင့်. . .

◻ "ငါ အခုလ ၁၃ ရက်နေ့မှာ ပြန်မယ်။ နက်ဖြန်လာခဲ့မယ်ကွာ" ဟူ၍ ပြောရလေသည်။ ထိုနေ့က သူတို့အိမ်တွင်ပင် ထမင်းစား၊ သူတို့နှင့် လျှောက်လည်ပြီးမှ အရာရှိရိပ်သာ မက်စ်ကို ပြန်ရောက်လေသည်။

◻ နောက်တစ်နေ့တွင် အိပ်ရာမှမနိုးသေး။ သူတို့လာခေါ်သဖြင့် ပျာရိပျာယာရေချိုး၊ ထလိုက်သွားရ၏။ သူတိုအိမ်ရောက်တော့ မနေ့က ပြဿနာကို ဆက်ကြပြန်လေသည်။

☐ “မင်းပြောသလိုဆိုရင်တော့ ရစ်သမ် (Rhythm method) တွေ၊ အစွပ် (Diaphragm) တွေ မသေချာပါဘူးကွာ။ တော်ကြာ မြင့်မှာ မတော်တဆ ကိုယ်ဝန်ထပ်ရရင် အန္တရာယ် များပါလိမ့်မယ်။ ကိုယ့်ကို အကြောဖြတ် (Vasectomy) လုပ်ပေး” ဟု ဝင်းလှိုင်က ဆို၏။ “အို. . . မောင်မလုပ်ပါနဲ့၊ မောင်ပင်ပန်းနေပါ့မယ်။ မြင့် သားပြွန်ကို ခွဲပိတ်ပစ်တာပေါ့” ဟူ၍ မကြည်မြင့်က ဆက်၏။ “ဟဲ. . . ဟဲ၊ခင်ဗျားတို့က စူထက်စူချစ်သလို လုပ်မနေနဲ့ဗျာ။ သည်ကောင် မနာလိုဘူး။ လူပျို ရှိသေး”ဟူ၍ ကျွန်တော် နောက်လိုက်သောအခါ ဝင်းလှိုင်က “ဒီလိုပေါ့ကွာ၊ မင်းမှ တို့လို ချစ်နိုင်ရဲ့လား” ဟူ၍ ရယ်ကာ ကျွန်တော့်ကို စ၏။ မကြည်မြင့်က “အို. . . မောင်ကလည်း”ဟူ၍ ရှက်စနိုး ဆိုသည်။ “ဟဲ ဟဲ. . . အလကား နောက်တာပါဗျာ။ သားအိမ်ပြွန်ပိတ်တာ မကောင်းပါဘူး။ အကြောဖြတ်တာ (Vasectomy) က လွယ်ပါတယ်။ ဝင်းလှိုင်ကို ကျွန်တော် သင်းပေးပါ့မယ်” ဟူ၍ ကျွန်တော်က ပြောမှ သူတို့မျက်နှာတွေ ရွှင်လာကြသည်။ ထိုနေ့ကလည်း သူတို့ဆီမှာ ထမင်းစားပြီး သူတို့နှင့် ရုပ်ရှင်ကြည့်သေး၏။ အိမ်ထောင်ရေး သရုပ်ဖော် ဇာတ်ကားကောင်း တစ်ခုပေ။ အမည်ကား မမှတ်မိတော့။

☐ တကယ်ဆိုမူ သင်းခြင်း (Vasectomy) မှာ မိန်းမတွင် ကိုယ်ဝန် ဆောင်နိုင်လောက်အောင် မကျန်းမာလျှင် လည်းကောင်း၊ ဥပမာ- နှလုံးရောဂါ၊ အဆုတ်ရောဂါ၊ သားအိမ်ကျဉ်းသော ရောဂါနှင့် မွေးလမ်းကြောင်း ချွတ်ယွင်းလျှင်၊ ဤသို့ မဟုတ်လျှင်လည်း ယောကျ်ားမှာ ကလေးတွေကို ရောဂါပေးနိုင်သော မွေးတွင်းပါရောဂါရှိပါမှ လုပ်ရလေသည်။

☐ တစ်ခါတစ်လေတော့လည်း ကလေးက များ၊ စီးပွားရေးက ကျပ်နေလျှင်၊ အရွယ်ကလည်း ငယ်ကြသေးလျှင် သင်းဖို့ ကျွန်တော်တို့

ခွင့်ပြုရလေသည်။ တပ်မတော်တွင် ရဲဘော်တိုင်းကို ကလေးခြောက် ယောက်ရလျှင် သင်းလိုက သင်းခွင့်ပေး၏။ ကျွန်တော်တို့မှာ အသက် တစ်ချောင်း ဖြစ်လာဖို့ မတားသင့်သည်မှာ ဘာသာရေးဖက်က ကြည့် လျှင် မှန်သော်လည်း မွေးလာသော ကလေးတိုင်း "လူတစ်လုံး သူတစ်လုံး" ဖြစ်ဖို့ အရေးကိုကား သတိချပ်ရသည်။ ပန်းတိုင်းပွင့်ပါစေ (Let a hundred flowers blossom-) ဆိုသော မော်စီတုံး၏ စကားကဲ့သို့ ကလေးတိုင်း ပျော်ပျော်ရွှင်ရွှင် ဖူဖူလုံလုံကြီးထွားလာဖို့လည်း ဂရုစိုက်ရန် တာဝန်ရှိပါ၏။ သို့ကြောင့်ပင် လခနည်းသော ရဲဘော်များကို ကလေးခြောက်ယောက်ရလျှင် လွတ်လပ်စွာ သင်းခွင့်ပေးရ၊ ကူညီပေးရ ၏။

- သင်းခြင်း (Vasectomy) ပင် ဖြစ်သော်လည်း မည်သို့သော သင်းခြင်း (Vasectomy) ဖြစ်ကြောင်းကို တပ်မှူးအား ကျွန်တော်က ရှင်းလင်း ပြောရလေသည်။ သည်တော့မှ တပ်မှူးက ခွင့်ပြုတော့၏။

- သူ့ခွင့်ပြုချက် ရသည်နှင့် ကျွန်တော်သည် ဝင်းလှိုင်ကို ခေါ် လိုက်ရလေသည်။ သူ့အိမ်မှ သူ့ကို အဆင်သင့်ပင် သင်းမှု (Vasectomy) လုပ်ရန် ဆေးရုံသို့ခေါ်ခဲ့သည်။ ဆေးရုံသို့ မကြည်မြင့်ပါ လိုက်ပါ လာသဖြင့် "လင်တော်မောင်ကို သည်လောက်ပဲ စိတ်မချဘူးလား" ဟူ၍ ကျွန်တော်ကနောက်ရ၏။ "မဟုတ်ပါဘူးရှင်" ဟု မကြည်မြင့်က အသံ နှိမ့်၍ ဆိုသောအခါ မောင်ဝင်းလှိုင်က. . ." ဟုတ်တယ် လို့ပြော ပါကွာ"ဟူ၍ အသားယူ၏။ ဆေးရုံတွင် ၁၅ မိနစ်ခန့် ခွဲစိတ်ပြီးသောအခါ ကျွန်တော်တို့အားလုံး စကားတပြောပြောနှင့် ပြန်လာကြ လေသည်။ ခွဲစိတ်ပြီး ဘာမှ မဖြစ်သဖြင့်လည်း ဝင်းလှိုင်ရော မကြည်မြင့်ပါ သိပ်ရွှင်၊ သိပ်သွက်နေကြသည်။

□ "ငါတော့ မင်းကို ကျေးဇူးတင်မဆုံးပါဘူးကွာ။ မင်းလည်းတို့လို စွံပါစေလို့ ဆုတောင်းပါတယ်" ဟူ၍ ဝင်းလှိုင်က ဆို၏။

□ "မြင်တော့ အခုမှ စိတ်အေးသွားတယ်။ ကိုညိုလဲ အပျို ချောချော တစ်ယောက်နှင့် စွံပါစေလို့ ဆုတောင်းပါမယ်" ဟူ၍လည်း မနောက်စဖူး မကြည်မြင့်က နောက်၏။ ကျွန်တော်က "ပြောကြပေါ့ဗျာ. . . ပြောကြ. . . တစ်နေ့ကျမှ ခင်ဗျားတို့ကို ကျွန်တော့်ရဲ့ ဒေဝစ္ဆရာ လာပြရမယ်"ဟူ၍ ချော်လဲရောထိုင် လိုက်ရလေသည်။

□ ထိုနေ့က ဝင်းလှိုင်အား သူငယ်ချင်းဆရာဝန် ဟုတ်ကြိုင်ထံ အပ်နှံပြီး ဖေဖော်ဝါရီလ ၁၃ ရက်နေ့တွင် ရှေ့တန်းသို့ ထွက်ခဲ့ရလေသည်။ တောတွင် မရှိသော ဝက်အူတောင့်တွေ၊ ငါးပိကြော်တွေလည်း သူတို့ လင်မယားက စေတနာဗလပွနှင့် ထည့်ပေးလိုက်ကြ၏။ ဩော်. . . မမေ့နိုင်ကြသော သူငယ်ချင်းတွေ။ တာဝန်နှင့်မို့သာ ခွဲခွာနေကြရပါကလား။

□ ၁၉၆၂-ခု ဒီဇင်ဘာလတွင် ကျွန်တော်ခွင့်ရသဖြင့် ရှမ်းပြည်မှ မိတ္ထီလာသို့ ပြန်လာရ၏။ အမြတ်တော်ကြေးရုံးကို သွားစောင့်သော်လည်း ဝင်းလှိုင်တို့ကို မတွေ့ရတော့ပေ။ မုံရွာသို့ ပြောင်းသွားသလိုလို ကြားရ၏။ "ဟာ. . . မုံရွာပြောင်းရရင်တော့ ကော်တာပဲ" ဟူ၍ လည်း ထင်မိ၏။ ဟုတ်သည်၊ မုံရွာမှ ဝင်းလှိုင်နှင့် ကျွန်တော်တို့၏ မွေးရာဇာတိ ဖြစ်သည်။ ကိုယ့်ဇာတိကို ကိုယ်ပြန်လုပ်ရလျှင် ဘယ်လောက်ကံကောင်း သနည်း။ ပြီးတော့ ခွင့်ရတုန်း ကျွန်တော့်မိဘရပ်ထံ သွားရမည်ဖြစ်ရကား သူတို့နှင့် တွေ့ရပေဦးမည်။ သူတို့နှစ်ယောက်ကို စရလျှင် ဘယ်လောက် များ ပျော်စရာကောင်းမည်နည်း။ ကိန္နရီ ကိန္နရာတွေ. . . ။

□ မိတ္ထီလာမှ မုံရွာသို့ နောက်တစ်နေ့တွင်ပင် ထွက်ခဲ့ရသည်။ အိမ်ကို ရောက်သောအခါ အားလုံးက ဝမ်းသာနေကြ၏။ မေမေကား

မျက်ရည်များပင် လည်နေသည်။ "အမလေး- ဝမ်းသာလို့ ငိုရသလား မေမေရာ"ဟု ကျွန်တော်က ပြောသောအခါ "ဒါပေ့ါဟဲ့" ဟူ၍ မေမေက ဆို၏။ "မင့်အမေကတော့ မင်းသိတဲ့အတိုင်းပါ" ဟူ၍ ဖေဖေက ဆိုလေသည်။ မေမေက "ရှင်ကတော့ သည်လိုပဲ ပြောမှာပဲ။ ကျွန်မသာ သားကိုလွမ်းရတာ" ဟူ၍ ပြောလေသည်။ ကျွန်တော်သည် အိမ်မှလူကြီးတွေ၊ မောင်နှမတွေနှင့် ထွေရာလေးပါးပြောယင်း ဝင်းလှိုင်ကို သတိရလာသည်။

□ "ဟာ-ဒါနဲ့ ဝင်းလှိုင်သည်ကို ရောက်နေတယ်ဆို ဟုတ်လား"ဟု အိမ်ကို မေးသောအခါ. . .

□ "ဟုတ်တယ်၊ ရုံးမှာ"ဟူ၍ ကိုကိုက ပြောသည်။ ကျွန်တော်လည်း "သွားအုံးမှပဲ"ဆိုကာ ရေမိုးချိုး၍ ဝင်းလှိုင်ထံ ထွက်လာခဲ့လေသည်။ မောင်ဝင်းလှိုင်၏ ရုံးမှာ အိမ်တစ်ဝက်၊ ရုံးတစ်ဝက်။ အောက်ကရုံး၊ အပေါ်ကအိမ်။ သို့ဖြစ်၍ ရုံးတွင် မောင်ဝင်းလှိုင်ကို အခန့်သင့်ပင် တွေ့ရပါ၏။ သို့သော် အရင်က ဝင်းလှိုင်နှင့် မတူတော့ပေ။ မုတ်ဆိတ်တွေမရိတ်၊ ဘာတွေမရိတ်နှင့် ပက်လက်ကုလားထိုင်ပေါ်မှ ထိုင်နေ၏။ ရှေ့တွင်လည်း ဝီစကီပုလင်းကိုချကာ ဖန်ခွက်ကို ကိုင်ထား၏။ "အလို. . . တယ်ပြောင်းလဲနေပါကလား" ဟူ၍ စိတ်ထဲမှာ ထင်ကာ "ဟေ့ကောင် ဝင်းလှိုင်" ဟူ၍ နှုတ်ဆက်လိုက်ရသည်။ ကလေးတွေ အသံ၊ မကြည်မြင့်အသံတို့ကို မကြားရ၍လည်း အံ့ဩနေမိ၏။ "လာကွာ ဖိုးညိုထိုင်" ဟူ၍သာ သကောင့်သားကဆို၏။ ဘာမျှ ဆက်မပြော။ ကျွန်တော့်မှာ အံ့ဩသည်ထက် အံ့ဩသာ နေမိတော့သည်။

□ "ဟ-မင်းက အရက်မသောက်စဖူး သောက်နေပါလား။ အမယ် ခေါင်းကလဲ ဖွာလို့၊ မုတ်ဆိတ်နဲ့ဘာနဲ့။ ဘာတွေများ အရှုးထပြီး တောပုန်း

ဂိုက်ဖမ်းနေရတာလဲကွ။ မကြည်မြင့်ကော မမြင်ပါလား”ဟူ၍ ကျွန်တော်က ခပ်မျုံးမျုံးလေး မေးရ၏။

◻ “စိတ်ညစ်လို့ကွာ၊ မြင့်အကြောင်းတော့ မပြောချင်ပါဘူး” ဟူ၍ ဝင်းလှိုင်က အသံတိုးတိုးနှင့် စိတ်ပျက်လက်ပျက် ပြော၏။

◻ “ဟ ဘယ်လိုလဲ. . . လင်းစမ်းပါဦး”

◻ “သည်လိုကွာ. . . မင်းငါ့ကို သင်းတာ (Vasectomy) လုပ်ပေးသွားတယ် မဟုတ်လား။ အဲဒါ အခု ကိုယ်ဝန်ရှိနေပြန်ပြီ။ ငါတော့ ဘာပြောရမှန်း မသိတော့ဘူး။ မိတ္ထီလာမှာတုန်းက သူ့ကာစင် (မောင်ဝမ်းကွဲ) ဆိုတဲ့ ရဲဝန်ထောက် ရောက်လာတယ်ကွာ။ သိပ် သွားသွားလာလာ လုပ်ကြတာပဲ။ အဲဒါ ကိုယ်ဝန်ရှိလာတယ်။ ဒါကြောင့် သူနဲ့ငါ အခု ခွာပြဲနေတယ်။

◻ “ငါကွာ သူ့ကိုချစ်လွန်းလို့ အဖေနဲ့အမေရဲ့ အမွေကို အဖြတ်ခံ၊ မိဘမောင်နှမတွေကို တော်လှန်ပြီး ယူခဲ့ရတာ မင်းအသိပါ။ သူတယ် ရက်စက်တာပဲ” ဟူ၍လည်း ဆက်နေပြန်၏။ သူသည် ဘယ်သူ့ကိုမှ မပြောရဲဘူးထင်သည်။ ကျွန်တော့်ကျမှ သူ့ရင်ထဲရှိသမျှ ဖွင့်ပြောနေတော့၏။ ကျွန်တော့်မှာလည်း သူပြောပြမှ အံ့အားသင့် မိလေသည်။ အံ့ဩမိသည်ထက် ခေါင်းလည်း ရှုပ်မိသည်။ “ဘယ့်နှယ့် သင်းတာ (Vasectomy) လုပ်ရက်နဲ့ ကိုယ်ဝန်ရှိလာရသလား။ မကြည်မြင့်ဟာ သည်လောက်ပဲ မိုက်ရသလား။ ဒါလောက်တော့ မကြည်မြင့် မမိုက်တန်ရာ” ဟုလည်း ထင်မိသည်။ ခေါင်းရှုပ်ရှုပ်နှင့်. . .

◻ “နေပါဦးဖိုးဝင်းလှိုင်ရာ၊ ကိုယ်ဝန်က အခု ဘယ်နှစ်လရှိပြီလဲ။ မကြည်မြင့်ရော” ဟု မေးရသည်။

☐ “မွေးတော့မယ်ကွာ၊ သူ့ကို ငါတော့ ကွာပြီးပြီ။ အခု သူ့မောင်နဲ့ စစ်ကိုင်းတပ်မှာ ထင်တယ်။ ကလေးနှစ်ယောက်တော့ ငါ့အမေဆီ ပို့ထားတယ်“ ဟူ၍ ဝင်းလှိုင်က ဆိုသည်။

☐ “သူ့မောင်မှာလည်း မိန်းမနဲ့ပဲကွ။ သူ့မောင်ကတော့ မဟုတ်ရပါဘူးဗျာ ဆိုပြီး ငါ့ကို တောင်းပန်တယ်။ ငါက မယုံဘူး။ ကွာပြီး ပစ်ထားလိုက်တာ၊ နောက်တော့လည်း သူ့မောင်ကပဲ စောင့်ရှောက်ထားတယ်”ဟူ၍လည်း ပြော၏။

☐ “အေးကွာ။ ဒီသတင်းကြားရတာတော့ စိတ်မကောင်းပါဘူး။ ငါလဲ စုံစမ်းပေးပါအုံးမယ်”ဟူ၍ ပြောကာ ထိုနေ့ကပြန်လာရသည်။ သူကရုပ်ရှင်ကြည့်ရအောင်၊ သူပြမည်ဆိုသည်ပင် ကြည့်ချင်စိတ်မရှိတော့ပေ။ သူတို့ ပြဿနာဘယ်လို ကူညီရမလဲဟူ၍သာ ခေါင်းရှုပ်နေမိသည်။

☐ နောက်တစ်နေ့တွင် ဝင်းလှိုင်ထံ ဆက်သွားရသည်။

☐ “သူငယ်ချင်းရေ၊ ငါစစ်ကိုင်းကို လိုက်ပြီး စုံစမ်းမယ်။ မင်းလိုက်ဦးမလား“ ဟူ၍ ကျွန်တော်က မေးသောအခါ. . .

☐ “မလိုက်တော့ပါဘူးကွာ။ မထူးပါဘူး၊ ရှင်းနေတာပဲ” ဟူ၍ ဆို၏။ သူကား လိုက်မလာခဲ့ပေ။ သူမပါ၍လည်း မတတ်နိုင်။ ကျွန်တော့်မှာ သူတို့နှစ်ယောက်ကိုသာ ပြန်လည် သင့်မြတ်စေချင်နေတော့သည်။ ခက်သည်က “သင်း”ထားလျက်နှင့် ကိုယ်ဝန်ရှိနေခြင်းပင်တည်း။ သည်ပြဿနာကို ဘယ်လိုလုပ် ရှင်းရမည် မသိပေ။ သူတို့ နှစ်ယောက်မှာ တစ်ယောက်ကို တစ်ယောက် အသက်ပေးချစ်မှန်း ကျွန်တော် သိ၏။ တော်တော်တန်တန်ပြဿနာနှင့်တော့ မကွဲနိုင်။ အဲ- အခုပြဿနာကား မိုးမီးလောင်သော ပြဿနာ ဖြစ်၍ ကွဲကြလေပြီ။ ကျွန်တော် ဘယ်လိုလုပ် သည်မီးကို ငြိမ်းရမည်နည်း။

☐ ဒီဇင်ဘာလ ၁၃ ရက်နေ့တွင် ထင်သည်။ ကျွန်တော် စစ်ကိုင်းသို့ ရောက်၏။ ရဲဝန်ထောက် အိမ်တန်းသွားကာ မကြည်မြင့်ကို မေးမိလေသည်။ ရဲဝန်ထောက်ကား တရုတ်ကပြားလိုလို တော်တော်ချော၏။ ဖော်လည်း ဖော်ရွေပါသည်။

☐ "အင်း. . . မကြည်မြင့် ကျလည်း ကျစရာပါပဲ" ဟူ၍ မဆီမဆိုင် တွေးမိလိုက်သည်။ မကြည်မြင့်ကို တွေ့ချင်လို့ပါဟု မေးသော်. . .

☐ "မမလား. . . ဇေယျာအိမ် (Nursing Home) မှာ ရှိပါတယ် ခင်ဗျာ"ဟူ၍ ဆို၏။ ကျွန်တော်က "မုံရွာကလာတာပါ၊ ဆရာဝန် မောင်မောင်ညိုပါ" ဟူ၍ ပြောသောအခါ ဝန်ထောက်သည် ပျာရီးပျာယာဖြင့်. . .

☐ "ဟာ-ဆရာလား၊ ဆရာ့ကို မမပြောဖူးပါတယ်။ အေးအေး ဆေးဆေးထိုင်ပြီး လက်ဖက်ရည်သောက်ပါဦးဗျာ။ ပြီးတော့မှ မမဆီ သွားကြတာပေါ့" ဟူ၍ ညှော်ခံလေသည်။ သူ့ဇနီးဆိုသူလည်း လက်ဖက် ရည်လာချရင်း. . .

☐ "ဆရာရယ် မမမြင့်တော့ တော်တော်ကို ကံဆိုးတာပါပဲ"ဟူ၍ ပြော၏။

☐ "အင်း- ဝန်ထောက်ကလည်း မမခေါ်တယ်။ သူ့မိန်းမကလည်း သနားပုံထောက်တော့ မကြည်မြင့် ဖောက်ပြန်တာတော့ မဟုတ်နိုင်ပါဘူး"ဟူ၍လည်း စိတ်ထဲမှာ ထင်လာပြန်၏။ လက်ဖက်ရည်သောက်ပြီး သောအခါ သူတို့ လင်းရိုဗာကားလေးနှင့် ဇေယျာသားဖွားခန်းသို့ ဆက်သွားကြလေ၏။ မကြည်မြင့်ကို အိပ်ရာပေါ်တွင် ပိန်ချုံးစွာပင် တွေ့ရ၏။ ဗိုက်ခွဲ မွေးထားရသဖြင့်လည်း ပင်ပန်းနေပုံ ပေါက်၏။

ကျွန်တော့်ကို မြင်သောအခါ မချိုပြုံး ပြုံး၍နှုတ်ဆက်၏။ "ကိုညိုလား။ ခွင့်နဲ့လာတာလား. . ."ဟူ၍ မျက်ရည်ဝဲကာ ဆိုရှာပါသည်။

☐ ကျွန်တော်လည်း မကြည်မြင့်ကို "ဟုတ်တယ် မကြည်မြင့်၊ ခွင့်နှင့်လာတာ။ မုံရွာလည်း ရောက်ပြီးပြီ။ အခု မုံရွာကလာတာပဲ" ဟူ၍ ပြောရင်း ကလေးကို ခြင်ထောင်မ ကြည့်မိ၏။ ကလေးကား ၇-ရက်လောက်ပင် ရှိဦးမည်။ ဖိုးဝင်းလှိုင်ဆင်ဆင်၊ နှာခေါင်းပွပွ၊ မျက်ရစ်မပါပဲ ရှိသည်။ အပြစ်ကင်းစင်စွာပင် အိပ်နေရှာလေသည်။

☐ "မောင်နဲ့ တွေ့ခဲ့သေးသလား ကိုညို" ဟူ၍ မကြည်မြင့်သည် တိုးတိုးလေးမေးလေသည်။

☐ "တွေ့တယ်။ အဲဒါကြောင့် ခုသည်ကို ရောက်လာတာပဲ။ ခင်ဗျားတို့က ဘာဖြစ်မှန်းမသိဘူး။ ဟိုကလည်း အရူးတစ်ပိုင်း။ သည်ကလည်း ဒုက္ခိတ။ သိလျက်နဲ့ မိုက်ကြတယ်ဗျာ" ဟူ၍ ကျွန်တော်က ကလေးကိုကြည့်ရင်း ပြောမိ၏။ မကြည်မြင့်လည်း "ကိုညိုကလည်း အပြစ်ပဲ တင်တာပဲနော်။ မြင့်တော့ သေချင်တော့တာပဲ" ဆိုကာ ငိုပါလေတော့သည်။

☐ "ကဲ- ပြောပါဦးလေ၊ စိတ်ညစ်နေလို့၊ ငိုနေလို့ မဖြစ်ဘူးနော်" ဟူ၍ ကျွန်တော်က ထောက်ရ၏။ ရဲဝန်ထောက်ကိုသိန်းအောင်နှင့်ဇနီးသည်တို့သည် ပြိုင်တူပင် ကျွန်တော့်ကို လှမ်းကြည့်ကြ၏။ "ဆရာရေ- သူတို့ ပြဿနာကို ရှင်းနိုင်လဲ ရှင်းပါဦးဆရာ၊ ကျွန်တော်တော့ ကျွန်တော်ပါ ပါနေရလို့ စိတ်မကောင်းဘူး။ ကျွန်တော်နဲ့ မမမြင့်က တကယ်မောင်နှမပါ ဆရာ"ဟု ခေါင်းစိုက်၍ ပြောလိုက်လေသည်။ ကိုသိန်းအောင်၏ ဇနီးကလည်း. . .

□ “ဟုတ်ပါတယ် ဆရာ၊ ကိုအောင်နဲ့ မမြင့်က တကယ့်မောင်နှမပါ။ ကိုဝင်းလှိုင်က တမင်သက်သက် အထင်လွဲနေတာပါ” ဟူ၍ ဆက်ပြော၏။

□ “အေးဗျာ- ကျွန်တော်လည်း သည်အတွက် လာတာပါပဲ။ ခက်တာက အဖြစ်မှန်သိဖို့လည်း လိုသေးတယ်” ဟူ၍ ကျွန်တော့်မှာ သူတို့အား ပွင့်လင်းကြင်နာစွာပင် ပြောရလေသည်။

□ “ကဲ မကြည်မြင့်၊ ကျွန်တော့်ကို ဖြစ်တာတွေပြောပါအုံး”ဟူ၍ ဆက်မေးရသည်။ သူ့အစ်မ ရှက်မည်စိုး၍လား မသိ၊ ကိုသိန်းအောင်နှင့် ဇနီးတို့သည် အလိုက်သိစွာပင် အခန်းပြင်သို့ ထွက်ပေးလေသည်။

□ “ကိုညိုရယ်၊ မြင့် ဘာမှ မဖောက်ပြန်ပါဘူး။ မိတ္ထီလာမှာ မောင့်ကို ကိုညိုပဲ ဗာဆက်တိုမီ (Vasectomy) လုပ်ပေးခဲ့တယ်။ အဲ တစ်လလောက်ကြာတော့ မောင်သိန်းအောင်တို့လည်း မိတ္ထီလာ ပြောင်းလာရတယ်။ မိတ္ထီလာမှာ မြင့်တို့ပဲ အခံရှိတော့ မောင်သိန်းအောင်တို့က မြင့်တို့ဆီ ခဏခဏဆိုသလို လာလည်ပါတယ်။ မြင့်ကလည်း မောင်ရော၊ ယောက်မကိုရော ခင်တော့ ရင်းရင်းနှီးနှီးပဲ နေကြတာပေါ့။ အဲဒါကို မောင်က မကြိုက်ဘူးထင်ပါရဲ့။ ဘာမှတော့ မပြောဘူးလေ၊ နောက် သူလည်း အမြတ်တော်ကြေးနဲ့ပတ်သက်ပြီး နယ်ဆင်းရ၊ ရန်ကုန်သွားရနဲ့ ၃-၄ လလောက် မိတ္ထီလာက ခွာနေရတယ်။ ရန်ကုန်က ပြန်လာတော့ မြင့်မှာ ကိုယ်ဝန်ရှိတာလည်း တွေ့ရော ဒေါပွတော့တာပေါ့။ နဂိုကတည်းက မောင်သိန်းအောင်ကို အထင်လွဲရာမှာ မြင့်ကိုယ်ဝန်ရှိလာတော့ သူက အတိအကျ စွပ်စွဲတော့တာပေါ့လေ။ သူဟာ ဗာဆက်တိုမီ (Vasectomy) လုပ်ထားတာ သူနဲ့ကိုယ်ဝန် မရှိနိုင်ဘူးဆိုပြီး မြင့်ကို ကွာတာပဲ။ မြင့်ကလည်း မဖောက်ပြန်၊ ကိုယ်ဝန်ကလည်းရှိ၊ သူပြောသလို သူ

ကလည်း ဗာဆက်တိုမီ (Vasectomy) လုပ်ထားတော့ ဘာပြောရမှန်း မသိဘူး။ ငိုပဲနေမိတာပဲ။ နောက်တော့ မောင်သိန်းအောင် တို့ကပဲ စောင့်ရှောက်ထားရတာပဲ ကိုညို။ သူတို့လည်း မောင့်ကို ရှင်းပြကြ၊ တောင်းပန်ကြပါတယ်။ မရဘူး။ မောင့်ကို ဆရာပဲ ရှင်းနိုင်မှာပါ" ဟု မကြည်မြင့်သည် မျက်ရည်စမ်းစမ်းနှင့် ပြောရှာလေသည်။

◻ "အေးဗျာ၊ သည်လိုဆိုရင်တော့ ကျွန်တော်ပဲ ရှင်းပေးပါ့မယ်။ သင်းတာ (Vasectomy) လုပ်တာက သေချာတယ်ဆိုပေမည့် တစ်လ အတွင်းတော့ မရေရာလှဘူး။ ကိုယ်ဝန်ရှိနိုင်ပါတယ်" ဟူ၍ ပြန်ပြော လိုက်ရသည်။

◻ "အဲ- အခုကလေးကို ဘယ်နေ့က မွေးသလဲ" ဟူ၍လည်း ဆက်လက်မေးရသည်။

◻ "ဒီဇင်ဘာ ၃ ရက်နေ့ကပါဆရာ" ဟူ၍ မကြည်မြင့်က ပြန်ပြော လေသည်။

◻ "ကောင်းပါပြီ၊ ကျွန်တော်ရှင်းနိုင်အောင် ကြိုးစားပါ့မယ်" ဆို ကာ ထိုနေ့က ပြန်ခဲ့ရလေသည်။ ထိုနေ့က စစ်ကိုင်းဆေးရုံမှ မောင်မောင် စိုးထံပင် မဝင်ဖြစ်တော့။ ကိုသိန်းအောင်တို့အိမ်မှာပင် အိပ်ရလေသည်။ ပြဿနာကား ရှင်းပါပြီ။ သကောင့်သား ဝင်းလှိုင်သည် အကြောဖြတ်မှု (Vasectomy) လုပ်ပြီး တစ်လအတွင်း သူ့မိန်းမနှင့် ဆက်ဆံရမည်ဖြစ် ၏။ အကြောဖြတ်မှု (Vasectomy) လုပ်ပြီး တစ်လအတွင်းမှာ ဆိုလျှင် ယောကျ်ားသုတ်လမ်းကြောင်းတွင် သုတ်တွေ ကျန်နေတတ်လေသည်။ ဤကာလအတွင်း ဆက်ဆံပါက ကိုယ်ဝန်ရှိတတ်ပေသည်။ များစွာပင် သတိပြုစရာကောင်းလှ၏။ သို့မဟုတ်က ဖိုးဝင်းလှိုင်တို့လို ပျော်ရွှင်သော အိမ်ထောင်မှာ ပြန်းပြန်းကွဲမှာ မုချဖြစ်သည်။

☐ နောက်တစ်နေ့တွင် မကြည်မြင့်ထံ သွားကာ အစစပြေလည် အောင် လုပ်ပေးမည်ဖြစ်ကြောင်း ပြော၍ ပြန်ခဲ့ရ၏။ စစ်ကိုင်းဆေးရုံမှ မောင်မောင်စိုးကိုလည်း "ငါ့ကို ကူညီအုံးကွာ၊ ငါပြန်လာခဲ့မယ်" ဟူ၍ နှုတ်ဆက်ကာ မုံရွာသို့ ပြန်ခဲ့ရလေသည်။

☐ မုံရွာသို့ရောက်လျှင် အိမ်မှာပင် မနေတော့။ ဝင်းလှိုင်ထံ အပြေး သွားရ၏။

☐ "ဟေ့ကောင် အရှူး၊ မင်းမကြည်မြင့်ကို ပြန်ခေါ်ရမယ်" ဟု ဇော်ပိုးကို နှက်ရင်း ပြောရသည်။

☐ "မနောက်စမ်းပါနဲ့ကွာ။ ငါပြန်မယူနိုင်ဘူး။ ငါ့ကို မချစ်လို့ ဖောက်ပြန်တာပဲ" ဟူ၍ အမျိုးသားက အလွမ်းသယ်နေသေး၏။

☐ "ဟဲဟဲ ဗာဆက်တိုမီ (Vasectomy) လုပ်ထားလည်း ကိုယ်ဝန် ရှိနိုင်သားပဲကွာ။ မင်းသိပ်အတွေးမခေါင်စမ်းပါနဲ့" ဟူ၍ ကျွန်တော်က ပြောသောအခါ. . .

☐ "ငါ့ကို မလှိမ့်ပါနဲ့ ဖိုးညိုရာ၊ ငါလည်း ပညာတတ်တစ်ယောက် ပါ"

☐ "အေး ပညာတတ်မို့ ငါကရှင်းပြမလို့ကွာ။ နလပိန်းတုံးဆိုရင် ဘာမှ နားလည်မှာ မဟုတ်လို့ ငါရှင်းပြဖို့ခက်တယ်" ဟု ဆိုကာ သူ့ကို သင်းသည့်ကိစ္စနှင့် ပတ်သက်ပြီး ရှင်းပြရလေသည်။ သင်းပြီး တစ်လ အတွင်း ဆက်ဆံက ကလေးရနိုင်ပုံ စသည်ဖြင့် ပြောပြတော့မှ. . .

☐ "အေး မင်းခွဲပြီး တစ်ပတ်ကျော်တော့ အနာပျောက်တာနဲ့ နောက်မှာ ဆက်ဆံမိတာ အမှန်ပဲကွာ" ဟူ၍ သူဝန်ခံရှာ၏။

◻ ဒါပေမယ့် ဒါကို မင်းဘယ်လိုသက်သေထူမလဲ” ဟူ၍ သံသယနှင့် မေးလိုက်လေ၏။

◻ “သည်လိုကွာ၊ ပိုသေချာအောင် မင်းသုတ်ရည်ကို ငါစစ်ကြည့်ပေးမယ်။ မင်းသုတ်ရည်ထဲမှာ သုတ်ပိုး မရှိရင် အကြောဖြတ်တာ (Vasectomy) ဟာ အောင်မြင်တာပဲ။ သည်တော့ တစ်လအတွင်းမှာ မကြည်မြင့်နဲ့ ဆက်ဆံတာပဲ ကျန်တယ်။ မင်းကလည်း ဆက်ဆံမိပါတယ် ဆိုတော့ ဒီကလေးဟာ မင်းကလေးပဲဖြစ်ရမှာပဲ။ ငါခွဲပေးတာ ဖေဖော်ဝါရီလမှာ၊ အခု ကလေးမွေးတာက ဒီဇင်ဘာလမှာ ဆိုတော့ ၁၀ လ အတွင်းမှာ ဆိုတော့ ပိုမှန်တာပေ့ါကွာ။ ဒါပေမယ့် မင်းယုံအောင် သက်သေ ပြပ့ါမယ်။ စစ်ကိုင်းကို လိုက်ခဲ့” ဟု ပြောလိုက်ရသည်။ အစကတော့ အင်တင်တင် လုပ်နေသေး၏။ နောက်တော့မှ လိုက်လာလေသည်။

◻ စနေနေ့တွင် ထင်၏။ စစ်ကိုင်းသို့ ရောက်ကြ၏။ ရောက်ရောက်ချင်းပင် မောင်မောင်စိုးထံ တန်းသွားကာ၊ “ကဲ. . . စိုးကြီး၊ ဒါငါ့ သူငယ်ချင်း ဝင်းလှိုင်ပဲ”ဟူ၍ မိတ်ဆက်ပေးရ၏။ အကြောင်းစုံရှင်းလင်း ပြောပြကာ သွေးအုပ်စု (Blood Group) တွေ အကြောင်း၊ အဖေ အမေနဲ့ ကလေးသွေးမျိုး ဘယ်လို ဆက်စပ်သလဲဆိုတာ ပြောပြစမ်းကွာ” ဟူ၍ တိုက်တွန်းရ၏။

◻ ဟုတ်သည်။ “ရှာနားကမြက် ရှာန္တားမစား”ဆိုသော ကျွန်တော်တို့ မြန်မာစကားမှာ အတော်ပင် မှန်ကန်လှပေသည်။ ကျွန်တော် ဆရာဝန်သာ ဖြစ်လာသည်။ ဘယ် သူငယ်ချင်းကမှ မယုံကြည်၊ မလေးစားကြ။ ကျွန်တော်ပေးသော ဆေးကိုလည်း စွမ်းသည်ဟု မထင်ကြပေ။ အိမ်မှ အမေနှင့် ကိုကိုတို့ကဆို ပိုဆိုး၏။ တစ်ခုခုဖြစ်က

ကျွန်တော်က ဆေးပေးလျှင် သူတို့ မယုံကြပေ။ မြို့ထဲက ဆေးတိုက်ကို သွားတတ်ကြ၏။ မြို့ထဲက ဆရာဝန်က ကျွန်တော်ပေးမည့်ဆေးကိုပင် ပေးသည်ဖြစ်သော်လည်း တန်ဖိုးထား၍ သောက်ကြသည်။ ယခုလည်း သွေးအကြောင်း၊ မိဘသွေးနှင့်သားသမီးသွေး ဘယ်လို ဆက်စပ်သည်ကို ကျွန်တော်ပြောလျှင် သိပ်မယုံချင်။ မကြည်မြင့်နှင့် ပြန်လည် နီးစပ်စေလို၍ ပြောသည်ဟုသာ ထင်တော့မည်။ ဤသို့ စိုးရိမ်မိသဖြင့် သူမသိသော ဒေါက်တာ မောင်မောင်စိုး၊ ကျွန်တော်တို့ အခေါ် စိုးကြီးကို ရှင်းပြခိုင်းရခြင်း ဖြစ်လေသည်။

◻ မောင်မောင်စိုးက "လူအားလုံးမှာ ရှိတဲ့ သွေးတွေကို အမျိုးအစားခွဲကြည့်ရင် လေးမျိုးပဲ အဓိက ရှိတယ်ဗျာ့။ အေရယ်၊ ဘီရယ်၊ အေဘီရယ်၊ အိုရယ် ဆိုပါတော့။ လူတစ်ယောက်မှာ တစ်မျိုးစီပေါ့။ လင်မယားနှစ်ယောက်မှာ တကယ်လို့ ယောကျ်ားကအေဖြစ်ပြီး မိန်းမကဘီဖြစ်မယ်ဆိုပါစို့။ ကလေးဟာ ဘယ်တော့မှ အေသော်လည်းကောင်း၊ ဘီသော်လည်းကောင်း မဖြစ်နိုင်ဘူး။ အေဘီသော်လည်းကောင်း၊ အိုသော်လည်းကောင်း ဖြစ်ရမယ်။ အဲဒီလိုပဲ ယောကျ်ားရော မိန်းမရော အို ချည်းပဲဆိုရင် ကလေးမှာအိုသွေးပဲရှိမယ်။ အေတွေ၊ဘီတွေ၊အေဘီတွေ မဖြစ်နိုင်ဘူး။ အဲ. . . အိုနဲ့ အေဘီနဲ့ ရရင်လည်း အေ သို့မဟုတ် ဘီ ထွက်တယ်။ အိုမထွက်တော့ဘူးပေါ့ဗျာ။ ဒါကတော့ မျိုးရိုး (Genetic) ဥပဒေအရ။ အိုကတယ် (Recessive) ဆိုပါတော့"ဟူ၍ ပြောပြရလေသည်။

◻ "ဟုတ်ကဲ့ပါဆရာ၊ ဒါဖြင့် ဘယ်လိုဆက်ကြမှာတုန်း"ဟူ၍လည်း ဝင်းလှိုင်က မနေနိုင်မထိုင်နိုင် မေး၏။

◻ "အခုလား မင်းဇနီးရှိရာ (Nursing Home) သွားပြီး

မင်းမိန်းမသွေးရယ်၊ မင်းကလေးသွေးရယ်၊ မင်းသွေးရယ်အားလုံးယူပြီး သွေးအုပ်စု (Blood Group) လုပ်ကြည့်မယ်ကွာ" ဟူ၍ ကျွန်တော်က ပြောရလေသည်။ "ဒါဖြင့်လည်း သွားကြပါစို့" ဟု သူက ပြော၏။ "ခွေးမသား အခု ကျတော့လည်း အမြီးပြတ်သလို ပျာနေတာပဲ" ဟု ကျွန်တော်က ပြော လိုက်ရာ စိုးကြီးက "ဒီလိုပေါ့ကွာ" ဟု ရယ်၍ နေလေသည်။ ချက်ချင်းပင် သုံးယောက်သား ဝင်းလှိုင်ဂျစ်ကားနှင့်ပင် ဇေယျာသားဖွားခန်းသို့ သွားကြရ၏။ မကြည်မြင့်မှာ ဖိုးဝင်းလှိုင်ကို မြင်သောအခါ "မောင်" ဟု ဝမ်းသာအားရ ပြော၏။ ဝင်းလှိုင်ကလည်း "မြင့်"ဟူ၍ ခေါ်ကာ ပြေးဖက်လေသည်။ အမျိုးသားမှာ ကျွန်တော်တို့ကို မမှုတော့၊ မရှက်တော့ပေ။

◻ "ဟော့ကောင်၊ ဒို့ရှိပါသေးတယ်ကွာ" ဟူ၍ ကျွန်တော်က ပြောမှ သကောင့်သားက သွားကြီးဖြီးကာ "အင်. . . ကလေးလည်း ကြည့်ရအုံးမယ်" ဆို၍ မကြည်မြင့်ထံမှ ခွာကာ ကလေးကိုကြည့်၏။ ကလေးကို ကြည့်ရင်း "အင်း ဂြိုဟ်ကောင်လေး" ဟူ၍ ဣန္ဒြေ မဆည်နိုင်ဘဲ ရှိလေသည်။ ကျွန်တော်ကား စိတ်ထဲတွင် ပီတိဖြစ်နေလေသည်။ ချစ်စွာသော သူငယ်ချင်း ၂ ယောက် ပြန်ပေါင်းထုတ်နိုင်ပြီကိုး။ မကြည်မြင့်နှင့်ဝင်းလှိုင်တို့ လွမ်းခန်းပြီးသည့်နောက် မကြည်မြင့်သွေးနှင့် ကလေးသွေးကိုဖောက်ယူကာ ပြန်ခဲ့ကြ၏။ စစ်ကိုင်းဆေးရုံသို့ ပြန်ကာ ချက်ချင်း စမ်းသပ်ရလေသည်။

◻ မကြည်မြင့်သွေးက အေ၊
ဝင်းလှိုင်သွေးက ဘီ၊
ဂြိုဟ်ကောင်လေး သွေးက အေဘီပါတည်း။

◻ ဝင်းလှိုင် သကောင့်သားလည်း သည်တော့မှ. . .

□ "အေးကွာ-ငါ့ကလေးပါ၊ မင်းတို့သွေးကငါ့ကလေးမဟုတ်ဘူး ပြောတောင် သူ့ရုပ်က ငါ့ရုပ်မို့ ငါယုံပါတယ်ကွာ"ဟူ၍ ဣန္ဒြေမဆည်နိုင်ဘဲ ဥဒါန်းကျူးရင့်တော်မူလေသည်။ မောင်မောင်စိုးကား ရယ်၍သာနေလေတော့သည်။

□ ကျွန်တော်မှာ သည်ထက်ပင် ပို၍ သေချာစေချင်သေးသည်။ ထို့ကြောင့် ကိုသိန်းအောင်သွေးကို စစ်ကြည့်ချင်သေးသည်။ အကယ်၍များ ကိုသိန်းအောင်သွေးနှင့် ဝင်းလှိုင်သွေးတူနေပြန်လျှင် ပြဿနာရှုပ်နေမည်။ ကိုသိန်းအောင် ကလည်း တရုတ်ပုံ၊ ဝင်းလှိုင်ကလည်း တရုတ်ရုပ်၊ သည်အကြောင်းကို မောင်မောင်စိုးနှင့် ပြောဆိုတိုင်ပင်ဖြစ်သည်။

□ တနင်္လာနေ့တွင် ဖိုးဝင်းလှိုင် ပြန်လာလေသည်။ မကြည်မြင့်ရော ကလေးပါ ပါလာ၏။ မောင်မောင်စိုးထံမှ စာတစ်စောင်ပါးလိုက်သည်ဆို၍လည်း ကျွန်တော့်အား စာတစ်စောင်ပေးလေသည်။ စာကိုဖောက်ဖတ်လိုက်သောအခါ. . .

ညီလေး. . .

မင်းလူတော့ တော်တော်ဝမ်းသာနေမှာပဲ။ မင်းထင်သလို ငါလည်းထင်ခဲ့မိတာပေါ့။ မင်းလူ အပျော်မှား နေမလားလို့ပေါ့ကွာ။ ခုတော့ မင်းလူ အမှန်တကယ် ပျော်နိုင်ပါပြီကွာ။ ကိုသိန်းအောင်သွေးကို ကိုဝင်းလှိုင် မပြန်ခင်ဘဲ စစ်ကြည့်တယ်။ အေ တဲ့ကွာ။ သည်တော့ အေဘီသွေးပါတဲ့ ကလေးဟာ ကိုဝင်းလှိုင်နဲ့ မကြည်မြင့်တို့ ကလေးအစစ်ပေါ့ကွာ။

စိုးကြီး

☐ ဟူ၍ ရေးသားထားလေသည်။ သကောင့်သားဝင်းလှိုင်ကို ဤစာပြသောအခါ. . .

"အေးကွာ. . . ငါလည်း မြင့်နဲ့ပြန်ပေါင်းထုပ်ရလို့ပျော်နေမိတာနဲ့ ကိုသိန်းအောင်သွေးကို စစ်ဖို့တောင်မမေးခဲ့မိဘူး" ဟု ဆိုလေသည်။ ကျွန်တော်ကား ရယ်နေရလေသည်။

☐ "ခွေးမသား အခုမှအမြင်မှန်တယ်" ဟူ၍သာ ကျွန်တော့်မှာ ပြောနိုင်ပါတော့သည်။ စိတ်ထဲတွင်ကား မမွေးဘဲလောင်သောမီးသည် အတော်ပင် အငြိမ်းရခက်ပါတကားဟု တွေးနေမိလေသည်။ ကျွန်တော်မွေးသောမီး ကျွန်တော်ငြိမ်းရ၍သာ တော်ပေသေးတော့၏။ ■

# ၁၄

# ဆရာဝန်ဆိုတော့လည်း

□ ကျွန်တော်သည် နယ်စပ်ဒေသ ဆရာဝန်အဖြစ် မိုင်းတုံသို့ ရောက်လာစဉ်ကမူ ပထမ၌ တော်တော်ပင် စိတ်ပျက်ခဲ့ပေသည်။ စိတ်မပျက်ဘဲဘယ်မှာ နေနိုင်ပါမည်နည်း။ သည်အရပ်သည် အခြားဒေသများနှင့် ဆက်သွယ်နိုင်သည်မှာ လေလမ်းတစ်ခုသာ ရှိသည်။ ဤ လေလမ်းမှာလည်း တစ်လလျှင် တစ်ခါသာရှိသဖြင့် ဤအရပ်မှ အခြားဒေသသို့ စာပို့လျှင် နောက်တစ်လကြာမှ ပြန်စာရ၏။ ရံဖန်ရံခါ နှစ်လကြာမှ ပြန်စာရ၏။ မိုးတွင်းဆိုပါက ပို၍ဆိုး၏။ လေယာဉ်ပျံသည် ရာသီဥတုဆိုးလျှင် ဤအရပ်သို့မလာတော့ချေ။ ထိုအခါ ဆက်သွယ်မှုမှာ ၂လ၊၃လမျှ ပြတ်သွားတတ်ပေ၏။ ထိုထက်ဆိုးသည်မှာကား လေယာဉ်ပျံကွင်းမှာ ဤအရပ်တွင် မရှိဘဲ ဤအရပ်နှင့် မိုင် ၄၀ခန့်ဝေးသော မိုင်းဆတ်တွင်ရှိခြင်းပေတည်း။ ဤမိုင် ၄၀ သည် ပြည်မတွင် လမ်းကောင်းပါက တစ်နာရီတည်းနှင့် ကားဖြင့်ရောက်နိုင်သည်။ ဤဒေသတွင်မူ လမ်းကဆိုးသဖြင့် တစ်ရက်လုံးလုံး မောင်းယူရ၏။ လမ်းတွင် တောင်ပြိုပါက ဆက်မမောင်းနိုင်၊ ညအိပ်ရလေသည်။ တစ်ခါတစ်ရံ လမ်းတွင်ပင် တစ်ပတ်နှစ်ပတ်မျှကြာအောင် စောင့်အိပ်ရလေသည်။

☐ ကျွန်တော်ရောက်လာသောအချိန်မှာ ဇွန်၊ ဂျူလိုင် မိုးဖြိုင်ဖြိုင်ရွာသောရာသီဖြစ်ပေရကား နမ်းဆန်မှထွက်လာသော စစ်လေယာဉ်ကို မူးအောင်စီးခဲ့ရ၏။ မိုင်းဆတ်ရောက်မှ နားပြီး မိုင်းတုံသို့ ကားဖြင့်ဆက်လာသောအခါ ကားကိုစီးရသည်မရှိဘဲ တောင်တက်တောင်ဆင်းမှန် သမျှကို လူက ဆင်း၍ လိုက်ရသည်။ ကားကိုတွန်း၍လည်း လာရသည်။ သို့ဖြင့် နံနက် ၁၁ နာရီလောက်က မိုင်းဆတ်ကထွက်လာရာ ည ၈ နာရီကျော်မှ မိုင်းတုံသို့ ရောက်လေသည်။ သို့ဖြစ်ရကား ကျွန်တော့်မှာ ရောက်စကပင် ဤအရပ်ကို စိတ်ပျက်ခဲ့ရ၏။ လာရသည်မှာလည်း ကျွန်တော်က လာချင်၍ လာရသည်မဟုတ်။ အစိုးရက နယ်စပ်ဒေသ ဆရာဝန်အဖြစ် ချောဆွဲပို့သဖြင့်သာ လာရခြင်းဖြစ်ရာ ကျွန်တော့်မှာ စိတ်မပျက်ဘဲ ဘယ်မှာ နေနိုင်ပါတော့မည်နည်း။ သို့ဖြစ်၍ ကျွန်တော်သည် ဤအရပ်ကို ရောက်ကတည်းကပင် စိတ်ပျက်ခဲ့ပေသည်။

☐ ရောက်ပြီး ၂လ၊ ၃လကြာတော့လည်း ကျွန်တော်သည် စိတ်ခတ်မတက်ခဲ့။ အကြောင်းမူ မိုင်းတုံမြို့မှာ မြို့ဆိုသော်လည်း အိမ်ခြေတစ်ထောင်ခန့်သာ ရှိသည်။ စာတိုက်မရှိ၊ ဈေးမရှိ။ အခြားရှမ်းပြည်နယ် မြို့ရွာများ၌ ၃ ရက်တစ်ဈေး၊ ၅ ရက် တစ်ဈေး စသဖြင့် ဈေးများရှိသော်လည်း မိုင်းတုံတွင်မူ ထိုကဲ့သို့သော ဈေးများမရှိ။ သို့ဖြစ်၍ ဘာဆိုဘာမျှ ဝယ်၍ မရပေ။ လည်စရာ ပတ်စရာ နေရာလည်း မရှိ၊ စားစရာ သောက်စရာဆိုင်လည်း ဘာမျှ ဟုတ်တိပတ်တိ မရှိချေ။ ရုပ်ရှင်ဆိုပါက ဝေလာဝေး။ ကျွန်တော့်မှာ ကျောင်းသားဘဝကပင် ရုပ်ရှင်ကို တစ်ပတ်တစ်ခါမှတော့ ကြည့်ခဲ့ပေရာ ယခုမူ ရုပ်ရှင်နှင့် လုံးဝ ဝေးနေသဖြင့် အပျင်းကြီး ပျင်းနေလေသည်။ တစ်ခါတစ်ရံ မိုင်းတုံတွင် စခန်းချထားသော အစိုးရတပ်မတော် အရာရှိရိပ်သာသို့သွား၍ အပန်းဖြေနိုင်ပါ၏။ သို့ရာတွင် တပ်မတော် အရာရှိများမှာလည်း သူ့အလုပ်နှင့်သူ ဖြစ်ရုံမျှမက

ကျွန်တော့်မှာ အရပ်သားဖြစ်ပေရကား သူတို့နှင့် သိပ်အံဝင်ဂွင်ကျမရှိလှပေ။ သို့ဖြစ်၍ ကျွန်တော်သည် မိုင်းတုံတွင်နေရသည်ကို စိတ်ပျက်နေမိလေသည်။ နယ်စပ်ဒေသ ဆရာဝန်အဖြစ်မှ ၂ နှစ်ပြည့်၍ စာချုပ်ကုန်လျှင်မူ ဆရာဝန်တစ်ဦး၏ဘဝသည် အားလုံးပြီးပြည့်စုံနိုင်သည် မဟုတ်ပါလော။ မည်သို့ဆိုစေ ကျွန်တော်သည် အားနေသော အချိန်များ၌ အလကား မနေလိုရကား ဆေးကုခြင်းကိုမူ ကြိုးစား၍ လုပ်ပါ၏။ "ကုသိုလ်လည်းရ၊ ဝမ်းလည်းဝ" ဆိုသကဲ့သို့ ဆေးကိုကြိုးစား၍ ကုပေးခြင်းဖြင့် ကျွန်တော့်မှာ အပျင်းလည်းပြေ၏။ အတွေ့အကြုံလည်း ပိုရ၏။ မိုင်းတုံလူထုအတွက်ကား ဆိုဖွယ်ရာမရှိ။ သူတို့အဖို့မူ ကျွန်တော်ကြိုးစား၍ ကုပေးလေ ရောဂါပျောက်၍ သဘောကျလေပင်။

□ တွေ့ရကြုံရသော ရောဂါလည်း စုံပါ၏။ လူကလည်း မျိုးစုံ။ အမှန်တော့ မိုင်းတုံ၌ နေရသည်မှာ လူအဖြစ် ပျင်းစရာကောင်းသော်လည်း ဆရာဝန်အဖြစ်ကား ပျော်စရာကောင်းပါ၏။ တွေ့ရကြုံရသည်ကရင်ခုန်စရာပင်။ ကြည့်ပါဦး. . .

□ တစ်နေ့နံနက် ကျွန်တော်သည် လူနာများကို တစ်ဦးစီကြည့်နေစဉ် အရပ်ရှည်ရှည်၊ ရှမ်းဘောင်းဘီ အနက်နှင့် လူတစ်ယောက်သည် ကျွန်တော့်အခန်းထဲသို့ တန်းဝင်လာသည်။ ဝင်လာလာချင်းပင်. . .

□ "ဟေး- နင် အင်္ဂလိပ် ဆေးဆရာ မှုတ်လား" ဟူ၍ မေး၏။ ကျွန်တော်က သူဘာဆိုလိုသည်ကို မသိသဖြင့် ကြောင်၍ကြည့်နေရာ ဘေးကလူနာမိန်းမကြီးတစ်ယောက်က. . .

□ "ဟုတ်တယ်"ဟု ပြောကာ. . . သူဆရာဝန်ပဲ" ဟူ၍ စကားတစ်မျိုးဖြင့် ထိုသူကိုပြန်ပြော၏။ ကျွန်တော်က "ဘာဖြစ်လို့လဲ"ဟုမေးရာ. . .

□ "ငါ့မြင်း ဖျားနေတယ်။ ခြေထောက်တစ်ဖက်လည်း ရောင်နေတယ်။ အဲဒါ နတ်ပတာလည်း မပျောက်လို့ ကုပေးစမ်းပါ" ဟု သူကပြော၏။ ကျွန်တော်သည် မြန်မာပြည်တွင် ဆိုပါက "ငါ တိရစ္ဆာန်ကုဆရာဝန် မဟုတ်ဘူး"ဟူ၍ ဘုပြောလိုက်မည်မှာ အမှန်ပင်။ သို့ရာတွင် နယ်စပ်ဒေသ၌ တိရစ္ဆာန်ဆရာဝန်လည်းမရှိ။ ဆရာဝန်ဆို၍လည်း ယခုမှ သူတို့ တွေ့ကြုံဖူးရကား သူတို့အနေဖြင့် ဆရာဝန်ဆိုလျှင် အားလုံးကုသနိုင်သည် ထင်ရကား ကျွန်တော်လည်း သဘောကျစွာဖြင့် ပြုံးယင်း. . .

□ "အေး- အေး၊ ဒီလူနာ တွေပြီးရင် လိုက်ကြည့်ပေးမယ်။ ခဏစောင့်အုံး" ဟုဆိုကာ သူ့ကိုစောင့်ခိုင်းရ၏။ နေ့လယ် ၁၁ နာရီလောက် လူနာများ ကြည့်ပြီးချိန်၌ သူ့အိမ်သို့ လိုက်၍ ကြည့်ရ၏။ အမှန်တော့ သူ့အိမ်မဟုတ်ပေ။ သူတည်းသောအိမ်ဖြစ်၍ သူကိုယ်တိုင်မှာမူ မိုင်းတုံပတ်ဝန်းကျင်တောင်များပေါ်တွင်နေသော လားဟူလူမျိုးကုန်သည်တစ်ဦး ဖြစ်ပေ၏။ သူ့မြင်းကိုကြည့်သောအခါ မြင်းမှာ ညာဘက် ရှေ့ခြေထောက်တစ်ခုလုံး ရောင်လျက် ထော့နဲ့ထော့နဲ့ ဖြစ်နေသည်ကို တွေ့ရ၏။ တစ်ဟီးဟီး၊ တစ်ဟဲဟဲဖြင့် အော်ရင်း နောက်ခြေထောက်များ ကဆုန်ပေါက်လျက် လည်ပင်းကို ဟိုလှည့် ဒီလှည့်လုပ်လိုက်ဖြင့် နေမထိ ထိုင်မသာ ဖြစ်နေသည်ကို တွေ့ရ၏။ မြင်းပိုင်ရှင်အိမ်ရှင်တို့အား မြင်းကို ချုပ်စေပြီး ခြေထောက်ကို ကြည့်သောအခါ ခြေထောက်မှာ ငုတ်စူးနေသည်ကို တွေ့ရ၏။ သို့ဖြစ်ရကား ကျွန်တော့်အနေဖြင့် တိရစ္ဆာန်ဆေးကုပညာကို မတတ်ကျွမ်းသော်လည်း သက်ရှိသတ္တဝါမှန်သမျှ ရောဂါဆိုလျှင် အတူတူပဲဟု ယူဆကာ ငုတ်စူးသဖြင့် သွေးဆိပ်တက်ကာ ခြေထောက်ရောင်နေမှန်း ခန့်မှန်း မိလေသည်။ သို့ဖြင့် ငုတ်ကို ထုတ်၊ အနာကို တင်ချာ အိုင်အိုဒင်းထည့်လျက် လူတွင်

တစ်နေ့တစ်လုံးသာ ထိုးရသော ပင္ဒိုဇီဝဆေး ပင်နင်စလင်ကို ၆ လုံးမျှ တစ်ခါတည်း ထိုးပေးလိုက်၏။ တစ်ပတ်ဆက်၍ ထိုးပေးမည်ဟုလည်း ပြောကာ ပြန်ခဲ့ရသည်။ နောက်နေ့များတွင် ကျွန်တော် ကိုယ်တိုင် မသွားနိုင်။ ကျွန်တော့်တပည့်ကလေးများကို သွားထိုးခိုင်းရ၏။ စတုတ္ထ နေ့တွင်မူ . . .

◻ "ဆရာ၊ မြင်းရော လူရောမရှိတော့ဘူး။ ခရီးထွက်သွားပြီ" ဟု ကျွန်တော့်ကိုပြောသဖြင့် ကျွန်တော်လည်း "ကိစ္စမရှိပါဘူးကွာ၊ သူ့မြင်း သက်သာသွားလို့ နေမှာပါ။ ဆေးမပြည့်လို့ မြင်းသေသွားလည်း သူ့ အပြစ်ပဲ" ဟု ဆိုကာ မေ့မေ့ပျောက်ပျောက် နေလိုက်၏။

◻ မကြာပါ။ နောက် ၂ ပတ်လောက်နေသောအခါ ထိုသူပြန် လာ၏။ ကျွန်တော့်အတွက်ဆိုကာ ဆတ်သားတစ်ခြမ်းလည်းပေးလေ သည်။ ဆတ်ပစ်၍ ရသဖြင့် ဝမ်းဗိုက်အောက်ပိုင်း တစ်ခြမ်း၊ ပေါင်တစ် ပေါင်နှင့် နှလုံး၊ ကလီဇာများကို လာ၍ ပေးလေသည်။ ကျွန်တော်က "ကိစ္စမရှိပါဘူး၊ မလိုချင်ပါဘူး" ဟု ဆိုသော်လည်း မရပေ။

◻ "ဆရာ့ကို ကျေးဇူးတင်လွန်းလို့ပါ။ ဆရာက လူရော၊ မြင်းရော အားလုံးကုနိုင်တယ်။ နောက်လည်း ကုပေးပါဆရာ" ဟု သူကပြောလေ သည်။ သူ့စကားကို ဤသို့ ချောချော မောမော နားလည်သည်တော့ မဟုတ်။ ဘေးက လားဟူစကားတတ်သူများက ပြန်ပြော၍ သိရခြင်း ဖြစ်၏။ ထိုအချိန်မှစ၍ ကျွန်တော့်မှာ လားဟူများအတွက်ဆိုလျှင် လူရော မြင်းပါ နေမကောင်းပါက ဆေးကုပေးနေရ လေသည်။ ကျွန်တော့် သူငယ်ချင်း ဗိုလ်ကြီးဝင်းဖေကမူ ထိုအကြောင်းကို ကြားရသောအခါ သဘောကျလှသဖြင့် . . .

"မင်းတော့ ဒီရောက်မှ ဘွဲ့တစ်ခုတိုးတော့တာပဲ၊ ဘီဗွီအက်စ်

(တိရစ္ဆာန်ကုဆရာဝန်) ဘွဲ့ပါရပြီ။ တို့ကို ကုရင်တော့ မြင်းတွေ မမှတ်လိုက်ပါနဲ့ကွာ” ဟု နောက်လေ့ရှိပေသည်။ ဆရာဝန်ဆိုတော့လည်း ပြုံး၍သာနေရပေသည်။

☐ တစ်ခါကလည်း ကြုံရဖူးပါ၏။ ကျွန်တော်သည် ဆေးရုံတွင် အလုပ်ပြီးသဖြင့် ညနေတွင် ဆေးရုံ အမှုထမ်းများနှင့် ဘော်လီဘောကစားနေစဉ် ရေးကြီးသုတ်ပျာနှင့် လူတစ်ယောက် ပြေးဝင်လာသည်။ ကျွန်တော့်ကို မြင်လျှင်မြင်ချင်း. . .

☐ “ဆရာ. . . ဆရာ၊ လူတစ်ယောက် ဖုတ်ဝင်နေလို့ လိုက်ကြည့်ပေးပါဦး” ဟု အော်လေသည်။ ကျွန်တော့်မှာ အံ့သြနေမိလေသည်။

☐ “ဘယ်လိုဖြစ်တာလဲ။ ပြောစမ်းပါဦး” ဟူ၍လည်း မေးလိုက်ရ၏။

☐ “ဒီလိုပါဆရာ၊ ခွန်ကြာရဲ့သား အိုက်စံ စောစောက သစ်ပင်အမြင့်ကြီးပေါ်က လိမ့်ကျတယ်ဆရာ။ လိမ့်ကျလို့ သွားကြည့်တော့သေနေပြီ။ အဲဒါနဲ့ အိမ်ကိုယူလာတာ အခုတော့ထပြီး စကားပြောနေပြီ။ ဒါပါပဲဆရာ၊ လိုက်ကြည့်ပေးပါဦး။ ကျွန်တော်က ခွန်ကြာရဲ့ညီ ခွန်သာပါ”ဟု သူကပြောလေသည်။ “ကောင်းပြီလေ၊ လိုက်ကြည့်တာပေါ့”ဟု ဆိုကာ ကျွန်တော်လည်း ရေပင်မချိုးတော့ဘဲ တပည့် တစ်ယောက်ကို ခေါ်၍ သွားကြည့်ရလေသည်။

☐ ခွန်ကြာ၏အိမ်၌ လူတွေဝိုင်းအုံနေ၏။ အိုက်စံကား ဘာမျှမဖြစ်သလို သူတို့ကို လိုက်ကြည့်နေလေသည်။ ကျွန်တော်သည် ပွစိ ပွစိ လုပ်နေသော လူအုပ်ကို ဖြတ်သွားပြီး အိုက်စံကို လှမ်းမေးရလေသည်။

☐ “ဟေ့ အိုက်စံ မင်းဘာဖြစ်သလဲ”

□ “ဘာမှမဖြစ်ပါဘူး ဆရာ၊ ကျွန်တော်အိပ်ရာကနိုးလာတာပါ” ဟု သူကဖြေလေသည်။ “အေး. . . အေး၊မင်းဘာမှမဖြစ်ရင် ငါစမ်းကြည့်မယ်နော်”ဟု ဆိုကာ ကျွန်တော်သည် သူ့ခေါင်း၊ မျက်လုံး၊ နှလုံးခုန်နှုန်း၊ သွေးတိုးအားမှစကာ အားလုံးစမ်းကြည့်ရ၏။ သူကား ကျွန်တော်ထင်သည့်အတိုင်းပင် ဖြစ်နေပေပြီ။ ခေါင်းတွင် ဒဏ်ရာရသဖြင့် မူးမေ့ရာမှ သတိပြန်ရနေခြင်း ဖြစ်လေ၏။ နောက်တစ်နာရီ၊ နှစ်နာရီကြာပါက သူသည် မနိုးသောအိပ်ခြင်းဖြင့် ပြန်အိပ်သွားပေတော့မည်။ သို့ဖြစ်၍. . .

□ “ဒီမယ် ဦးခွန်ကြာ၊ ခင်ဗျားသားကို ဆေးရုံပို့ပါ။ ဆေးရုံမှာ ကျွန်တော် သူ့ကိုလုပ်ပေးစရာတွေအများကြီး ရှိပါတယ်”ဟူ၍ ပြောကာ ဆေးရုံသို့ တင်ရသည်။ ဆေးရုံရောက်လျှင်မူ သူ့ကို ထုံဆေးထိုး၍ သူ့နားထင်ကိုဖောက်ရ၏။ နားထင်မှာသွေးခဲများ ကျလာသောအခါမှ စိတ်ချရလေသည်။ သူ့အဖြစ်မှာ ဤသို့ဖြစ်၏။ သစ်ပင်ပေါ်မှ ကျရာ၌ ခေါင်းနှင့်ဆောင့်မိရကား ဦးနှောက်မှာ တုန်လှုပ်သွားသဖြင့် ပထမ သေသကဲ့သို့ဖြစ်သွားသည်။ အသက်ရှူရပ်၊ နှလုံးခုန် ရပ်၍ တစ်ကိုယ်လုံး ပျော့ခွေသွား၏။ ဤသည်မှာ ဦးခေါင်းဒဏ်ရာရရှိ၍ ပထမ ဖြစ်သော သွေးလန့်တုန်လှုပ်ခြင်း လက္ခဏာဖြစ်၍ တစ်နာရီမှ တစ်ရက်ထိ ရက်ကြာတတ်သည်။ ဤအချိန်အတွင်း၌ သူ့ကိုတွေ့သော သူများက သူသေပြီထင်ပြီး အိမ်သို့ယူလာခြင်း ဖြစ်ပေသည်။ ဤ သွေးလန့်တုန်လှုပ်ခြင်း လွန်သောအခါ သတိပြန်ရလာ၏။ သို့သော် ဘာဖြစ်ခဲ့သည်ကို ချက်ချင်းမမှတ်မိ။ သူ့မှာ လူကောင်းလိုပင် ဖြစ်နေ၏။ ကျန်လူများ အတွက်မူ သေရာမှ ပြန်ထလာသူ။ ပညာမတတ်၊ အယူသီးသော သူများအဖို့ ဖုတ်ဝင်ခြင်းပေတည်း။ ဤအချိန်မှ ကြာကြာမခံ၊ တစ်နာရီ၊ နှစ်နာရီသာခံ၏။ အကြောင်းမူ ဤအချိန်အတွင်း၌ ဦးခေါင်းခွံ အတွင်းမှ သွေးထွက်များလွန်းသောကြောင့် ဦးနှောက်မှာ တဖြည်းဖြည်း ပိလာပြီး

နောက်ဆုံး ပြန်မေ့သွားတော့သည်။ အကယ်၍သာ ဤပိသော သွေးခဲများကို အချိန်မီ ထုတ်မပစ်ပါက ထိုသူမှာ ပြန်ရှင်စရာလမ်းမရှိ။ သို့ဖြစ်၍ ဦးခေါင်းခွံအတွင်းမှ သွေးထွက်လာသည်ထင်လျှင် သွေးထွက်သောနေရာကို အပြင်မှဖောက်၍ သွေးခဲကို ထုတ်ပစ်ရသည်။ များသော အားဖြင့် နားထင်၏ အထက်နားရှိ ရှေ့ ၂-လက်မအကွာ၌ ရှိသော၊ အလယ်ဦးနှောက်မြေးအားပေးသော သွေးကြောသာ သွေးထွက်တတ် ရကား ကျွန်တော့်အနေဖြင့် ထိုနေရာကို ဖောက်လိုက်ခြင်း ဖြစ်ပေ၏။ ထင်သည့်အတိုင်း တွေ့ရ၍လည်း ဝမ်းသာရခြင်း ဖြစ်ပေသည်။

□ အခြားနေရာများ၌ ဒဏ်ရာရမရလည်း ကြည့်ရ၏။ ပွန်းပွဲသည်မှအပ ဘာမျှမဖြစ်၍ အိုက်စံကို စောင့်ကြည့်ပြီး သေချာမှ ဆေးရုံကဆင်းခိုင်းရ၏။ သူ့ အဖေနှင့် အမေကား ဝမ်းသာလိုက်သည့် ဖြစ်ခြင်း ကျွန်တော့်ကို ပယောဂပါ နိုင်သည်၊ တော်ပါပေသည်ဟူ၍ ချီးကျူးကြလေသည်။

□ "ပယောဂ မဟုတ်ပါဘူး၊ ဖုတ်ဝင်တာလည်း မဟုတ်ပါဘူး။ ဒီလိုပါ. . . " ဟူ၍ တကယ့်အဖြစ်မှန်ကို ပြောပြလျှင် မယုံကြ။ သူတို့မယုံတော့လည်း မတတ်နိုင်။ သို့သော် နောက်ဘာပဲဖြစ်ဖြစ် ရိုးရိုးရောဂါဖြစ်စေ၊ စိတ်ရောဂါဖြစ်စေ လူတိုင်း ကျွန်တော့်ထံ လာပြကြသဖြင့်လည်း ကျွန်တော့်မှာ ဝမ်းသာရလေသည်။ သူတို့ မည်သို့ပင် ကျွန်တော့်ကို ထင်ထင်၊ ကျွန်တော့်ကို ယုံကြည်၍ ကျွန်တော်၏ ကုသမှုကို ခံကြခြင်းပင် သာလျှင် အဓိက မဟုတ်ပါလော။ မည်သို့ဆိုစေ၊ ဗိုလ်ကြီးဝင်းဖေ အဖို့မူ ကျွန်တော့်မှာ လူရော တိရစ္ဆာန်ပါ ကုသော ဆရာဝန်သာမက ပယောဂ ဆရာလည်း ဖြစ်နေပေပြီ။ ဆရာဝန်ဆိုတော့လည်း တွေးကြည့်လျှင် သဘောကျစရာ ပေတည်း။

■ သို့ဖြစ်ရကား ကျွန်တော်သည် မိုင်းတုံ၌ အနေကြာလာသော အခါ လာစကလောက် သိပ် စိတ်မပျက်တော့ပေ။ လူနာ အမျိုးမျိုး ရောဂါ အမျိုးမျိုးကို တွေ့ကြုံရ၏။ ထူးဆန်းသော လူတို့၏ ယုံကြည်မှု၊ ဓလေ့စရိုက်တို့ကို တွေ့ထိ နားလည်လာရခြင်းပင် ကျွန်တော့်အဖို့ ပျော်စရာ၊ ရွှင်မြူးစရာ ဖြစ်လာလေသည်။ တစ်လမှ တစ်ခါ၊ တစ်ခါတစ်ရံ ၂ လမှတစ်ခါ တပ်မတော်အရာရှိ ရိပ်သာသို့ ရောက်ရှိလာသော ရန်ကုန် ထုတ် နေ့စဉ် သတင်းစာများကို စု၍ဖတ်ရသည်မှာလည်း သတင်းများကို တစ်လ နှစ်လနောက်ကျမှ သိရသည်ဟူ၍ ယခင်ကကဲ့သို့ စိတ်မပျက် တော့။ ဝတ္ထုများ၊ အတ္ထုပ္ပတ္တိများကို ဖတ်နေရသကဲ့သို့ပင် စိတ်ကထင်လာ ကာ ကျေနပ်မိလေသည်။

■ ဘာလိုလိုနှင့် ကျွန်တော်သည် မိုင်းတုံ၌ အနေကြာလာခဲ့ပေပြီ။ တစ်နှစ်ပင်ကျော်တော့မည်။ ကျွန်တော့်ကိုလည်း မိုင်းတုံမြို့ရှိ လူကြီး လူငယ်များသာမက မိုင်းတုံ ပတ်ဝန်းကျင် မိုင်းဆတ်၊မိုင်းဟန်၊ပုံပါကျင်၊ မဲကင်စသော အရပ်ဒေသများမှ လူများလည်း သိနေကြပေပြီ။ မိုင်းတုံ တစ်ဝိုက် တောင်များပေါ်တွင် နေကြသော၊ အမြဲ တောင်ယာခုတ်၍ ရွှေ့ပြောင်း နေထိုင်ကြသော လားဟူများလည်း ကျွန်တော့်ကို မမြင်ဘူး သော်လည်း ကျွန်တော့်အမည်ကိုမူ ကြားဖူးနေကြပေပြီ။ ဘယ်ကိုမှလည်း စရာမရှိလျှင် မိုင်းတုံချောင်း ဘေးသို့သွား၍ ငါးမျှားရင်း အချိန်ဖြုန်းနေရ သည်ကိုလည်း ကျွန်တော့်မှာ သဘောကျစပြုလာပြီ။ တစ်ခါတစ်ရံ တပည့် ၂-ဦး၊ ၃-ဦး၊ တစ်ခါတစ်ရံ တပည့် ၃-၄ဦးဖြင့် မိုင်းတုံ၏ ပတ်ဝန်း ကျင်မှ တောင်ပေါ်များသို့ ပျော်ပွဲစားထွက်ရခြင်းများမှာလည်း ပျော်စရာ ဖြစ်လာလေပြီ။ ယခင်ကကျောင်းမရှိခဲ့သော မိုင်းတုံ၌ ကျွန်တော်တိုက် တွန်းသဖြင့် ယခုအခါ မူလတန်းကျောင်း တစ်ခုကို ဖွင့်ထားနိုင်ပြီ ဖြစ်သဖြင့်လည်း ကျွန်တော့်မှာ ကျေနပ်နေမိပြန်၏။ အစ ပထမ သင်ပြ

မည့်ဆရာမရှိသဖြင့် တပ်မတော်မှ အရာရှိများ၊ အကြပ် စာရေးများသည် လည်းကောင်း၊ တစ်ခါတစ်ရံ ကျွန်တော်နှင့် နယ်ဘက်ရဲဘက်မှ အရာရှိ အချို့သည်လည်းကောင်း အလှည့်ကျ သွားသင်ပေးရသည်။ ကျောင်းသား ကလည်း အစဉ်သိပ်မများလှ။ တစ်ကျောင်းလုံးမှ ၁၀-ယောက်သာ ရှိ လေသည်။ ကျောင်း အဆောက်အဦးကလည်း မရှိ။ ဇရပ်မှာ သင်ကြရ ၏။ ယခုမူ မူလတန်းပြဆရာမ တစ်ဦးလည်း ရလာပြီ။ ကျောင်းသူ၊ ကျောင်းသား အားလုံး ၅၀ ခန့်ရှိလာပြီး ကျောင်းအဆောက်အဦးလည်း အရပ်ကူ လူဝိုင်းသဖြင့် မိုးလုံလေလုံ ခိုင်ခိုင်ခန့်ခန့် အဆောက်အဦးဖြစ် ပေပြီ။ ကစားကွင်းနှင့် ကျောင်းဥယျာဉ်နှင့်။

☐ မူလတန်းပြဆရာမမှာ မိုင်းတုံမှ မဟုတ်ချေ။ သူသည် လွိုင်လင် နှင့် မိုင် ၄၀ ခန့်ဝေးသော မိုးနဲမှ ဖြစ်၍ လွိုင်လင်နှင့် မိုးနဲတွင် နေဖူးသော ယခုမိုင်းတုံတပ်ရင်းမှူး၏ တိုက်တွန်းတောင်းပန်မှုကြောင့် လာရောက် လုပ်ကိုင်နေသော ဆရာမတစ်ဦးပင် ဖြစ်ပေ၏။ အသက်လည်း မကြီးလှ သေး။ အသက် ၂၀ ပတ်ဝန်းကျင် လောက်ပင် ရှိပေဦးမည်။ အရပ် ပြတ်ပြတ်၊ ကိုယ်လုံးသွယ်သွယ်ပိန်ပိန်သေးသေးပင် ဖြစ်၏။ သို့ရာတွင် သွက်လက်ချက်ချာ၍ စကားပြောလျှင် သူ မျက်နှာ အစဉ်ပြုံးလျက် မျက်လုံးများမှာလည်း တဖိတ်ဖိတ်တောက်နေရကား လူတိုင်းပင် သူ့ကို တွေ့လျှင် ခင်မင်နှစ်သက် ကြပေသည်။ ကျွန်တော်နှင့်ကား သိပ်မခင် လှပေ။ သူရောက်စက မိုင်းတုံတပ်ရင်းမှူးနှင့် မိုင်းတုံမြို့နယ် ပညာရေး ကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးစိုးရွှေ မိတ်ဆက်ပေးသဖြင့် တပ်မတော်အရာရှိရိပ် သာတွင် ခဏမျှတွေ့လိုက်ဖူးသည်။ သို့ဖြစ်၍ ဆရာမကို မြင်ဖူးရုံသာ မြင်ဖူး၍၊ ဆရာမ အကြောင်းကို ကြားဖူးရုံသာကြားဖူး၍၊ သူ့အမည်ကို သိရုံသာသိ၍ လူချင်းကားမရင်းနှီးသေးပေ။ မိန်းကလေးများနှင့် အလွယ် တကူအကျွမ်းဝင်တတ်သော ကျွန်တော့် သူငယ်ချင်း ဗိုလ်ကြီးဝင်းဖေကား

ထိုသို့မဟုတ်။ သူသည်ဆရာမနှင့်လည်း သိနေပြီ။ ဆရာမ အိမ်သို့လည်း အလည် ရောက်ဖူးပြီ။ ဆရာမသည် "နန်းအုံးကြင်" ဆိုသည်ကိုလည်း အလွတ်ရနေလေပြီ။ ကျွန်တော်ပင် သူပြောပြောနေသဖြင့် နန်းအုံးကြင် သဘောကောင်းပုံ၊ ဖော်ရွေပုံတို့ကို သိနေမိ၏။ သို့သော် နန်းအုံးကြင်နှင့် ကား တစ်ခါမျှမဆုံမိသေး။ ဗိုလ်ကြီးဝင်းဖေခေါ်လျှင်လည်း ကျွန်တော့်မှာ ဆေးရုံကိစ္စ၊ လူနာကိစ္စများ ပုံနေသဖြင့် မလိုက်ဖြစ်။ ဗိုလ်ကြီး ဝင်းဖေ အနေနှင့်လည်း ၃-လတစ်ခါ၊ ၄လ တစ်ခါသာ မိုင်းတုံသို့လာနိုင်သည်။ ကျန်အချိန်များတွင် ပုံပါကျောင်၌ နေရရကား ကျွန်တော်သည် နန်းအုံးကြင် နှင့်တွေ့ဆုံရန် အကြောင်းမရှိခဲ့ပေ။ တွေ့ဆုံရန်အကြောင်းပေါ်လာပြန် တော့လည်း အကြောင်းက မဟန်။ လာလာချင်းဆောက်နှင့်ထွင်း ဆို သကဲ့သို့တည်း။ ဖြစ်ပုံကား ဤသို့. . .။

☐ တစ်နေ့ ကျွန်တော့်ဆေးရုံသို့ နန်းမြမေဆိုသော အဘွားကြီး တစ်ယောက်ရောက်လာသည်။ အဘွားကြီးဆိုသော်လည်း အသက်မကြီး လှသေး။ အသက် ၄၀ ကျော် ၅၀ သာရှိဦးမည်။ ကျွန်တော့်မှာ အသက် အစိတ်ဝန်းကျင်တွင် ရှိသေးသဖြင့် ၄၀ ကျော်သော သူမှန်သမျှကို အဘိုး ကြီး၊ အဘွားကြီးဟူ၍ ထင်နေမိချိန် ဖြစ်ပေ၏။ လူနာများကို တစ် ယောက်ပြီး တစ်ယောက်စမ်းပြီး၍ သူ့အလှည့်သို့ရောက်သောအခါ. . .

☐ "ကဲ- အဒေါ် ဘာဖြစ်တာလဲ ဆိုပါဦး" ဆို၍ မေးရ၏။

☐ "ကျွန်မအတွက်မဟုတ်ပါဘူးရှင့်။ ကျွန်မအိမ်မှာ သားက သိပ် ဖျားနေလို့ပါ။ အဲဒါ ကျွန်မလည်း မနိုင်လို့ ခေါ်မလာနိုင်ဘူး။ လူပိုလည်း မရှိတော့ ခက်နေလို့။ အဲဒါ ဆရာအားတဲ့အခါ လိုက်ကြည့် ပေးနိုင် ရင် ပေးပါရှင့်" ဟု သူကစတင် ပန်ကြားသဖြင့် ကျွန်တော်လည်း သူ့မှာ မုဆိုးမ ဖြစ်မှန်းသိရကား "ကောင်းပြီ" ဟု ဝန်ခံကာ လိုက်ကြည့်ပေး ရသည်။

☐ နန်းမြမေ၏ အိမ်မှာ မိုင်းတုံမြို့စွန်တွင် ရှိ၍ အမှန်အားဖြင့် အိမ်ဟူ၍ပင် ခေါ်ပင်မခေါ်နိုင်။ သက်ကယ်မိုး။ ဝါးကာထားသော တဲလို တစ်လုံးသာ ဖြစ်၏။ အိမ်ထဲတွင် မောင်းလည်းရှိကာ တောင်းများ၊ ပလုံးများလည်း ရှုပ်နေ၏။ ကွပ်ပျစ်ပေါ်၌ကား အသက် ၉ နှစ်ရှိ ကလေး တစ်ယောက်တည်း မှိန်း၍ နေလေသည်။ ကြိုးတန်းများ ပေါ်၌ကား အဝတ်ဟောင်းအဝတ်ညစ်များသည် တိုးလိုးတန်းလန်း. . .။

☐ "ဆရာ့ကို သိပ်အားနာတာပဲ ရှင့်။ အိမ်ကတော့ ဆရာမြင်တဲ့ အတိုင်းရှုပ်နေတာပါပဲ။ ကန်တော့နော် ဆရာ၊ ကန်တော့. . ." ဟု နန်းမေမြက သူ့အိမ် အဝင်တွင်ပြောလေသည်။ ကျွန်တော်က "ကိစ္စ မရှိပါဘူး" ဟူ၍ ပြန်ပြောရ၏။ ရှမ်းပြည်၌ မိန်းမများသည် အလွန်ရိုးသား ကြ၍ လူကြီးလူငယ် မဟူ "ရှင့်" ချင်း မိုးမွှန်အောင် ထည့်ပြောတတ် ကြ၏။ သူတို့အားနာကလည်း ကန်တော့ဆိုသော စကားကို ထည့်ပြော တတ်ကြလေသည်။ နန်းမြမေမှာ ကျွန်တော့်ကို အားနာသဖြင့် အထက်ပါ အတိုင်း ပြောခြင်းဖြစ်လေသည်။

☐ ကျွန်တော်သည် ကလေးကို စမ်းသပ်၍ ကြည့်သောအခါ ကလေး၏ တစ်ကိုယ်လုံးမှာ ခြစ်ခြစ်တောက်အောင် ပူနေသည်ကို တွေ့ရ၏။ မျက်စိလည်းဝေနေကာ အဖုကလေးများ မျက်နှာ၊ဂုတ်၊လက် စသည်တို့တွင် ထွက်နေသည်ကို တွေ့ရလေသည်။ ကျွန်တော်သည် ထိတ်လန့်သွား၏။ ရိုးရိုးဖျားနေခြင်း မဟုတ်၊ ဝက်သက်ပေါက်နေခြင်း ပေတည်း။

☐ "အဒေါ်၊ အဒေါ့် ကလေးဟာ ရိုးရိုးဖျားတာ မဟုတ်ဘူး ဝက်သက်ပေါက်နေတာ။ နည်းနည်းဂရုစိုက်ရမယ်. . ."ဟု ကျွန်တော်က ပြောလိုက်ရာ သူ့မှာ အံ့သြတုန်လှုပ်သွားလေသည်။

☐ “တကယ်လား ဆရာ၊ ကျွန်မဘာလုပ်ရမလဲ ဆရာရယ်။ ဆေးရုံ တင်လို့ရမလား. . . ”ဟု သူကပြန်ပြောလေသည်။

☐ “ဆေးရုံမှာ တင်လို့ မရဘူး အဒေါ်။ ဒီရောဂါဖြစ်တဲ့လူကို လူအများနဲ့ ခွဲခြားထားမှဖြစ်မယ်။ နောက်ပြီး သူနဲ့အတူနေတဲ့အဒေါ်တို့၊ အဒေါ့် သားငယ်တို့လည်း ၃ ပတ်လောက် ဘယ်မှ မသွားကြပါနှင့်။ သူ့အတွက်တော့ စိတ်ချပါ။ ကျွန်တော် ကြိုးစားကုပ့်ါမယ်. . . ဒီမှာပဲ ထားပါ” ဟု ပြောရလေသည်။

☐ “အဲဒါမှ ဒုက္ခပဲဆရာ၊ ကျွန်မမှာ မောင်းထောင်းရ၊ ဆန်ဖွပ်ရတာ က တစ်ဘက်၊ သားကြီးကို အခု ကြည့်ရတာက တစ်ဘက်၊ သားငယ်ကိုပါ အခု ထပ်ပြီး ထိန်းရရင်ခက်ပါပြီ”ဟု သူက ညည်းလေသည်။

☐ “အဒေါ့် သားငယ်ကော ဘယ်မှာလည်း” ဟု ကျွန်တော်က သူ့သားငယ်ကို မမြင်သဖြင့် မေးရလေသည်။

☐ “ကျွန်မသားငယ်ကိုတော့ ကျွန်မလက်မအားမှန်းသိလို့ ဆရာမ က ခေါ်ထားပါတယ်။ အခုကျောင်းမှာပါ”ဟု သူကပြန်ပြောလေသည်။ သူ့စကားကိုကြားရသောအခါ ကျွန်တော့်မှာ စိတ်ပျက်သွားလေသည်။ အကြောင်းမူ ဝက်သက်ရောဂါဖြစ်လျှင် ဖြစ်ပွားသူကိုသာမက ဖြစ်ပွားသူ နှင့်တွေ့ဖူးထိဖူး သူမှန်သမျှကိုပါ အခြားသူများနှင့် ခွဲထားမှ ရောဂါပျံ့ ပွားမှုကို ကာကွယ်နိုင်ပေသည်။ သို့မဟုတ်က ရောဂါဖြစ်သူနှင့် ထိတွေ့ ဖူးသူထံမှ ရောဂါပိုးမှာ အကုန်ပျံ့နိုင်ပေသည်။ ကလေးငယ်အရွယ်များ ၌ကား ပို၍ဆိုးပေ၏။ ကျွန်တော်သည် စိတ်ပျက်နေရာမှ ဘာရောဂါမှန်း မသိဘဲ သူ့သားငယ်ကို ကျောင်းသို့ခေါ်သွားသော ဆရာမကို ဒေါပွ လာမိလေသည်။ ဆရာဝန် ကျွန်တော်ရှိပါလျက် ကျွန်တော့်ကိုမှ မမေး

မမြန်း လောကွတ်ကောင်းလှချေ၏ ဟူ၍။ သို့ဖြစ်၍ ကျွန်တော်သည် နန်းမြမေ၏ သားအကြီးအားကုသရန် ဆေးအချို့ကိုပေး၊ အခြား ရောဂါများ မဝင်နိုင်ရန် ကာကွယ်သည့်အနေဖြင့် ပင်နင်စလင်နှင့် စထရက်တို မိုင်ဆင် ထိုးပေး၍ ပြန်လာခဲ့ရသည်။ နောက်နေ့များ တွင်လာ၍ လုပ်ပေး မည်ဟူ၍လည်း ပြောခဲ့ရသည်။ နန်းမြမေကား ဝမ်းသာကျေနပ်၍ မဆုံး. . .။

◻ "ကျေးဇူးတန်ခ (ကျေးဇူးတင်ပါတယ်ရှင့်)" ဟူ၍ တတန်ခ တည်း တန်းခ၍ ကျန်ရစ်ခဲ့လေသည်။ ကျွန်တော်ကား စိုးရိမ်စိတ်၊ မခံချင်စိတ်အပြည့်ဖြင့်. . .။

◻ နန်းမြမေ၏ အိမ်မှပြန်လာသောအခါ အချိန်မှာ နေ့ ၁၂ နာရီ ကျော်ပေပြီ။ နေမှာအလွန်ပူနေ၏။ တစ်ခုတည်းသော မိုင်းတုံ၏ လမ်းမကြီးမှာလည်း တရှိန်ရှိန်၊ မိုးသားကင်းစင်နေသဖြင့် ကောင်းကင်မှာ ပြာနေသော်လည်း နေမှာပိုပူသည်ဟု ထင်ရလေသည်။ ကျွန်တော်၏ စိတ်မှာလည်း ပို၍ဆူလာ၏။ ကျွန်တော်သည် မြို့လယ်ကိုရောက်သော အခါ တစ်ဆစ်ချိုးကွေ့၍ ကျောင်းရှိရာသို့ လာခဲ့လေသည်။ ကလေးများ ၏ စာအံသံကားညံနေ၏။ ကျွန်တော်သည် စာသင်ခန်းထဲသို့ တန်း၍ ဝင်သွားမိလေသည်။ ဆရာမကား ကျွန်တော်ဝင်လာသည်ကို မမြင်။ သူသည် တံခါးပေါက်နှင့် အတန်းကို ကျောပေး၍ ကျောက်သင်ပုန်း၌ စာရေးနေလေသည်။ ကလေးများကား ကျွန်တော့်ကို မြင်လျှင် စာအံ ရပ်သွားကြ၏။ ထိုအခါမှ ဆရာမလည်း လှည့်ကြည့်ရာ ကျွန်တော့်ကို မြင် သွားလေသည်။ မြင်မြင်ချင်းပင်. . .

◻ "သြော်. . . ဆရာပါလား၊ ဘာကိစ္စနဲ့ကြွလာပါသလည်းရှင်"ဟူ ၍ သူကပြုံး၍နှုတ်ဆက်လေသည်။ ကျွန်တော်က ပြန်မပြုံးနိုင်။

"ကျွန်တော့်ကို ခွင့်ပြုပါ ဆရာမ။ ကျွန်တော်ပြောရမှာတော့ အားနာပါတယ်။ ဒီမှာ ဒေါ်မြမေရဲ့သားကျောင်းလာတက်သလား။"

☐ ခွင့်ပြုပါဆိုသော်လည်း ကျွန်တော့်အသံမှာ မာနေ၏။

☐ "လာတက်ပါတယ်ဆရာ၊ ဟိုမှာရှိပါတယ်။ ဘာဖြစ်လို့လည်း" ဟူ၍ သူက ပြောပြောဆိုဆို စာသင်ခန်း နောက်ဆုံးဆောင်တွင် ထိုင်နေသော ၇ နှစ်အရွယ် ကလေးငယ်တစ်ယောက်ကို လက်ညှိုးထိုးပြလေသည်။ ကျွန်တော်သည် သူထိုးပြရာသို့ ကြည့်ပြီးမှ. . .

☐ "ဆရာမ သူ့အိမ်မှာ သူ့အစ်ကိုအကြီးအကျယ်ဖျားနေတာ သိတယ်မှုတ်လား။ ဖျားတာလည်း ရိုးရိုးမဟုတ်ဘူး၊ ဝက်သက်သိလား။ အဲဒါ သူ့ကို ဒီမှာခေါ်လာရင် တစ်ကျောင်းလုံး ကူးတော့မှာ သိလား" ဟူ၍ ကျွန်တော်က အသံမာမာနှင့် ပြောမိ၏။ သူကား အပြုံးမပျက်. . .။

☐ "ကူဖော်လှောင်ဘက် မရှိတာ၊ မဝတာက အရေးမဟုတ်ဘူး ဆရာမ။ တစ်ကျောင်းလုံး ဝက်သက်ပေါက်၊ တစ်ပြုံလုံးကျောက်ဖြစ်ရင် ဒုက္ခဖြစ်ကုန်မယ်။ ဆရာမလုပ်နေပြီး မစဉ်းစားမိဘူးလား၊ မသိလည်း ကျွန်တော့် လာမေးရောပေါ့"

☐ ကျွန်တော်က အသံမာမာဖြင့် ပြောမိလေသည်။ ထိုအခါမှ သူလည်း ကျွန်တော်က သူ့ကို အပြစ်ဆိုရန် လာကြောင်းသိ၍ မျက်နှာတည်သွားလေသည်။ သို့သော် အမူအရာကား မပျက်။

☐ "ဆရာပြောတာ မှန်တော့ မှန်ပါတယ်။ ကျွန်မလည်း စဉ်းစားမိပါတယ်။ ဒါပေမယ့် ဒီကလေးတွေအားလုံးကိုလည်း ဝက်သက်ပေါက်ပြီးသာမို့ မကူးတော့ပါဘူး ထင်လို့ပါ. . ."ဟု သူကချိုသာစွာ ပြန်ပြောလေ

သည်။ ကျွန်တော်လည်း သူပြောမှ ကလေးများကို လှည့်ကြည့်မိ၏။ ပြီးမှ ဝက်သက်ပေါက်သည်မှာ မြန်မာပြည်နှင့် ရှမ်းပြည်နယ်၌ မဆန်းကြောင်း တွေးမိ၏။ သို့သော် ကျွန်တော်ကား မကျေနပ်။

◻ "ဒါတော့ ဒါပေါ့လေ။ ဒါပေမယ့် နောက်ဒီလိုအရမ်းမလုပ်ပါနဲ့၊ ဒေါ်မြမေသားကို ပြန်လွှတ်ပါ။ ကျောင်းသားတစ်ဦးအိမ်မှာ ကူးစက်နိုင်တဲ့ ရောဂါတစ်ခုခုဖြစ်ရင် ဆရာမ တာဝန်ပဲ။ ဆရာမ ဒုက္ခရောက်သွားနိုင်တယ်" ဟု ကျွန်တော်က ပြောလိုက်၏။ ကျွန်တော့်စကားထဲ၌ ခြိမ်းခြောက်သံ ပါသွားသည်ကား အမှန်ပင်။ ထိုအခါ သူ့မျက်နှာမှာ ပျက်လာ၏။

◻ "ဩော်- ဆရာကကျွန်မကို ခြိမ်းခြောက်တာလား။ ဘာဖြစ်ဖြစ် ကျွန်မမကြောက်ပါဘူးဆရာ။ကျွန်မအနေနဲ့ ဒေါ်မြမေလည်းဒုက္ခမရောက်အောင်၊ သူ့ကလေးငယ်လည်း နို့ဝအောင် ကျောင်းမှာ ခေါ်ထားတာ။ သူ့ကလေးကို ကျောင်းက ပြန်မလွှတ်နိုင်ပါဘူး။ ဆရာ မကျေနပ်ရင် တိုင်ချင်ရာတိုင်ပါ။ ဆရာ့အနေနဲ့ အထက်ကိုလည်း ပေါက်ရောက်သားပဲ။ ကဲ ကျေနပ်ပြီလား။ ဆရာ့ ကိစ္စပြီးရင် ပြန်နိုင်ပါတယ်ရှင့်။ ကျွန်မ ကလေးတွေကို နို့မှုန့်တိုက်ရ၊ စာဆက်သင်ရဦးမယ်"ဟု သူကလည်း အသံမာမာဖြင့် ပြန်ပြောလေသည်။ ဤသို့ ဒေါနှင့် မောနှင့် ပြောသောအခါ သူ့ ရင်အထက်ပိုင်းမှာ ခုန်နေ၏။ လည်ပင်းကြောကလေးများလည်း ထောင်လျက်၊ မျက်နှာမှာမူ ဒေါသသွေး (ဝါ) မခံချင်သွေးလျှမ်းနေသဖြင့် ရဲနေလေသည်။ နဂိုက ဖြူနေသော မျက်နှာသည် နှင်းဆီရောင်ပေါက်နေပြီး မျက်လုံးကတောက်နေသဖြင့် တစ်မျိုးကြည့်၍ပင် ကောင်းသေးတော့သည်။ ကျွန်တော်သည် သူ့ကို မကျေနပ်သေး။

◻ "ဒီမှာ ဆရာမ၊ ဆရာမ သတိထားစကားပြောပါ။ ကျွန်တော်က

အကောင်း. . . ”ဟု ဆက်ပြောကာ ရှိသေး၊ သူက ဝင်တဲ့၍“မလိုပါဘူး ဆရာ၊ ဆရာဘာပြောမယ်ဆိုတာ ကျွန်မသိပါပြီ။ ဒီမှာ. . . ဟော့ကလေးတို့ ဆရာဝန်ကြီးကို ကျန်းမာရေး အကြောင်းလာဟောတဲ့ အတွက် ကျေးဇူးတင်ပါတယ်လို့ ထပြောပြီးရင် နို့သောက်ဖို့ အသင့်ပြင်ကြ” ဟု သူက ကျွန်တော့်ကို ပြောရင်း ကလေးများကိုလည်း ပြောလေသည်။ ကလေးများလည်း မတ်တတ်ထရပ်၍ မပီကလာ ပီကလာဖြင့် “ဆရာ ဝန်လို ကျေးဇူးတန်ခ၊ ကျေးဇူးတန်ခ”ဟုဆိုကာ ဆင်းသွားကြရကား ကျွန်တော်လည်း ရှက်ရှက်နှင့် ပြန်လာခဲ့ရသည်။ ဆရာမမှာ မိန်းကလေး ဖြစ်၍သာ တော်တော့သည်။ ယောကျ်ားသာဆိုပါက ကျွန်တော်သည် နေရာတွင်ပင် ဆွဲ၍ထိုးမိမည်ဖြစ်၏။ ယခုမူကား ဘာမျှမတတ်နိုင်။ တစ်နေ့လုံး တစ်ညလုံးလည်း အခဲမကြေ။ အိပ်၍ပင် မပျော်။ ဆရာမ၏ ပထမပြုံးချိုသော မျက်နှာ၊ နောက် တည်သောမျက်နှာ၊ နောက်ဆုံး မခံချင် သဖြင့် ကြက်သွေးရောင်ကြွလာသော မျက်နှာ၊ ဆရာမ၏ မျက်နှာ တို့ကား ကျွန်တော့်စိတ်ထဲမှ မထွက်တော့ပါတကား။

□ ဤသို့ပင် ဆရာမနှင့် ကျွန်တော်သည်မျက်နှာချင်းဆိုင်တွေ့ခဲ့ရ ၏။ နှစ်ဦးချင်းဆုံခဲ့ရ၏။ တွေ့ပုံဆုံပုံကဖြင့်သာယာလှသည် မဟုတ်ပါ။

□ နောက်နေ့တွင်မူ ကျွန်တော်၏ မခံချင်စိတ်၊ ဒေါသစိတ်များမှာ ပျောက်သွား၏။ ဖျားနေသောကလေးမှာလည်း သက်သာလာရကား စိတ် က ပျော့လာလေသည်။ တွေးကြည့်ပြန်တော့လည်း ဆရာမပြောသည်မှာ မှန်သလိုလိုပင် ထင်လာမိလေသည်။ တကယ်တော့ ဝက်သက်မှာ သိပ်ကြောက်စရာမလို။ သို့ဖြစ်ရကား ကျွန်တော်ကသာ အစိုးရိမ် လွန်နေ၍ ဆိုရမည်။ ကျွန်တော့်မှာ သူ့အား သွားသြဇာပေးခဲ့မိသည်ကို စိတ်မကောင်း ဖြစ်နေမိလေသည်။ တစ်ချိန်ချိန် ၂-ယောက်ကြုံသော

အခါတွင်မူ သွား၍ တောင်းပန်ရမည်ဟု စိတ်ပိုင်းဖြတ်လိုက်မိ၏။ ယခု လောလောဆယ်ကား မတွေ့ချင်သေး။ သူကလည်း မာန်လျှော့မည် မဟုတ်။ ကျွန်တော်ကလည်း မျက်နှာထူပူပြီးစအချိန်။ ကျွန်တော်သည် ဤကိစ္စအတွက် ဘာသိ ဘာသာပင် နေလိုက်မိလေသည်။

☐ တစ်ပတ်နှစ်ပတ်လောက်ကြာသောအခါ ဒေါ်မြမေ၏ သားမှာ အဖျားပျောက်သွားလေသည်။ သားငယ်မှာလည်း တစ်ရက် ၂-ရက် အနည်းငယ်ဖျားလိုက်သည်မှအပ ဘာမျှမဖြစ်ပေ။ ကျန်ကျောင်းသား များလည်း ဘာမျှ မဖြစ်ကြသဖြင့် ဆရာမပြောသည်မှာ မှန်နေပါကလား ဟု ကျွန်တော့်ဟာ ကျွန်တော်သဘောပေါက်လာမိလေသည်။ ဆရာဝန် ဖြစ်စ၌ ရောဂါတစ်ခုဖြစ်လျှင် ကြောက်စရာချည်းကိုသာ တွေးမိတတ် သည်မှာ ဓမ္မတာပါကလား။ ဘေးလူကပင် အတွေ့အကြုံအရ သိရသော အချက်များကို ငါ မမြင်မိပါကလားဟု ကိုယ့်ကိုယ်ကို ဒေါပွနေမိလေ သည်။ ဆရာမကိုတောင်းပန်လိုသော စိတ်များမှာလည်း ရင်ထဲတွင် ပြည့်နေမိ၏။ သို့သော် သူနှင့်ကျွန်တော်မှာတစ်ခါမျှ ထပ် မတွေ့ရသေး ချေ။ ကျွန်တော်သည် “လာလိုအနီးလေး၊ မလာလိုခရီးဝေး” ဆိုသကဲ့သို့ အိမ်ခြေတစ်ထောင်ကျော်မျှသာရှိသော မြို့ကလေး၌ သူနှင့် မတွေ့ဘဲနေ နေသည်မှာ ဆန်းကျယ်နေလေသည်။ ကျွန်တော့်၌ မိန်းမစိတ်သည် ငယ်ငယ်တုန်းကလိုပင် ရှိနေသေးပါသလား။

☐ တစ်ရက်တွင်မူ သူနှင့်ကျွန်တော်ထပ်တွေ့ရန် အကြောင်းက ဖန်လာလေသည်။ အကြောင်းမူ ကျွန်တော် ဆေးကုပေးသဖြင့် အသက်ရှင်လာသော အိုက်စံ၏ ဖခင် ခွန်ကြာသည် သူတို့ တစ်အိမ်လုံး အန္တရာယ်ကင်းရန်ဆို၍ ဘုရားကိုးဆူကပ်လေသည်။ ရပ်ရွာက လူကြီး လူငယ်မိတ်ဆွေအများကိုမူ ညနေ ၅ နာရီလောက်မှ ၇နာရီအထိ ဖိတ်၍

ကျွေး၏။ ကျွန်တော်နှင့် အခြားအစိုးရအမှုထမ်းများကိုမူ အရာရှိများဆို ပြီး ညနေ ၇ နာရီစာလောက် လူရှင်းမှ သတ်သတ်ထမင်းဖိတ်ကျွေး လေသည်။ အရာရှိ ဆို၍လည်း များများစားစား မရှိပေ။ တပ်မတော်မှ တပ်ရေး ဗိုလ်ကြီးထွန်းအောင်။ အခြား အရာရှိ ဗိုလ်ကြီးတင်ဖေနှင့် အရပ်ဘက်မှ ကျွန်တော်၊ ရဲဌာနပိုင် ဦးအုံးဖေနှင့် ဆရာမ နန်းအုံးကြင်တို့ သာတည်း။

□ ကျွန်တော်သည် ဆရာမကိုမြင်လျှင် စိတ်ကတောင်းပန်ချင် သော်လည်း မျက်နှာက မထားတတ်ပေ။ သူ့ကိုအားနာ၍ မျက်နှာပူနေ သောကြောင့်ပေ။ သူကမူ ဟန်မပျက်။ လူတိုင်းကို ပြုံးရွှင်ဖော်ရွေစွာပင် နှုတ်ဆက်ရှာ၏။ ကျွန်တော်သည် မိန်းကလေးတွေနှင့် ကျလျှင် နှုတ်ဆွံ့၍ နေတတ်ပေသည်။ "ဆရာ၊ ဆရာမကို တွေ့ဖူးပါပြီနော်၊ ကျန်တဲ့ လူတွေကိုတော့ ဆရာသိတာကြာပါပြီ" ဟု ခွန်ကြာက ထမင်းဟင်းများ ကို လိုက်ထည့်ရင်း ပြောလေသည်။

□ "တွေ့ဖူးပါတယ်။ တွေ့ဖူးတာမှ ၂ ခါရှိပါပြီ" ဟု ကျွန်တော်က အမှန်ကိုပြောပြရာ အားလုံးပင် ဝိုင်း၍ ရယ်ကြလေသည်။ နန်းအုံးကြင်က မူ ပြုံး၍ ကျွန်တော့်ကိုကြည့်နေလေသည်။ ခွန်ကြာ၏ ဇနီးနန်းမြင့်ကြည် ကသာ " ၂ ခါဆိုတော့ နည်းပေတာပေါ့ရှင်။ နောက်မကြာမကြာ တွေ့ပေး ကြပါ။ ဆရာဝန်တို့၊ ဆရာမတို့ဆိုတာ အများအကျိုးဆောင် တွေမှုတ် လား။ အချင်းချင်း အမြဲ တွေ့နိုင်။ တိုင်ပင် ဆွေးနွေး နိုင်ရင် ကောင်းတာပေါ့ရှင်" ဟု ဝင်ပြောလေသည်။ ကျွန်တော်ကမူ ဘာမျှပြန် မပြောမိ။ ဦးအုံးဖေကသာ "ဒါတော့ နန်းမြင့်ကြည်တာဝန်ပဲ။ သူတို့နှစ်ဦး အမြဲတွေ့နိုင်အောင် ထမင်းခေါ် ခေါ် ကျွေးပေါ့" ဟု ဆိုလေသည်။ အားလုံး ပင် ဝိုင်းရယ်ကြပြန်၏။ နန်းမြင့်ကြည်ကသာ "ရပါတယ်ရှင့်၊

ကျွန်မတို့ဆီမှာ ချည်းဆိုတော့ ပျင်းမှာလည်းစိုး ရပါတယ်” ဟု ပြန်ပြောလေသည်။ ကျွန်တော်ကား ဘာမျှပင် မပြောတတ်၊ ပြုံး၍သာ နေရ၏။ နန်းအုံးကြင်က. . .

□ “ကျေးဇူးတင်ပါတယ် ဒေါ်ဒေါ်ရှင့်။ ကျွန်မတို့လည်း နောက် မကြာမကြာ တွေ့မှာပါ။ ဆရာကလည်းမအား၊ ကျွန်မလည်းမရောက်တာ နဲ့ သိပ်မတွေ့ကြသေးတာပါ။ နောက်ဆို ကိစ္စပေါ်တိုင်း တွေ့ကြရမှာပဲ ရှင့်။ အခုတောင်မှ ကိစ္စပေါ်လို့ စတွေ့ကြပါပြီ” ဟု ပြုံး၍ ပြောလေ သည်။ ကျွန်တော်သည် သူဘာကိုဆိုလိုသည်ကို သိသဖြင့် အားနာလာ သဖြင့်. . .

□ “သြော်-ဆရာမကလည်း လုပ်ပြီ။ ဟိုဟာက ကျွန်တော် လော သွားလို့ပါ။ အခု ကျွန်တော် မှားမှန်းသိပါတယ်။ ကျေနပ်ပါ” ဟု ဆက်တိုက် ပြောပစ်လိုက်ရသည်။ ပြောမည့်ပြော ပြောတော့လည်း ကျွန်တော့်မှာ ထမင်းဝိုင်းအများရှေ့မှာ ပြောပစ်လိုက်၏။ ဤသည်မှာ ကျွန်တော်၏ တောင်းပန်မှုပေလော။ ကိစ္စမရှိ၊ နန်းအုံးကြင်ကမူ အရယ် မပျက်။ “ကိစ္စမရှိပါဘူးဆရာရဲ့၊ ဟိုကိစ္စအတွက် ကျွန်မ အမှတ်မထားပါ ဘူး။ ဆရာလည်း စေတနာနဲ့ လုပ်တာပဲ။ ကျွန်မကလည်း မရေလည်လို့ ပါ” ဟု သူက ကျွန်တော့်ကို ပြန်နှစ်သိမ့် နေပြန်လေသည်။ ဘေးက လူများမှာမူ ကျွန်တော့်တို့ ဘာပြောနေမှန်းမသိ၍. . .

□ “ဘယ်လိုလည်း ဆရာတို့၊ ဆရာမတို့ရဲ့။ ဟိုကိစ္စက ဘာလဲ။ ကျွန်တော်တို့ မသိရဘူးလား”ဟု ဝိုင်း၍ မေးကြလေသည်။ ကျွန်တော် လည်း ပြောပြသင့်မသင့် နန်းအုံးကြင်ကို လှမ်းကြည့်ရာ နန်းအုံးကြင် ကပင် ပြုံး၍. . .

□ “ဘာမှ မဟုတ်ပါဘူး ဦးလေးတို့ရယ်။ ဆရာက ကျောင်းသား တစ်ယောက် ဝက်သက်ဖြစ်နေတာ အဲဒါမဖြစ်သေးတဲ့သူ့ညီကို ကျွန်မက ကျောင်းခေါ်ထားလို့ ကျန်တဲ့ ကလေးတွေကူးမှာ စိုးလို့ လာပြောတာ။ ကျွန်မက ဘုပြောလွှတ်လိုက်တာပါ ဟဲ. . . ဟဲ” ဟု ပြောလိုက်လေသည်။ နန်းမြင့်ကြည်က. . .

□ “ဘာလဲ၊ နန်းမြမေရဲ့ သားလေးလား” ဟု ဝင်မေး၏။

□ “ဟုတ်ကဲ့ရှင့်” ဟု နန်းအုံးကြင်က ပြောရာ. . .

□ “သြော်. . . ဆရာရယ်၊ ဒီကိစ္စများ အကြီးအကျယ်လုပ်လို့၊ ဝက်သက်ကတော့ ဒီမှာ လူတိုင်းဖြစ်နေကြတာ။ တစ်ယောက်မှလည်း မသေပါဘူး” ဟု နန်းမြင့်ကြည်ကပင် ပြန်ပြောလေသည်။ ကျန်လူများက မူ ကျွန်တော့်ကို ကြည့်၍. . .

□ “အို. . . ဆရာတော့ ဒါ့ကြောင့် အားကိုးတာ။ ဘာပဲ ဖြစ်ဖြစ် သိပ်စေ့စပ်တာ” ဟု ဝိုင်းပြောကြလေသည်။

□ သို့ဖြင့် ကျွန်တော်သည် နန်းအုံးကြင်နှင့် ထမင်းဝိုင်းတွင် တွေ့ပြီးဆိုင်းမဆင့်ဗုံမပါပင် တောင်းပန်လိုက်လေသည်။ သူကျေနပ်မှ ကျေနပ်ပါ့မလား ဟူ၍လည်း စိတ်ကထင့်နေမိ၏။ သူ့မှာ အပြုံးအရယ် မပျက်၊စကားပြောနိုင်၊ ဆိုနိုင်ရုံမျှမက အမူအရာလည်း ဘာမျှမပြသဖြင့် ကျွန်တော့်မှာ ဘာမျှ မသိနိုင်။ မည်သို့ဆိုစေ၊ ထိုညက ထမင်းစားရသည် မှာကား ဝလား၊မဝလားပင် မသိလိုက်။ နန်းအုံးကြင်၏ ရှေ့၌ ကျွန်တော့် ရင်တွေမှာ ခုန်နေသဖြင့် စားသာပြီးလိုက်ရသည်။ ဘာခံစားမှုမှာ ဗိုက်က မလာချေ။ တစ်ကြောင်းမှာလည်း ထမင်းစား၍ ပြီးခါနီးတွင် အရေးတကြီး လူနာဆေးရုံသို့ ရောက်လာသည် ဆိုသဖြင့် ကျွန်တော့်မှာ ထမင်းကို

မြန်မြန်စား၍ ပြီးလိုက်ရသောကြောင့်လည်း ဖြစ်ပါ၏။ ဆေးရုံသို့ ပြန်မလိုက်မီမူ အားလုံးကို ကျေးဇူးတင်ကြောင်း နှုတ်ဆက်ရသည်။ နန်းအုံးကြင်ကိုမူ. . .

□ "နောက်တော့ ကျွန်တော်တို့တွေ့ကြသေးတာပေ့ါ" ဟု ပြော၍ နှုတ်ဆက်မိ၏။ အားလုံးကမူ ကျွန်တော့်ကို ဝိုင်း၍ ရယ်ကြလေသည်။ နန်းအုံးကြင်ကသာ. . .

"ဟုတ်ကဲ့ဆရာ၊ ကျွန်မတို့တွေ့ကြသေးတာပေ့ါ" ဟု ပြန်၍ ပြောလေသည်။ ဤသို့ပြောရာ၌ သူ့မျက်လုံးမှာ အလွန်တောက်ပနေသည်ကို သတိပြု၏။ ကျွန်တော်သည် ကျေနပ်အားရစွာဖြင့် ဆေးရုံသို့ ပြန်လိုက်လာရသည်။ ရင်ထဲတွင်ကား ယနေ့ညနေ စွန့်စားမှုအတွက် ပီတိဖြစ်၍ နေလေသည်။

□ ဆေးရုံသို့ ရောက်သောအခါမူ လူနာကို ပြင်ပ လူနာဆေးကု ခန်းထဲတွင် တုံးလုံးပက်လက်တွေ့ရ၏။ တစ်ယောက်တည်း မဟုတ်။ ၂ယောက် ဖြစ်လေသည်။

"ဟော့. . . သောင်းဖေ၊ ဘာဖြစ်တာလဲကွ"ဟူ၍ ကျွန်တော်သည် ကျွန်တော့် ဆေးစပ်သမားအား လှမ်းမေးရသည်။

□ သောင်းဖေကမူ "ကာကွယ်ရေးတွေ လာပို့တာ ဆရာ" ဟု ဆိုလေသည်။ ကျွန်တော်ကား တစ်ဆက်တည်း လူနာများကို စမ်းကြည့်ရ၏။ တစ်ယောက်မှာ နဖူးတွင် သေနတ်ကျည်ဆန်ဖြင့် သေဆုံးနေလေပြီ။ ကျန်တစ်ယောက်ကား မသေပေ။ ဘယ်ဘက်ဝမ်းခေါင်းတွင် သေနတ် ဒဏ်ရာဖြင့် မေ့လျက်ရှိကာ ညစ်ထေးသော ကာကီအဝတ်စ တစ်ခုဖြင့် ပတ်တီးစည်းထားသော်လည်း တစ်ကိုယ်လုံးမှာ သွေးများနှင့် ရဲနေ၏။

အသက်ရှူသည်မှာ မြန်၏။ နှလုံးခုန်နှုန်းလည်း မြန်ကာ မျော့နေလေသည်။ သွေးလွန်နေ၍ ဖြစ်ပေသည်။ မျက်နှာမှာမူ နှုတ်ခမ်းမွေး၊ ပါးသိုင်းမွေးများဖြင့် ပြည့်နေသော်လည်း၊ ဖုံများဖြင့် ပေရေနေသော်လည်း အသက် ၂၅ နှစ်ထက် မကျော်သေးကြောင်းမှာ ပေါ်လွင်နေလေသည်။

◘ ကျွန်တော်သည် စမ်းသပ်စရာ ရှိသမျှကို သေသေချာချာ စမ်းသပ်ရ၏။ ပတ်တီးကိုဖြေ၍ ကြည့်သောအခါ သေနတ်ကျည်ဆန်မှာ ထုတ်ချင်းပေါက် ဖြတ်သွားသည်ကို သတိပြုမိ၏။ အနာကိုကိုင်ကြည့်သောအခါ လူနာက. . .

"အား. . . အား"ဟူ၍အော်ကာ ရှုံ့မဲ့နေလေသည်။ ဤသည်မှာ ကောင်းသော လက္ခဏာတစ်ခု ဖြစ်၏။ သတိ မမေ့သေးကြောင်း ပြခြင်းပင်ဖြစ်သည်။

◘ "ကဲ . . . သောင်းဖေ၊ ငါတို့ အနာဆေးရ၊ သွေးသွင်းရအောင်။ ဆေးရုံကလူတွေအားလုံးခေါ်ထားကွာ၊ လိုတာလည်းပြင်" ဟု ကျွန်တော်သည် သောင်းဖေကို အမိန့်ပေးရသည်။ သောင်းဖေလည်း" ဟုတ်ကဲ့-ဆရာ. . . " ဟုဆိုကာ ထွက်သွားလေသည်။ ကျွန်တော်လည်း လူနာကို ပြန်၍ ပတ်တီးစည်းပေးပြီး မောဖင်း (အိပ်ဆေး) တစ်လုံးကို ထိုးပေးလိုက်ရ၏။ ပြီးလျှင် ခွဲစိတ်ရန်၊ သွေးသွင်းရန် အသင့် ပြင်ဆင်ရလေသည်။ သွေးမသွင်းနိုင်မီလည်း အဆင်သင့် လုပ်ထားသော သွေးရည်ပလာစမား တစ်လုံးကို သွင်းပေးထားရသည် သို့မှသာလျှင် သူ၏ သွေးဖိအားမှာ တက်လာကာ ခွဲစိတ်မှုကို ခံနိုင်ပေလိမ့်မည်။ မခွဲစိတ်၍လည်း မဖြစ်။ မခွဲစိတ်ပါက သူ့ဝမ်းခေါင်းမှာ သွေးပွက်ပွက်ဆူ၍ နောက်ဆုံးတွင် သွေးထွက်လွန်ကာ သေပေလိမ့်မည်။ သို့ဖြစ်၍ ကျွန်တော်မှာ သူ့အနာကို ရှင်းရန်၊ချုပ်ရန်၊ သွေးတိတ်အောင်လုပ်ရန် လုံးပမ်းရခြင်းဖြစ်လေသည်။

☐ ည ၁၁ နာရီခန့်၌ အဆင်သင့်ဖြစ်နေပြီ။ သွေးအုပ်စု မခွဲနိုင်ရ၍ထိပ်တိုက် သွေးမျိုးအစား တိုက်ကြည့်ခြင်း (Cross Match ing) ဖြင့်ပင် သွေးကို သွင်းရသည်။ သွေးလှူသူကား အိုက်စံပေတည်း။

☐ အခြေအနေကောင်းသည်နှင့် ကျွန်တော်သည် လူနာကိုခွဲစိတ်ကုရ၏။ ဝမ်းခေါင်းကို ခွဲရသည်မှာ အန္တရာယ်များလှသဖြင့် ဖြည်းဖြည်းဆေးဆေးသာခွဲရသည်။ ဓားတစ်ချက်မှားလိုက်သည်နှင့် ဝမ်းခေါင်းထဲမှ အသည်း၊ အူသိမ်အူမနှင့် သွေးကြောကြီးများထိကာ လူနာမှာ မာလကသွားနိုင်လေသည်။ အမှန်အားဖြင့် မိုင်းတုံတွင် ကျွန်တော် တစ်ယောက်တည်းရှိသဖြင့်သာ ခွဲခြင်းဖြစ်လေသည်။ ရန်ကုန်၊ မန္တလေးမှာဆိုပါက ကျွန်တော့်လိုရိုးရိုးဆရာဝန်မျိုး မခွဲနိုင်။ ခွဲစိတ်မှု ပါရဂူများသာ ခွဲစိတ်ကြပေမည်။ သို့ဖြစ်၍ ကျွန်တော့်မှာ ချွေးသီးကျအောင် သတိထားနေရပေသည်။ ဖြည်းဖြည်း ဖြည်းဖြည်းနှင့် နောက်ဆုံး ကျည်ဆန်ကို ထုတ်၍ရသည်။ သို့သော်ကျည်ဆံ ညာဘက်မှ ဝင်လျက် ဘယ်ဘက် အမှတ် ၈ နံရိုး နောက်ပိုင်းကို သွားစိုက်နေဖြင့် ဒဏ်ရာမှ အလွန် အန္တရာယ်များကြောင်း သတိထားမိသည်။ ကျွန်တော်သည် ကျည်ဆံထုတ်၊ သွေးထွက်စရာ နေရာမှန်သမျှကိုပိတ်၊ အစာအိမ်အပေါက်ကို ချုပ်ကာ ဒဏ်ရာကို ပြန်ပိတ်ရန် စဉ်းစားနေရသည်။

☐ ထိုစဉ်တွင်. . .

"ဆရာ-အပြင်မှာ ဧည့်သည်တွေ ရောက်နေတယ်၊ ဆရာ့ကို အရေးတကြီး တွေ့ချင်လို့တဲ့" ဟု ရဲဘော်ကလေး တစ်ယောက်က ခွဲစိတ်ခန်းပေါက်ဝမှ လှမ်း၍ ပြောသဖြင့်ကျွန်တော်လည်း. . .

"အေး. . . အေး ခဏစောင့်ခိုင်းကွာ၊ ပြီးခါနီးပြီလို့ ပြောလိုက်" ဟု ပြန်ပြောရ၏။ ပြီးလျှင် ခွဲစိတ်မှုကို ဆက်ခွဲရသည်။

☐ ခွဲစိတ်မှုအားလုံးပြီးသည်နှင့် လူနာကို သွေးဆက်သွင်း၍ ခွဲစိတ်ခန်းထဲတွင် ထားခဲ့သည်။ ပြီးလျှင် ခွဲစိတ်ခန်းအပြင်သို့ ထွက်လာရ၏။ အပြင်တွင်ကား နန်းအုံးကြင်နှင့် ဗိုလ်ကြီးအောင်ကျော်တို့ကို တွေ့ရ၏။ ဗိုလ်ကြီးအောင်ကျော်မှာ တပ်မတော် ထောက်လှမ်းရေးမှ။

☐ " ဘယ်လိုလုပ် ရောက်လာကြသလဲ။ စောင့်ရတာကြာပြီလား။ လူနာတော့ အခြေအနေ မဆိုးပါဘူး" ဟု ကျွန်တော့်မှာ ပြန်ပြောရသည်။

☐ "စောင့်ရတာ ကိစ္စမရှိပါဘူးဆရာ။ လူနာ ဘယ်သူလည်းဆိုတာ သိချင်လို့ပါ။ ကျွန်တော်က တာဝန်ဝတ္တရားအရ၊ ဒီက ဆရာမကတော့ နှလုံးသားအရ"

☐ ဗိုလ်ကြီးအောင်ကျော်က ဆရာမကို တစ်လှည့် ကျွန်တော့်ကို တစ်လှည့် ကြည့်ကာ ပြောလေသည်။

"ဝင်ကြည့်ရင်တော့ ရပါတယ်။ စကားတော့ ပြောလို့မရသေးဘူး" ဟု ကျွန်တော်က ဗိုလ်ကြီးအောင်ကျော်အား ပြောရ၏။ ပြီးမှ နန်းအုံးကြင်ဘက်လှည့်ကာ. . .

☐ "ဆရာမက နှလုံးသားအတွက်ဆိုတော့ . . . ကျွန်တော်က ဘာများကူညီရမလဲ. . . "ဟု ပြုံးစိစိဖြင့် ပြန်မေးရ၏။ ပြီးမှ "ဝင်ကြည့်ပါလား။ သွေးသွင်းထားတာပဲ ရှိတယ်။ တခြားဘာမှ မရှိပါဘူး" ဟုဆိုကာ ခွဲစိတ်ခန်းထဲသို့ ခေါ်သွားရ၏။

☐ နန်းအုံးကြင်မှာ လူနာကို သေသေချာချာကြည့်ပြီး ရှိုက်၍ ငိုနေ၏။ ဗိုလ်ကြီးအောင်ကျော်ကမူ သူ့စာရွက်စာတမ်းများကို ထုတ်ကာ လူနာနှင့် တိုက်ဆိုင်ကြည့်လျက်၊ မှတ်သားလျက်ရှိ၏။

□ "ဆရာမ၊ ဘာလို့ ဒီလောက်ငိုနေရတာလဲ။ လူနာမသေနိုင်တော့ပါဘူး" ဟု ကျွန်တော်က ပြောရ၏။ နန်းအုံးကြင်ကမူ ဘာမျှ ပြန်မပြောပေ။

"ဆရာ၊ သူတို့အကြောင်း မသိဘူးလား" ဟု ဗိုလ်ကြီးအောင်ကျော်က ကျွန်တော့်ကို မေးသဖြင့် ကျွန်တော့်မှ ခေါင်းရမ်းပြရ၏။ စိတ်ထဲမှလည်း တကယ်တော့ မသိချင်။ အကြောင်းမူ လူနာမှာ နန်းအုံးကြင်၏ မောင်ဖားဆိုက တော်သေး၏။ ရည်းစားများ ဖြစ်နေပါမူ ကျွန်တော့်မှာလည်း နှလုံးသားနှင့်။ ဗိုလ်ကြီးအောင်ကျော်ကမူ. . .

□ "ဆရာမ လူနာအနားမှာ နေချင်နေရစ်ပါလား။ နေလို့ရတယ် မဟုတ်လား ဆရာ။ ကျွန်တော်တို့အပြင် ထွက်စကားပြောလို့ ရမလား" ဟု ပြောသဖြင့် ကျွန်တော်လည်း. . .

"ရပါတယ်၊ ဘာမှသာ လူနာကို မမေး၊ မတိုက်နဲ့" ဟု ဆိုကာ ထွက်လိုက်သွားရ၏။ ပြီးလျှင် ခွဲစိတ်ခန်းတံခါးကို ပိတ်ပေးခဲ့ရသည်။

"လူနာက ဘယ်သူလဲဗျာ့၊ ကျွန်တော်ဆီ ရောက်တော့ သတိမရဘူး" ဟု ကျွန်တော်က စပြောရ၏။

"စိုင်းကျော်ခင်လေ။ ဆရာ မသိဘူးလား" ဟု ဗိုလ်ကြီးအောင်ကျော်က ပြော၏။ ပြီးမှ. . .

"ရှမ်းလွတ်မြောက်ရေး တပ်မတော်က ဒုဗိုလ်မှူးကြီး အဆင့်ရှိတယ်။ ဇာတိကတော့ သီပေါ ကျောက်မဲက။ ဒါပေမယ့် လွိုင်လင်၊ မိုးနဲ၊ ဒီဘက်ရောက်နေတာကြာပြီ" ဟု ဆက်၏။

"နို့ နန်းအုံးကြင်နဲ့ ဘယ်လို" ဟု ကျွန်တော်က မေးရ၏။ ဗိုလ်ကြီးအောင်ကျော်က ပြုံးလျက်. . .

"ဆရာကလည်း အ,ရန်ကော။ နန်းအုံးကြင်ရဲ့ ကာစင်(ဝမ်းကွဲမောင်၊ အစ်ကို)လို့ ပြောတယ်။ ဒါပေမယ့် ကျွန်တော့်အထင် ဒီ့ထက်ပိုမယ်ထင်ပါရဲ့" ဟု သူက ပြော၏။ နောက်ဘာမျှ ထပ်မမေးမိ။ ရင်ထဲတွင်သာ ထိုသတင်းကို သိရ၍ ဝမ်းနည်းသလိုလို၊ ဟာသလိုလို ဖြစ်နေမိ၏။

◻ သို့နှင့် ဗိုလ်ကြီးအောင်ကျော်နှင့် ကျွန်တော်မှာ တစ်နာရီခန့် လေကန်၍ နေရ၏။ ပြီးမှ ခွဲစိတ်ခန်းထဲသို့ ပြန်ဝင်ရလေသည်။ နန်းအုံးကြင်ကား လူနာ၏ ခေါင်းကိုလက်ဖြင့် သပ်လျက်. . . သူ့မျက်နှာမှာလည်း မျက်ရည်များကျလျက်. . . ကျွန်တော်တို့ ဝင်သွားသောအခါ ဘာမျှမပြော. . . မော့၍သာ ကြည့်လေသည်။

"ဘာမှမပူပါနဲ့ဆရာမ။ သူမသေတော့ပါဘူး။ မနက်ကျမှသာ ထပ်လာပါ။ အဲဒီအခါကျရင် စကားပြောလို့ရပါပြီ" ဟု ကျွန်တော့်မှာ ပြောရ၏။ ပြီးလျှင် လူနာကို ထပ်မံစမ်းသပ်လျက် လုပ်ပေးသင့်သည်များကို လုပ်ပေးရလေသည်။

◻ နောက်တစ်နေ့ နံနက်လည်း လူနာသည် သတိမရသေး။ အိပ်ပျော်ဆဲပင်။ သို့သော် အခြေအနေကား ကောင်းနေ၏။ သူ၏ အသက်ရှူသံမှာ မှန်လာ၏။ နှလုံးခုန်နှုန်းလည်း မြန်လာကာ သွေးခုန်အားလည်း အနည်းငယ်တက်လာစပြုလာ၏။ သို့ဖြစ်၍ သူ့အား ခွဲစိတ်ခန်းမှ မထုတ်ဘဲနှင့် ယခင်အတိုင်းပင် ထားရသည်။

◻ ဗိုလ်ကြီးအောင်ကျော်နှင့် အဖွဲ့၊ နန်းအုံးကြင်တို့လည်း ထပ်ရောက်လာ၏။

"ဘယ်လိုလဲ ဆရာ၊ မေးလို့ရပြီလား" ဟု ဗိုလ်ကြီးအောင်ကျော်သည် ခရီးရောက်မဆိုက် မေးလေသည်။ ကျွန်တော်သည် အခြားလူနာ

များကိုကြည့်ရင်း. . .

□ “မရသေးဘူးဗျ၊ ဝင်ကြည်ချင်ရင်တော့ ဖိနပ်ချွတ်ပြီး ဝင်ကြည့်” ဟု ပြောရသည်။ သူတို့လည်း ဘာမျှမပြော။

□ ခွဲစိတ်ခန်းသို့ ဝင်သွားကြသည်။ မကြာချေ။

□ “အီး-အီး-အဲ-အဲ” အသံများကြားရ၍ ကျွန်တော့်မှာ ခွဲစိတ်ခန်းထဲသို့ တန်းလိုက်သွားရ၏။ ဗိုလ်ကြီးအောင်ကျော်၏ တပည့်သည် လူနာကိုနှိုး၍ မေးနေသည်ကို တွေ့ရသဖြင့် ကျွန်တော့်မှာ ဒေါပွသွားလေသည်။

□ “ဟေ့ လူတွေ ခင်ဗျားတို့ ဘာလုပ်ကြတာလဲဗျ” ခင်ဗျားတို့ နောက်ကျမှ မေးရင်း မရဘူးလား။ အခုဘာလုပ်ကြတာလဲ” ဟု လှမ်းမေးလိုက်မိသည်။ ဗိုလ်ကြီးအောင်ကျော်က မျက်နှာပျက်၍“ဆောရီးဆရာ၊ ကျွန်တော်တို့မှ သိချင်တာတွေရှိနေလို့ပါ။ ကဲ-ခင်စော တော်တော့ကွာ” ဟု ထသွားကြသည်။ ကျွန်တော်လည်း လူနာကိုကြည့်ရ၏။ လူနာကမျက်စိမပွင့်တပွင့်ဖြင့် ကျွန်တော်တို့ကို လှမ်းကြည့်လေသည်။

“ဆရာ. . . ဆရာ. . . ကျွန်တော်ဘယ်ရောက်နေသလဲ” ဟု မေးလေသည်။

□ “စကားမပြောနဲ့၊ ခင်ဗျား ဆေးရုံမှာ ရောက်နေတယ်။ မိုင်းတိုင်ပြည်သူ့ဆေးရုံမှာ”

“ဟုတ်လား-ဟုတ်လား ဆရာ၊ ရေ ရေ ပေးပါ”ဟု သူက တောင်းလေသည်။

□ “အို-ခင်ဗျား ရေ မသောက်နိုင်သေးဘူး” ဟု ပြန်ပြောရ၏။

□ "ပေးပါဆရာ၊ ခုနလဲ သောက်ရပါတယ်။ ကျွန်တော် စကား နည်းနည်း ပြောချင်လို့ပါ" လူနာက ဆက်ပြောသည်။ ကျွန်တော်က ဝမ်းဗိုက်ခွဲပြီးစ လူနာကို ရေပေးသဖြင့် ဒေါပွသွား၏။ အကြောင်းမှု ဝမ်းဗိုက်ခွဲပြီးပြီးချင်း ရေသောက်က အူများ လှုပ်ရှား၍ ချုပ်ရိုးပြဲစေခြင်း သာမက သွေးလန့်ခြင်းပါ ဖြစ်စေနိုင်သောကြောင့် ပေတည်း။ အခန်းထဲ သို့ ကြည့်လိုက်သောအခါမှ လူနာ၏ ခေါင်းရင်းခုတင်ခြေထောက်နား၌ ရေခွက်တစ်ခုကို ရေအနည်းငယ်နှင့် တွေ့ရလေသည်။

"တောက်၊ တော်တော် မိုက်တဲ့ လူတွေ'ဟုဆိုကာ ကျွန်တော် သည် သောင်းဖေကို လှမ်းခေါ်ရ၏။

□ "ဟေ့သောင်းဖေ၊ ဒီမှာ လူနာကို တစ်ယောက်ယောက် လာ စောင့်ခိုင်း။ ဘယ်သူနဲ့မှ မတွေ့စေနှင့်။ ကျန်တဲ့ လူတွေလည်း မင်းကြည့်လုပ် လိုက်။ ခွဲစိတ်ဖို့လည်း ထပ်ပြင်၊ သွေးရဖို့လည်း ရှာ" ဟု ဆိုကာ ကျွန်တော် သည် ဒေါသအပြည့်ဖြင့် ခွဲစိတ်ခန်းမှ ထွက်ခဲ့ရသည်။

"ကဲ-ဗိုလ်ကြီးတို့၊ ဆရာမတို့၊ အခုနက ရေတိုက်ကြတယ် ထင်တယ်။ အခု လူနာ အခြေအနေ သိပ်မကောင်းဘူး။ ကျွန်တော် လုပ်စရာတွေ ဆက်လုပ်ဦးမယ်။ ကနေ့တော့ ဒီလောက်နဲ့ပဲ တော်ကြ တော့ဗျာ။ နောက်မှ မေးကြ၊ မြန်းကြတော့" ဟု ပြောရ၏။ ပြီးလျှင် လူနာရှိရာသို့ ပြန်သွားရ၏။

□ ထိုနောက် လူနာကို တည်ငြိမ်အောင် ထားရ၏။ ပါးစပ်မှ ပိုက် သွင်း၍ အစာရည်များ ထုတ်ရ၏။ နောက် ပဋိဇီဝ ဆေးများကိုလည်း ဗိုက်ထဲ၊ အူဖုံး အမြှေးထဲ (Peritoneal Cavity) သို့ ထည့်သွင်းရ၏။ သွေးလည်း ထပ်သွင်းရသည်။

"ဆရာ. . . ဘာဖြစ်လို့လဲ" ဟု သူနာပြုရှင်း သောင်းဖေက မေးသဖြင့်. . .

□ "ဟာ- ဗိုလ်ခွဲထားတဲ့လူနာ ရေသောက်ရင်၊ လှုပ်ရင်၊ အူလှုပ်ပြီး (Peristalsis) ရပြီး အူအမြှေးရောင် (Peritonitis) ဖြစ်ပြီး သေမှာ ပေါ့ကွ။ ဒါကြောင့် လုပ်ရတာ ပေါ့" ဟု ပြောရ၏။ ပြီးလျှင် လုပ်စရာ ရှိသည်တို့ကို ဆက်လုပ်ပေးရလေသည်။

□ "ဗိုလ်ကြီး၊ သူရှင်ပါအုံးမလားရှင်"ဟု ဘယ်အချိန်က ခွဲစိတ်ခန်းရောက်နေသည် မသိသော နန်းအုံးကြင်က လှမ်းမေးသဖြင့် ကျွန်တော့်မှာ လန့်သွား၏။ အသံလာရာဘက်သို့ လှည့်ကြည့်သောအခါ သူ့မျက်နှာကလေးကို ခပ်သေသေ မျည်ရည်တွေတွေ ကျလျက် တွေ့ရသဖြင့် ကျွန်တော့်မှာ စိတ်မကောင်း။ သို့ဖြစ်၍. . .

□ "ရှင်ပါလိမ့်မယ်၊ ကျွန်တော်ကြိုးစားပေးပါမယ်" ဟု ပြန်ပြောရ၏။ တကယ်တော့ သူမရှင်လျှင် ကျွန်တော်ပင် နန်းအုံးကြင်ကို ဖေးကူနိုင်သည်ဟု သိနေလိုက်ပါသည်။ မည်သို့ပင်ဖြစ်စေ၊ ကျွန်တော်သည် လူနာစိုင်းကျော်ခင်ပြန်၍ ကောင်းအောင် လိုအပ်သည်တို့ကို လုပ်ပေးရ၏။ အသည်းနှလုံးထက် ဦးနှောက်နှင့် ဝတ္တရားက ပိုအရေးကြီးသည်ဟု မိမိဟာ မိမိ ပြော၍ ကုပေးလိုက်ရသည်။


□ မှန်ပါသည်။ကြိုးစားကုပေး၍ နောက် ၂-ပတ်လောက် ကြာသောအခါ စိုင်းကျော်ခင်မှာ ဆေးရုံမှ ကောင်းစွာ ဆင်းနိုင်၏။ ကျွန်တော့်ကို သူရော နန်းအုံးကြင်ပါ အထူးကျေးဇူးတင်သွား၏။ ဆေးရုံက မဆင်းမီပင် အစိုးရထံ လက်နက်ချရန် သဘောတူသဖြင့် ဘာမျှ မဖြစ်။ အစိုးရနှင့် တပ်မတော်မှာ အကြမ်းဖက် သောင်းကျန်းသူများ အပေါ် အလွန်ညှာသဖြင့် သူ့မှာ အဖမ်းမခံခဲ့ရသည့်အပြင် လုပ်ကိုင် စားသောက်ရန်

အကူအညီများပင် ရလိုက်သေးသည်။ နန်းအုံးကြင်လည်း ပျော်ရွှင်လို့ ဗိုလ်ကြီးအောင်ကျော်တို့အဖို့မူ ပြောစရာမရှိ။ စိုင်းကျော်ခင် လက်နက်ချသဖြင့် သံလွင်မြစ်အရှေ့ဘက်ကမ်းမှာ ထိုအချိန်၌အေးချမ်းသွား၏။

☐ ကျွန်တော်သာလျှင် ဝမ်းနည်းဝမ်းသာ။ လာသမျှ လူနာကိုကုသပေးရဆဲ။ အင်္ဂလိပ်ဆရာဝန်၊ အထက်လမ်းဆရာ၊ တိရစ္ဆာန်ကုဆရာဝန် စုံနေ၏။ သူများအလိုကျ လိုက်လျော ကုသပေးရ၏။ သို့သော် မိမိနှလုံးသား၏ တောင့်တချက်ကိုတော့ မဖြည့်စွမ်းနိုင်။ ဘယ်တတ်နိုင်ပါ့မလဲ လေ. . .။ ကျွန်တော်က ဆရာဝန်။

☐ ဆရာဝန်ဆိုတော့လည်း. . .။ ■

❀ ❀ ❀


ဒေါက်တာတာရာမောင်မောင်ညို
မိတ်ရောဂါကိုယ်ပါလေဝေဒနာခံ